# ဘဒ္ဒန္တဇနိန္ဒသာဂရ

## (မုံရွာနေဇာ)

# သာရေးနာရေးအမေးအဖြေ

အသုံးချဓမ္မစာစုများဒုတိယအတွဲ



## မုံရွာနေဇာ
## ဘဒ္ဒန္တ ဇနိန္ဒသာရ
## ၏

# သာရေးနာရေး အဟောအပြော

## (အသုံးချဓမ္မစာစုများ)

## ဒုတိယတွဲ

ဖြန့်ချိရေး ⇨ မြတ်ပန်းရဂုံစာပေ၊ ၄၇၃၊ နီလာ ၆-လမ်း
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

**စာမူခွင့်ပြုချက်အမှတ်** ☆ ၁၈၁/၉၉ (၄)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ☆ ၄၇/၂၀၀၁ (၁)
**အုပ်ရေ** ☆ ၁၀၀၀
ပထမအကြိမ် ☆ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ
**အတွင်းဖလင်** ☆ ရာဇာမျိုးဝင်း
**မျက်နှာဖုံးပန်းချီ** ☆ ရွှေစိုးဟန်
**မျက်နှာဖုံးဖလင်** ☆ 33 Graphic

**ထုတ်ဝေသူ**

ဦးဝင်းမြင့် (မြ-၀၁၅၁၂)၊ ဝင်းမြင့်အောင်စာပေ
အမှတ်-၈၈၅၊ စံပယ်(၉)လမ်း၊ ၄-ရပ်ကွက်
မြောက်ဥက္ကလာပ၊ ရန်ကုန်။

**မျက်နှာဖုံးပုံနှိပ်**

ဦးကျော်စိန် (မြ-၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်-၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးကျော်ငွေး၊ (မြ-၀၂၇၇၃)၊ ရွှေဇင်ကျော်အော့ဖ်ဆက်
အမှတ်-၂၅၁၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး** ☆

## ဤစာအုပ်တွင်

- ရဟန်းလောင်း ဆုံးမခန်း
- ပရိတ်(၁၁)သုတ်တို့၏ ဇာစ်မြစ်၊ အကြောင်းအရာ အတ္ထုပ္ပတ်များနှင့် အကျိုးအာနိသင်များ
- မဟာသတိပဋ္ဌာနသုတ်လာ ဝိပဿနာရှုမှတ်နည်းများ
- အလုပ်ပေးတရား၊ သာရေးနာရေးတရားများ
- တရားဟောရန် ဂါထာပါဠိအနက်များ
- ဓမ္မရသနှင့် သံဝေဂ ကဗျာလင်္ကာများ
- ရှေးဆရာတော်ကြီးများ၏ ဩဝါဒအနှစ်ချုပ်များ
- ပရိတ်မွန်း၊ ဘုရားပင့်၊ နတ်ပင့်၊ နတ်ပို့ဂါထာများ
- ရှင်ဥပဂုတ်ပင့်နှင့် ညောင်ရေသွန်းဂါထာ
- ရဟန္တာ ၁စစ်တမ်း စသည်များ ပါဝင်သည်။

## သာရေး နာရေး အဟောအပြော
## (ရှစ်လုံးဖွဲ့)

| | | |
|---|---|---|
| **သာ** | – | မှုကိစ္စ၊ ရှိကြတွေ့တွေ့ |
| **ရေး** | – | ရာတရား၊ ဟောကြားနိုင်ပေ့။ |
| **နာ** | – | မှုဆိုလည်း၊ ရှောင်လွှဲမသေ့။ |
| **ရေး** | – | သားပြ၊ ဓမ္မစာဖြန့်ဝေ။ |
| **အ** | – | ဟောအပြော၊ သဘောပိုင်ပိုင်၊ |
| **ဟော** | – | နိုင်ပါမှ၊ ဒါနမြိုင်ဆိုင်၊ |
| **အ** | – | ရေးကြုံက၊ မုချကူနိုင်၊ |
| **ပြော** | – | သမျှ၊ သဘောကျ ပီတိလှိုင်။ |

### တရားဟောနည်းလင်္ကာ

"တရားဟောလျှင်၊ သတိယှဉ်လော့၊ ပီပြင်ပြတ်သား၊ ညာမဝါး ဘဲ၊ သံထားဘယ်ညာ၊ ဤနှစ်ဖြာနှင့်၊ ညီညာတက်,ကျ၊ အကွက်လှအောင်၊ သွင်းကြဝမ်းစာ၊ အလင်္ကာနှင့်၊ ယှဉ်ပါမလွဲ၊ တရားပွဲ၌၊ အာရုံစိုက်ခါ၊ ဟောမိန့်ဖြာသော်၊ ချိုသာကြည်အေး၊ ပီယပေးလျက်၊ ယဉ်ကျေးအသုံး၊ စကားလုံးနှင့်၊ နှလုံးခွေ့အောင်၊ ပမာဆောင်၍၊ ဉာဏ်ရောင်ဆီမီး၊ ထိန်ထိန်ညီးစွာ၊ ဒေသနာကို၊ သေချာခွဲခြမ်း၊ ဓာတ်လမ်းဝတ္ထု၊ ပုံပြင်စုနှင့်၊ ရတုကဗျာ၊ လင်္ကာတေးထပ်၊ လိုရာညှပ်၍၊ ဟောအပ်မျိုးစုံ၊ ဆရာဂုဏ်ပြ၊ သဘာဝလိုက်၊ များနှစ်ခြိုက်သည်၊ ပြည်ထိုက်ပတ္တမြားပုံသို့တည်း"

(တရားဟောသင်တန်းမှ)

# နိဒါန်းစကား

'သာရေးနာရေး အဟောအပြော'(ပထမတွဲ)သည် လျှပ်စစ်မီး အခက်အခဲကြောင့် ပုံနှိပ်တိုက်တွင် နှစ်လခွဲ၊ သုံးလခန့် အချိန်ကြန့်ကြာသွားခဲ့ရပါသည်။ ဓမ္မစာစောင် မဂ္ဂဇင်းများတွင် ကြော်ငြာကို တွေ့ရှိကြပြီး 'မထွက်သေးဘူးလား၊ မထွက်သေးဘူးလား'ဟု စာပေဝါသနာရှင်များနှင့် စာဖတ်ပရိသတ်များက တမေးတည်း မေးနေကြပါသည်။ မိမိမှာ မျက်နှာပူပူနှင့် ဟိုအကြောင်းပြ ဒီအကြောင်းပြလုပ်ကာ ဖြေကြားခဲ့ရပါသည်။ စာအုပ်ထွက်သော အခါ နှစ်လအတွင်းမှာပင် လက်ကျန်မရှိဘဲ ပြိုက်ခနဲ ကုန်သွားခဲ့ပါသည်။

ယခုတစ်ဖန် ဒုတိယ ကြိုးပမ်းမှုအနေဖြင့် 'သာရေးနာရေး အဟောအပြော' (ဒုတိယတွဲ)ကို ဇွဲနပဲကြီးမားစွာဖြင့် ပြုစုရေးသားကာ တင်ဆက်လိုက်ရပါသည်။ စာဖတ်ပရိသတ်၏ ချင်ခြင်းအာသာဆန္ဒကို နှစ်သိမ့်မှုရစေလိမ့်မည်ဟု မျှော်လင့်ရပါသည်။ ဤ ဒုတိယတွဲ၏ ထူးခြားချက်မှာ မည်သည့် တရားစာအုပ်တွင်မှ မပါဝင် မတွေ့ရှိရသေးသော 'ရဟန်းလောင်း ဆုံးမခန်း'ကို ဖြည့်စွက် စီစဉ်ထားခြင်း ဖြစ်ပါသည်။

နာမည်ကျော် စာတတ်ပုဂ္ဂိုလ် အကျော်အမော် ဆရာတော်ကြီးများ စီရင်တော်မူထားခဲ့ကြသော ကမ္မဝါစာ အစောင်စောင်တို့ဖြင့် ညှိနှိုင်းကာ-ရေးသားပြုစုထားပါသည်။ ကျောင်းထိုင်ခါစ ရဟန်းတော်များ သာသနာပြု ရဟန်းတော်များနှင့် ရဟန်းကိစ္စ၊ ရဟန်းဘဝကို လက်တွေ့ကျကျ အသုံးချနိုင်ရန် ကြိုးပမ်းလေ့လာ

နေကြသော ပုဂ္ဂိုလ်များအတွက် အလွယ်တကူ သုံးစွဲနိုင်ရန်အတွက် ရည်ရွယ်ပါသည်။

* * *

ထို့ပြင် ဤ'သာရေးနာရေး အဟောအပြော' ဒုတိယတွဲတွင် အိမ်တက်ပရိတ်၊ အန္တရာယ်ကင်းပရိတ်ရွတ်၊ ဆွမ်းစား ကွမ်းစား သာရေး နာရေး ကိစ္စအဝဝတို့တွင် လက်ကိုင်ပြုကာ သံဃာတော်များ ရွတ်ဖတ်ပေးအပ်သော ပရိတ်တရားများ၏ အကြောင်းအရာ အတ္ထုပ္ပတ်ကိုလည်း တစ်ခန်း တစ်ကဏ္ဍဖွင့်ကာ ဖော်ပြထားပါသည်။ ပရိတ်တစ်သုတ်စီ၏ အကြောင်းအရာ ပရိတ်အာနိသင်များ ပါဝင်ပေသည်။

တစ်ဖန် ဝိပဿနာခေတ်ဟု ခေါ်ဆိုနိုင်သော ယနေ့ကာလတွင် မပါလျှင် မဖြစ်သော ဝိပဿနာ အလုပ်ပေး တရားများကိုလည်း မကျန်စေရအောင် ထည့်သွင်းထားပါသည်။ အထွေထွေကဏ္ဍတွင် တရားဟောရန် ဂါထာပါဠိအနက်များ၊ ကဗျာလင်္ကာများ၊ ရှေးဆရာတော်ကြီးများ၏ အဆိုအမိန့် ဩဝါဒ မှတ်သားဖွယ်များကိုပါ တင်ပြထားပါသည်။

* * *

အမှန်အားဖြင့် ဥပမာစကားဆိုရမူ မိမိပြုစုရေးသားသော 'သာရေးနာရေး အဟောအပြော'စာအုပ်များသည် အဆင်သင့်ကြိုက်ရာကို စားသုံးနိုင်ရန် ပြင်ဆင်ထားသော ဆွမ်းပွဲ ထမင်းပွဲကြီးနှင့် တူပါသည်။ ချို–ချဉ်–စပ်–ငန် စသော ရသာခြောက်ပါး စုံနိုင်သမျှ စုံအောင် ကြိုးပမ်း ပြင်ဆင်ထားပါသည်။ အလွယ်တကူ စားသုံးနိုင်ကြပါသည်။

စင်စစ်အားဖြင့် တရားတစ်ပုဒ်ဟောရန် စီစဉ်ရသည်မှာ မလွယ်ကူပါ။ အကိုးအကား ပါဠိတော်ရှာရ၊ ဝတ္ထုဇာတ်လမ်း ကြည့်ရ၊ စကားတန်ဆာ ဥပမာများ ထည့်ရသွင်းရဖြင့် များစွာ အလုပ်ရှုပ်ပါသည်။ တကယ်လုပ်ဖူးသော ပုဂ္ဂိုလ်များ သိကြပါသည်။ တရားတစ်ပုဒ်ဟောဖို့အတွက် ရှာရ ဖွေရ ကျက်ရမှတ်ရသည်မှာ မလွယ်ပါ။ အချိန်ပေးရပါသည်။ စာတစ်ပုဒ် ဆောင်းပါးတစ်ပုဒ် ရေးရာ၌လည်း ဤအတူပင် ဖြစ်ပါသည်။ စာဖတ်သူများအတွက် ၁၀ မိနစ် ၁၅ မိနစ်မျှသာ အချိန်ကြာသော ဆောင်းပါးတစ်ပုဒ်ကို စာရေးသူများ တစ်ရက် နှစ်ရက် အချိန်ယူ၍ ရှာဖွေစုဆောင်း၍ ရေးသားကြရပါသည်။ ဤကား ယေဘုယျသဘောပြောခြင်းဖြစ်ပါသည်။

အကြောင်းအရာအားလျော်စွာ တချို့ ဆောင်းပါးများကိုမူ တစ်ပတ် နှစ်ပတ်အထိပင် အချိန်ယူကြရပါသည်။ ဤသည်မှာ ဆောင်းပါးတစ်ပုဒ် ရေးသားရာ၌ အားထုတ်ပုံကို ပြဆိုလိုက်ခြင်းဖြစ်ပါသည်။ စာတစ်အုပ် ပြုစုရေးသားရာ၌ကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ အချိန်များစွာ ယူရသည်သာ။

ဆိုလိုသည်မှာ ဖတ်ရတာ၊ မှတ်ရတာလွယ်၏၊ ရှာရတာ၊ ရေးရတာ ခက်ပါ၏။ သို့ဖြစ်၍ပင် စာတတ်ပေတတ် ပညာတတ်တိုင်းလည်း စာမရေးနိုင်ခြင်း ဖြစ်ပါလိမ့်မည်။ 'စာစု'ထက် 'စာပြု'ခက်သည်–ဟူသော စကားတစ်ရပ်လည်း ရှိပါ၏။

အချုပ်အားဖြင့် ဆိုရမူ အစစအရာရာ ကုန်ဈေးနှုန်းများ ကြီးမားနေသောကာလတွင် စာတစ်အုပ် ထုတ်လုပ်မှု၏ ကုန်ကျစရိတ်လည်း ကြီးမားနေသည်သာဖြစ်ပါ၏။ စက္ကူဈေး၊ ဖလင်ဈေး၊ ပုံနှိပ်ခ စသည်တို့ဖြင့် ကဏ္ဍများစွာ ရှိပေသည်။

ဤကဲ့သို့ အခက်အခဲများကို ကျော်လွှားပြီး စာဖတ်သူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးရန် အဓိက စေတနာမွန်ဖြင့် ဤသာရေး နာရေးအဟောအပြော (ဒုတိယတွဲ)ကို ကြိုးစားအားထုတ်လိုက်ရ ပါသည်။

"ပထမတွဲ ပြန်မရိုက်တော့ဘူးလား..."

"ဒုတိယတွဲကော မထွက်သေးဘူးလား..."ဟူ၍ လိုလား နှစ်သက်စွာ မေးမြန်းလာကြသော ပရိသတ်အတွက် ကျေနပ် နှစ်သက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

အကျိုးပြုစာပေများ ဆက်လက်ရေးသားပါဦးမည်။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းသာကြပါစေ။

စာပေစေတနာမွန်ဖြင့်

**ဘဒ္ဒန္တ ဇနိန္ဒသာရ (မုံရွာနေဇာ)**

(၂)ဝိုင်း၊ အောင်စန္ဒာသိဒ္ဓိကျောင်း

ပါရမီလမ်း၊ ၅–ရပ်ကွက်

တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

**၁၃၆၀–ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် (၃)ရက်(၁၀–၈–၉၈)**

# မာတိကာ


● –နိဒါန်းစကား


## အခန်း (၁)
## ဟောစရာကျင့်စရာ ဓမ္မပဒေသာ


● ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတရား.................................. ၁
● ရပ်ပြစ်ရှစ်ပါး............................................ ၂
● ရာဟုလာ အမွေတောင်းခန်း (ရှင်ပြုမင်္ဂလာတရား) ၅
● မယ်ယသော်အလွမ်း...................................... ၇
● ဖွားဖက်တော် ၇ ပါး ................................... ၉
● ရာဟုလာကို အမွေပေးပြီ............................... ၁၂


## အခန်း (၂)
## ရဟန်းလောင်း ဆုံးမခန်း


● ရဟန်းခံအစီအစဉ်........................................ ၁၅
● (၁) ဥပဇ္ဈာယ်ယူခြင်း.................................... ၁၆
● (၂)ရဟန်းလောင်းအား အမည်မှည့်ခြင်း............... ၁၆
● (၃) သပိတ်သင်္ကန်းပြောကြားခြင်း..................... ၁၇
● (၄) ဟတ္ထပါသ်မှ အပြင်ထုတ်ခြင်း..................... ၁၈
● (၅) အနုသာသက ဥတ်ထားခြင်း....................... ၁၉
● (၆) ရဟန်းလောင်းအား ဆုံးမခြင်း.................... ၁၉
● (၇) ရဟန်းလောင်းကို သံဃာ့ဘောင်သို့ပြန်သွင်းခြင်း ၂၄
● (၈) ရဟန်းအဖြစ် တောင်းပန်လျှောက်ထားခြင်း.... ၂၄
● (၉) ပုစ္ဆက သမုတိ ဥတ်ထားခြင်း..................... ၂၅
● (၁၀) ရဟန်းလောင်းအား မေးစစ်ခြင်း................ ၂၅

- (၁၁) ဥပသမ္ပဒကမ္မဝါစာဖတ်ခြင်း..................... ၂၅
- ဥပသမ္ပဒကမ္မဝါစာအနက်............................ ၂၇
- (၁၂) အရိပ် စသည် ပြောကြားခြင်း.................. ၂၉
- မှီရာ ၄–ပါးကို ပြောကြားခြင်း....................... ၂၉
- အကရဏီယ ၄–ပါးကို ပြောကြားထားခြင်း.......... ၃၂


## အခန်း (၃)

## အနုဂါမိက ရွှေအိုးမြှုပ်နှံရမည့် ၇–ဌာနတရား


- အနုဂါမိကရွှေအိုးဆိုတာ................................ ၃၉
- ရွှေအိုးမြှုပ်ရမည့် ၇ နေရာ............................ ၄၀
- အနုဂါမိက ၇ ဌာန....................................... ၄၁
- ရွှေအိုးလင်္ကာကဗျာ...................................... ၄၁
- သံပေါက်လင်္ကာများ..................................... ၄၁
- စေတီ ၄ မျိုး............................................... ၄၂
- သံသရာမှာပါတဲ့ အနုဂါမိက............................ ၄၂
- ဥစ္စာ ၄ မျိုး................................................. ၄၂


## အခန်း (၄)

## အလှူခံတစ်ကျိပ်လေး

## အကျိုးပေးအဆင့်ဆင့်မြင့်သွားပုံတရား


- အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေး............................ ၄၅
- အလှူခံပုဂ္ဂိုလ်နှင့် အကျိုးပေးအဆင့်ဆင့်.............. ၄၆
- သာကေပါဠိများ............................................ ၄၉
- သုတဗုဒ္ဓဟူသည်............................................ ၅၁
- ဒါနအကျိုးပေးပုံ ၄ မျိုး.................................... ၅၁

## အခန်း (၅)

## ပုဂ္ဂိုလ် ၄ မျိုးတရား


- (၁) ဆာယာဒိဋ္ဌပုဂ္ဂိုလ်.............................. ၅၅
- (၂) လောမဝေဓပုဂ္ဂိုလ်.............................. ၅၆
- (၃) ဓမ္မဝေဓပုဂ္ဂိုလ်.............................. ၅၇
- (၄) အင်္ဂဝေဓပုဂ္ဂိုလ်.............................. ၅၇


## အခန်း (၆)

## မင်္ဂလာဆွမ်းကပ်တရား


- နိဒါန်းစကား.............................. ၅၉
- လင့်ဝတ္တရားငါးပါးက.............................. ၆၀
- မယားဝတ္တရားငါးပါး.............................. ၆၁
- လှည်းဘီးကြီးလိုပဲ.............................. ၆၃
- မင်္ဂလာသြဝါဒတရား.............................. ၆၄
- ပါသုံးပါ.............................. ၆၅
- ချာသုံးချာ.............................. ၆၅
- ကွာသုံးကွာ.............................. ၆၆
- နိဂုံးဆုတောင်း.............................. ၆၈


## အခန်း (၇)

## ပရိတ်တော်အသွယ်သွယ် သိမှတ်ဖွယ်ပရိတ်တရား


- ပရိတ်တရား.............................. ၇၀
- ပရိတ်ဟူသည်.............................. ၇၁
- ပရိတ် ၁၁ သုတ်.............................. ၇၁
- ပရိတ်အကျိုး.............................. ၇၂
- မေတ္တာအကျိုး (၁၁)မျိုး.............................. ၇၃

ဆောင်ပုဒ်လင်္ကာ.................................... ၇၄
(၁) မင်္ဂလသုတ်.................................... ၇၇
ကောလာဟလ ၅ မျိုး.................................... ၇၈
မင်္ဂလာအကျိုး.................................... ၈၀
ပရိတ်ကြီး ပရိတ်ငယ်မှတ်ဖွယ်.................................... ၈၁
မင်္ဂလာ ၃၈ ပါး ရေတွက်ပုံ.................................... ၈၂
၃၈ ဖြာမင်္ဂလာ ရေတွက်ကြပုံများ.................................... ၈၅
ပရိတ်အကျိုးများ မများ.................................... ၈၇
ပရိတ်ရွတ်သူ အင်္ဂါ ၃–ပါး.................................... ၈၇
ပရိတ်နာသူ အင်္ဂါ ၃–ပါး.................................... ၈၈
ဘေးရန်ကင်းကွာ ဤဂါထာ.................................... ၈၉
ပဉ္စာနန္တရိယကံ ၅–ပါး.................................... ၉၀
နိယတမိစ္ဆာဒိဋ္ဌိ ၃–ပါး.................................... ၉၁
(၂) ရတနသုတ်.................................... ၉၂
ရတနသုတ်နှင့် ဝေသာလီ.................................... ၉၃
ဖွံ့ဖြိုးဝေစည် ဝေသာလီ.................................... ၉၆
ရတနသုတ်ကို ရွတ်ဖတ်ရခြင်းအကျိုး.................................... ၉၈
(၃) မေတ္တသုတ်.................................... ၉၉
မေတ္တာစွမ်းအင်ပြလင်္ကာ.................................... ၁၀၂
(၄) ခန္ဓသုတ်.................................... ၁၀၂
ခန္ဓသုတ်ရွတ်ခြင်းအကျိုး.................................... ၁၀၃
(၅) မောရသုတ်.................................... ၁၀၃
ဥဒေါင်းမနှင့် မျှားလေရာ.................................... ၁၀၅
ဥဒေါင်းမင်း၏တရား.................................... ၁၁၀
မောရပရိတ်ရွတ်ခြင်းအကျိုး.................................... ၁၁၁
မောရပရိတ်ရွတ်ရမည့်အခါ.................................... ၁၁၁

- (၆) ဝဋ္ဋသုတ်.................................... ၁၁၁
- ဝဋ္ဋသုတ်ရွတ်ခြင်းအကျိုးတရား........................ ၁၁၃
- ဝဋ္ဋသုတ်ကို အထူးရွတ်သင့်သောအချိန်..............၁၁၃
- (၇) ဓဇဂ္ဂသုတ်.......................................၁၁၃
- ဓဇဂ္ဂပရိတ်အကျိုး..................................... ၁၁၅
- ဓဇဂ္ဂသုတ်ရွတ်သင့်သောအချိန်........................ ၁၁၅
- (၈) အာဋာနာဋိယသုတ်.............................. ၁၁၅
- ဗုဒ္ဓမြတ်စွာ၏ အာဝေနိကဂုဏ်တော် ၁၈ ပါး......၁၁၇
- ရောင်ခြည်တော်ဝန်းပမာဏ.......................... ၁၁၈
- ပမာဏတွက်ပုံ.........................................၁၁၉
- လေးသမားကြီး (၄) ယောက်..........................၁၂၀
- အာဋာနာဋိယသုတ်ရွတ်ခြင်းအကျိုး.................. ၁၂၀
- ရွတ်ဖတ်သင့်သောအချိန်ကာလ...................... ၁၂၀
- (၉) အင်္ဂုလိမာလသုတ်.............................. ၁၂၂
- ပရိတ်ရွတ်အစီအစဉ်.................................. ၁၂၂
- (၁၀) ဗောဇ္ဈင်္ဂသုတ်................................ ၁၂၃
- ဗောဇ္ဈင်သုတ်၏မူလ................................. ၁၂၄
- ဗောဇ္ဈင်သုတ်ဂါထာအနက်များ...................... ၁၂၅
- ဗောဇ္ဈင်သုတ်ရွတ်ခြင်းအကျိုး..........................၁၂၇
- (၁၁) ပုဗ္ဗဏှသုတ်...................................... ၁၂၇
- ပုဗ္ဗဏှသုတ်ရွတ်ခြင်းအကျိုး.......................... ၁၂၇
- ရွတ်ရန်အသင့်လျော်ဆုံးအချိန်........................ ၁၂၈
- ပရိတ်ရွတ်ရာ၌ သဒ္ဒါ ၁၀-ပါး..........................၁၂၈
- ဂါထာအမှတ် (၁)..................................... ၁၂၉
- ဂါထာအမှတ် (၂)..................................... ၁၃၀
- ဂါထာအမှတ် (၃)..................................... ၁၃၀

- ဂါထာအမှတ် (၄)........................................ ၁၃၁
- ဂါထာအမှတ် (၅)........................................ ၁၃၂
- ဂါထာအမှတ် (၆)........................................ ၁၃၃
- ဂါထာအမှတ် (၇)........................................ ၁၃၄
- ဂါထာအမှတ် (၈)........................................ ၁၃၅
- ဂါထာအမှတ် (၉)........................................ ၁၃၅


## အခန်း (၈)
## ဝိပဿနာအလုပ်ပေးတရားများ


- ကာမဂုဏ်တောမှာ ပျော်မောစွာ........................ ၁၃၇
- တရားလုပ်လျှင် ဒိဋ္ဌိပြုတ်ပါစေ........................ ၁၃၈
- သက္ကာယဒိဋ္ဌိဆိုတာ........................................ ၁၄၀
- အကျဉ်းချုပ်မှတ်ရန်ဆောင်ပုဒ်များ........................ ၁၄၂
- တရားထိုင်ရင်း နာမ်ရုပ်ခွဲပုံ........................ ၁၄၂
- ဝစ္ဆဂေါတ္တပုဏ္ဏား........................................ ၁၄၄
- ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရား........................ ၁၄၆
- ဝေဒနာ ၆ မျိုး........................................ ၁၄၇
- ဝေဒနာပေါ်ရာဌာနများ........................................ ၁၄၈
- တရားအားထုတ်ပုံ........................................ ၁၄၉
- 'ယတ်'ရုံ မရပ်နဲ့ 'ပတ်'လည်းပတ်ပါ........................ ၁၅၀
- စိတ္တာနုပဿနာ သတိပဋ္ဌာန်တရား........................ ၁၅၃
- စရိုက် ၆ ပါး........................................ ၁၅၄
- စရိုက်နှင့်သင့်လျော်ရာကမ္မဋ္ဌာန်း........................ ၁၅၅
- စရိုက်နှင့်နှလုံးသွေးအရောင်........................ ၁၅၆
- ပဋိစ္စသမုပ္ပာဒ်လည်ပုံလက်ာ........................ ၁၅၉
- စိတ္တာနုပဿနာအကျိုး........................................ ၁၆၀

● ခန္ဓာကိုယ်မှာ ရှုစရာ...................................... ၁၆၁
● ရှုစရာ ၂ .................................................. ၁၆၃
● ရဟန္တာစစ်ဆေးနည်း........................................ ၁၆၅
● ပိဋကပါတိကထေရ်............................................ ၁၆၈
● ဘုရားမကြိုက်တဲ့လူစု........................................ ၁၆၉


## အခန်း (၉)


● အောင်ခြင်းရှစ်ပါးဂါထာပါဠိအနက်................. ၁၇၀
● ဘုန်းတော်ခြောက်ပါး ဘုရားပင့်..................... ၁၇၂
● ရောင်ခြည်တော်ခြောက်သွယ် ဘုရားပင့်............ ၁၇၄
● မြရောင်ခြည်ဘုရားပင့်...................................၁၇၆


## အခန်း (၁၀)


● အဘိဓမ္မာရွတ်ရာ၌ သမ္မာဒေဝ နတ်ပြဟ္မာများကို
ပင့်ဖိတ်ခြင်း................................................. ၁၈၀
● တရားအဖွင့်ပဏာမမေတ္တာပို့.............................. ၁၈၁
● ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအားပင့်ရန်.............. ၁၈၂
● ပင့်ဖိတ်ထားသောနတ်များပို့ရန် နတ်ပို့ဂါထာ...... ၁၈၃
● တရားနိဂုံးတွင် သုံးစွဲနိုင်သော မေတ္တာပို့
ဆုတောင်းဂါထာ...........................................၁၈၄
● ဂါထာအဖွင့်စကားပြော.................................. ၁၈၅


## အခန်း (၁၁)


● ဒါန သီလ ဘာဝနာ ပတ္ထနာဂါထာ.................. ၁၈၇
● သီလရန့်သင်းပျံ့မွေးကြိုင်................................ ၁၈၈
● နိဗ္ဗာန်ကိုရည်သန်၍ ဒါန သီလ ဘာဝနာလုပ်ပါ ၁၉၀

- သုံးတန်စေတနာ ညီညွတ်ပါ........................ ၁၉၀
- စေတနာသည်ကံ ကံသည်စေတနာ.................. ၁၉၁
- ဒါန သီလ ဘာဝနာ ဤသုံးဖြာ.................... ၁၉၂
- ဆောင်ရန်ရှစ်လုံးဘွဲ့ကဗျာ.......................... ၁၉၄
- သင်လုပ်တာ သင့်ကံ.............................. ၁၉၄
- ကုသိုလ်လည်းပြုပါ ဆုလည်းတောင်းပါ........... ၁၉၅
- နှစ်ဖက်လုမှ ဂတိမြဲမည်............................ ၁၉၆
- ဘုရားရှင်တို့လည်း ဆုပေးသည်..................... ၁၉၆
- သာဓုခေါ်ပါ........................................ ၁၉၇
- ပုညကြိယာဝတ္ထု ၁၀ ပါး........................... ၁၉၇
- သာဓုခေါ်ခြင်းအကျိုး.............................. ၁၉၈
- တရားပွဲအပြီး အိမ်ပြန်ခရီး........................ ၁၉၉


## အခန်း (၁၂)


- အန္တရာယ်ကင်း ပရိတ်အမွန်.........................၂၀၁
- အနက်ယောဇနာ........................................ ၂၀၂
- ဆုတောင်းပရိတ်မွန်..................................၂၀၄
- သုံးဂါထာ၏အနက်ယောဇနာ........................ ၂၀၅
- ဇယမင်္ဂလာအောင်ဂါထာ..............................၂၀၆
- နတ်မင်းကြီးလေးပါး မေတ္တာထား....................၂၀၇
- ညောင်ရေသွန်း ပူဇော်ရန်ဂါထာ......................၂၀၉
- အသေးဆုံးရပ်ဝတ္ထု.................................... ၂၁၀
- ရေစက်ချခြင်း ရေစက်မချခြင်း........................၂၁၀
- ဝတ္တရားအတိုင်းသာလုပ် ခင်တာမင်တာတွေဖြုတ်ကြ၂၁၂
- လှူပုံလှူနည်း.......................................... ၂၁၂
- အဝိဇ္ဇာနှင့်တဏှာတရားခံ............................. ၂၁၃

● ဆက်မှား ပြစ်မှား ဒိဋ္ဌ ၂ ပါး......................၂၁၃
● ပုဂ္ဂိုလ် ၄ မျိုး.............................................၂၁၄
● လူတို့ကို နှိပ်စက်နေသောတရား ၃ ပါး............၂၁၄

## အခန်း (၁၃)

## နာရေးကိစ္စ၌ သံဝေဂယူရန်ဂါထာပါ၌အနက်များ

● ဖြစ်ပျက်ဆုံးမှန် မြတ်နိဗ္ဗာန်.......................... ၂၁၆
● အသုံးမကျပါ ဤခန္ဓာ................................. ၂၁၇
● အကြီး အငယ် မရွေးချယ်ပါ......................... ၂၁၇
● သံဝေဂ ကဗျာများ...................................... ၂၁၈
● ကဗျာလင်္ကာကဏ္ဍ...................................... ၂၁၉
● ဒါနဖွဲ့တေးထပ်.......................................... ၂၁၉
● ဗြဟ္မာပြည်မှာတဝင်းဝင်း ဝက်စာကျင်းတရှုတ်ရှုတ် ၂၂၀
● ခမ္မနိယာမ................................................ ၂၂၀
● ဇရာဒုဗ္ဗလဘွဲ့တေးထပ်................................. ၂၂၁
● နိဂုံးဆုတောင်း............................................ ၂၂၃
● နိဂုံးစကား.................................................. ၂၂၃
● မှီငြမ်းကိုးကားသောကျမ်းများ......................... ၂၂၅

## အခန်း (၁)

# ဟောစရာကျင့်စရာ ဓမ္မပဒေသာ

ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတရား

ဒုလ္လဘတရား(၅)ပါးထဲတွင် ဘုရားပွင့်သောခေတ်ကာလနှင့် ကြုံကြိုက်ခြင်းတည်းဟူသော 'ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတရား' တစ်ပါး ပါဝင်သည်။ ဒုလ္လဘတရား ၅–ပါးမှာ–

(၁) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ = ဘုရားပွင့်သောကာလနှင့် ကြုံကြိုက်ခဲခြင်း၊

(၂) မနုဿတ္တဘာဝ ဒုလ္လဘ = လူ့အဖြစ်ကိုရခဲခြင်း၊

(၃) ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ = သဒ္ဓါတရားနှင့် ပြည့်စုံနိုင်ခဲခြင်း၊

(၄) ပဗ္ဗဇိတဘာဝဒုလ္လဘ = ရဟန်းအဖြစ် ရဟန်းဘဝကို ရခဲခြင်း၊

(၅) သဒ္ဓမ္မဿဝန ဒုလ္လဘ = သူတော်ကောင်းတရား (အမှန်တရား)ကို နာကြားရခဲခြင်းတို့ ဖြစ်ပါသည်။

ဤသို့ ဘုရားပွင့်သော ခေတ်အခါနှင့် ကြုံကြိုက်ခြင်းကို 'ဗုဒ္ဓုပ္ပါဒ နဝမခဏ'ဟု ခေါ်သည်။ 'ဗုဒ္ဓုပ္ပါဒ နဝမ ခဏ'ဟူသည် ဘုရားပွင့်သော ကိုးခုမြောက်ခဏ ဖြစ်ပါသည်။ အက္ခဏ မဟုတ်သောကာလဟု ဆိုလိုသည်။

'အက္ခဏ'ဆိုသည်ကား ဘုရားရှိခိုး ဆုတောင်းခန်းတွင် ပါဝင်သော ရပ်ပြစ်ရှစ်ပါးတည်း။

ရပ်ပြစ်(၈)ပါး

(၁) **ငရဲဘုံ၌ဖြစ်ခြင်း** – ငရဲဘုံ၌ဖြစ်နေသူသည် ကုသိုလ်ကောင်းမှုပြုနိုင်ခွင့် မရှိသောကြောင့် 'အက္ခဏ'ဟူ၍ ခေါ်သည်။

(၂) **တိရစ္ဆာန်ဘုံ၌ဖြစ်ခြင်း** – အမှန်အားဖြင့် စာပေအရ တိရစ္ဆာန်ဘုံဟု သတ်မှတ်ထားသော်လည်း မိမိတို့နေထိုင်ရာ ဤလူ့ဘုံလောကကြီးမှာပင် တိရစ္ဆာန်များ ရှိ၏။ တိရစ္ဆာန်များ နေထိုင်ကျက်စားကြပါသည်။ တိရစ္ဆာန်ဖြစ်နေလျှင် တရားမဓမ္မကို သညာသိမျှပင် သိခွင့်မရှိနိုင်ဘဲ အမြဲ ထိတ်လန့်နေကြရသည်။ ကုသိုလ်ကောင်းမှုလည်း မပြုနိုင်သောကြောင့် 'အက္ခဏ' ဖြစ်ပါသည်။

(၃) **ပြိတ္တာဘုံ၌ဖြစ်ခြင်း** – အစာငတ်, ရေပြတ်, တရစပ်

ပူလောင်ခံနေရသော ပြိတ္တာဘုံသားတို့သည် ကုသိုလ်ကောင်းမှု ပြုနိုင်ခွင့် မရှိသောကြောင့် 'အက္ခဏ'ဟူ၍ ခေါ်သည်။

(၄) **အသညသတ်ဘုံ၌ဖြစ်ခြင်း** – အသညသတ်ဘုံသည် ရုပ်သက်သက်ရှိသောဘုံဖြစ်ရာ တရားနာရန် သောတပသာဒ သောတဝိညာဏ် မရှိ၍ ကုသိုလ်ကောင်းမှု ပြုခွင့်မရသောကြောင့် 'အက္ခဏ'ဖြစ်ပါသည်။ (နာမ်ချည်းသက်သက်ရှိသော အ,ရူပလေးဘုံပါ ထည့်၍ ရေတွက်ကြပါသည်)

(၅) **ပစ္စန္တရစ်အရပ်၌ဖြစ်ခြင်း** – ဗုဒ္ဓဘာသာ မထွန်းကားရာ ရဟန်းသံဃာ သီလရှင်သူတော်စင်များ မရှိရာ အရပ်ဒေသရှိ လူတို့သည် သောတပသာဒ နားရှိကြသော်လည်း တရားနာခွင့်မရ၊ ကုသိုလ်ကောင်းမှု ပြုခွင့် မရရှိနိုင်သောကြောင့် 'အက္ခဏ'ဖြစ်၏။

(၆) **မိစ္ဆာဒိဋ္ဌိအယူရှိခြင်း** – ဘုရားပွင့်ရာ မဇ္ဈိမဒေသ၌ လူဖြစ်စေကာမူ အယူချွတ်လွဲ မိစ္ဆာဒိဋ္ဌိစွဲနေသူတို့သည်လည်း 'အက္ခဏ'ပင် ဖြစ်လေသည်။
(နိယတ မိစ္ဆာဒိဋ္ဌိအယူရှိသူကို ဆိုလိုသည်)
နိယတ မိစ္ဆာဒိဋ္ဌိ ၃–ပါး ရှိ၏။

၁။ နတ္ထိက ဒိဋ္ဌိ = အကျိုးတရားမရှိ၊ ကုသိုလ် အကုသိုလ် မရှိဟု ယူခြင်း။

၂။ အဟေတုကဒိဋ္ဌိ = အကြောင်းတရား မရှိ၊ ကုသိုလ် အကုသိုလ်ဟူသော အကြောင်းတရားကို လုပ်

စရာမလိုဟူသော အယူများ။

၃။ အကိရိယဒိဋ္ဌိ = ကောင်းကျိုး ဆိုးကျိုးမရှိ၊ ကုသိုလ်၊ အကုသိုလ် လုပ်စရာမလိုဟူသော အယူများ ဖြစ်ပါသည်။

(၇) **ကာလန္တိချို့တဲ့ခြင်း** – မျက်စိမမြင်ခြင်း၊ နားပင်းခြင်း၊ ဆွံ့အခြင်း။

(၈) **ဘုရားမပွင့်ထွန်းသောအခါဖြစ်ခြင်း** – မျက်စိ, နား စသည် ကောင်းကာ ဉာဏ် ပညာနှင့် ပြည့်စုံသော်လည်း မြတ်စွာဘုရား ပွင့်ထွန်းသောအခါ မဟုတ်၍ သီလ, သမာဓိ, ပညာ အကျင့်တရားတို့ကို မပွားများနိုင်ခြင်း သည်လည်း 'အက္ခဏ'ဖြစ်လေသည်။

**ဆောင်ပုဒ်**။ ။ ငရဲ, တိရစ်၊ ပြိတ်, ပစ်, ဇစ္စန်၊ ဒိဋ္ဌိမှန်၊ သည့် (အရူ)၊ ဘုရားမပွင့် တိဟိတ်လူ။

ဤဆိုအပ်ပြီးသော ရပ်ပြစ်ရှစ်ပါးမှ လွန်မြောက်၍ ဘုရား သာသနာပွင့်ထွန်းရာကာလ၌ ကာလန္တိတွေ မချို့တဲ့ဘဲ သမ္မာဒိဋ္ဌိ အယူကောင်း ရရှိသောကာလကို 'ဗုဒ္ဓုပ္ပါဒနဝမ ခဏ' (ရပ်ပြစ် ရှစ်ပါးလွန်မြောက် ဘုရားပွင့်တော်မူရာ သူတော်ကောင်းတရားများ ပွားများနိုင်ရာ ကိုးခုမြောက် အချိန်အခါ)ဟု ခေါ်ဆိုပါသည်။

ဤကဲ့သို့သော အခါကောင်းကို လက်လွှတ်ဆုံးရှုံး မခံသင့်ပေ။ အချိန်ရှိခိုက် လုံ့လစိုက်ကြရပေမည်။ မိုးရွာတုန်းရေခံမှ ရေရှိမည်။ မိုးလွန်မှ ထွန်ချလျှင် အကျိုးရှိတော့မည်မဟုတ်ပေ။ နောက်ကျသွား ချေတော့မည်။

ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကို လက်လွှတ်သွားပါက ကိုယ်ကျိုးနည်း

ပေလိမ့်မည်။ အပါယ်လေးပါး၏ အစာဖြစ်ပြီး ကြာမြင့်စွာ ပင်ပန်းနွမ်းနယ် ပူပန်ရလိမ့်မည်။ ဤကဲ့သို့ လေးလေးနက်နက် စဉ်းစားကြပြီး မြတ်စွာဘုရား ဟောကြားထားတော်မူသော 'သီလ,သမာဓိ,ပညာ'သာသနာသုံးရပ် အကျင့်မြတ်ကို အရဟတ္တ ဖိုလ်ပေါက်အောင် ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

(အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရ်)

## ရာဟုလာအမွေတောင်းခန်း

**(ရှင်ပြုမင်္ဂလာတရား)**

ဗုဒ္ဓဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သစ္စာလေးပါး မြတ်တရားကို ဆရာမကူ မိမိကိုယ်ပိုင် သယမ္ဘူဉာဏ်ဖြင့် သိမြင်တော်မူကာ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူခဲ့ပေသည်။ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ္ထ ဘုရားစင်စစ် ဧကန်ဖြစ်သွားကြောင်းကို ကြားသိရသဖြင့် ဘုရားရှင်အား ပင့်ရန် အမတ်များကို လွှတ်လေတော့သည်။

ဘုရားရှင် သီတင်းသုံးနေထိုင်တော်မူသော ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ အမတ်ခေါင်းဆောင်တစ်ယောက်နှင့် အခြံအရံအဖြစ် ယောကျ်ား ဗိုလ်ခြေတစ်ထောင်တို့ကို စေလွှတ်ပြီး ဘုရားရှင်အား အပင့်ခိုင်းပါသည်။ ဘုရားပင့်ရန်လွှတ်လိုက်သော လူအပေါင်းတို့သည် ဘုရားရှင်ကို ဖူးမြင်ကြရ တရားဓမ္မ နာကြားကြရသောအခါ၌ အားလုံး ရဟန်းပြုသွားကြလေ၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလည်း သားဘုရားကိုပင့်ရန် စေလွှတ်လိုက်သောလူတွေ ပြန်မရောက်တာနှင့် နောက်ထပ်

အမတ်တစ်ယောက်နှင့် ဗိုလ်ချေတစ်ထောင် ထပ်မံ စေလွှတ်ပြန်သည်။ သူတို့လည်း ဘုရားရှင်နှင့်တွေ့သောအခါ ရဟန်းပြုပြီး သာသနာတော်သို့ ဝင်ရောက်သွားကြပြန်သည်။ ဤသို့ဖြင့် နောက်ဆုံး၌ ကာဠုဒါယီအမတ်နှင့် ဗိုလ်ချေတစ်ထောင်တို့ကို ဆယ်ကြိမ်မြောက်အဖြစ် ထပ်မံ စေလွှတ်ပြန်လေ၏။

လွှတ်လိုက်သူအားလုံး လူ့ဘောင်ကိုစွန့်ခွာ ရဟန်းပြုကြပြီး အားလုံး အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်ကြကာ မိမိတို့၏ ကိစ္စပြီးတော့မှ လာရင်းကိစ္စကို သတိရမိကြလေတော့၏။

"သြော်...ငါတို့ဟာ ဘုရားရှင်ကို ကပိလဝတ် ရွှေနန်းသို့ ကြွမြန်းရန် ပင့်လျှောက်ဖို့ လာခဲ့ကြတာပါလား"ဆိုပြီး သတိရကြလေသည်။

နောက်ဆုံး၌ ရာဇဂြိုဟ်ပြည်မှ ယူဇနာခြောက်ဆယ် ဝေးကွာသော ကပိလဝတ်ပြည်သို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရဟန္တာနှစ်သောင်း ခြံရံပြီး ပင့်ဆောင်ခဲ့ကြပါသည်။

ဗုဒ္ဓဘုရား ကပိလဝတ် ရွှေနန်းသို့ ကြွမြန်းဆိုက်ရောက်ပြီးနောက် ခုနစ်ရက်မြောက်သောနေ့တွင် ကြင်ယာတော်ဟောင်း ယသော်ဓရာ ဗိမ္ဗာရွှေလှော်က ရင်သွေးတော် သားရတနာ ရာဟုလာလေးကို ဝတ်ကောင်းစားလှ ရတနာတန်ဆာများ ဆင်မြန်းပေးပြီး ဘုရားရှင်ရှိရာသို့ အမွေတောင်းရန် လွှတ်လေသည်။

ယသော်ဓရာမင်းသမီးကိုယ်တိုင်လည်း သူ၏တိုက်ခန်းသို့ ကြွမြန်းတော်မူလာသော ဘုရားရှင်၏ ခြေဖမိုးတော်အစုံတို့ကို နမ်းရှုပ်ကာ လွမ်းမိုးဆွေးခဲ့ရသမျှတွေကို အတိုးချပြီး အားရပါးရ

ငိုချလိုက်ပါတော့သည်။

မယ်ယသော်အလွမ်း

**ဒဟန္တံ သတ္တဝဿာနိ၊ သောကဂ္ဂိ အဿုဝါဒိနာ။**
**ပါဒပိဋ္ဌေ နိပ္ပာပေသိ၊ ရောဒမာနာ ယသောဓရာ။**

ယသောဓရာ = ဘဒ္ဒကဉ္စနာ၊ ခေါ်ရာတစ်လီ၊ သာကီနွယ်တော် မယ်ယသော်သည်။ ပါဒပိဋ္ဌေ = တစ်ရာ့ရှစ်ကွက်၊ စက်လက္ခဏာ၊ ကောင်းစွာပြည့်ဖြိုး၊ အသရေတိုးသည့် မြတ်စွာဘုရား၏ ခြေဖမိုးတော်ထက်၌။ ရောဒမာနာ = နဖူးဆံပင်တို့ဖြင့် ဦးတင်ပွတ်တိုက်၍ (နူးညံ့ချောမွေ့သော လက်ဖဝါးတို့ဖြင့် မြတ်စွာဘုရား၏ ခြေဖဝါးတော်တို့ ပွတ်သပ်ပွေ့ပိုက်လျက်) မောဟိုက်ပူဆွေး တစာစာ ငိုကြွေးသည်ဖြစ်၍။ အဿုဝါဒိနာ = ဖြေမဆည်နိုင် ငယ်ကကျွမ်းမို့ နှမ်းကာခွေယိုင်၊ တဖြိုင်ဖြိုင်တသွင်သွင် ယိုစီးသော မျက်ရည်အယဉ်ဖြင့်။ သတ္တဝဿာနိ = နေ့–ရက်–လ–နှစ်၊ သက္ကရာဇ်တို့၊ တွက်စစ်စုရုံး၊ ခုနစ်နှစ်တို့ကာလပတ်လုံး။ ဒဟန္တံ = သာကီနွယ်ညွှာက်၊ သားတစ်ယောက်ကို၊ ဖွားမြောက်သန့်စင်၊ မီးရှူးတော်မြင်စက၊ မကြင်မသနား၊ မောင်ဘုရားရယ်၊ ရှောင်ရှားထွက်ခွာ၊ မသက်ညှာဘဲ၊ ရက်စက်စွာပစ်သွားလေခြင်းဟု၊ ဖြေမဆည်နိုင် အစွဲကြီးလျက်၊ အသည်းတည်းဟူသော မီးစာမှာ ကြီးစွာတောက်လောင်၍နေသော။ သောကဂ္ဂိ = ပါရမီဖြည့်ဖူး၊ လောင်းတော်ထူးကို၊ မဖူးမတွေ့ရသမျှ၊ တစ်နေ့ကမှမမေ့၊ တဋ္ဌေ့ဋ္ဌေ့နှင့် တမြေ့မြေ့တရှိန်ရှိန်၊ တထိန်ထိန်ပြောင်ငြီး၊ သောကတည်းဟူသော လောင်မီးကို။ နိပ္ပါပေသိ = ယခုယနေ့ကျမှ မဖူးမတွေ့ရသမျှ–လွမ်းစ,ကိုယ်၊

လွှမ်းစွယ်ကိုရှဲ၊ လွှမ်းပွဲကိုသိမ်း၊ လွှမ်းကိန်းကိုဖျောက်၊ လွှမ်းပေါက်ကိုဆို့၊ လွှမ်းဖို့ကိုဆီး၊ လွှမ်းမီးကိုအုပ်၊ လွှမ်းရုပ်ကိုပြင်၊ လွှမ်းချင်တာတွေကို အကုန်ဖြတ်၍ လွှမ်းစရာရှိသမျှ တစ်စိကမှမကျန်ကျေနပ်၍ လွှမ်းဇာတ်ကိုရုတ်သိမ်းကာအေးငြိမ်းစွာ ကန်တော့ပန်းဆင်လိုက်ရပါတော့သည်ဘုရား။ ။

သားတော်ကလေး ရာဟုလာကလည်း ခုနစ်နှစ်သားအရွယ်ကလေးငယ်ပီပီ တီတီတာတာ ခရာတာတာဖြင့် မယ်တော်ယသော်ဓရာ သင်ကြားထားသည့်အတိုင်း ဘုရားရှင်ထံမှ အမွေတောင်းပါသည်။

မယ်တော်၏ သင်ကြားချက်များကတော့–

"ချစ်သား ရာဟုလာ – ကပိလဝတ် နေပြည်တော်ကြီးမှာသူ့ထက်ငါ အုတ်အုတ်ကျက်ကျက်နဲ့ တစ်ခဲနက် ပူဇော်ရှိခိုးမြတ်နိုးဦးခိုက်နေကြတဲ့ ပုဂ္ဂိုလ်ကြီးဟာ တခြားဟုတ်ပါရိုးလားကွယ်။ သားတော်ရဲ့ ဖခင်ပေါ့။ သားတော် မယ်တော်နဲ့တကွရွှေနန်းစည်းစိမ်ကြီးကို ရက်ရက်စက်စက် စွန့်ခွာပြီး ထွက်သွားလိုက်တာ ခြောက်နှစ်တောင် ကြာတယ်။ သားတော်လေးဖွားပြီးခါစထဲက ထွက်သွားလိုက်တာပေါ့။ ခုတော့ သားတော်လေးရေ ဘုရားစင်စစ် ဧကန်ဖြစ်ပြီးနောက် ပြန်ရောက်လာတယ်။

သားတော်ရဲ့ဖခင်ဟာ တောထွက်မသွားဘဲ မယ်တော်တို့နှင့်အတူ ရွှေနန်းတော်မှာ ပျော်ပျော်ကြီး စံစားနေမယ်ဆိုရင်ခုလောက်ဆို စကြဝတေးမင်းကြီး ဖြစ်လောက်ပြီ။ အဲဒီအခါမှာသားတော်ဟာလဲ စကြဝတေးမင်းကြီးရဲ့ သားတော် ဖြစ်ရမှာပေါ့။

ခုတော့ သားတော်ဟာ စကြဝတေးမင်းကြီးရဲ့ သားတော်ဖြစ်မလာဘဲ ဘုရားသားတော် ဖြစ်နေပါပကောလားကွယ်။

ဒါပေမယ့် ထီးနန်းစည်းစိမ်ကိုတော့ သားတော်လေး အရွယ်ရောက်လာတဲ့အခါ သားတော်မောင်မှတစ်ပါး တခြား ခံစားထိုက်သူ မရှိဘူးပေါ့ကွယ်။ လောလောဆယ်မှာတော့ အမွေတောင်းရန်ကိစ္စ ရှိနေတယ် သားတော်ရဲ့။ မောင့်ဖခင် တောထွက်သွားတဲ့နေ့က စပြီးတော့ ရွှေအိုးကြီးလေးလုံးဟာ စုံးစုံးမြုပ် ပျောက်ကွယ်သွားခဲ့တယ်။

ရွှေအိုးကြီးတစ်လုံးတစ်လုံးဟာ တစ်ယူဇနာနဲ့ သုံးဂါဝုတ် လောက်ကြီးတယ် သားရဲ့။ (ဒီနေရာမှာ- 'အာ,ဗော,ကာ,ယ, ကဏ်,ရွှေ,ဆန်'ဟူသော ဖွားဖက်တော်ခုနစ်ပါးအကြောင်းကို အကျယ်ပွားပြီး ချဲ့ထွင်ဟောပြောနိုင်သည်။)

ဖွားဖက်တော် (၇)ပါး

၁။ 'အာ' = ညီတော် အာနန္ဒာ
၂။ 'ဗော' = ဗောဓိပင်
၃။ 'ကာ' = ကာဠုဒါယီအမတ်
၄။ 'ယ' = ယသောဓရာမင်းသမီး
၅။ 'ကဏ်' = ကဏ္ဍကမြင်း
၆။ 'ရွှေ' = ရွှေအိုးကြီး ၄-လုံး
၇။ 'ဆန်' = ဆန္နအမတ်(မြင်းမြီးဆွဲမောင်ဆန်)

အဲဒီဖွားဖက်ဟော်ခုနစ်ပါးမှာ အပါအဝင်ဖြစ်တဲ့ ရွှေအိုးကြီး တွေ ဘယ်မှာထားခဲ့တယ် မသိဘူး။ အဲဒါ သားတော်မောင်က မောင့်ဖခင်ထံ အမွေတောင်းခံသွားပေတော့"ဟု သွန်သင်ပြော ဆိုပြီး ဘုရားရှင်ထံမှောက်သို့ ပို့လွှတ်လိုက်သည်။

သားတော်လေးရာဟုလာကလည်း မယ်တော်ဘုရား မှာကြား လိုက်သည့်အတိုင်း ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး သားတို့၏ ချစ်ခြင်းဖြင့် ရင်းရင်းနှီးနှီး တွတ်တီးတွတ်တာ ပြောဆိုကာ အမွေတောင်းလေသည်။

**ဒေဟိ မေ တာတ ဒါယဇ္ဇံ၊ စတဿော လောဟကုမ္ဘိယော။**
**ပိတုနော သန္တကံလောကေ၊ ပုတ္တာလဘန္တိ ကေဝလံ။**

(အနက်) တာတ = ခြောက်ဖြာရောင်ရှိန် တထိန်ထိန်နှင့် သာကိန် ထွင့်တင် အိုဖခမည်းတော် ကျေးဇူးရှင်၊ မေ=ဖွားမြင်ချိန် အခါမှစ၍ မညှာမငဲ့ စွန့်ပစ်ထားခဲ့၍ အားနွဲ့သိမ်ငယ်စွာ ကြီးပြင်းလာရသော ရတနာမျက်ရှု သားသက်စုဖြစ်သော တပည့် တော် ရာဟုလာအား၊ ဒါယဇ္ဇံ=ထီးမွေနန်းမွေ ကြငှန်းမွေနှင့် ကျက်သရေထွဋ်ဖြာ အလုံးစုံသော အမွေရတနာများကို၊ ဒေဟိ- ပေးသင့်တဲ့အကြောင်းနဲ့ ရယူဖို့ ခွင့်တောင်းပါရဲ့ ဗိုလ်လူအပေါင်း ရှေ့တွင် ထင်ရှားအောင် ပေးသနားတော်မူခဲ့ပါ အရှင်ဘုရား။

စတဿော=သုံးဂါဝုတ်သာသာ တစ်ယူဇနာ ကြီးမား၍ လေးပါးအရေအတွက်ရှိကုန်သော၊ လောဟကုမ္ဘိယော=သုံးမကုန် စွဲမကုန် ဘုန်းဟူသော တန်ခိုးဂုဏ်ကြောင့် ဖြစ်ပေါ်၍လာသော ရွှေအိုးကြီးတို့ကို၊ ဒေဟိ=ဘယ်နေရာမှာရှိတယ်လို့ သိအောင် မိန့်ကြား၍ ပေးသနားတော်မူခဲ့ပါဘုရား။

လောကေ=ကမ္ဘာတစ်ခွင် ဝန်းကျင်တစ်ဝိုက် လောကီဘုံ တိုက်၌၊ ပိတုနော=မွေးသဖခင် ကျေးဇူးရှင်၏၊ သန္တကံ= ကောင်းမွေဆိုးမွေ အထွေထွေသော ရတနာရွှေငွေတို့ကို၊ ပုတ္တာ=

ယုယပိုက်ထွေး ငယ်စဉ်ကပြုပြင်ကာ ကျွေးမွေး၍လာသော ရင်သွေးရင်နှစ်သားအစစ်တို့သည်၊ ကေဝလံ=ရှိသမျှဥဿုံ ပစ္စည်းဥစ္စာ အလုံးစုံကို၊ လဘန္တိ=လောကီမွေ့ကံ အရပ်ရပ်ထင်ရှားလို့မို သားတော်၏စရိုက်ဖြင့် ရထိုက်ရိုးအမှန်ပင် ဖြစ်ပါတော့သတည်း။

သားတော်လေး ရာဟုလာက ရဟန်းပရိသတ်, မင်းမှူးမတ် ပရိသတ်, မောင်းမရွှေရံ ပရိသတ်တို့ အလယ်တွင် ရဲတင်းသော အမူအရာဖြင့် ပြောဆိုကာ အမွေတောင်းလေသည်။ တချို့ ပရိသတ်က သားတော်လေး၏ ခရာပုံကိုကြည့်ပြီး ပြုံးနေကြသည်။ တချို့ကလည်း "သူ့ ခမည်းတော်ရဲ့ထံတော်ပါးမှာ သနားစဖွယ် အမွေတောင်းနေရှာတယ်"လို့ ပြောကြလေသည်။

ရာဟုလာရဲ့ ရုပ်သွင်ကလည်း ဘုရားရှင်၏ မျက်နှာတော်နှင့် အလွန်ပင်တူနေသည့်အတွက် ပရိသတ်အားလုံးက "ရွှေတောင်ကြီးနံဘေးမှာ ရွှေတောင်ကလေးပေါက်နေသလို လျောက်ပတ်တင့်တယ် ကျက်သရေမင်္ဂလာရှိလှပါတယ်"ဟု ချီးမွမ်းပြောဆိုနေကြလေသည်။

သားတော်လေးရာဟုလာသည် "ဖခမည်းတော်ရဲ့ မေတ္တာရိပ်အောက်မှာ ဝင်ရောက်ခိုလှုံရတာဟာ လွန်စွာမှ အေးမြချမ်းသာလှပေတယ်။ ဒီလို အေးမြချမ်းသာတဲ့ မေတ္တာရိပ်ကို အမြဲခိုလှုံ၍ နေရပါလျှင် သိပ်ကောင်းမှာပဲ။ ဒီတော့ သားတော်လေးအား အမွေတော်များကိုလဲ ချီးမြှင့် ပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားပြောဆိုလိုက်လေသည်။ ဤသို့ဖြင့် ရာဟုလာသည် မြတ်စွာဘုရား၏ သင်္ကန်းစကို ဆွဲကိုင်ကာ နိဂြောဓာရုံ ကျောင်းတော်အထိ အမွေတောင်းရန် လိုက်ပါသွားလေ၏။

၁၇၄၅၇

## ရာဟုလာကို အမွေပေးပြီ

ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားသခင်သည် အဂ္ဂသာဝကကြီးနှစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ကို ခေါ်တော်မူကာ အောက်ပါအတိုင်း မိန့်တော်မူလိုက်လေသည်။

"ငါ၏ရင်သွေးအစစ် သာကီမျိုးဖြစ်တဲ့ သားတော် ရာဟုလာလေးသည် နန်းတော်မှစပြီး ကျောင်းတော်သို့ရောက်အောင် နောက်တော်ပါးမှ လိုက်ပါ၍ အမွေတော်များ တောင်းရာတယ်။ သားတော်လေးအား လောကီအမွေကို ပေးခြင်းဖြင့် အကျိုးမရှိ။ သံသရာဘဝမှာ လောကီအမွေတွေကို ပေးခဲ့ဖူးပေါင်းလည်း များခဲ့ပြီ။ ယခုအချိန်မှာဖြင့် ငါဘုရား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံ၍ အပင်ပန်းခံကာ ရှာဖွေဆည်းပူးတော်မူခဲ့ရတဲ့ လောကုတ္တရာ ဓမ္မအမွေတော်များကိုသာ ပေးသနားတော်မူမယ်။

ငါ၏သားတော်ရတနာကို ယခုအခါ လွန်စွာ ရခဲလှတဲ့ လောကုတ္တရာ ဓမ္မအမွေကို ပေးသနားတော်မူကြပေတော့"

ဘုရားရှင်က အထက်ပါအတိုင်း မိန့်ကြားတော်မူသောအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီးက ရာဟုလာ၏ ဦးခေါင်းမှ ဆံပင်ကို ရိတ်ပေးသည်။ အရှင်မဟာသာရိပုတ္တရာက သရဏသီလကို ပီသစွာ ပေးသနားတော်မူလိုက်လေသည်။ အရှင်မဟာကဿပ မထေရ်မြတ်ကြီးကမူ ဩဝါဒဆရာ ဖြစ်ပေ၏။

**အဒါသိ မေ့ဒါယဉ္စ၊ ပိယပုတ္တဿ ဒုလ္လဘံ။**
**သာမဏေရ ပဗ္ဗဇ္ဇာယ၊ နဂ္ဂဟိ မုနိကုဉ္ဇရော။**

(အနက်) ဘောဓ္ဓော=တရားအာရုံ နားမှာထုံလျက် ဝန်းရံ သောင်းသောင်း တရားနာပရိသတ်အပေါင်း အို သူတော်ကောင်း တို့။ မုနိကုဉ္ဇရော=ရဟန်းမကိုင့် နန်းသိုက်ရိပ်မြုံ အမြိုက်ဘုံသို့ ခိုလှုံစံမြန်းတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ပိယပုတ္တသ=ဘဝပေါင်းများစွာ သားရတနာဖြစ်လတ်၍ ချစ်မြတ်နိုးတော်မူသော ရင်သွေးရတနာ သားတော်ရာဟုလာအား၊ ဒုလ္လဘံ=ကမ္ဘာတွေ ဘယ်လောက်ပင် ကုန်သော်လည်း တွေ့ကြုံရရှိခြင်းငှာ ခဲယဉ်းလှပေသော၊ ဓမ္မဒါ ယဇ္ဇံ=သင်္ချေလေးဖြာ တစ်သိန်းကမ္ဘာဖြင့် ပိုက်ခါရှာမှီး တရားတော် တည်းဟူသော အမွေတော်မြတ်ကြီးကို၊ အဒါသိ=ငါ့သားကြီး ရာဟုလာနှင့် ထိုက်သဖြင့် သိမ်းပိုက်ကာယူတော့ဟု ကြည်ဖြူစွာ ပေးသနားတော်မူလိုက်လေသတည်း။

သာမဏေရပဗ္ဗဇ္ဇာယ = ဆံကေဖြတ်လှီး ဖန်ဝတ်စည်း၍ ပိတ်ဆီးအာရုံ လုံးစုံကျစ်လျစ် ရှင်သာမဏေအဖြစ် (ရဟန်းအဖြစ်) ဖြင့်၊ အနုဂ္ဂဟိ=ဝဋ်သံသရာ မြစ်ကြောမှာ နစ်မျောကာ မြုပ်မသွား ဘဲ ချုပ်ထားတဲ့နှောင်အတွင်းမှ ရှောင်ကွင်းကာ ခရီးပေါက်အောင် ချီးမြှောက်ကာယ်တင်တော်မူခဲ့ပါပေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

သားတော်ရာဟုလာဘဝမှ ရှင်ရာဟုလာဘဝသို့ ရောက်သော အခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ချစ်သား ရာဟုလာ... တပူဆာဆာ သင်တောင်းလာခဲ့တဲ့ လောကီအမွေတို့ထက် များစွာ သာလွန်မြင့်မြတ်တဲ့ ဖခမည်းတော်ရဲ့ လောကုတ္တရာဓမ္မအမွေကို မဟာကရုဏာဖြင့် ပေးသနားတော်မူခဲ့ပေပြီ။ ယခုအခါ၌ "အမွေခံ သားကြီးအစစ် အမှန်ပင် ဖြစ်ပေပြီ။ ငါဘုရား ပေးသနားတော်မူတဲ့

လောကုတ္တရာ ဓမ္မအမွေကိုသာ ချစ်ခင်မြတ်နိုးစွာ ဆက်ခံပြီး စောင့်ရှောက်ထိန်းသိမ်းပေတော့။ ဒုက္ခဇာတ်သိမ်းပြီး ဆယ့်တစ်မီးငြိမ်းအေးတဲ့ နိဗ္ဗာန်ချမ်းသာကိုသာ အေးမြစွာ ခံစား စံစား ပေတော့”ဟု မိန့်တော်မူလိုက်လေသတည်း။

ထို့အတူ ယခုအခါ၌ အလှူ့ဒါယကာ...အလှူ့ဒါယိကာမတို့ကလည်း မိမိတို့၏ သားရတနာ (မြေးရတနာ)သူတစ်ပါးတို့၏ သားရတနာများကို ဘုရားဘဂဝါ၏ သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်ကာ သာသနာ့အမွေကို ခံယူကြပေပြီ။ နှစ်–လများစွာ ရှာကြံစုဆောင်းထားတဲ့ မိမိပိုင် ပစ္စည်းဥစ္စာတို့ကို ဗုဒ္ဓသာသနာတော်အတွက် စွန့်လွှတ်သုံးစွဲကာ ရှင်ပြုမင်္ဂလာ အလှူပွဲကို ကျင်းပရသဖြင့် သာသနာနုဂ္ဂဟ, ဓမ္မဒါယာဒ အမွေကို ခံယူသည် မည်ပေ၏။ သို့အတွက် သာသနာ့အကျိုး၊ သယ်ပိုးထမ်းဆောင်နိုင်သော သာသနာ့အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်ကြပြီးလျှင် ပါရမီပြည့်စုံသောအခါ၌ နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါစေကုန်သတည်း။

(မဟာဗုဒ္ဓဝင်အခြေခံ)

## အခန်း (၂)

# ရဟန်းလောင်းဆုံးမခန်း

# ရဟန်းခံ အစီအစဉ်

ရဟန်းခံအစီအစဉ်

၁။ ရှေးဦးစွာ ရဟန်းလောင်းအား ဥပဇ္ဈာယ်ယူစေခြင်း-

၂။ ရဟန်းလောင်းအား အမည်မှည့်ခြင်း (ဥပဇ္ဈာယ်ဆရာတော်အား အမည်မှည့်ခြင်း)

၃။ သပိတ်, သင်္ကန်း စသည် ပြောကြားခြင်း-

၄။ ဟတ္ထပါသ်မှ ထုတ်ခြင်း-

၅။ အနုသာသက ဥတ်ထားခြင်း-

၆။ ရဟန်းလောင်းအား ဆုံးမခြင်း-

၇။ ဩသာရဏာဥတ်ထားခြင်း (ရဟန်းလောင်းအား သံဃာ့ဘောင်သို့ ပြန်သွင်းခြင်း)

၈။ ပဥ္စင်းအဖြစ် တောင်းပန်ခြင်း-

၉။ ပုစ္ဆန သမ္မုတိဥတ်ထားပြီး ရဟန်းလောင်းအား ထပ်မံ မေးစစ်ခြင်း–
၁၀။ ဥပသမ္ပဒကမ္မဝါ ဖတ်ခြင်း–
၁၁။ အရိပ်စသည်ကို ပြောကြားခြင်း

## ၁။ ဥပဇ္ဈာယ်ယူခြင်း

ရဟန်းခံပေးရာ၌ ရဟန်းလောင်းကို ရှေးဦးစွာ ဥပဇ္ဈာယ် ယူစေရမည်။

ပဌမံ=ကမ္မဝါ, ဥတ်မရွတ်ခင် လက်ငင် ပထမ ရှေးမဆွ၌၊ ဥပဇ္ဈံ=အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာမြတ်ကို၊ ဂါဟာပေတဗ္ဗော= ယူစေအပ်၏။

## ဥပဇ္ဈာယ်ယူပုံ

"ဥပဇ္ဈာ ယော မေ ဘန္တေ ဟောဟိ"(ရဟန်းလောင်းအား ၃–ခေါက်ချပေးပါ)

ဥပဇ္ဈာယ်ဆရာတော်က 'ပါသာဒိကေန သမ္ပာဒေဟိ(ထ)'ဟု ဆိုသောအခါ ရဟန်းလောင်းက 'အာမဘန္တေ'ဟု သုံးကြိမ် ဆို ရမည်။

## ၂။ ရဟန်းလောင်းအား အမည်မှည့်ခြင်း

ယခုအခါ၌ ဥတ်, ကမ္မဝါစာရွတ်ဖတ်၍ လွယ်ကူပါစေခြင်း

အကျိုးမှာ ဥပဇ္ဈာယ် ဆရာတော်ဘုရား၏ အမည်ကို 'တိဿ'ဟူ၍ မှည့်ပါ၏။ ရဟန်းလောင်း၏ အမည်ကို 'နာဂ'ဟူ၍ မှည့်ပါ၏ ဘုရား။ ဥပဇ္ဈာယ်ဆရာတော်ကလည်းကောင်း၊ ရဟန်းလောင်းကလည်းကောင်း၊ သံဃာတော်အရှင်မြတ်များကလည်းကောင်း ဥပဇ္ဈာယ် ဆရာတော်ဘုရား၏ အမည်ကို 'တိဿ'၊ ရဟန်းလောင်း၏ အမည်ကို 'နာဂ'ဟူ၍ အသီးအသီး မှတ်ယူတော်မူကြပါဘုရား။

(ရဟန်းလောင်း ၂-ပါးဖြစ်က ပထမနာဂ, ဒုတိယ' နာဂဟူ၍ မှည့်ပါ။ ရဟန်းလောင်း ၃ ပါးဖြစ်ပါက ပထမနာဂ၊ ဒုတိယနာဂ၊ တတိယနာဂဟူ၍ မှည့်ပါလေ)

## ၃။ သပိတ်, သင်္ကန်း ပြောကြားခြင်း

'ဥပဇ္ဈံဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ'

ဥပဇ္ဈံ = ဥပဇ္ဈာယ်ဆရာကို၊ ဂါဟာပေတွာ = ယူစေပြီး၍၊ ပတ္တစီဝရံ = သပိတ်တစ်လုံး သုံးထည်သောသင်္ကန်းကို၊ အာစိက္ခိတဗ္ဗံ=ပြောကြားအပ်၏။

အယံ တေ ပတ္တော။ ။ အယံပတ္တော=ဩ,ဥက္ကဋ္ဌ, မဇ္ဈိမ-ဟု ပတ္တသုံးသွယ် ရွေးစစ်ချယ်သော် တင့်တယ်နိမိတ်၊ ဤသပိတ်သည်၊ တေ=သင် ပဉ္စင်းလောင်း၏၊ ပတ္တော=သပိတ်ဟူ၍မှတ်။

(အာမဘန္တေ)

အယံ တေ သံဃာဋိ။ ။ အယံ သံဃာဋိ=လယ်,စ,အဆုံး ပခုံးအောက်ထက်၊ နှစ်စယှက်၍၊ လက်ကန်တော့တင် ၁တ်ဆင် မရိုင်း၊ ရစ်သိုင်းမယုတ်၊ ဤဒုကုဋ်သည်၊ တေ=သင်ပဉ္စင်း

လောင်း၏၊ သံဃာငို=ဒုက္ကုဋ်ဟူ၍မှတ်။

(အမဘာဋ္ဌ)

အယံ တေဥတ္တရာသင်္ဂေါ။ ။ အယံဥတ္တရာသင်္ဂေါ=မရှည်မပို၊ မတိုမတောင်း ညာလက်မောင်းဖြင့်၊ သွယ်ပြောင်းတင်ချို၊ ဤကေသီ သင်္ကန်းသည်၊ တေ=သင်ပဥ္စင်းလောင်း၏၊ ဥတ္တရာသင်္ဂေါ=အပေါ်ရုံကေသီ(ကေစ္စိ) သင်္ကန်းဟူ၍မှတ်။ (အာမဘာဋ္ဌေ)

အယံ တေ အန္တရဝါသကော။ ။ အယံ အန္တရဝါသကော=ပရိမဏ္ဍလ၊ လယ်ချက်စ, မှ ဒူ, မှ ရှစ်သစ်၊ စနစ်မယွင်း၊ အတွင်းမှာဝတ်၊ အထွင့်မကျ၊ အစချင်းဆိုင်၊ ဤသင်းပိုင်သည်၊ တေ=သင်ပဥ္စင်းလောင်း၏၊ အန္တရဝါကော=အများမဆိုင် သင်သာပိုင်သော ကိုယ်ဝတ်သင်းပိုင်ဟူ၍မှတ်။

(အာမဘာဋ္ဌေ)

၄။ ဟတ္ထပါသ်မှ အပြင်ထုတ်ခြင်း

ဂစ္ဆ အမုမှိ ဩကာသ တိဋ္ဌာဟိ။

ဂစ္ဆ=ကာယ, မနိမ်၊ ခဏ္ဍသိမ်၌၊ ဣန္ဒြေချုပ်၊ နောက်သို့ဆုတ်၍၊ လက်အုပ်ချီကာ၊ ထေရ်သံဃာကို၊ ညွတ်ကာရိုသေ၊ သွားတည့်ချေလော့။ အမုမှိဩကာသေ=မနီးမဝေး ယဉ်ကျေးဖွယ်ရာ 'နှစ်တောင့်ထွာမျှ'၊ ပမာဏာဟု၊ နှိုင်းဆအရပ်၊ ဟတ္ထပါသ်လွတ်လောက်ရာ ထိုအရပ်၌။ တိဋ္ဌာဟိ=ဣန္ဒြေကောင်းကောင်း၊ တစောင်းတစိ၊ ပြောင်းမကြည့်ဘဲ၊ တည့်တည့်မတ်မတ်၊ ခြေစုံဟပ်၍၊ ရပ်နေချေလော့။

(ထိုအခါ ရဟန်းလောင်းသည် သံဃာ့ဘောင်မှ နောက်ဆုတ်သွား၍ ဟတ္ထပါသ်လွတ်ရာအရပ်မှာ သွားပြီး လက်အုပ်ချီကာ ရပ်နေစေရမည်)

## ၅။ အနုသာသက ဥတ်ထားခြင်း

'သုဏာတုမေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော၊ ယဒိသံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ' [ရဟန်းလောင်း ဆုံးမသော အနုသာသကပုဂ္ဂိုလ်သည် ဤကဲ့သို့ ဥတ်ထားပြီး သံဃာ့ဘောင်မှ ထုတ်ထားသော ရဟန်းလောင်းရှိရာအရပ်သို့ သွား၍ ဆုံးမရန် ဖြစ်သည်။]

## ၆။ ရဟန်းလောင်းအား ဆုံးမခြင်း

'ပွဲမဝင်ခင် ပြင်ကကျင်းပ' ဆိုသော စကားကဲ့သို့ ယခု သင် ပဥ္စင်းလောင်းအား ရှေးဦးစွာ ပြောကြားစရာ ရှိသည်များကို ပြောကြားမည်။ မေးမြန်းစရာရှိသည်များကို မေးမြန်းတော့မည်။ သင်ပဥ္စင်းလောင်းက ဟုတ်မှန်သည့်အတိုင်း ဖြေကြားပါ။

နာဂ= ဝတ္တု, ကမ္ဗဝါ, ဆရာ, သိမ်, ဥတ်, ပရိသတ်ကြောင့်၊ ရအပ် လေကြောင်း ပဥ္စင်းလောင်း...။ သုဏာသိ = နှလုံးငြိမ်ငြိမ်၊ သိမ်သိမ်မွေ့မွေ့၊ စိတ်ထဲမှာတွေ့အောင်၊ နားစေ့စေ့ထောင်ပါ။

အယံကာလော = အပေါင်းများစွာ၊ ထေရ်သံဃာတို့၊ ချဉ်းကပ်ရောက်လာ၊ ဤအခါကား၊ တေ = သင်ပဥ္စင်းလောင်း၏၊ သစ္စကာလော = အမှန်စကား၊ ချန်မထားဘဲ၊ သင်လျှောက်ထားရ အံ့သောအခါတည်း။ ဘူတကာလော = မနော, ကိုယ်, နှုတ်၊ မထိမ်မြှုပ်ဘဲ၊ မယုတ်စကား၊ ဟုတ်သောအားကို၊ သင် လျှောက် ထားရမည့်အခါပေတည်း။

နာဂ = ပဥ္စင်လောင်း၊ တေ = သင်ပဥ္စင်းလောင်း၏၊

သရီရေ = သွေးဆိုးသားပုပ် စက်ဆုပ်နံညှီ၊ အမြဲမှီ၍၊ မသတီစရာ၊ ကိုယ်ခန္ဓာ၌၊ ယံအာဟာရံ = ကုဋ္ဌ, ဂဏ္ဍ ကိလာသနှင့် စသည် များစွာ အကြင်အနာရောဂါသည်၊ ဇာတံ = ရှိသည်ဖြစ်အံ့၊ တံ အာဟာရံ = ထိုအနာကို၊ သံဃမဇ္ဈေ = ယခုမနေး၊ သင့်အရေး ကြောင့်၊ စည်းဝေးရောက်လာ၊ သံဃာတော်တို့၏အလယ်၌၊ ပုစ္ဆန္တေ = အပ်မည်,မအပ် ထိုနှစ်ရပ်ကို၊ ငါတို့စစ်ဆေး၊ သိလို ရေးကြောင့်၊ မေးသည်ရှိသော်၊ သန္တံ = ကိုယ်တွင်ထင်ရှား၊ အမြင်အားဖြင့် ထင်ရှားရှိသည်ဖြစ်အံ့၊ အတ္ထီတိ = အကယ်ပကတိ၊ အမှန်သိက ထင်ရှားရှိပါ၏ဘုရားဟူ၍၊ ဝတ္တဗ္ဗံ = သင်က လျှောက်ထားအပ်၏။

အသန္တံ = ကိုယ်တွင်ထင်ရှား၊ အမြင်အားဖြင့် ထင်ရှား မရှိသည်ဖြစ်အံ့၊ နတ္ထီတိ = အကယ်ပကတိ၊ အမှန်သိက၊ ထင်ရှားမရှိပါဘုရားဟူ၍၊ဝတ္တဗ္ဗံ = သင်ကလျှောက်ထားအပ်၏။

မာခေါ ဝိတ္ထာသိ = နလုံးလှိုက်လှည်း၊ အံကိုကြည်း၍၊ ရွံ့တီးရွံ့တွန့်၊ မရှိလင့်။ မာခေါ မံကုအဟောသိ = မျက်ခွက်မျက်နှာ၊ မသာမယာမဖြစ်နှင့် (ငါဟာ သာသနာ့ဘောင် ဝင်ရောက်ရ တော့မှာပဲဆိုပြီး ဝမ်းမြောက်ဝမ်းသာရှိရမည်၊ နောက်ဆံမတင်း နှင့်ဟု ဆိုလိုသည်)

ဇဝံ=ဤသို့၊ တံ=သင့်ကို၊ ပုစ္ဆိဿန္တိ=မျှော်တွေးထောက်လှမ်း မေးမြန်းကြကုန်လတ့်။ တေ=သင်ပဥ္ဇင်းလောင်းအား၊ ဧဝရူပါ= ဤသို့သဘောရှိကုန်သော၊ အာဗာဓာ=အနာကြီးငါးမျိုးတို့သည်၊ သန္တိ နုခေါ=ရှိကုန်သလော။

- ကုဋ္ဌံ=သဖန်း၊ နီဖြူ လူချင်းမတူအောင်၊ အနုအကွက်၊ သမင်ရက်မျိုး၊ အနာဆိုးသည်၊ အတ္ထိ=ရှိသလော။

(နတ္ထိ ဘန္တေ=မရှိပါဘုရား)

- ဂဏ္ဍော=သားရေစိုစွတ်၊ ပြည်ရွှတ်ရွှတ်နှင့်၊ ထွက်မြင်ဖုံးအနာ၊ အိုင်းအမာသည်၊ အတ္ထိ=ရှိသလော။

(နတ္ထိ ဘန္တေ= မရှိပါဘုရား)
- ကိလာသော=တင်းတိပ်, ပွေးညှင်း၊ ခရသင်းနှင့်၊ ဆင်ညှင်းကြီးမျိုး၊ အနာဆိုးသည်၊ အတ္ထိ=ရှိသလော။

(နတ္ထိ ဘန္တေ=မရှိပါဘုရား)
- သောသော=ရှုနာရှိုက်နာ၊ ကြက်ညှာချောင်းဆိုး အနာမျိုးသည်၊ အတ္ထိ=ရှိသလော။ (နတ္ထိ ဘန္တေ=မရှိပါဘုရား)
- အပမာရော=ခွေးရူး၊ ဝက်ရူး၊ ဘီလူးဖမ်းစား၊ မြေဘုတ်များကြောင့်၊ စကားသွပ်ပေါ့၊ သတိလျော့၍၊ မေ့လျော့တတ်သော အနာသည်၊ အတ္ထိ=ရှိသလော။ (နတ္ထိ ဘန္တေ=မရှိပါဘုရား)
- မနုဿော=လူသားစင်စစ် ဧကန်ဖြစ်သည်၊ အသိ=ဖြစ်၏လော၊ (အာမဘန္တေ=လူသားစင်စစ် ဧကန်ဖြစ်ပါသည်ဘုရား)
- ပုရိသော= နပုလ်းပဏ္ဍုက်၊ မဟုတ်က္လတ္ထိ၊ မျိုးဇာတိနှင့်၊ ပုရိသစစ်၊ ယောကျ်ားဖြစ်သည်၊ အသိ=ဖြစ်၏လော။ (အာမဘန္တေ=ယောကျ်ားစင်စစ် ဧကန်ဖြစ်ပါသည်ဘုရား)
- ဘုဇိဿော=သူ့ကျွန်သူ့ကျေး၊ ခင်းမှုရေးကြောင့်၊ ထွက်ပြေးကြဉ်ဖဲ၊ ခေါ်ငင်ဆဲတွင်၊ ရောင်လွှဲမဖြစ်၊ တော်လှန်စစ်သည်၊ အသိ=ဖြစ်ပါ၏လော။

(အာမဘန္တေ=သူ့ကျွန်အဖြစ်မှ လွတ်ပါသည်ဘုရား)
- အနဏော=ယခုအခါ၊ သူ့ဥစ္စာကို၊ များစွာယူချေး၊ ကြေအောင်ပေး၍၊ မြီကြွေးမတင်၊ သန့်ရှင်းစင်သည်၊ အသိ=ဖြစ်ပါ၏လော။

(အာမဘန္တေ=သူ့ကြေးမတင် ကြေးသန့်ရှင်း ကင်းစင်ပါသည်ဘုရား)

- ရာဇဘယော=မင်းပါးစိုးခွင်၊ ချဉ်းကပ်ဝင်၍၊ အစဉ်လှုပ်ရှား၊ မင်းခစားသည်၊ န အသိ=မဖြစ်ဘဲ ရှိပါ၏လော။

(အာမဘန္တေ=မင်းခစားဘဝမှ လွတ်မြောက်ပါသည်ဘုရား)

[ဤ၌ အစိုးရဝန်ထမ်း၊ လခစားများ ဖြစ်ပါက ခွင့်ယူရမည်။ ခွင့်ရက်ရရှိမှ ရဟန်းပြုသင့်သည်။]

နာဂ=သံသရာဆိုင်၊ ဂယက်အိုင်မှ၊ တက်နိုင်ရလို၊ ကျွတ်တမ်းခိုသည့်၊ မင်္ဂ,ဖိုလ်နိဗ္ဗာန်ကြောင်း ပဋ္ဌင်းလောင်း၊ တေ=သင်ပဋ္ဌင်းလောင်း၏ မာတာပိတူဟိ=နေရဗဟို၊ မြင်းမိုရ်သဖွယ်၊ ကြီးကျယ်ဂုဏ်ထူး မြတ်ကျေးဇူးကြောင့်၊ ထိပ်ဦးပလ္လင်၊ ရှိပန်ဆင်ထိုက်သော၊ သင်၏ မိခင်ဖခင်တို့က၊ အနုညာတော=ငါ့သား ပန်းခက်၊ ပုလဲရွက်ကယ်၊ အသက်တမျှ၊ မောင်လူလှသည်၊ ဗုဒ္ဓမြတ်စွာ ၊ သာသနာမှာ၊ သံသရာဝဋ်၊ ကင်းလွတ်စေကြား၊ မြတ်တရားကို၊ ကျိုးစားရှာဖွေ၊ အားထုတ်၍နေရအောင်၊ သားမောင် ယခု၊ ရဟန်းပြုလေတော့ဟု၊ အနူးအညွတ်၊ ခွင့်ပေးလွတ်သည်၊ အသိ=ဖြစ်ပါ၏လော။

(အာမဘန္တေ=မိဘနှစ်ပါးက ရဟန်းပြုရန် ခွင့်လွှတ်ကြပါသည်ဘုရား)

- ပရိပုဏ္ဏ ဝီသတိဝဿော=သန္ဓေကလလ၊ ရေတည်စက၊ စ၍ချင့်တွက်၊ ဤသည့်ရက်တွင်၊ အသက်တိတိ၊ နှစ်ဆယ်ပြည့်သည်၊ အသိ=ဖြစ်ပါ၏လော။

(အာမဘန္တေ=အသက် ၂၀၊ ပြည့်ပါသည်ဘုရား)

- တေ=သင့်အား၊ ပတ္တစီဝရံ=သပိတ်, သင်္ကန်းသည်၊ ပရိ

ပုဏ္ဏံ=ပြည့်စုံပါပြီလော။ (အာမဘန္တေ=ပြည့်စုံပါပြီဘုရား) ကိန္နာမောသိ–ဟူသော ပါဠိဖြင့် သင်၏အမည်ကို အဘယ် အမည် ရှိသနည်းဟု ငါတို့က မေးသည်ရှိသော်– 'အဟံ ဘန္တေ နာဂေါ နာမ'=တပည့်တော်၏ အမည်သည် 'နာဂ'အမည်ရှိပါသည်ဘုရား ဟု သင်လျှောက်ကြားရမည်။ ('အဟံ ဘန္တေ နာဂေါ နာမ' ဘန္တေ=အရှင်ဘုရား၊ အဟံ=တပည့်တော်သည်၊ နာဂေါ နာဂ=နာမည်ရှိပါသည် ဘုရား)

'ကောနာမောတေ ဥပဇ္ဈာယော'–ဟူသော ပါဠိဖြင့် သင်၏ ဥပဇ္ဈာယ်ဆရာတော်၏ အမည်ကို မေးရာ ဥပဇ္ဈာယောမေဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ'ဟု သင်လျှောက်ထားချက်ရှိသောကြောင့် ဘုန်းတော်ကြီး၍ သက်တော်ရာကျော် ရှည်တော်မူလတံ့ဖြစ်သော (.........) ဆရာတော်ကို သင်၏ ဥပဇ္ဈာယ်ဆရာတော်ဟူ၍ မှတ်ပါ။

(ဥပဇ္ဈာယော မေဘန္တေ အာယသ္မာ တိဿတ္ထေရောနာမ= ဘန္တေ=အရှင်ဘုရား၊ မေ=တပည့်တော်၏၊ ဥပဇ္ဈာယော=ဥပဇ္ဈာယ် ဆရာသည်၊ အာယသ္မာ တိဿ တ္ထေရော နာမ=အရှင်တိဿ မထေရ် အမည်ရှိပါသည်ဘုရား)

ပဥ္စင်းလောင်း ယခုအခါ၌ သင်ပဥ္စင်းလောင်းနှင့်အတူတကွ သံဃာ့ဘောင်သို့ ပြန်လည်သွားရောက်ခြင်းငှာ မြတ်စွာဘုရား ခွင့်ပြုတော်မမူခြင်းကြောင့် သင်ပဥ္စင်းလောင်းသည် ဤနေရာ၌ ခေတ္တခဏ ဆိုင်းငံ့၍နေခဲ့ချေဦးလော့၊ ဥတ်ကမ္မဝါစာ ရွတ်ဖတ် လိုက်သောအခါတွင်မှ သင်ပဥ္စင်းလောင်း သံဃာ့ဘောင်သို့ လာရမည်။

## ၇။ ရဟန်းလောင်းကို သံဃာ့ဘောင်သို့ ပြန်သွင်းခြင်း

ဩသာရဏဥတ်–"သုဏာတုမေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊ယဒိသံဃဿ ပတ္တ ကလ္လံ နာဂေါ အာဂစ္ဆေယျ" (အများဖြစ်လျှင် 'အာဂစ္ဆေယျုံ'ထည့်ပါ)

ထိုအခါ၌ ရဟန်းလောင်းသည် သံဃာ့ဘောင်သို့ ဝင်ရောက်လာနိုင်ပေပြီ။

## ၈။ ရဟန်းအဖြစ် တောင်းပန်လျှောက်ထားခြင်း

"သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံဘန္တေ ယော အနုကမ္ပံ ဥပါဒါယ"

"ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ"

"တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ"

(အနက်) ဘန္တေ=အရှင်ဘုရားတို့၊ အဟံ=ဘုရားတပည့်တော်သည်၊ သံဃံ=သံဃာတော်မြတ်အပေါင်းကို၊ ဥပသမ္ပဒံ=ရဟန်းပဉ္စင်းအဖြစ်ကို၊ ယာစာမိ=တောင်းပန်လျှောက်ထားပါ၏။ ဘန္တေ=အရှင်ဘုရားတို့၊ သံဃော=သံဃာတော်မြတ်အပေါင်းသည်၊ မံ = ဘုရားတပည့်တော်ကို၊ အနုကမ္ပံ = အစဉ်သနားခြင်းကို၊ ဥပါဒါယ = အကြောင်းပြု၍၊ ဥလ္လုမ္ပတု = ယုတ်နိမ့်သော ရှင်သာမဏေအဖြစ်မှ ပို၍ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်အောင် ကံဆောင်ပေးတော်မူကြပါ အရှင်ဘုရား။

ဒုတိယမ္ပိ = နှစ်ကြိမ်မြောက်လည်း၊...(ပေယျာလ)

တတိယမ္ပိ = သုံးကြိမ်မြောက်လည်း...(ပေယျာလ) ထို့အတူပင်။

- ဥလ္လုမ္ပတု=မည်းညစ်သော အကုသိုလ်အဖို့မှ ဖြူစင်သော ကုသိုလ်အဖို့သို့ ရောက်အောင် ပို့ဆောင်ပေးတော်မူကြပါ အရှင်ဘုရား။
- ဥလ္လုမ္ပတု=သံသရာတည်းဟူသော ဝဲသြဃရေအယဉ်မှ ထုတ်ဆယ်၍ နိဗ္ဗာန်တည်းဟူသော ကုန်းပေါ်သို့ ပို့ဆောင်ကယ်တင်တော်မူကြပါ အရှင်ဘုရား။ (ဤမျှသာ ထူးတော့၏၊ သိသာလောက်ပြီ)

## ၉။ ပုစ္ဆာသမ္မုတိဥတ်ထားခြင်း

"သုဏာတုမေဘန္တေ သံဃော၊ အယံနာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိသံဃဿ ပတ္တ ကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ"

## ၁၀။ ရဟန်းလောင်းအားမေးစစ်ခြင်း

(ဤမေးစစ်ခြင်းအခန်းသည် 'ရဟန်းလောင်း ဆုံးမ,ခန်း' အတိုင်းဖြစ်၍ ထပ်မဆိုပြီ။)

## ၁၁။ ဥပသမ္ပဒကမ္မဝါစာဖတ်ခြင်း

ကမ္မဝါစာကိုင်ပြီး ဖတ်ရမည် ဖြစ်သော်လည်း ကမ္မဝါစာ

ဖတ်လေ့ကျင့်ထားလိုသူများအတွက် ဥပသမ္ပဒကမ္မဝါစာကိုပါ ဖော်ပြပေးလိုက်ပါသည်။

'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'
(၃ ခေါက်)

'သုဏာတုမေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿပတ္တ စီဝရံ၊ နာဂေါ သံဃံ ဥပသံမ္ပဒံ ယာစတိ အာယသ္မတာတိဿေန ဥပဇ္ဈာယေန ယဒိသံဃဿ ပတ္တကလ္လံ သံဃော နာဂံ ဥပသမ္ပါဒေယျ အာယသ္မတာတိဿေန ဥပဇ္ဈာယေန ဧသာ ဉတ္တိ။

[သုဏာတုမေ ဘန္တေ သံဃော အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ ဥပသမ္ပဒံ ယာစတိ၊ အာယသ္မတာတိဿေန ဥပဇ္ဈာယေန ယဿာ ယသ္မတော ခမတိ သံဃဿ ဥပသမ္ပဒါ အာယသ္မတာတိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ သော ဘာသေယျ။]

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ [သုဏာတုမေ (ပေယျာလ) သောဘာသေယျ။]

တတိယယမ္ပိ ဧတမတ္ထံ ဝဒါမိ။ [သုဏာတုမေ (ပေယျာလ) သောဘာသေယျ]

ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာတိဿေန ဥပဇ္ဈာ ယေန ခမတိ သံဃဿ တသ္မာ တုဏှီ၊ ဧဝမေတံ ဓါရယာမိ။ (၃ ခေါက်)

[ ရဟန်း ၂ ပါး ၃-ပါး ခံရာ၌ ဗဟုဝုစ်ဖြင့် စီရင်ထားသော

ကမ္မဝါစာများ ယခုအခါ၌ အဆင်သင့် ရှိနေပြီဖြစ်၍ အလွယ်တကူ ဖတ်နိုင်ပါသည်။ ဗဟုဝုစ်အတွက် အခက်အခဲ မရှိနိုင်တော့ပြီ။

သိမ်ထဲတွင် ရွတ်ဖတ်ရန် မဟုတ်သော်လည်း ဗဟုသုတ အလို့ငှာ လေ့လာဖတ်ရှုလိုသူတို့အတွက် ဥပသမ္ပဒကမ္မဝါစာ၏ အနက်ယောဇနာကို ရေးသားဖော်ပြလိုက်ပါသည်။

## ဥပသမ္ပဒကမ္မဝါစာအနက်

[ဘန္တေ=အရှင်ဘုရားတို့၊ သံဃော=သံဃာတော်သည်၊ မေ=ဘုရားတပည့်တော်၏ ဝစနံ=စကားကို၊ သုဏာတု= နာယူတော်မူပါလော။

အယံ နာဂေါ=ဤနာဂသည် (ပဉ္စင်းလောင်းသည်)၊ အာယသ္မတော တိဿဿ=အရှင်တိဿမထေရ်၏၊ ဥပသမ္ပဒါပေက္ခော= ရဟန်းအဖြစ်ကိုငံ့သော ပဉ္စင်းလောင်းဖြစ်၏။ အန္တရာယိကေဟိ= အန္တရာယ်ကို ပြုတတ်ကုန်သော၊ ဓမ္မေဟိ=အပြစ်တို့မှ၊ ပရိသုဒ္ဓေါ= စင်ကြယ်၏။

အဿ=ဤနာဂအား၊ ပတ္တစီဝရံ=သပိတ်, သင်္ကန်းသည်၊ ပရိပုဏ္ဏံ=ပြည့်စုံပြီ၊ နာဂေါ=နာဂသည်၊ အာယသ္မတော တိဿေန ဥပဇ္ဈာယေန=အရှင်တိဿမထေရ်ဟူသော ဥပဇ္ဈာယ်ဆရာဖြင့် သံဃံ=သံဃာတော်အပေါင်းကို၊ ဥပသမ္ပဒံ=ရဟန်းပဉ္စင်းအဖြစ်ကို၊ ယာစတိ=တောင်းပန်၏။

သံဃဿ=သံဃာတော်အား၊ ပတ္တကလ္လံ=လျောက်ပတ်သော အခါ အင်္ဂါပါးရှိသော ကံသည်၊ ယဒိသိယာ=အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ=ဤသို့ဖြစ်သည်ရှိသော်၊ သံဃော=သံဃာ

တော်သည်၊ နာဂံ=နာဂကို၊ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန=အရှင်တိဿ မထေရ်ဟူသော ဥပဇ္ဈာယ်ဆရာဖြင့်၊ ဥပသမ္ပါဒေယျ = ရဟန်းခံစေရာ၏။ သော = ဤစကားရပ်သည်ကား၊ ဉတ္တိ=သံဃာအား သိစေခြင်းတည်း (အသိပေးခြင်းတည်း)

[...]ပြထားသော အနက်ယောဇနာများတူပြီး ထူးသည်ကိုသာ ပြဆိုပေအံ့။

သံဃော=သံဃာသည်၊ နာဂံ=နာဂကို (ပဉ္စင်းလောင်းကို)၊ အာယသ္မတာတိဿေန ဥပဇ္ဈာယေန=...ဖြင့်၊ နာဂဿ=နာဂ၏၊ ဥပသမ္ပဒါ=ပဉ္စင်းအဖြစ်ကို၊ ယဿာယသ္မတော=အကြင်အရှင်သည်၊ ခမတိ=နှစ်သက်၏။ သော အာယသ္မာ=ထိုနှစ်သက်တတ်သော အရှင်သည်၊ တုဏှိ = ဆိတ်ဆိတ်နေသည်။ အဿ= ဖြစ်ရာ၏။

ယဿ = အကြင်အရှင်သည်၊ နက္ခမတိ = မနှစ်သက်အပ်၊ သော = ထိုမနှစ်သက်တတ်သောအရှင်သည်၊ ဘာသေယျ = ပြောဆိုရာ၏ (ဝါ) ပြောဆိုပါလော့၊

ဒုတိယမ္ပိ = နှစ်ကြိမ်မြောက်လည်း၊ ဧတမတ္ထံ=ဤအကြောင်းကို၊ ဝဒါမိ = ဆိုဦးအံ့။

တတိယမ္ပိ=သုံးကြိမ်မြောက်လည်း၊ ဧတမတ္ထံ=ဤအကြောင်းကို၊ ဝဒါမိ=ဆိုဦးအံ့၊

(ကျန်တာ အနက်တူပြီ)

သံဃေန=သံဃာတော်သည်၊ အာယသ္မတာတိဿေန ဥပဇ္ဈာယေန=အရှင်တိဿမထေရ်ဟူသော ဥပဇ္ဈာယ်ဖြင့်၊ နာဂေါ= နာဂကို၊ ဥပသမ္ပန္နော=ပဉ္စင်းဖြစ်စေအပ်ပြီ။ သံဃဿ=သံဃာသည်၊ ယသ္မာ=အကြင်ကြောင့်၊ ခမတိ=နာဂကို ပဉ္စင်းဖြစ်စေခြင်း

ကို နှစ်သက်အပ်၏။ တသ္မာ=ထို့ကြောင့်၊ တုဏှီ=ဆိတ်ဆိတ်နေခြင်းသည်၊ အသိ=ဖြစ်ပြီ။ ဧဝံ=ဤသို့ ဆိတ်ဆိတ်နေခြင်းဖြင့်၊ ဓာရယာမိ=သဘောတူကြောင်းကို သိပါ၏။ (ညောင်လေးပင်တောရဆရာတော်ကြီး၏ အနက်ယောဇနာ)

[ကမ္မဝါစာမှူအစောင်စောင်နှင့်ညှိ၍ ရေးသားတင်ပြပါသည်။

## ၁၂။ အရိပ်စသည် ပြောကြားခြင်း (ဩဝါဒပေးခြင်း)

'တာဝဒေဝ ဆာယာ မေတဗ္ဗာ'

တာဝဒေဝ = ရဟန်းဖြစ်ပြီးစ ထိုခဏဌ်ပင်လျှင်၊ ဆာယာ=လူ့ရိပ်ကို၊ မေတဗ္ဗာ=နှိုင်းယှဉ်မှတ်သား၊ ပြောထားအပ်၏။

'ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ'

ဥတုပ္ပမာဏံ=ဆောင်း, နွေ, မိုးဟူသော ဥတုအတိုင်းအရှည်ကို အာစိက္ခိတဗ္ဗံ=ပြောကြားထားအပ်၏။

ဤတွင် ရဟန်းဖြစ်သည့် သိမ်၊ ရဟန်းဖြစ်သည့်အချိန် (ကမ္မဝါစာပြီးဆုံးချိန်) ဥတု, လ, နေ့, ရက် စသည်တို့ကို မှတ်သားထားသမျှ ဖတ်ကြားပြရမည်။ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ အနုသာသကဆရာတို့ကို ဖတ်ကြားပြရမည်။

## မှီရာလေးပါးကို ပြောကြားခြင်း

စတ္တာရော = လေးပါးကုန်သော၊ နိဿယာ = မှီရာပစ္စည်းလေးပါးကို အာစိက္ခိတဗ္ဗာ = ပြောထားအပ်ကုန်၏။

၁။ ပထမနိဿယ

ပိဏ္ဍိယာလောပ ဘောဇနံ=တစ်အိမ်တစ်လုတ်၊ ရွာလုံးချုပ်၍၊

တလှုပ်လှုပ်လှမ်း၊ သာလုံးဆွမ်းဖြင့် ခံ၍ရသော ဆွမ်းဘောဇဉ်ကို၊ နိဿာယ=အမှီပြု၍ ယာ ပဗ္ဗဇ္ဇာ=အကြင်ရဟန်းအလုပ်သည်၊ အတ္ထိ=ရှိ၏၊ တတ္ထ=ထိုဆွမ်းခံခြင်းအလုပ်၌၊ တေတယာ=သင် ပဥ္စင်းသစ်သည်၊ ယာဝဇီဝံ=သိက္ခာပုဒ်တော်ကိုယ်၌ တည်သမျှ ကာလပတ်လုံး၊ ဥဿာဟော=အရိုးကြေကြေ၊ အရေခြောက် ခြောက် နောက်မတွန့်ဆုတ် အားထုတ်ခြင်းကို၊ ကရဏီယော= ပြုသင့်လှ၏။

အတိရေကလာဘော=ရှေးဘုန်း ရှေးကံ လှူ့ဆော်ဖန်သဖြင့်၊ လာဘ်များပြန်မူကား၊ သံဃဘတ္တံ=တိုက်သံဃာကုန်အားလုံး လှူဒါန်းဆက်ကပ် သံဃဘတ်ကိုလည်းကောင်း၊ ဥဒ္ဒေသဘတ္တံ= တစ်ပါးနှစ်ပါး၊ သံဃာများမှ ညွှန်ကြားဆက်ကပ် ဥဒ္ဒေသဘတ်ကို လည်းကောင်း၊ နိမန္တနံ = စွမ်းနိုင်သလောက်၊ သဒ္ဓါပေါက်၍၊ ရွေးကောက်ဖိတ်အပ် နိမန္တနဘတ်ကိုလည်းကောင်း၊ သလာက ဘတ္တံ=စာရေးတံအရ မဲချလှူအပ်သော သလာကဘတ်ကိုလည်း ကောင်း၊ ပက္ခိကံ=လဆုတ်လဆန်း ပက္ခမှန်း၍ လှူဒါန်းဆက်ကပ် ပက္ခိကဘတ်ကိုလည်းကောင်း၊ ဥပေါသထိကံ=ဥပုသ်နေ့ဟူ၍ ကြည်ဖြူလှူအပ် ဥပေါသထိကဘတ်ကိုလည်းကောင်း၊ ပါဋိပဒိကံ= ဥပုသ်သုံးလျက် ထွက်တစ်ရက်ဟု နှစ်သက်လှူအပ် ပါဋိပဒိကဘတ် ကိုလည်းကောင်း၊ ပရိဘုဥ္ဇိတဗ္ဗံ=ဘုဉ်းပေးသုံးဆောင်ကောင်း၏။

(ပါဋိပဒိကဘတ်ဟု ဆိုအပ်သော ဥပုသ်ထွက် နောက် တစ်ရက်နေ့တွင် မွန်အမျိုးသား ဒါယကာ, ဒါယိကာမများသည် ဆွမ်းကပ်လေ့ရှိ၏။ မိမိတို့သည် မွန်ဆရာတော်များကျောင်းတွင် ဝါတွင်းသုံးလပတ်လုံး 'ဥပုသ် ထွက်ဆွမ်း'ကို ဘုဉ်းပေးရပါသည်။)

၂။ ဒုတိယနိဿယ

ပံသုကူလစီဝရံ=လူတွင်လုံးလုံး၊ အသုံးမကျ၊ စွန့်ပစ်ကြသော ပံသုကူသင်္ကန်းကို၊ နိဿာယ=အမှီပြု၍၊ ယာပဗ္ဗဇ္ဇာ=အကြင်ကျင့်ကြံအားထုတ်ရဟန်းအလုပ်သည်၊ အတ္ထိ=ရှိ၏၊ တတ္ထ=ထိုရဟန်းအလုပ်၌၊ တေတယာ=သင်ပဥ္စင်းသစ်သည်၊ ယာဝဇီဝံ=သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ ကာလပတ်လုံး (ဝါ) လူမထွက်မချင်း၊ ဥဿာဟော=အားထုတ်ခြင်းကို၊ ကရဏီယော=ပြုအပ်၏။

အတိရေကလာဘော=ရှေးဘုန်းရှေးကံ/လှူ့ဆော်ဖန်၍/လာဘ်များပြန်မူကား၊ ခေါမံ=ခေါမတိုင်းဖြစ် (နိုင်ငံခြားဖြစ်)သင်္ကန်းကိုလည်းကောင်း၊ ကပ္ပါသိကံ=ဝါချည်ဖြင့် စီရင်အပ်သော ပိတ်သင်္ကန်း၊ ပေါ်ပလင်သင်္ကန်းကိုလည်းကောင်း၊ ကောသေယျံ=ပိုးချည်သင်္ကန်းကိုလည်းကောင်း၊ ကမ္ဗလံ=သားမွေးတို့ဖြင့် ရက်အပ်သော သက္ကလပ်သင်္ကန်းကိုလည်းကောင်း၊ သာဏံ=ပိုက်ဆံလျှော်မျှင်ဖြင့် ရက်လုပ်သော သင်္ကန်းကိုလည်းကောင်း၊ ဘင်္ဂံ=ငါးပါးစုံရောပြွမ်းဘာန်ချည်သင်္ကန်းကိုလည်းကောင်း၊ ပရိဘုဥ္ဇိတဗ္ဗံ=ဝတ်ရုံသုံးဆောင်ကောင်း၏။ (အာမဘန္တေ ပါဘုရား...)

၃။ တတိယနိဿယ

ရုက္ခမူလသေနာသနံ=သစ်ပင်ရင်းတည်းဟူသော ကျောင်းကို၊ နိဿာယ=အမှီပြု၍၊ ယာ ပဗ္ဗဇ္ဇာ=အကြင်ရဟန်းအဖြစ်သည်၊ အတ္ထိ = ရှိ၏၊ တတ္ထ = ထိုရဟန်းအလုပ်၌၊ တေတယာ = သင်ပဥ္စင်းသစ်သည်၊ ယာဇီဝံ=သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ ကာလပတ်လုံး၊ ဥဿာဟော=အားထုတ်ခြင်းကို၊ ကရဏီယော=ပြုသင့်အပ်၏။

အတိရေကလာဘော=ရှေးဘုန်း ရှေးကံကောင်းမှုကား၊

ဝိဟာရော=လေးဘက်မိုးကျောင်းကို လည်းကောင်း၊ အဍ္ဍယောဂေါ=နှစ်ဖက်မိုးကျောင်းကိုလည်းကောင်း၊ ပါသာဒေါ=ပြာသာဒ်ရှည်ကျောင်းကိုလည်းကောင်း၊ ဟမ္မိယံ=ထီးထွဋ်မတပ်ပြာသာဒ်ဦးပြည်းကျောင်းကိုလည်းကောင်း၊ ဂုဟာ=ဥမင်လိုဏ်ဂူကျောင်းကိုလည်းကောင်း၊ ပရိဘုဉ္ဇိတဗ္ဗံ=နေထိုင်ကောင်း၏။

(အာမဘန္တေ ပါဘုရား)

၄။ စတုတ္ထနိဿယ

ပူတိမုတ္တ ဘေသဇ္ဇံ=နွားကျင်ငယ်ရေ၌ စိမ်အပ်သော ဆီးဖြူ သျှစ်သျှားသဖန်းခါး စသော ဆေးကို၊ နိဿာယ=အမှီပြု၍၊ ယာပဗ္ဗဇ္ဇာ=အကြင် ကျင့်ကြံအားထုတ် ရဟန်းအလုပ်သည်၊ အတ္ထိ=ရှိ၏၊ တတ္ထ=ထိုရဟန်းအလုပ်၌၊ တေတယာ=သင်သည်၊ ယာဝဇီဝံ=သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ ကာလပတ်လုံး၊ ဥဿာဟော=အားထုတ်ခြင်းကို၊ ကရဏီယော=ပြုသင့်အပ်၏။

အတိရေကလာဘော=ရှေးဘုန်းရှေးကံ လှူဒါန်းဆော်ဖန်သဖြင့် လာဘ်များပြန်မှုကား၊ သပ္ပိ=ထောပတ်ကိုလည်းကောင်း၊ နဝနီတံ=ထောပတ်မဖြစ်ခင် အပေါ်တွင်စု ထောပတ်၊ ဆီဦးကိုလည်းကောင်း၊ ဖာနိတံ=အဖတ်မပါသော ကြံရည်, တင်လဲစသည်ကိုလည်းကောင်း၊ ပရိဘုဉ္ဇိတဗ္ဗံ=သုံးဆောင်ကောင်းပါ၏။

(အာမဘန္တေ ပါဘုရား)

အကရဏီယ(၄)ပါးကို ပြောကြားထားခြင်း

'အကရဏီယ' ဟူသည် မပြုမကျင့်ကောင်းသောအရာများ ဖြစ်သည်။

၁။ ပထမအကရဏီယ

ဥပသမ္ပန္နေန = ပဉ္စင်းအဖြစ်သို့ရောက်ပြီးသော၊ ဘိက္ခုနာ= ရဟန်းသည်၊ အန္တမသော=အောက်ထစ်ပိုင်းခြား၊ အယုတ်ဆုံး အားဖြင့်၊ တိရစ္ဆာနဂတာယပိ=တိရစ္ဆာန်မဥ္ဇသော်လည်း၊ မေထုနော ဓမ္မော=ရာဂပြောထူ တပ်ချင်းတူသည့် ရှာသူတို့၏ မေထုန်အကျင့် ကို၊ နပဋိသေဝိတဗ္ဗော=မမှီဝဲအပ်, မမှီဝဲကောင်း(မပြုလုပ်ကောင်း) ပဋိသေဝတိ=မှီဝဲမိအံ့၊ သောဘိက္ခု=ထိုရဟန်းသည်၊ အသမဏော= ကိလေသာငြိမ်းချမ်း ရဟန်းမဟုတ်သည်၊ အသကျပုတ္တိယော= သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်သည်၊ ဟောတိ= ဖြစ်၏။

သေယျထာပိနာမ = ဥပမာမည်သည်ကား၊ သီသစ္ဆိန္နော= ဦးခေါင်းပြတ်ပြီးသော၊ ပုရိသော=ယောကျ်ားသည်၊ တေန= ထိုပြတ်သွားသောဦးခေါင်းနှင့်၊ သရီရဗန္ဓနေန=ကိုယ်နှင့် ပြန်၍ ဆက်ခြင်းဖြင့်၊ ဇီဝိတုံ=အသက်တစ်ဖန် ရှင်ပြန်ခြင်းငှာ၊ အဘဗ္ဗော ယထာ=မထိုက်သကဲ့သို့ (မဖြစ်နိုင်သကဲ့သို့)

ဧဝမေဝ=ဤအတူသာလျှင်၊ ဘိက္ခုူ=ရဟန်းသည်၊ မေထုနံ ဓမ္မံ=မေထုန်အကျင့်ကို၊ ပဋိသေဝိတွာ=မှီဝဲမိသည်ရှိသော်၊ အသ မဏော=ကိလေသာငြိမ်းချမ်း ရဟန်းမဟုတ်သည်၊ အသကျ ပုတ္တိယော=သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်သည်၊ ဟောတိ=ဖြစ်၏။

တံ=ထိုမေထုန်အကျင့်ကို၊ တေတယာ=သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ=အသက်ထက်ဆုံး၊ အကရဏီယံ=မပြုကျင့်အပ်၊ မပြု ကျင့်လေနှင့်။

(အာမဘန္တေ ပါဘုရား)

၂။ ဒုတိယ အကရဏီယ

ဥပသမ္ပန္နေန +ပဥ္ဇင်းအဖြစ်သို့ရောက်ပြီးသော၊ ဘိက္ခုနာ= ရဟန်းသည်၊ အန္တမသော=အောက်ထစ်ပိုင်းခြား၊ အယုတ်ဆုံး အားဖြင့်၊ တိဏ သလာကံ=မြက်,ဝါးခြမ်းကို၊ ဥပါဒါယ=အစပြု၍၊ အဒိန္နံ=ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး ဉစ္စာကို၊ ထေယျ သင်္ခါတံ–ထေယျသင်္ခါတေန=ခိုးယူလိုမှုစိတ်အစု ဖြင့်၊ န အာဒါတဗ္ဗံ=မယူအပ်။

ယောဘိက္ခု=အရှင်ရဟန်းသည်၊ (ပါဒံဝါ=တစ်မတ်ကိုလည်း ကောင်း၊ ပါဒါရဟံဝါ = တစ်မတ်တန်ပစ္စည်းကိုလည်းကောင်း၊ အတိရေကပါဒံဝါ=တစ်မတ်, တစ်မတ်တန်ထက် ပိုလွန်သော ပစ္စည်းကိုလည်းကောင်း၊ အဒိန္နံ=ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးဉစ္စာကို၊ ထေယျသင်္ခါတံ–ထေယျသင်္ခါ တေန=ခိုးယူလိုမှု စိတ်အစုဖြင့်) အာဒိယတိ=ခိုးယူမိအံ့၊ သော ဘိက္ခု=ထိုရဟန်းသည်၊ အဿမဏော=ရဟန်း မဟုတ်သည်၊ အသကျပုတ္တိယော=သာကီဝင်မင်းသား ဘုရားသားတော် မဟုတ် သည်၊ ဟောတိ=ဖြစ်၏။

သေယျထာပိနာမ=ဥပမာမည်သည်ကား၊ ဗန္ဓနာ=ညှာတံမှ၊ ပဝုတ္တော=ကြွေကျသွားသော၊ ပဏ္ဍုပလာသော=သစ်ရွက်ရော် သည်၊ ဟရိတတ္တာယ=တစ်ဖန် စိမ်းလန်းစိုပြည်ခြင်းငှာ၊ အဘဗ္ဗော ယထာ=မထိုက်သကဲ့သို့၊ ဧဝမေဝ=ဤအတူသာလျှင်၊ ဘိက္ခု= ရဟန်းသည်၊ [ပါဒံဝါ=တစ်မတ်ကိုလည်းကောင်း၊ (ပေယျာလ) ထေယျသင်္ခါတေန=ခိုးယူလိုသောစိတ်ဖြင့်၊ အာဒိယိတွာ=ခိုးယူမိ သည်ရှိသော်၊ အဿမဏော=...သည်၊ အသကျ ပုတ္တိယော= ...သည်၊ ဟောတိ=ဖြစ်၏၊ တံ=ထိုအမှုကို၊ တေတယာ=...သည်၊

ယာဝဇီဝံ=...လုံး၊ အကရိဏီယံ=မပြုအပ်။

(အာမဘာန္တေ ပါဘုရား)

၃။ တတိယ အကရဏီယ

ဥပသမ္ပန္နေန=...သော၊ဘိက္ခုနာ=...သည်၊ သဉ္စိစ္စ=သေစေ လိုသော စေတနာရှိသည်ဖြစ်၍၊ အန္တမသော=...ဖြင့်၊ ကုန္ထကိ ပိလ္လိကံ=ခြပုန်း ပုရွက်ဆိတ်ကို၊ ဥပါဒါယ=အစပြု၍၊ ပါဏော= သတ္တဝါကို၊ ဇီဝိတာ=ရုပ်နာမ်နှစ်ချက်၊ ဇီဝိန်အသက်မှ၊ န ရောပေတဗ္ဗော=မချအပ်။ (မသတ်ကောင်း)

ယောဘိက္ခု = အကြင်ရဟန်းသည်၊ သဉ္စိစ္စ = ...ဖြစ်၍၊ အန္တမသော = ...အားဖြင့်၊ ဂဗ္ဘပါတနံ = ကိုယ်ဝန်ကျဆေးကို၊ ဥပါဒါယ=အစပြု၍၊ မနုဿဝိဂ္ဂဟံ=လူဇာတ်ဖြစ်သော ကိုယ်ကို၊ ဇီဝိတာ=အသက်မှ၊ ဝေါရောပေတိ=ကျစေအံ့၊ ချမိအံ့။

သောဘိက္ခု =(လ)သည်ကား:(လ)ဒွေမါ= နှစ်ဖြာ၊ ဘိန္နာ= ကွဲပြီးသော၊ ပုထုသိလာ=ကျောက်ဖျာကြီးသည်၊ အပ္ပဋိသန္ဓိကာ= တစ်ဖန်ပြန်၍ ဆက်စပ်ခြင်းငှာ မတတ်ကောင်းသည်၊ ဟောတိ ယထာ=ဖြစ်သကဲ့သို့၊ ဧဝံတထာ=ထို့အတူ၊ ဘိက္ခု=...သည်၊ သဉ္စိစ္စ=...၍၊ မနုဿဝိဂ္ဂဟံ=လူဇာတ်ဖြစ်သောကိုယ်ကို၊ ဇီဝိတာ= အသက်မှ၊ ဝေါရောပေတွာ= ချမိသည်ရှိသော်၊ အဿမဏော= ...သည်၊ အသကျပုတ္တိယော=...သည်၊ ဟောတိ=ဖြစ်၏၊ တံ= ထိုအမှုကို၊ တေတယာ=သည်၊ ယာဝဇီဝံ=...လုံး၊ အကရဏီယံ= မပြုကျင့်အပ်။

(အာမဘာန္တေ ပါဘုရား)

၄။ စတုတ္ထ အကရဏီယ

ဥပသမ္ပန္နေန= သော၊ဘိက္ခုနာ=သည်၊ အန္တမသော=...ဖြင့်၊ သုညာဂါရေ=ဆိတ်ငြိမ်သောကျောင်း၌၊ အဘိရမာမီတိ=ငါ အလွန်မွေ့လျော်၏ဟူ၍၊ ဥတ္တရိမနုဿဓမ္မော=လူတို့၏ ဈာန် မဂ်ဖိုလ်တရားကို၊ န ဥလ္လပိတဗ္ဗော= ငါရသည်၊ ငါ၌ရှိသည်၊ ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား မပြောကြားအပ်။

ယောဘိက္ခု = သည်၊ ပါပိစ္ဆော = ယုတ်မာသော အလိုဆိုး ရှိသည်ဖြစ်၍၊ ဣစ္ဆာပကတော=အလိုဆိုးသည် နှိပ်စက်အပ်သည် ဖြစ်၍၊ ဈာနံဝါ=ဈာန်ကိုလည်းကောင်း၊ သမာပတ္တိံဝါ=သမာပတ် ကိုလည်းကောင်း၊ သမာဓိံဝါ=သမာဓိကိုလည်းကောင်း၊ သမာ ပတ္တိံဝါ=သမာပတ်ကိုလည်းကောင်း၊ မဂ္ဂံဝါ=မဂ်ကိုလည်းကောင်း၊ ဖလံဝါ=ဖိုလ်ကိုလည်းကောင်း၊ အသန္တံ=မိမိကိုယ်တွင် ထင်ရှား မရှိသော၊ အဘူတံ=မဟုတ်မမှန်သော၊ ဥတ္တရိမနုဿဓမ္မံ=ဈာန် မဂ်ဖိုလ်တရားကို၊ ဥလ္လပတိ = ငါရသည်၊ ငါ၌ရှိသည်၊ ငါ မျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိငြားအံ့၊ သောဘိက္ခု=...သည်၊ အဿမဏော=...သည်၊ အသကျပုတ္တိ ယော=...သည်၊ ဟောတိ=ဖြစ်၏။

သေယျထာပိနာမ=...ကား၊ မတ္ထ ကစ္ဆိန္နော=လည်ဆစ်ပိုင်း ကျိုးပြတ်သွားသော၊ တာလော=ထန်းပင်ငုတ်တိုသည်၊ ပုနဝိရု ဠှိယာ=တစ်ဖန် စိမ်းလန်းရှင်သန်ခြင်းငှာ၊ အဘဗ္ဗောယထာ=မထိုက် လေဘိသကဲ့သို့၊ ဧဝံတထာ=ဤအတူ၊ ဘိက္ခု=...သည်၊ ပါပိစ္ဆော= ယုတ်မာသောအလိုဆိုးရှိသည်ဖြစ်၍၊ အသန္တံ=မိမိကိုယ်၌ ထင်ရှား မရှိသော၊ အဘူတံ = မဟုတ်မမှန်သော၊ ဥတ္တရိမနုဿဓမ္မံ= ဈာန်မဂ်ဖိုလ်တရားကို၊ ဥလ္လပိတွာ=ဝါကြွားပြောဆိုမိသည်ရှိသော်၊

အသသမဏော=ရဟန်းမဟုတ်သည်၊ အသကျပုတ္တိယော=ဘုရားသားတော်မဟုတ်သည်၊ ဟောတိ=ဖြစ်၏၊ တံ=ထိုအမှုကို၊ တေ တယာ=သင်သည်၊ ယာဝဇီဝံ=...လုံး၊ အကရဏီယံ=မပြုမကျင့် အပ်။ (မပြောကောင်း)

(အာမဘာဗ္ဗေ ပါဘုရား)

ရဟန်းတော်များသည် မရသေးသော တရားကို ဝါကြွား၍ ပြောကြားသည်ကို မဆိုထားဘိ၊ ရရှိထားပြီးသော တရားထူးကိုပင် မပြောကောင်းပေ။ ယခုအခါ၌ ရိပ်သာများ ပေါ်များပြီး တရားဓမ္မ အားထုတ်ကြသော ဒုလ္လဘရဟန်း ယောဂီများ သတိထားကြစရာ ဖြစ်ပါ၏။ ဆရာသမားများကလည်း တရားစခန်းဝင်မည့် ဒုလ္လဘ ရဟန်းယောဂီများအား သေချာစွာ သဘောပေါက်အောင် ပြောကြားထားသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တရား အနည်း ငယ်ဝင်ပြီး အားထုတ်ပြီးနောက် ထိုးလို့ထောင်လောင် ကမောက် ကမဖြစ်ရပ်တွေ မြင်ကွင်းတွေ မြင်ရကြားရ တွေ့နေရသော ကြောင့် ဖြစ်ပါသည်။

သက်ြိန်အချိန်အခါလိုမျိုး၌ ရန်ကုန်မြို့စသော မြို့ကြီးများတွင် ဒုလ္လဘရဟန်းခံများ ပေါ်များလှပါပေသည်။ တချို့ကျောင်းတိုက် များတွင် သိမ်မှာတစ်လုံးတည်းရှိ၍ ရဟန်းခံရာတွင် အခက်အခဲ ရှိပါသည်။ သိမ်ဝင်ရန်အချိန်စောင့်ဆိုင်းရသောကိစ္စမျိုး ရှိ၍ အရိပ်စသည်ကို ပြောကြားသော ဩဝါဒခန်း၌ မကျဉ်းမကျယ် ပြောပြသင့်ပါသည်။ အတိုချုံး၍ပြောသင့်က ပြောကြရန် ဖြစ်ပါ သည်။ မိမိတို့နေထိုင်ရာ တောင်ဥက္ကလာပ(၂)ဝိုင်း စသည်တို့၌ လည်း ဤပြဿနာရှိပါသည်။ ရှေ့နောက် ထောက်ထားပြီး အလိုက်သိစွာ ဆောင်ရွက်ကြရန်သာ ဖြစ်ပါတော့သည်။

ဤရဟန်းခံကိစ္စများကိုလည်း ဝတ္တုကြောင်းများ၊ သာဓကများ မထည့်သွင်းဘဲ ပါဠိလျှောက် အစီပွာယ်ကိုသာ ရေးသား ဖော်ပြအပ်ပါသည်။

# အခန်း (၃)

# အနုဂါမိကရွှေအိုးမြှုပ်နှံရမည့် (၇)ဌာနတရား

ရွှေအိုးဟူသည် သာမန်လူ အသုံးအဆောင် ရွှေရတနာများ ထည့်ထားသော ရွှေအိုးမဟုတ်။ ကုသိုလ်တည်းဟူသော ရွှေအိုး ဖြစ်သည်။

## အနုဂါမိကရွှေအိုးဆိုတာ

"ဒါနံ မယံ ဝါ သီလမယံဝါ ဘာဝနာမယံဝါ ယံ ပုညံ အတ္ထိ တံ တတ္ထတတ္ထဘဝေ အနုဂန္တာဝိယ ဟောတီတိ အနုဂါမိကော..."

(အနက်) ဒါနမယံဝါ = ဒါနပြုအပ်သည်လည်းဖြစ်သော၊ သီလမယံဝါ=သီလစောင့်ထိန်းအပ်သည်လည်းဖြစ်သော၊ ဘာဝနာမယံဝါ=ဝိပဿနာ ဘာဝနာခြံရံ၍ ပွားအပ်သည်လည်းဖြစ်သော၊ ယံ ပုညံ = အကြင်ပြုအပ်သော ကုသိုလ်ကောင်းမှု အစုစုသည်၊

အတ္ထိ = ရှိ၏။ တံ ပုညံ = ထိုပြုထားသော ကုသိုလ်ကောင်းမှု အစုစုသည်၊ တတ္ထ တတ္ထ ဘဝေ=ထိုထိုဖြစ်လေရာ ဘုံဘဝ၌၊ အနုဂန္တါဝိယ=အစဉ်လိုက်ပါသကဲ့သို့၊ ဟောတိ=ဖြစ်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ အနုဂါမိကော=အနုဂါမိကမည်၏။

ရွှေအိုးမြှုပ်ရမည့်(၇)နေရာ

စေတိယမှိစ သံဃေဝါ၊ ပုဂ္ဂလေဝါ အတိထီသု။
မာတရိ ပိတရံ စာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။
ဧသာ နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။
ပဟာယ ဂမနိယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။
[ခုဒ္ဒကပါဌပါဠိတော်၊ နိဓိကဏ္ဍသုတ်]

(အနက်) စေတိယမှိစ= ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿက စေတီ၊ ပရိဘောဂစေတီတော်မြတ်များ၌လည်းကောင်း၊ သံဃေဝါ= သံဃာတော်၌လည်းကောင်း၊ ပုဂ္ဂလေဝါ = ပုဂ္ဂိုလ်တစ်ပါးစီ၊ တစ်ဦးစီအပေါ်၌လည်းကောင်း၊ အတိထီသုဝါ = ဧည့်သည် ပရိသတ်များ၌သော်လည်းကောင်း၊ မာတရိစ=မွေးသမိခင်ကျေးဇူး ရှင်၌လည်းကောင်း၊ ပိတရိစ=ကျွေးသဖခင် ကျေးဇူးရှင်၌လည်း ကောင်း၊ အထော = ထို့အတူ၊ ဇေဋ္ဌမှိ ဘာတရိစ = အစ်ကိုကြီး၊ အစ်မကြီး၌လည်းကောင်း၊ သုနိဟိတော=ကောင်းစွာ စိုက်ပျိုးမြှုပ်နှံ အပ်သော၊ ဧသောနိဓိ=ဤဒါန စသော ကုသိုလ်တည်းဟူသော ရွှေအိုးသည်၊ အဇေယျော=ရန်သူတို့သည် မအောင်နိုင်ချေ၊ အနုဂါမိကော=သွားလေရာ သံသရာတစ်ခွင်၌ အစဉ်လိုက်ပါလေ တော့၏။

ပဟာယဂမနီယေသု = သေလျှင်စွန့်ပစ်ထားခဲ့ရမည့် အရာ ဟူသမျှတို့၌၊ ဧတံ=ဤဒါနစသော ကုသိုလ်တည်းဟူသော ရွှေ အိုးကို၊ အာဒါယ = ယူဆောင်၍၊ ဂစ္ဆတိ = သွားနိုင်လေတော့ သတည်း။

အနုဂါမိက(၇)ဌာန

(၁) စေတီလေးပါး
(၂) သံဃာတော်အရှင်မြတ်များ
(၃) ပုဂ္ဂိုလ်တစ်ဦးစီ တစ်ဦးစီများ
(၄) ဧည့်သည်များ၊ ပရိသတ်များ
(၅) မွေးမိခင်
(၆) မွေးဖခင်
(၇) အစ်ကိုကြီး၊ အစ်မကြီးများ (ထိန်းသိမ်းစောင့်ရှောက်ထား သူများ)

ရွှေအိုးလင်္ကာကဗျာ

ထားသမျှ မသေခင်၊ ကြွားသမျှ အရာမထင်၊ စားပြန်တော့ ကျင်ကြီးကျင်ငယ်ပင်။ ဒါနဆိုပါရမီမျိုးကို ပြုကြပါ သဒ္ဓါရယ်ရှင်၊ ယခုဘဝမှာ ထာဝစဉ်–

သြော်...အနုဂါမိက ရွှေအိုးပဒေသာပင်။

သံပေါက်လင်္ကာများ

စေတီရပ်ပွား၊ ပူဇော်ဒြား၊ ကျိုးကား ကြီးသည်မှတ်။
စေတီ, သံဃာ၊ ပုဂ္ဂိုလ်မှာ၊ လှူပါ ပရိသတ်။

မိခင်,ဖခင်၊ အစ်ကိုလျှင်၊ ထည့်ဝင်ခုနစ်ရပ်။
အနုဂါမိက၊ ခုနစ်ဌာန၊ မြှုပ်ကြ ရွှေအိုးမြတ်။

## စေတီ(၄)မျိုး

ဓာတု, ဓမ္မ၊ ဥဒ္ဒိဿ၊ ပရိဘောဂပါ။
စေတီခေါ်ကြ၊ ဤလေးဝ၊ မှတ်ကြသေအချာ။

(၁) ဓာတုစေတီ=မြတ်စွာဘုရား၏ ဓာတ်တော်မွေ တော်များ၊
(၂) ဓမ္မစေတီ=ပိဋကတ်တော်ဓမ္မက္ခန္ဓာများ
(၃) ဥဒ္ဒိဿက စေတီ=ဗုဒ္ဓရုပ်ပွားတော် စေတီတော်၊ ပုထိုးတော်၊ ဆင်းတုတော်များ၊
(၄) ပရိဘောဂ စေတီ = မြတ်စွာဘုရား၏ အသုံး အဆောင်ပစ္စည်းများ ဥပမာ=တောင်ဝှေး၊ ရေစစ်၊ ရေသနုတ်တော်၊ ဗောဓိပင်များ။

## သံသရာမှာပါတဲ့အနုဂါမိက

ခိုးသား ဓားပြ၊ ခိုးမရ၊ မှတ်ကြဤပစ္စည်း။
ကုသိုလ်ဥစ္စာ၊ သံသရာ၊ အစဉ်ပါလေသတည်း။
သေသွားသောခါ၊ ကိုယ့်နောက်ပါ၊ ရိက္ခာခေါ်သတည်း။

## ဥစ္စာ(၄)မျိုး

(၁) ထာဝရ ဥစ္စာ= မရွှေ့မပြောင်းနိုင်သော ခြံ,မြေ စသည်များ

(၂) ဇင်္ဂမဥစ္စာ=ရွှေ့ပြောင်းနိုင်သော သက်ရှိ,သက်မဲ့ ပစ္စည်းများ–
ဥပမာ– ဆင် မြင်း ကျွဲနွား၊ ရွှေငွေရတနာများ ပရိဘောဂပစ္စည်းများ
(၃) အင်္ဂသမဥစ္စာ=ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် တူသော အတတ်ပညာ, အသိပညာ တည်းဟူသောဥစ္စာ–
(၄) အနုဂါမိကဥစ္စာ – သံသရာအထိလိုက်ပါပြီး စောင့်ရှောက်ကူညီသော ကုသိုလ်တည်းဟူသော ဥစ္စာ–

'အတိထိ'ဟူသော ဧည့်သည် အခန်းကဏ္ဍ၌ မှတ်ရန်မှာ–

အလှူဒါန တစ်ခုပြုတိုင်း အလှူခံပုဂ္ဂိုလ်မျိုးစုံ လာလေ့ရှိသည်မှာ သဘာဝဖြစ်သည်။ တောင်းရမ်းစားသောက်သူများ လာမည်၊ မဖိတ်ဘဲ ဝင်ရောက်စားသောက်သူများ ရှိမည်။ ကျေးလက်တောရွာများမှာဆိုလျှင် 'အိုးသူကြီးချောင်'သို့ ဝင်ပြီး ငါးပိချက် ထုပ်ယူသွားသူများ ရှိတတ်သည်။ ကျွေးမွေးထားသော ဟင်းလျာများထဲမှ ပိုလျှံသော ဟင်းများကို ထုပ်ယူသွားသည်ကိုလည်း ကြုံတွေ့ဖူးသည်။

သို့ဖြစ်ပေရာ စေတနာမပျက်ကွက်ဖို့ အရေးကြီးပါသည်။ အလှူခံတစ်ကျိပ်လေး ခွေးတောင်ပါသည်ဟု ဆိုထားပေရာ ခွေးများကိုပင် စေတနာထားပြီး သဒ္ဓါအားကောင်းကောင်းနှင့် ကျွေးမွေးလျှင် ဒါနမြောက်နိုင်ပါသည်။

ဤသို့ 'အလှူခံတစ်ကျိပ်လေး အကျိုးပေး အဆင့်ဆင့်' တရားကို ထည့်သွင်းဟောကြားနိုင်ပါသည်။

သက်ဆိုင်ရာဝတ္ထုသာဓကများကိုလည်း ထုတ်ဆောင်ပြနိုင်ပါသည်။'

## အခန်း (၄)

# အလှူခံတစ်ကျိပ်လေး အကျိုးပေး အဆင့်ဆင့်မြင့်သွားပုံတရား

အလှူခံပုဂ္ဂိုလ်တစ်ကျိပ်လေး

(၁) ဗုဒ္ဓဘုရား
(၂) ပစ္စေကဗုဒ္ဓါ
(၃) သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
(၄) သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
(၅) အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
(၆) အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
(၇) သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်
(၈) သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်
(၉) အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်

(၁၀) အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်
(၁၁) သာသနာပကာလ ရဟန်းပုဂ္ဂိုလ် (ရဟန်းလာဘီ)
(၁၂) သီလရှိသော သီလဝန္တပုဂ္ဂိုလ်၊ ကလျာဏပုထုဇဉ်
(၁၃) သီလမရှိသော ဒုဿီလပုဂ္ဂိုလ်၊ အန္ဓပုထုဇဉ်
(၁၄) တိရစ္ဆာန်များ။

**ဆောင်ပုဒ်**။ ။ ဘုရားမြတ်စွာ၊ ပစ္စေကာနှင့်၊ အရိယာရှစ်ဝ၊ ရဟန်းရဟာဟိ၊ နှစ်လီပုထုဇန်၊ တိရစ္ဆာန်၊ အလှူခံ တစ်ကျိပ်လေး။

အလှူခံပုဂ္ဂိုလ်နှင့် အကျိုးပေးအဆင့်ဆင့်

(၁) တိရစ္ဆာန်များကို စေတနာသဒ္ဓါတရားသက်သက်ဖြင့် အလှူဒါနပြုကျွေးမွေးလျှင် ဘဝပေါင်းတစ်ရာ ကောင်းကျိုးပေးနိုင်သည်။

'တိရစ္ဆာနဂတေ ဒါနံဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ–'

တိရစ္ဆာနဂတေ=တိရစ္ဆာန်တို့ကို၊ ဒါနံဒတွာ=အလှူဒါနပြုသည်ရှိသော်၊ သတဂုဏာ=ဘဝပေါင်းတစ်ရာတိုင်တိုင်၊ ဒက္ခိဏာ=အလှူ၏အကျိုး ခံစားခွင့်ကို၊ ပါဋိကင်္ခိတဗ္ဗာ=အလိုရှိအပ်၏။

(၂) သီလမရှိသော ဒုဿီလ ပုထုဇဉ်များကို ကျွေးမွေးလှူဒါန်းလျှင် ဘဝပေါင်းတစ်ထောင် ကောင်းကျိုးချမ်းသာကို ဆောင်၏။

'ပုထုဇ္ဇန ဒုဿီလေ ဒါနံ ဒတွာ သဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ–'

(အနက်) ပုထုဇ္ဇနေ ဒုဿီလေ=ပုထုဇဉ်ဖြစ်သော သီလမရှိသည့်ပုဂ္ဂိုလ်များကို၊ ဒါနံတွာ =.အလှူပေးသည်ရှိသော်၊ သဟဿဂုဏာ=ဘဝပေါင်းတစ်ထောင့်တိုင်တိုင်၊ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ=အလှူ၏အကျိုးအာနိသင်ကို ခံစားခွင့်ရှိ၏။

(၃) သီလရှိသော ကလျာဏပုထုဇဉ် သီလဝန္တပုဂ္ဂိုလ်တို့ကို လှူဒါန်းလျှင် ဘဝပေါင်း တစ်သိန်းတိုင်တိုင် ကောင်းကျိုးပေးနိုင်၏။

'ပုထုဇ္ဇနသီလဝန္တေ ဒါနံ ဒတွာ သတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ'

ပုထုဇ္ဇနသီလဝန္တေ=ပုထုဇဉ် သီလဝန္တပုဂ္ဂိုလ်တို့ကို၊ ဒါနံ ဒတွာ=အလှူဒါနပြုကြသည်ရှိသော်၊ သတသဟဿဂုဏာ= ဘဝပေါင်းတစ်သိန်းတိုင်တိုင်၊ ဒက္ခိဏာ=အလှူ၏အကျိုးပေးကာလကို၊ ပါဋိကင်္ခိတဗ္ဗာ=အလိုရှိအပ်ပါ၏။

(၄) သာသနာပကာလ၌ ရှာန်ရပုဂ္ဂိုလ်တို့ကို လှူဒါန်းလျှင် ဘဝပေါင်း ကုဋေတစ်သိန်း ကောင်းကျိုးပေးနိုင်၏။

'ဗာဟိရကေ ကာမေသုဝီတရာဂေ ဒါနံဒတွာ ကောဋိသတ သဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ-'

ဗာဟိရကေ=သာသနာပကာလ၌၊ ကာမေသု-ငါးဖြာအာရုံကာမဂုဏ်တို့၌၊ ဝီတရာဂေ=ကင်းပြီးသောရာဂရှိသော ပုဂ္ဂိုလ်တို့ကို၊ ဒါနံဒတွာ = အလှူဒါနပြုကြသည်ရှိသော်၊ ကောဋိသတ သဟဿဂုဏာ=ဘဝပေါင်း ကုဋေတစ်သိန်းတို့တိုင်တိုင်၊ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ=အလှူ၏အကျိုးတရားကို ခံစားရရှိနိုင်ပေ၏။

(၅) အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့တွင် သောတာပတ္တိဖိုလ်ကို

မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံကျိုးကုတ် အားထုတ်နေကြသော ပုဂ္ဂိုလ်တို့ကို အလှူပေးသည်ရှိသော်ကား မရေမတွက်နိုင်သော အကျိုးတရားများကို တိုးပွားရရှိနိုင်၏။

'သောတာပတ္တိ ဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံဒတွာ' အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခါ တဗ္ဗာ–

(အနက်) သောတာပတ္တိ ဖလ သစ္ဆိကိရိယာယ ပဋိပန္နေ= သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံအားထုတ်နေသော ပုဂ္ဂိုလ်တို့ကို၊ ဒါနံ ဒတွာ = အလှူပေးသည်ရှိသော်၊ အသင်္ချေယျာ=မရေမတွက်နိုင်သော၊ အပ္ပမေယျာ= ဂဏန်းပမာဏချ၍ မပြနိုင်လောက်သော၊ ဒက္ခိဏာ=အလှူဒါန၏ အကျိုးဖလကို ပါဋိကင်္ခါ တဗ္ဗာ=အလိုရှိအပ်၏။

(၆) သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားသော (သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်) ပုဂ္ဂိုလ်တို့အား လှူဒါန်းရလျှင်ကား အကျိုးတရားအဘယ့်မှာ ဆိုဖွယ်ရာရှိတော့မည်နည်း။ (ကောပနဝါဒေါ သောတာပန္နေ...)

– အထက် အထက် ပုဂ္ဂိုလ်များကို လှူဒါန်းလျှင်ကား ဆိုဖွယ်ရာမရှိတော့ပြီ။

သောတာပန်ဖြစ်အောင် ကျင့်ဆောင်နေသော ပုဂ္ဂိုလ်အပေါင်းတို့တွင်–

(က) သရဏဂုံသုံးပါးတည်သူ–

(ခ) ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းသူ–

(ဂ) ရှစ်ပါးသီလကို စောင့်ထိန်းသူ–

(ဃ) ဆယ်ပါးသီလ စောင့်ထိန်းသူ–

(င) သီလရှိသောရဟန်း (ဥပသမ္ပန္နပုဂ္ဂိုလ်)

(စ) ဝတ်နိဗဒ်နှင့် ပြည့်စုံသောရဟန်း
(ဆ) ဝိပဿနာရှုသော ဝိပဿကရဟန်း (ယောဂီပုဂ္ဂိုလ်)
(ဇ) ဉာဏ်အဆင့်ဆင့် ရရှိနေသောရဟန်း (အာရဒ္ဓဝိပဿကသဿပုဂ္ဂိုလ်)
(ဈ) ပိဋကတ်ဆောင် သုတဗုဒ္ဓပုဂ္ဂိုလ် စသည်တို့သည်လည်း သောတာပတ္တိဖိုလ်ရရှိအောင် ကြိုးစားအားထုတ်နေကြသူများ ဖြစ်၍ အဆင့်ဆင့် အကျိုးကျေးဇူးများသည် သာလျှင် ဖြစ်ပါ၏။

သာဓက ပါဠိများ

(က) ဟေဋ္ဌိမကောဋိယာ တိသရဏဂမနဂတော ဥပါသကော သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နောနာမဟောတိ။

(အနက်) ဟေဋ္ဌိမကောဋိယာ = အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် တိသရဏဂမနဂတော = သရဏဂုံသုံးပါးကို ကိုးကွယ်ဆည်းကပ်သော၊ ဥပါသကော=ဥပါသကာ ဒါယကာသည်၊ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နောနာမ= သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်မည်သည်၊ ဟောတိ=ဖြစ်၏။

(ခ) ပဉ္စသီလေ ပတိဋ္ဌိတဿ ဒါနံ ဒတွာ တတော ဥတ္တရိ မဟပ္ဖလတရံ ဟောတိ။

ပဉ္စသီလေ=ငါးပါးသီလ၌၊ ပတိဋ္ဌတဿ=တည်သောပုဂ္ဂိုလ်အား (ငါးပါးသီလလုံခြုံသော ပုဂ္ဂိုလ်အား၊ ဒါနံ ဒတွာ= ပေးလှူသည်ရှိသော်၊ တတော=ထိုသရဏဂုံသာ ဆောက်တည်သော

ပုဂ္ဂိုလ်ထက်၊ ဥတ္တရိ=အလွန်၊ မဟပ္ဖလတရံ=အကျိုးများသည်၊ ဟောတိ=ဖြစ်၏။

(ဂ) အဋ္ဌင်္ဂသီလေ ပတိဋ္ဌိတဿ ဒါနံ ဒတွာ တတော ဥတ္တရိ မဟပ္ဖလတရံ ဟောတိ။

အဋ္ဌင်္ဂသီလေ=ရှစ်ပါးသီလ၌၊ ပတိဋ္ဌိတဿ=တည်သော ပုဂ္ဂိုလ်အား၊ ဒါနံ ဒတွာ = ပေးလှူသည်ရှိသော်၊ တတော ဥတ္တရိ မဟပ္ဖလတရံ=ထိုအောက်ပုဂ္ဂိုလ်တို့အား လှူရသည်ထက် အကျိုး ပို၍များသည်၊ ဟောတိ=ဖြစ်၏။

(ဃ) ဒသသီလေ ပတိဋ္ဌိတဿ ဒါနံဒတွာ တတော ဥတ္တရိ မဟပ္ဖလတရံ ဟောတိ။

ဒသသီလေ ပတိဋ္ဌိတဿ=ဆယ်ပါးသီလကိုယ်၌တည် သော ပုဂ္ဂိုလ်အား၊ ဒါနံ ဒတွာ=ပေးလှူသည်ရှိသော်၊ တတော ဥတ္တရိ မဟပ္ဖလတရံ ဟောတိ=ထိုဆိုအပ်ပြီးသော အောက်ပုဂ္ဂိုလ် တို့အား လှူရသည်ထက် အကျိုးကျေးဇူး အထူးများ၏။

(င) ဥပသမ္ပန္နဿ ဒါနံ ဒတွာ တတော ဥတ္တရိ မဟပ္ဖလတရံ ဟောတိ။

ဥပသမ္ပန္နဿ=ဥပသမ္ပန္နသီလနှင့်ပြည့်စုံသော ရဟန်းအား၊ ဒါနံ ဒတွာ=လှူဒါန်းရသည်ရှိသော်၊ တတော ဥတ္တရိ မဟပ္ဖလတရံ ဟောတိ = ထိုအောက်ပုဂ္ဂိုလ်တို့အား လှူရသည်ထက် အကျိုး ကျေးဇူး အထူးများ၏။

(စ) ဝတ္တသမ္ပန္နဿ ဘိက္ခုနော ဒါနံ ဒတွာ တတော ဥတ္တရိမ ဟပ္ဖလတရံ ဟောတိ။

ဝတ္တသမ္ပန္နဿ = စေတိယင်္ဂဏဝတ်၊ အာစရိယဝတ်၊ အန္တေဝါသိကဝတ်၊ သေနာသနဝတ်၊ ဝေယျာဝစ္စတို့ကို ဆောင်ရွက်

နေသော ပုဂ္ဂိုလ်အား၊ ဒါနံဒတ္တာ=ပေးလှူသည် ရှိသော်၊ တတော ဥတ္တရိ မဟပ္ဖလတရံ ဟောတိ=ထို အောက်ပုဂ္ဂိုလ်များအား လှူရသည်ထက် အကျိုးများ၏၊ စာရိတ္တသီလ၊ ဝါရိတ္တသီလနှင့် ပြည့်စုံနေသည်။

(ဆ) ဝိပဿကဿ ဘိက္ခုနော (ပေယျာလ) ဟောတိ။

ဝိပဿကဿ ဘိက္ခုနော=ခန္ဓာကို ဉာဏ်စိုက်ပြီး ဖြစ်,ပျက် မြင်အောင် ရှုမှတ်နေသော ရဟန်းအား၊ ဒါနံ ဒတ္တာ–(ပေယျာလ)– အကျိုးများ၏။

(ဇ) အာရဒ္ဓ ဝိပဿကဿ ဘိက္ခုနော ဒါနံ ဒတ္တာ...(ပေယျာလ) ဟောတိ။

အာရဒ္ဓဝိပဿကဿ = ဥဒယဗ္ဗယဉာဏ် စသည်များ ရရှိအောင် ကြိုးစားအားထုတ်နေသောပုဂ္ဂိုလ်အား၊ ဒါနံ ဒတ္တာ= –(ပေယျာလ)–အကျိုးများ၏။

(ဈ) သုတ ဗုဒ္ဓဿ=သုတဗုဒ္ဓ အမည်ရသော ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်များအား– ကျန်တာတူပြီ။

(ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိ၊ အဋ္ဌ)

## သုတဗုဒ္ဓဟူသည်

'ပရိယတ္တိ ဗဟုဿုတော သုတဗုဒ္ဓေါ နာမ'ဟူ၍ အင်္ဂုတ္တိုရ် အဋ္ဌကထာလာအရ ပရိယတ္တိ ဗဟုသုတရှိသော ပုဂ္ဂိုလ်အပေါင်း သည် 'သုတဗုဒ္ဓ'အမည်ရပါသည်။

## ဒါန အကျိုးပေးပုံ(၄)မျိုး

(၁) 'ဥပါသက ဣဓေကစ္စော အတ္တနာဝ ဒါနံ ဒေတိ၊ ပရံ

န သမာဒပေတိ၊ သော နိဗ္ဗတ္တ နိဗ္ဗတ္တ ဌာနေ ဘောဂသမ္ပဒံ
လဘတိ၊ နော ပရိဝါရသမ္ပဒံ။'

(အနက်) ဥပါသက=ဒါယကာ...၊ ဣဓ=ဤလောက၌၊ ဧကစ္စော = အချို့သောပုဂ္ဂိုလ်သည်၊ အတ္တနာဝ = မိမိကိုယ်တိုင်သာလျှင်၊ ဒါနံ=အလှူကို၊ ဒေတိ=ပေးလှူ၏၊ ပရံ=သူတစ်ပါးကို၊ န သမာဒပေတိ=လှူရန်မတိုက်တွန်းတတ်၊ သော=ထို မိမိသာလှူပြီး သူတစ်ပါးအား လှူရန် မတိုက်တွန်းတတ်သော ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ=ဖြစ်လေရာ ဖြစ်လေရာ ဘဝဌာနတိုင်း၌၊ ဘောဂသမ္ပဒံ-စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းကို၊ လဘတိ=ရရှိ၏၊ ပရိဝါရသမ္ပဒံ=အခြွေအရံနှင့် ပြည့်စုံခြင်းကိုကား၊ နောလဘတိ= မရရှိပေ။

အဓိပ္ပာယ်အချုပ်မှာ–ဤလောက၌ အချို့ပုဂ္ဂိုလ်တို့သည် မိမိကိုယ်တိုင်မူ လှူဒါန်းလေ့ရှိ၏။ သူတစ်ပါးကိုမူကား လှူရန် မတိုက်တွန်းတတ်၊ မနှိုးဆော်တတ်ပေ။ ဤပုဂ္ဂိုလ်တို့သည် အကျိုးပေးရာဘဝတို့၌ စည်းစိမ်ဥစ္စာသာပြည့်စုံပြီး အခြွေအရံ ကင်းမဲ့နေတတ်၏။

(၂) ဧကစ္စော အတ္တနာ ဒါနံ န ဒေတိ ပရံ သမာဒပေတိ၊ သော နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ ပရိဝါရသမ္ပဒံ လဘတိ၊ နော ဘောဂသမ္ပဒံ–။

(အနက်) ဧကစ္စော = အချို့သောပုဂ္ဂိုလ်သည်၊ အတ္တနာ= မိမိသည်၊ ဒါနံ=အလှူကို၊ န ဒေတိ=မပေးမလှူ၊ ပရံ=သူတစ်ပါးကိုကား၊ သမာဒပေတိ=လှူစေ၏ (ဝါ) လှူရန် တိုက်တွန်း၏၊ သော=ထို မိမိကား မလှူ, သူတစ်ပါးကိုမူ လှူရန် တိုက်တွန်းတတ်သော ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ = ဖြစ်လေရာ

ဖြစ်လေရာ ဌာနတိုင်း၌၊ ပရိဝါရသမ္ပဒံ=အခြွေအရံ ပြည့်စုံခြင်းကို၊ လဘတိ=ရရှိ၏၊ ဘောဂသမ္ပဒံ=စည်းစိမ်ဥစ္စာပြည့်စုံခြင်းကိုကား၊ နလဘတိ=မရပေ။

အဓိပ္ပာယ်အချုပ်မှာ–အချို့ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ကား အလှူဒါနမပြု၊ သူတစ်ပါးကိုမူ လှူရန်တိုက်တွန်းတတ်၏။ နှိုးဆော်တတ်၏။ ထိုပုဂ္ဂိုလ်မျိုးသည် အကျိုးပေးရာဌာန၌ အခြွေအရံတော့ ပေါများတတ်ပါ၏။ စီးပွားဥစ္စာကား မပြည့်စုံရှာပေ။

(၃) 'ကေစ္စော အတ္တနာစ နဒေတိ၊ ပရဉ္စ နသမာဒပေတိ၊ သော နိဗ္ဗတ္တ နိဗ္ဗတ္တဌာနေ နော ဘောဂသမ္ပဒံ လဘတိ၊ နော ပရိဝါရသမ္ပဒံ၊ ဝိဃာသာဒေါ ဟုတွာ စရတိ။'

(အနက်) ကေစ္စော=အချို့သောပုဂ္ဂိုလ်သည်ကား၊ အတ္တနာစ= မိမိကိုယ်တိုင်သည်လည်း၊ န ဒေတိ=မပေးမလှူပေ၊ ပရဉ္စ=သူ တစ်ပါးကိုလည်း၊ န သမာဒပေတိ=လှူရန် မတိုက်တွန်းတတ်ပေ၊ သော=ထို မိမိလည်း မလှူ သူတစ်ပါးကိုလည်း လှူရန် မတိုက် တွန်းတတ်သော ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တ နိဗ္ဗတ္တဌာနေ=ဖြစ်လေရာ ဖြစ်လေရာ ဘဝတိုင်း၌၊ ဘောဂသမ္ပဒံ=စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းကို လည်း၊ နော လဘတိ=မရရှိ။ ပရိဝါရ သမ္ပဒံ=အခြွေအရံပေါများ ခြင်းကိုလည်း၊ နော လဘတိ=မရရှိနိုင်ပေ။

ဝိဃာသာဒေါ=စားကြွင်းစားဘဝဖြင့် တောင်းရမ်းစားသောက် ရသည်၊ ဟုတွာ=ဖြစ်၍၊ စရတိ=လှည့်လည် ကျက်စားနေထိုင်ရ တတ်၏။

ကိုယ်တိုင်လည်း မလှူမတန်း၊ သူတစ်ပါးတို့ကိုလည်း လှူရန် မတိုက်တွန်းသော ပုဂ္ဂိုလ်သည်ကား စည်းစိမ်ဥစ္စာလည်း မပြည့်စုံ၊ အခြွေအရံ အပေါင်းအသင်းလည်း မရှိ ဖြစ်တတ်ပေသည်။

(၄) 'ဧကစ္စော အတ္တနာစ ဒေတိ ပရဉ္စ သမာဒပေတိ၊ သော နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ ဘောဂသမ္ပဒံ လဘတိ ပရိဝါရသမ္ပဒဉ္စ'

ဧကစ္စော=အချို့သော ပုဂ္ဂိုလ်သည်၊ အတ္တနာစ=မိမိသည်လည်း၊ ဒေတိ=ပေးလှူတတ်၏၊ ပရဉ္စ=သူတစ်ပါးကိုလည်း၊ သမာဒပေတိ=လှူရန်တိုက်တွန်းနှိုးဆော်တတ်၏၊ သော=ထို မိမိကိုယ်တိုင်လည်း လှူ၊ သူတစ်ပါးကိုလည်း လှူရန် တိုက်တွန်းတတ်သော ပုဂ္ဂိုလ်သည်၊ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ = ဖြစ်လေရာ ဖြစ်လေရာ ဘဝတိုင်း၌၊ ဘောဂသမ္ပဒဉ္စ=စည်းစိမ်ဥစ္စာကိုလည်း၊ လဘတိ=ရရှိ၏၊ ပရိဝါရသမ္ပဒဉ္စ=အခြွေအရံ ပြည့်စုံခြင်းကိုလည်း၊ လဘတိ=ရရှိပေ၏။

အဓိပ္ပာယ်မှာ–ကိုယ်တိုင်လည်း လှူဒါန်း၊ သူတစ်ပါးတို့ကို လည်း လှူရန်တိုက်တွန်းသော ပုဂ္ဂိုလ်သည်ကား ဖြစ်လေရာဘဝ အကျိုးပေးရာဌာနတို့၌ စည်းစိမ်ဥစ္စာလည်း ပြည့်စုံ၏။ အခြွေအရံ လည်း ပေါများ၏။

*(ဓမ္မပဒ ဋ္ဌကထာ၊ ယမကဝဂ်၊ ရှင်ဒေဝဒတ်ဝတ္ထု)*

ဤ ဒါန အကျိုးပေးပုံ လေးမျိုးသည် စုပေါင်းအလှူပွဲ၊ ကထိန်ပွဲ စသည်တို့၌ ထည့်သွင်း၍ ဟောနိုင်၏။ စုပေါင်း၍ ပြုလုပ်သော အလှူဒါနမျိုးနှင့် သက်ဆိုင်ပြီး အလွန် အဆင်ပြေ လှ၏။

## အခန်း (၅)

# ပုဂ္ဂိုလ်လေးမျိုးတရား

(နာရေးကိစ္စများတွင် ဟောကြားနိုင်သည်)

လူ့လောက၌ 'လူအမျိုးမျိုး စိတ်အထွေထွေ'ဟူ၍ ရှိကြရာဝယ် ဗုဒ္ဓမြတ်စွာသည် ကောသီ မြင်းထိန်းနှင့် တွေ့ဆုံပြီး လူလေးမျိုး အကြောင်းကို ဟောကြားတော်မူခဲ့လေသည်။ လူလေးမျိုးကို ရိုးရိုးဟောကြားခြင်း မဟုတ်။ မြင်းလေးမျိုးနှင့် ဥပမာပေး၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေရာ အလွန်တရာ မှတ်သားစရာ ကောင်းပါ၏။

## (၁) ဆာယာဒိဋ္ဌ ပုဂ္ဂိုလ်

တချို့မြင်းတွေဟာ မြင်းထိန်းက (မြင်းလှည်းမောင်းသမား) ကြာပွတ်ကလေး ပြလိုက်ရုံမျှဖြင့် အသား အနာမခံဘဲ သွက်သွက် ခါအောင် ပြေးလေသည်။ အရိုက်မခံပါ။

တချို့လူတွေဟာလည်း ဘယ်သူဟာဖြင့် အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်း၊ စိုးရိမ်သောကရောက်ခြင်း၊ ငိုကြွေးပူဆွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းထန်စွာ ပူပန်ခြင်း စသော ဘေးမျိုးစုံနှင့် တွေ့ကြုံနေရပါသည်ဟု သတင်းစကား ကြားရုံမျှဖြင့် သံဝေဂဖြစ်သော ပုဂ္ဂိုလ်။

သတင်းစာတွင် နာရေးကြော်ငြာဖတ်ခြင်း–ဟိုမှာ သည်မှာ ဘေးဒုက္ခများရောက်ခြင်း၊ သတင်းစကားကို ဖတ်ရှု ကြားမြင်ရာ တို့၌လည်း သံဝေဂယူနိုင်ကြသည်။

(၂) လောမဝေဓ ပုဂ္ဂိုလ်

တချို့မြင်းတွေဟာ ကြာပွတ်မြှောက်ပြရုံနှင့် မပြေးဘူး။ အမွေးကလေး ကျွတ်ထွက်သွားအောင် ခပ်ဆတ်ဆတ်လေး ရိုက်ပေးလိုက်တော့မှ အသော့နှင်ပြီး ပြေးပါသည်။

ဒီလိုပဲ တချို့လူတွေဟာလည်း ဘယ်နေရာ ဘယ်မြို့ ဘယ်ဒေသမှာ ဘယ်သူ ဘယ်ဝါတွေဟာဖြင့် အို နာ သေရေး ဒုက္ခဘေးတွေနဲ့ ကြုံနေကြရှာတယ်၊ စီးပွားဥစ္စာတွေ ပျက်စီးနေကြတယ် စသည်ဖြင့် ကြားရုံမျှနှင့် သံဝေဂမဖြစ်ဘူး။ ကိုယ့်ရှေ့မှာ ယောကျာ်း၊ မိန်းမတွေ ဒုက္ခရောက်ကြ သေကျေပျက်စီးတာကို တွေ့မြင်တော့မှ “ငါလဲပဲ သူတို့လို ကြုံတွေ့ရဦးမှာပဲ”ဟု သံဝေဂဖြစ်သွားသော ပုဂ္ဂိုလ်။

ကြုံကြရသူတွေကို ကြားရမြင်ရတော့မှ သံဝေဂ ရတတ်ပါသည်။

## (၃) စမ္မ ဝေဓပုဂ္ဂိုလ်

တချို့မြင်းတွေကတော့ အရိပ်ပြရုံနှင့် မသွားဘူး။ ကြာပွတ်ပြရုံနှင့် မသွားဘူး။ အမွေးကျွတ်အောင်ရိုက်တာလည်း မသွားသေးဘူး။ အရေပြားစုတ်သွားအောင် ခပ်နာနာ ရိုက်ပေးမှသာ ခပ်သွက်သွက်ကလေး ပြေးပါတော့သည်။

တချို့လူတွေကျတော့လည်း သူတစ်ပါးတွေ ပျက်စီးတာ၊ ဆုံးရှုံးတာ၊ သေဆုံးသွားကြတာတွေကို မြင်ရုံ ကြားရုံ သိရုံမျှနှင့် စမ္မ သံဝေဂ မရကြသေးဘူး။ မိမိတို့ မိသားစုတွေထဲက ကိုယ့်အမေ ကိုယ့်အဖေ ညီအစ်ကို မောင်နှမ၊ ဇနီးမယား သမီးသား စတဲ့ ပုဂ္ဂိုလ်တွေ တစ်ဦးတစ်ယောက် သေဆုံးပျက်စီးတော့မှ ထိတ်လန့်ပြီး သံဝေဂရပါတော့သည်။

## (၄) အဋ္ဌိဝေဓပုဂ္ဂိုလ်

နောက်ဆုံး မြင်းကပ် မြင်းထုံမျိုးကတော့ ကြာပွတ်အရိပ်ပြလို့လည်း မရဘူး၊ အမွေးကျွတ်အောင် ရိုက်နှက်လည်း မသွားသေးဘူး၊ အရေစုတ်ပြီး အသားနီလံအောင် ရိုက်တာတောင်မှ မပြေးပါဘူး။ အဲဒီလို မြင်းကပ် မြင်းထုံ မြင်းပေမျိုးကျတော့ အရိုးကွဲအောင် ရိုက်နှက်ပြီး ဆုံးမ,မှသာ ရပါတော့တယ်။

အရိုးကွဲအောင် ရိုက်နှက်ပြီး ဆုံးမ,မှ ယဉ်ကျေးသော 'အဋ္ဌိဝေဒ'ခေါ်တဲ့ မြင်းမျိုး။ တူတဲ့လူတွေလည်း ရှိသေးသည်။

အများပြော အကြားသဘော ကြားရုံ မြင်ရုံ, ပတ်ဝန်းကျင်မှာ ဘယ်လိုခံစားနေရ နေရ သံဝေဂ မရပါဘူး၊ မတုန်လှုပ်ပါဘူး။

အဲ...ကိုယ်ကိုယ်တိုင် ဒုက္ခခံစားရတော့မှ အို–နာ–သေဘေး၊ စီးပွားပျက်ဘေး၊ စတာတွေ ကြုံတဲ့အခါကျမှသာ သံဝေဂဖြစ်သူကတော့ တရားသိတဲ့လူကတော့ အလွန်နောက်ကျသွားပါပြီ၊ ဘာမျှ အသုံးမကျတဲ့ လူ့ဗာလ စာရင်းဝင်သွားပြီး နောက်ဆုံးမှာ ဘာမှ အသုံးမဝင်တော့ သတ်စားရုံသာ ကျန်တော့တဲ့ အင္ဂဝေဒ ဆိုတဲ့ မြင်းလိုပါပဲ။

***(အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ ပတောဒသုတ်)***

အဲဒီ မြင်းလေးမျိုးနဲ့တူတဲ့ ပုဂ္ဂိုလ်လေးမျိုးကို သိရှိကြပြီးနောက် မိမိတို့တတွေဟာ ဘယ်အမျိုးအစားထဲမှာ ပါနေသလဲ၊ ဘယ်အမျိုးအစားတော့ အပါမခံဘူး ဆိုတဲ့ တရားအမြင် စိတ်ဓာတ် သံဝေဂ ဆင်ခြင်ပြီး ပြင်ဆင်ကြဖို့ လိုပါတယ်။

နောင်မှ တ,ရမယ့် 'နောင်တ'မျိုး မကြုံရဖို့ လိုပါတယ်။ ဒီတော့– ကိုယ်ရေးမကြုံခင်က သက်လုံကောင်းကောင်းနဲ့ အို–နာ–သေဘေး မလာမီ ဒါန–သီလ–ဘာဝနာ၊ဆိုတဲ့ အလုပ်များကို ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**(ဆောင်)** * အရိပ် ပြခါ၊ ပြေးလေပါ၊ ဆာယာဒိဋ္ဌခေါ်။
* အမွေးကျွတ်မှ၊ သတိရ၊ လောမဝေဒခေါ်။
* အရေစုတ်မှ၊ ပြေးလေက၊ စမ္မဝေဒခေါ်။
* အရိုးကွဲမှ၊ နောင်တရ၊ နောက်ကျသွားပြီနော်။

## အခန်း (၆)

# မင်္ဂလာဆွမ်းကပ်တရား

**နိဒါန်းစကား**

သတို့သားဖြစ်တဲ့ မောင်---နဲ့ မ---တို့ဟာ အရင်က ဘာမျှ မတော်ကြဘူး။ တစ်မိသားစီက ပေါက်ဖွားပြီး လူလား မြောက်လာကြတာပါ။ ဖူးစာကံဆုံလို့ ကြုံလာကြတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာမြင် ချစ်ခင်သွားကြပြီးနောက် အကြင်လင်မယား အဖြစ်သို့ ရောက်လာကြပြီ။ ဒါ အတိုချုပ် ယေဘုယျသဘောကို ဘုန်းကြီးပြောပြတာ။ ကိုယ့်ဇာတ်လမ်းကို ကိုယ်သိကြပြီးသားပဲ။

တစ်မိသားနဲ့ တစ်မိသမီး အိမ်ထောင်ရက်သားကျပြီး လက်ထပ် ထိမ်းမြားကြတယ်ဆိုတာ အမှန်အားဖြင့် ဆွေမျိုး နယ်ပယ် ကျယ်ပြန့်အောင် ချဲ့ထွင် ဆန့်ထုတ်လိုက်တဲ့ သဘော ပါပဲ။

သူ့မိဘ ကိုယ့်မိဘရယ်လို့ မခွဲခြားကြနဲ့။

သူ့မိဘဟာလည်း ကိုယ့်မိဘလို့ သဘောထားရမယ်။ ကိုယ့်မိဘဟာလည်း သူ့မိဘ ဖြစ်ကြရမယ်။

လင်ရယ် မယားရယ်ဆိုပြီး ဖြစ်လာကြတဲ့အခါမှာ ဝတ္တရားတွေ အသီးသီး ကိုယ်စီကိုယ်င ရှိလာကြတယ်။ လင်ကလည်း 'လင့်ဝတ္တရားငါးပါး' ကျေပွန်ရမယ်။ မယားလုပ်သူကလည်း 'မယားဝတ္တရားငါးပါး'ကျေပွန်ကြရပါမယ်။

## လင့်ဝတ္တရားငါးပါးက

"မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ"လို့ ဆိုတဲ့အတိုင်း-

နံပါတ်(တစ်) မိမိချစ်လို့ယူထားတဲ့ မယားကို ပေါက်လွတ်ပဲစား မထားရပါဘူး။ ကြင်ကြင်နာနာ ရှိရမယ်။ ချစ်စခင်စ ကြင်နာစ ညားခါစမှာတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ မခွဲနိုင် မခွာရက် အရိပ်တကြည့်ကြည့် နေတတ်ကြပါတယ်။ အချိန်ကာလ ကြာတော့ အချစ်ပြယ်ပြီး တစ်မျိုးတစ်ဖုံ ဖြစ်တတ်ကြတယ်။

နံပါတ်(နှစ်) အိမ်ထောင်ဦးစီးဖြစ်တဲ့ မိမိဟာ စီးပွားရှာဖို့ တာဝန်ရှိတယ်။ တာဝန်ရှိသည့်အားလျော်စွာ ရရှိလာတဲ့ စည်းစိမ်ဥစ္စာကို မယားထံ အပ်နှံရမယ်။

နံပါတ်(သုံး) မိမိဇနီးမယားမှတစ်ပါး တစ်ခြား အဆွယ်အပွားအမြှောင်မထားဘဲ သစ္စာရှိရမယ်။ ကာမေသုမိစ္ဆာစာရကံကို စောင့်ထိန်းရမယ်။

နံပါတ်(လေး) မိမိဇနီးမယား သွားရာလာရာ မျက်နှာမငယ်ရအောင် လှူတန်းစေ့ ဝတ်နိုင်စားနိုင် နေနိုင်အောင် ကြိုးစားရမယ်။

နံပါတ်(ငါး)ကတော့–သေတပန်သက်တစ်ဆုံး ရိုးမြေကျသည့်တိုင်အောင် ချစ်ခင်ကြင်နာစွာနဲ့ ပေါင်းသင်းသွားနိုင်အောင် ကြိုးစားကြရမယ်။

ဒါတွေဟာ ဘုန်းကြီး ချဲ့ထွင်ပြီးပြောတာ မဟုတ်ဘူး။ သိင်္ဂါလောဝါဒသုတ်မှာ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောထုတ်မိန့်ခြွေခဲ့တဲ့ ဒေသနာလာ စကားတွေပါပဲ။

ဘုန်းကြီးတို့ မြတ်စွာဘုရားသခင်ဟာ လောကုတ္တရာ ဓမ္မရေးရာမှာသာမက လောကရေးရာ လောကီကိစ္စ အဝဝကိုလည်း တစ်စမကျန် သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်ဖြင့် ကြည့်မြင်ပြီး စေ့စေ့စပ်စပ် ဟောကြားတော်မူခဲ့ပါတယ်။

တစ်ခါ မယားကလည်း မယားဝတ္တရား ငါးပါးရယ်လို့ ရှိပါတယ်။

## မယားဝတ္တရားငါးပါး

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ" ဆိုပြီးတော့ မှတ်သားရ လွယ်ကူအောင် သင်္ဂဇာဆရာတော်ဘုရားကြီးက ဤကဲ့သို့ လင်္ကာလေးတွေ သီကုံးထားခဲ့ပါတယ်။

အဓိပ္ပာယ်ကတော့...

နံပါတ်(တစ်) အချက်၊ အပြုတ်၊ အဖွတ်၊ အလျှော်၊ ဈေးသွား၊ ဈေးဝယ် စတဲ့ အိမ်တွင်းမှုကိစ္စတွေဟာ အိမ်ရှင်မဖြစ်တဲ့

မယားရဲ့ ဝတ္တရားပါ။ လင်ယောကျ်ားကို ဈေးဝယ်မခိုင်းပါနဲ့။ ကြည့်လို့ မကောင်းပါဘူး။ ဘုန်းကြီးနဲ့သိတဲ့ ဒကာကြီး တစ်ယောက် သူကိုယ်တိုင် ဈေးသွားဝယ်တယ်။ ဈေးသည်နဲ့ အပြောအဆိုမတည့်ဘဲ စကားများကြတယ်။ ဈေးမေးပြီးတော့ မဝယ်လို့တဲ့။ စကားများကြတော့ ဈေးသည်အမျိုးသမီးက ဘာ ပြောလွှတ်တယ် အောက်မေ့လဲ။

"ကြည့်စမ်းပါတော်– ယောကျ်ားတန်ကြီးဖြစ်လျက် ဈေးဝယ် ထွက်ရသတဲ့။ အပေါက်အလမ်းလည်း မတည့်ဘူး။ အံ့ပါတော်"လို့ ပြောပါသတဲ့။

နံပါတ်(နှစ်) ဝတ္တရားက–လင်ယောကျ်ားအပ်နှံတဲ့ငွေကြေး စတဲ့ စီးပွားဥစ္စာကို သိမ်းဆည်းတတ်ရမယ်။ အပ်သမျှ အကုန် သုံးမပစ်ရဘူး။

နံပါတ်(သုံး) မိစ္ဆာကြဉ်ရှောင် ဆိုတာကတော့ လင်ယောကျ်ား များမှာ သာမက အိမ်ရှင်မများဘက်ကလည်း သစ္စာရှိဖို့လိုတယ်။ မိမိလင်သားမှတစ်ပါး တခြားယောကျ်ားနှင့် အဆွယ်အပွား မထားရပါဘူး။ မဖောက်ပြားရပါဘူး။ ဒီခေတ်မှာ ဒါ သိပ်အရေး ကြီးပါတယ်။ တချို့က ဒီကိစ္စကို အလေးအနက် မထားကြ တော့ဘူး။ ခေတ်မီတယ် ခေတ်ဆန်တယ်ထင်ပြီး ဖောက်ပြန်နေကြ တာတွေ ကြားရသိရတယ်။ သတိထားကြပါ။

နံပါတ်(လေး) လျော်အောင်ဖြန့်ချိ ဆိုတာက– မိမိဝင်ငွေနဲ့ ထွက်ငွေ အဆင်ပြေအောင် သုံးစွဲတတ်ရမယ်။ ထွက်ငွေ နည်း နိုင်သမျှ နည်းပါးအောင် ချွေတာရမယ်။ နောက်ပြီးတော့ သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး၊ သူ့ဧည့်သည် ကိုယ့်ဧည့်သည်ရယ်လို့ မရွေးချယ်ဘဲ သင့်လျော်အောင် စီမံတတ်ရမယ်။

နောက်ဆုံး နံပါတ်(၎း) ဝတ္တရားကတော့–မပျင်းရိရဘူးတဲ့။ လင်ယောကျ်ားကတော့ အပြင်ထွက်ပြီး ကုန်းရုန်း စီးပွားရှာ၊ မယားလုပ်သူက အိမ်မှာ ဘာအလုပ်မှ မလုပ် တစ်ဝတပြဲစားပြီး အိပ်နေရင်လည်း မဟန်သေးဘူးပေါ့။ မောင်တစ်ထမ်း၊ မယ် တစ်ရွက်ဆိုတဲ့ စကားလို မယားကလည်း မပျင်းမရိဘဲ တာဝန်ရှိရှိ အလုပ်လုပ်ရမယ်။

အဲဒီလို ဝတ္တရားတွေ ကျေပွန်ကြမယ်ဆိုရင် သေရင်တောင်မှ နတ်ရွာသုဂတိသို့ ရောက်ကြမယ်။ နောက်ဆုံး ပါရမီပြည့်လို့ နိဗ္ဗာန်ဝင်ကြသည့်တိုင် ပါရမီဖြည့်ဖက်အဖြစ်နဲ့ အတူတကွ နိဗ္ဗာန်စံဝင်နိုင်တဲ့အကြောင်းကို–

"လှည်းဘီးပြင်က၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့် လင်၊ အရှင်နှင့် ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာတည့်၊ ဆရာ တပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းအတူ၊ သေမူမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ စံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်"လို့ မိန့်ဆိုထားပါတယ်။

ဆက်လက်ပြီးတော့ ဝတ္တရားမကျေဘဲ တာဝန်ဝတ္တရားတွေ ပျက်ကွက်ကြရင်တော့ အပါယ်လေးပါးသို့ပင် ကျရောက်နိုင် ကြောင်း အောက်ပါအတိုင်း မိန့်ဆိုထားပါတယ်။

"မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊
မလွတ်သာသည်၊ လေးရွာဘို့လုံးလုံး လူဖြစ်ရှုံး..."

## လှည်းဘီးကြီးလိုပဲ

လူ့ဘောင်ဘဝ လူ့အဖွဲ့အစည်းကြီးဟာ လှည်းဘီး (ကားဘီး) ကြီးနဲ့ တူတယ်။ လူ့ကျင့်ဝတ်သိက္ခာ ဝတ္တရားတွေကတော့

နားစောင့်(နတ်ခေါင်း)တွေနဲ့ တူပါတယ်။ ရထားလှည်းဘီး သို့မဟုတ်၊ မော်တော်ကားဘီးကြီး ပြုတ်ထွက်မသွားအောင် 'နားစောင့်' သို့မဟုတ် နတ်ခေါင်းတွေနဲ့ ကြပ်ထားရသလိုပါပဲ လူ့အဖွဲ့အစည်းကြီးကိုလည်း လူမှုကျင့်ဝတ်သိက္ခာတွေနဲ့ ထိန်းကွပ်ထားကြရပါတယ်။

အဲဒီတော့–သတို့သား, သတို့သမီးဖြစ်ကြတဲ့, (–+–)တို့ဟာ မင်္ဂလာဦးအချိန်မှာ မင်္ဂလာဆွမ်းကပ်လှူပြီးတော့ အလှူဒါနနဲ့ ဘဝကို စတင်လိုက်ကြပါပြီ။

ဒီလို အနန္တငါး ပါးကို ဦးထိပ်ထားပြီးတော့ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များအား မိမိတို့ တတ်စွမ်းသမျှ ဆွမ်းစသော ဒါနဝတ္ထု အစုစုတို့ကို လှူဒါန်းဆက်ကပ်ရသောကြောင့် မောင်နှင့်မယ်တို့သည် အသက်ရှည် ကျန်းမာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။ ဗုဒ္ဓသာသနာတော်မြတ်အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြသော သာသနာ့အာဇာနည် အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်ကြပါစေကုန်သတည်း။

## မင်္ဂလာသြဝါဒတရား

('ပါ'သုံးပါ၊ 'ချာ'သုံးချာ၊ 'ကွာ'သုံးကွာ)

ဒီကနေ့ မင်္ဂလာဆွမ်းဆက်ကပ်ကြတဲ့ သတို့သား မောင်––နဲ့ သတို့သမီး မ–––တို့ကို မိဘများက မိဘဝတ္တရားထဲမှာ နောက်ဆုံးဖြစ်တဲ့ 'ထိမ်းမြားခြင်းလျှင်'ဆိုတဲ့ ဝတ္တရားနှင့်အညီ ဆောင်ရွက်ပေးလိုက်ကြပါပြီ။ သတို့သား, သတို့သမီးဖြစ်တဲ့ မောင်နဲ့မယ်တို့ဟာ အကြင်လင်မယား ဖြစ်ပြီးတဲ့နောက်မှာ

လင်ဝတ္တရား၊ မယားဝတ္တရားဆိုတာတွေ ရှိပါတယ်။ အဲဒီဝတ္တရား တွေကိုလည်း ကျေပွန်အောင် ထမ်းဆောင်ကြဖို့ လိုပါတယ်။

ဒီတော့ ဒီနေ့ ဘုန်းကြီးပြောချင်တဲ့ မင်္ဂလာသြဝါဒတရား ကတော့...

'ပါ'သုံးပါ၊ 'ချာ'သုံးချာ၊ 'ကွာ'သုံးကွာ–ဆိုတဲ့ အလွန် မှတ်သားစရာကောင်းတဲ့ သတိထားစရာကောင်းတဲ့ အချက် သုံးချက်ပါပဲ။

## ပါသုံးပါ

(တစ်) လင်ယောကျ်ားဘက်မှဖြစ်စေ, ဇနီးမယားဘက်မှ ဖြစ်စေ နှစ်ဖက်စလုံးနဲ့ သက်ဆိုင်တဲ့အချက်ကတော့ ရောဂါ တစ်မျိုးမျိုး ပါလာခြင်း–

(နှစ်) လင်ဘက်မှဖြစ်စေ, မယားဘက်မှဖြစ်စေ–သားသမီး, အဆွယ်အပွားများ ပါလာခြင်း–

(သုံး) ကြွေးတွေပါလာခြင်း–

ဒီ'ပါ'သုံးပါ တစ်ဦးဦးဘက်မှ ပါလာရင် ဒီအိမ်ထောင်ရေးဟာ ကြာရှည် မခိုင်မြဲနိုင်ပါဘူး။ သတိထားစရာပါ။ ရှောင်ကြဉ် ကြစရာပါ။

## ချာသုံးချာ

'ချာ'သုံးချာ ဆိုတာကတော့–

(တစ်) အသိပညာ (အသိဉာဏ်)နဲ့ချာခြင်း

လင်ဖြစ်စေ, မယားဖြစ်စေ အသိဉာဏ် နဲ့ချာလွန်းလျှင်

မကောင်းပါ။ တစ်ယောက်က အသိနဲ့ချာပေမယ့် တစ်ဦးက အသိရှိပြီး ဦးဆောင်သွားရင် တော်ပါသေးတယ်။ နှစ်ဦးစလုံး အသိပညာ နံ့ချာကြရင်တော့ သုံးရတော့မှာ မဟုတ်ပါဘူး။

(နှစ်) အတတ်ပညာ နံ့ချာခြင်း

အသက်မွေးမှုဆိုတဲ့ အတတ်ပညာတစ်ခုခု တတ်မြောက်ထားသူဟာ စားဝတ်နေရေး အဆင်ပြေနိုင်ပါတယ်။ ကျောင်းပညာဘွဲ့ဒီဂရီတွေရ မရကို မဆိုလိုပါဘူး။ အတတ်ပညာတစ်ခုကိုယ်စီပါလျှင် ကျောင်းပညာမရှိလည်း အသက်မွေးဝမ်းကျောင်းမှုပြုနိုင်ကြပါတယ်။ အတတ်ပညာ နံ့ချာရင်တော့ မကောင်းပါဘူး။

(သုံး) ကိုယ်ကျင့်သီလ နံ့ချာခြင်း

ဒါ အရေးကြီးပါတယ်။ ကိုယ်ကျင့်သိက္ခာရှိဖို့ လိုပါတယ်။ အကျင့်သိက္ခာမရှိတဲ့လူဟာ ဘယ်လိုမှ လူရာဝင်မှာ မဟုတ်ပါဘူး။ ကြီးကျယ်ချမ်းသာဖို့လည်း မလွယ်ပါဘူး။ ကိုယ်ကျင့်သိက္ခာမရှိတဲ့သူဟာ စိုင်ကော်လို့ ချုပေါ်ရောက်သွားတဲ့အဖြစ်မျိုးကြုံလည်း ခဏပါပဲ။ အကောင်းဆုံးကတော့ ရိုးရိုးသားသားနဲ့ ကြိုးကြိုးစားစား နေထိုင် လုပ်ကိုင်သွားနိုင်ကြရင် အကောင်းဆုံးပါပဲ။

ကွာသုံးကွာ

နောက်ဆုံးအချက်ဖြစ်တဲ့ 'ကွာ'သုံးကွာကို ပြောရအောင်–

(တစ်) လူမျိုးချင်း ကွာခြားခြင်း

ဒါဟာ သတိထားစရာပါ။ ဒီကနေ့ခေတ်လို ဈေးကွက်စီးပွားရေး တံခါးဖွင့်ကာလမှာ နိုင်ငံခြားသားတွေဟာ မိမိတို့ပြည်ထဲမှာ လာရောက်ပြီး အလုပ်လုပ်ကိုင်ကြပါတယ်။ ကုမ္ပဏီ

တွေ ဖွင့်ကြပါတယ်။ ဖက်စပ်တွေ ထောင်ကြပါတယ်။ ဟိုတယ်၊ မိုတယ်ဆိုတာတွေ ဆောက်ကြပါတယ်။ ဒီအခါမှာ လူမျိုးချင်း ဆက်ဆံမှုဟာ အလုပ်သဘောအရ ရှိလာပါမယ်။

အလုပ်သဘောထက် ပိုပြီး ဆက်ဆံမိပါက လူမျိုးချင်း ငြိစွန်းတာတွေ ဖြစ်လာနိုင်ပါတယ်။ တလောကလည်း သတင်းစာ ထဲမှာ ဒီလိုကိစ္စမျိုး ဖတ်လိုက်ရတယ်။ ထိုင်ဝမ်နိုင်ငံသားနဲ့ မြန်မာအမျိုးသမီး လက်ထပ်ပြီး ကွဲကြကွာကြတဲ့ကိစ္စပါ။ ဒီကိစ္စမှာ ကြားပွဲစားတွေက အောင်သွယ်လုပ်ပြီး ကောင်းစားအောင်၊ ချမ်းသာအောင်၊ နိုင်ငံခြားမှာ ဇိမ်ကျကျ နေထိုင်နိုင်အောင်ဆိုတဲ့ မက်လုံးတွေပေးပြီး ငွေကြေးယူကာ အောင်သွယ်ပေးကြတယ်။ လက်ထပ်ပေးကြတယ်။ ရက်သတ္တ တစ်ပတ်တောင် မကြာဘဲ ကွဲသွားကြတယ်။ ပြဿနာတွေတက်ကြတယ်။ ဒီလိုကိစ္စမျိုးတွေ မဖြစ်ပွားအောင် လူမျိုးချင်း ကွာခြားတဲ့ လူမျိုးခြားကို မြန်မာ အမျိုးသမီးများ ရှောင်ရှားနိုင်ကြရင် အကောင်းဆုံးပါပဲ။ ဒါက ပူပူနွေးနွေး ဖြစ်ရပ်ကို ဥပမာပြလိုက်တာပါ။ ဒီလို လူမျိုးကွဲ လက်ထပ်လို့ ဒုက္ခရောက်ကြတဲ့ကိစ္စတွေ တစ်ပုံကြီးပါ။

(နှစ်) အယူဘာသာတရား ကွာခြားခြင်း

ဒီကိုးကွယ်မှု ဘာသာတရား ကွာခြားမှုကိုလည်း အထူး သတိထားပြီး စဉ်းစားသင့်ကြပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ကြစဉ်ကတော့ အပြစ်ကို မမြင်နိုင်ကြပါဘူး။ ကိုယ့်ဘာသာကိုယ် ကိုးကွယ်ရုံပဲဆိုပြီး ခပ်ပေါ့ပေါ့ သဘော ထားခဲ့ကြပါတယ်။

ဟော...သား,သမီးတွေ ရတဲ့အခါကျတော့ ခက်ရော။ သား သမီးတွေက ဘယ်ဘာသာလိုက်ရမှန်းမသိ ဖြစ်ကုန်ရော။ အဆွဲ

ကောင်းတဲ့ဘက် ပါကုန်ရော။ ဒါဟာ–ဒီ အယူဘာသာ ကွာခြား ချက်ကိုလဲ သတိထားစရာပါပဲ။

(သုံး) အရပ်ဒေသ ကွာခြားခြင်း

အရပ်ဒေသ ဝေးကွာခြင်းဟာလည်း အိမ်ထောင်ရေးခိုင်မြဲမှုမှာ အနှောင့်အယှက် ဖြစ်တတ်ပါတယ်။ 'နယ်ကန်တယ်–နယ်လု တယ်'ဆိုတဲ့ စကားဟာ ဒီလိုအရပ်ဒေသ ကွာခြားရာက ဖြစ်ပေါ် လာတဲ့ စကားတစ်ရပ်ပါ။

ဘယ်သူနဲ့ဘယ်သူကတော့ စလယ်ဝင် ဖင်မမည်းခင်က (ခုတော့ စလယ်ဝင်အိုးဆိုတာလည်း မရှိတော့ပါဘူးလေ။ စကား အဖြစ်ပြောရတာပါ) နယ်ကန်ပြီး ကွဲကြပြီဆိုတာတွေကို မကြာ ခဏ ကြားနေရပါတယ်။ ဒီတော့ အရပ်ဒေသ သိပ်ပြီး ကွာခြား လွန်းတာကိုလည်း အိမ်ထောင်ဘက် မရွေးချယ်သင့်ပါဘူး။

အခု ဘုန်းကြီး ဩဝါဒပေးတဲ့ 'ပါသုံးပါ၊ ချာသုံးချာ၊ ကွာ သုံးကွာ'ဆိုတာ ကျမ်းဂန်လာစကား မဟုတ်ပေမယ့် အိမ်ထောင်မှု ကိစ္စ သတို့သား သတို့သမီး ရွေးချယ်ကြတဲ့ကိစ္စမှာ သတိထားစရာ မှတ်သားစရာကောင်းလွန်းလို့ ဗဟုသုတအဖြစ် မဂ်လာဩဝါဒ စကားအဖြစ် ပြောကြားပေးလိုက်ခြင်း ဖြစ်ပါတယ်။

သစ္စာရှိရှိ မေတ္တာရှိရှိ ပေါင်းသင်းနိုင်ကြပါစေ။

ဗုဒ္ဓသာသနာတော်အကျိုးကိုလည်း စွမ်းနိုင်သလောက် သယ်ပိုးထမ်းဆောင်နိုင်ကြပါစေ။

နိဂုံးဆုတောင်း

ကူဋ္ဌိတံ=ဟိုဟိုဒီဒီ အလီလီဖြင့် ကြံစည်ရည်မှတ် မျှော်လင့် အပ်သော၊ ပတ္ထိတံ=တကြောင့်ကြကြ မဖြောင့်လှအောင် တောင့်တ

ရှုယ်မှတ် မျှော်လင့်အပ်သော၊ တုယ့်–တုမှာကံ=သင် သတို့သား သတို့သမီးတို့၏၊ ဝရံ=တောင့်တရှုယ်စူး၊ မြတ်ဆုထူးဟူသမျှသည်၊ ခိပ္ပမေဝ=မကြာမတင် ဆောလျှင်စွာ၊ သမိဇ္ဈတု=ကောင်းမှုထိုထို ဟောင်းဆုဆို၍ အလိုဆန္ဒ ဟူသမျှကို ခဏမသွေ ပြည့်စုံနိုင်ကြ ပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု

## အခန်း (၇)

# ပရိတ်တော်အသွယ်သွယ် သိမှတ်ဖွယ်

## ပရိတ်တရား

'ပရိတ်'ဟူသည် အရံအတား ဖြစ်သည်။ အစောင့်အရှောက် ဖြစ်သည်။ လူတို့သည် မြင်ရသော ရုပ်ဝတ္ထုအန္တရာယ်ဘေးများမှ ကင်းဝေးစေရန် ခြံစည်းရိုးများ၊ အုတ်တံတိုင်းများခတ်၍ ကာကွယ်ကြပါသည်။ ဘုရားစေတီ ကျောင်းကန်ဘုရားများကို ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန် အုတ်တံတိုင်းများဖြင့် ကာရံ၍ ထားကြရသည်။

လူတို့နေအိမ် ခြံမြေတိုက်တာများကိုလည်း ရန်သူမျိုးငါးပါး ဘေးမှ ကင်းဝေးစေရန် ခြံစည်းရိုးများခတ်၍ ထားကြရပါသည်။ ရုပ်ဝတ္ထုအန္တရာယ်များကို အုတ်တံတိုင်း ခြံစည်းရိုးကာရံ၍ ကာကွယ်စောင့်ရှောက်ကြရသလို မမြင်ရသော ဘေးအန္တရာယ် များမှ ကင်းဝေးစေရန် 'ပရိတ်တရား'တည်းဟူသော အရံအတား ဖြင့် ကာကွယ်ကြရပါသည်။

## ပရိတ်ဟူသည်

'ပရိသမန္တတော ရောဂါဘယ အန္တရာယေဟိ တာယတိ ရက္ခတီတိ ပရိတ္တံ...'ဟူသော ဝိဂြိုဟ် ဝစနတ္ထအရ–

ပရိသမန္တတော=ထက်ဝန်းကျင် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာတို့မှ၊ ရောဂါဘယ အန္တရာယေဟိ=ရောဂါဘေးအန္တရာယ်တို့မှ၊ တာယတိ–ရက္ခတိ=ကာကွယ်စောင့်ရှောက်တတ်၏။ ဣတိတသ္မာ=ထို့ကြောင့်၊ (တံ ဓမ္မဇာတံ=ထိုတရားအပေါင်းသည်) ပရိတ္တံ=ပရိတ္တ မည်၏(ပရိတ်မည်၏)

## ပရိတ်(၁၁)သုတ်

ယနေ့ မြန်မာနိုင်ငံတွင် သံဃာတော်များနှင့်တကွ ဗုဒ္ဓဘာသာဝင်များ ရွတ်ဖတ်သုံးစွဲနေကြသော ပရိတ်တော်မှာ (၁၁)သုတ်ရှိသည်။ ပရိတ်ကြီး ၁၁–သုတ်ဟု ခေါ်သည်။ ပရိတ်ကြီး(၁၁)သုတ်မှာ–

(၁) မင်္ဂလသုတ်
(၂) ရတနသုတ်
(၃) မေတ္တသုတ်
(၄) ခန္ဓသုတ်
(၅) မောရသုတ်
(၆) ဝဋ္ဋသုတ်
(၇) ဓဇဂ္ဂသုတ်
(၈) အာဋာနာဋိယသုတ်
(၉) အင်္ဂုလိမာလသုတ်

(၁၀) ဓဇဂ္ဂသုတ်
(၁၁) ပုဗ္ဗဏှသုတ်တို့ ဖြစ်ပါသည်။

(၁) မင်္ဂလသုတ်၊ (၂) ရတနသုတ်နှင့် (၃) မေတ္တသုတ်တို့သည် ခုဒ္ဒကပါဌပါဠိတော်၊ သုတ္တနိပါတ် ပါဠိတော်တို့၌ ပါရှိ၏။

မင်္ဂလသုတ်သည် ဒသက နိပါတ်၊ မဟာမင်္ဂလဇာတ်၌လည်း လာ၏။

(၄) ခန္ဓသုတ်သည်–အင်္ဂုတ္တိုရ်၊ စတုက္က နိပါတ်ပါဠိတော်။ ဒုကနိပါတ်၊ ခန္ဓဇာတ်။ ဝိနည်းစူဠဝါပါဠိတော် ခန္ဓက (ခုဒ္ဒကဝတ္ထု)တို့၌ လာ၏။
(၅) မောရသုတ်သည်–ဒုကနိပါတ်၊ မောရဇာတ်၌လာ၏။
(၆) ဝဋ္ဋသုတ်သည်–ဧကနိပါတ်၊ ဝဋ္ဋကဇာတ်နှင့် စရိယာ ပိဋကတ်၌လည်း လာ၏။
(၇) ဓဇဂ္ဂသုတ်သည်–သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ လာရှိ၏။
(၈) အာဋာနာဋိယသုတ်သည်–သုတ်ပါထေယျ ပါဠိတော်၌ လာရှိ၏။
(၉) အင်္ဂုလိမာလသုတ်သည်–မဇ္ဈိမ ပဏ္ဏာသပါဠိတော်၌ လာ၏။
(၁၀) ပုဗ္ဗဏှသုတ်သည်–အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်တို့၌ လာရှိ၏။

ပရိတ်အကျိုး

မင်္ဂလသုတ်သည် ဘုန်းကျက်သရေ တိုးပွားခြင်း၊ မင်္ဂလာ ရှိခြင်း စသော အကျိုးတရားများကို ရရှိနိုင်၏။

* ဘုန်းကျက်သရေ၊ ပြည့်ဖြိုးဝေ၊ ရွတ်လေ မင်္ဂလသုတ်။

ကပ်ကြီးသုံးပါးမှ ကင်းဝေးရှောင်ရှားစေရန် ရတနသုတ်ကို ရွတ်ဖတ်ရပါသည်။

* ကပ်ကြီးသုံးဖြာ၊ ဘေးကြုံလာ၊ ရွတ်ပါ ရတနသုတ်။

လူများ–နတ်များက မိမိအား ချစ်ခင်လိုလျှင် လူများက ကူညီ မ,စကြပြီး နတ်များ မိမိကို ကူညီစောင့်ရှောက်စေရန် မေတ္တာသုတ်ကို ရွတ်ရမည်။ မေတ္တာဘာဝနာများ ပွားများကြရမည်။

* လူ–နတ်ပုဂ္ဂိုလ်၊ ချစ်စေလို၊ ရွတ်ဆိုမေတ္တာသုတ်။

## မေတ္တာအကျိုး(၁၁)မျိုး

ဤသို့ မေတ္တာအကျိုး (၁၁)မျိုးကို ဖော်ပြလိုပေသည်။ ပရိတ်ရွတ်ရာတွင်လည်း ထည့်သွင်း ဟောကြားနိုင်သည်။

(၁) သုခံ သုပတိ = ချမ်းသာစွာ အိပ်စက်ရခြင်း

(၂) သုခံ ပဋိဗုဇ္ဈတိ = ချမ်းသာစွာ အိပ်ရာမှ နိုးထရခြင်း

(၃) န ပါပကံ သုပိနံ ပဿတိ = မကောင်းသော အိပ်မက်ဆိုးများကို မမြင်မမက်ခြင်း၊

(၄) မနုဿာနံ ပိယော ဟောတိ = လူတွေက ချစ်ခင်ခြင်း၊

(၅) အမနုဿာနံ ပိယော ဟောတိ = လူမှတစ်ပါး နတ်ဒေဝတာ စသော အခြားသော ပုဂ္ဂိုလ်များကလည်း ချစ်ခင်ခြင်း

(၆) ဒေဝတာ ရက္ခန္တိ = နတ်များက စောင့်ရှောက်ခြင်း၊

(၇) နာသသ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ = မီးဘေး၊ အဆိပ်အတောက်ဘေး၊ ဓားလက်နက်ဘေးမှ ကင်းဝေးခြင်း မကျရောက်နိုင်ခြင်း။

(၈) တုဝဋ္ဋံ စိတ္တံ သမာဒိယတိ= စိတ်တည်ကြည်ခြင်း၊ သမာဓိရလွယ်ခြင်း၊

(၉) မုခဝဏ္ဏော ပသီဒတိ = မျက်နှာရုပ်အဆင်း ကြည်လင်သန့်ရှင်းခြင်း

(၁၀)အသမ္မူဠှော ကာလံကရောတိ = မတွေမဝေ သေရခြင်း

(၁၁)ဥတ္တရိအပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ = သေလွန်ပြီး နောက်တွင်လည်း ဗြဟ္မာ့ပြည်သို့ ရောက်ရခြင်းတို့ ဖြစ်ပါသည်။

ဆောင်ပုဒ်လင်္ကာ

အိပ်နိုးချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်ကြပ်နတ်များ၊ မီး–ဆိပ်–ဓားတို့၊ ရှောင်ရှားကိုယ်မှာ လျင်စွာစိတ်တည်၊ ရှင်ကြည်မျက်နှာ၊ သေခါ မတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

– မြွေ–ကင်း–ဆင်–ကျား စသော တိရစ္ဆာန်များ၏ ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းဝေးစေလိုလျှင် ခန္ဓသုတ်ကို ရွတ်ရမည်။

* မြွေ–ကင်း၊ သစ်–ကျား၊ ဘေးကြုံကြား၊ ရွတ်ပွား ခန္ဓသုတ်။

- အချုပ်အနှောင်ဘေးမှ ကင်းဝေးစေရန် လူလိမ်လူကောက်ဘေးမှ ကင်းဝေးစေရန်၊ ပရိယာယ်မာယာများ ရှောင်ရှားစေရန် မောရသုတ်ကို ရွတ်ရမည်။

* ချုပ်နှောင်ကြိုးတပ်၊ ဘေးကြုံလတ်၊ ရွတ်အပ် မောရသုတ်။

- မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် မီးဘေးရန်မှ ကာကွယ်ရန် ဝဋ္ဋသုတ်ကို ရွတ်ရပါသည်။

* တောဇအဂ္ဂိ၊ မီးဘေး ငြိ၊ ရွတ်ဘိ ဝဋ္ဋသုတ်။

- အပြိုင်အဆိုင် အနိုင်ကြံရမည့်ပွဲများ အရှုံးအနိုင် ပြောဆိုရမည့်ကိစ္စများ–ပြိုင်ဆိုင်ရမည့်ကိစ္စဟူသမျှ၌ (တရားသဖြင့်) အနိုင်ရရှိစေရန် ဓဇဂ္ဂသုတ်တော်ကို ရွတ်ဖတ်ပူဇော်သင့်ကြပါသည်။

* ရှုံးနိုင် ပြိုင်ပွဲ၊ စစ်ဆင်နွှဲ၊ ရွတ်မြဲဓဇဂ္ဂသုတ်။

- စုန်း–ဖုတ်–တစ္ဆေ သရဲဘေး၊ မကောင်းဆိုးဝါး ဘေးရန်အပေါင်းမှ ကင်းဝေးကြစေရန် အာဋာနာဋိယသုတ်တော်ကို ရွတ်ရပါသည်။

* စုန်း–ဖုတ်–တစ္ဆေ၊ ဘေးကြုံနေ၊ ရွတ်လေ အာဋာနာဋိယသုတ်။

- အမျိုးသမီးများ အာဝေဏိက ဒုက္ခတစ်ခုဖြစ်သော မီးဖွားခြင်းကိစ္စ၊ ချောမောစွာ မီးမဖွားနိုင်သော် ဤ အင်္ဂုလိမာလပရိတ်ကို ရွတ်ရမည်။ မိခင်ရော ကလေးငယ်ပါ ဤပရိတ်၏ စွမ်းအင်ကြောင့် ဘေးမသီ ရန်မခ ချမ်းသာသုခ ပြည့်ဝစွာ မွေးဖွားနိုင်၏။

* အမျိုးသမီးများ၊ မီးမဖွား၊ ရွတ်ပွား အင်္ဂုလိမာလသုတ်။

- ခန္ဓာဒုက္ခကို ရရှိထားကြသူတိုင်း ဗျာဓိဒုက္ခကို ကြုံကြရ

ပေမည်။ မကျန်းမမာ အနာရောဂါ စွဲကပ်ခြင်းများဖြစ်သော် ဤဗောဇ္ဈင်သုတ် ပရိတ်တော်ကို ရွတ်ဖတ်ပေးခြင်းဖြင့် ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေနိုင်ပါသည်။

* မကျန်းမမာ ရှိသောခါ၊ ရွတ်ပါဗောဇ္ဈင်သုတ်။

– အတိတ်နိမိတ်များ မကောင်းခြင်း, ကိုယ်လက် လေးလံထိုင်းမှိုင်းခြင်း, လုပ်ငန်းဆောင်တာများ လုပ်ကိုင် ဆောင်ရွက်ရာတွင် စိတ်မပါခြင်း, အလွဲလွဲ အချော်ချော် ဖြစ်ခြင်း စသည်များ တွေ့ကြုံသော် ပုဗ္ဗဏှပရိတ်ကို ရွတ်ပြီး ကာကွယ်နိုင်ပါသည်။ ပရိတ်တော်စွမ်းအင်က စောင့်ရှောက်ပေးပါလိမ့်မည်။

* တိတ် နိမိတ်များ၊ မကောင်းငြား၊ ရွတ်ပွား ပုဗ္ဗဏှသုတ်။

ဤကား ပရိတ်(၁၁)သုတ်အကျိုးတရားကို သိသာရုံမျှ မှတ်သားလွယ်ရုံမျှသာ ရေးသားလိုက်ပါသည်။ အကျယ်သိလိုက ဟောပြောလိုက ဆက်လက်ဖတ်ရှု၍ ကုသိုလ်ပွားကြပါကုန်။

မိမိတို့သည် တစ်နေ့ဝင် တစ်နေ့ထွက်ကာ တစ်ရက်သို့ ကူးပြောင်းပြီး သေမည့်ရက်ကို စောင့်နေရသကဲ့သို့ ဖြစ်ဘိသည်။ သို့ဖြစ်ရာ ရရှိခဲ့စွာ ရလာသော မနုဿတ္တ ဒုလ္လဘ လူ့ဘဝ ခဏတာလေးကို တန်ဖိုးရှိစွာ အသုံးချသွားတတ်ကြရန် လိုအပ်ပါသည်။ အများပိုင် 'ဘုံဆိုင်ကိစ္စ'များနှင့်ချည်းသာ အချိန်ကုန်မခံကြဘဲ မိမိ၏ ဘဝရေး၊ သံသရာရေး၊ လောကုတ္တရာရေး ကိစ္စများဖြစ်သော 'ကိုယ်ပိုင်ကိစ္စ'ကိုလည်း မမေ့ကြရန် ဖြစ်ပါသည်။ သို့အတွက် တစ်နေ့တစ်ရက် ကုန်ဆုံးသွားတိုင်း 'တစ်နေ့တာမှတ်တမ်း' စစ်တမ်းထုတ်ကြည့်သင့်ကြပါသည်။ စစ်တမ်းထုတ်ကြည့်ကြပါ–ဟု တိုက်တွန်းမှာကြားလိုပေသည်။

**တစ်နေ့တာစစ်တမ်း**

လောကလူ့ရွာ၊ လူဖြစ်လာသော်၊ ချိန်ခါဆိုစို့၊ တစ်နေ့ဖို့တွင်၊ မချို့ဥစ္စာ။ ရတုံရာ၏ ။ ဥစ္စာခနေ၊ ရှာမရကာ၊ သိပ္ပသော်လည်း၊ ဖွေရှာဆည်းလော့။ တစ်နည်းသိပ္ပံ၊ မရပြန်သော်၊ နိဗ္ဗာန်အတွက်၊ တရားဖက်လော့။ တစ်ရက်အမှု၊ တစ်ခုလေးမျှ၊ ရှာမရမူ၊ ထိုသသူလျှင်၊ မှတ်ယူစွဲသုံး၊ လူဖြစ်ရှုံး၍၊ အသုံးမကျ၊ ဖြစ်ရလိမ့်မည်။ အသုံးမကျ၊ မဖြစ်ရအောင်၊ ခနေဥစ္စာ၊ တစ်ဖြာသိပ္ပ၊ မြတ်ဓမ္မကို၊ မုချမလွဲ၊ အရခဲလော့။ ။

*(ဗုဒ္ဓဘာသာလက်စွဲစာအုပ်မှ)*

၁။ မင်္ဂလသုတ်

***(မင်္ဂလသုတ် ဖြစ်ပေါ်လာပုံ)***

ဗုဒ္ဓမြတ်စွာ မင်္ဂလာတရား ၃၈–ပါးကို မဟောကြားမီက လူတို့သည် မင်္ဂလာနှင့် ပတ်သက်၍ ဒိဋ္ဌိဟပွားကာ မင်္ဂလာတရားကို အမျိုးမျိုး အစားစား ပြောကြားနေကြလေသည်။ တချို့က ဒိဋ္ဌမင်္ဂလာ=မြင်လိုသောအရာ ကောင်းသောမြင်ကွင်းကို မြင်ရတာ မင်္ဂလာ။ တချို့က သုတမင်္ဂလာ=ကြားချင်သောအသံ ကောင်းသောသဒ္ဒါရုံကို ကြားရတာ မင်္ဂလာ။ စားချင်သောခဲဖွယ်ဘောဇဉ် ရသာရုံများကို စားသုံးရတာ မင်္ဂလာ, ထိတွေ့ကိုင်တွယ်ချင်သော ဖောဋ္ဌဗ္ဗာရုံအတွေ့ မျိုးစုံကို ကိုင်တွယ်သုံးသပ်ရတာ မင်္ဂလာ စသည်ဖြင့် 'မင်္ဂလာ'၏ အနက်အဓိပ္ပာယ်ကို အမျိုးမျိုး ဖွင့်ဆိုနေကြလေ၏ ။ ၁၂–နှစ်မျှ ကြာသွားခဲ့လေပြီ။

ဤ၌ ကောလာဟလ (၅)မျိုးရှိကြောင်း သိအပ်၏ ။

ကောလာဟလ (၅)မျိုး

(၁) ကပ္ပ ကောလာဟလ = ကမ္ဘာကြီးပျက်စီးရန် နှစ်ပေါင်း တစ်သိန်းခန့်မှ ကြိုတင်၍ ကောလာဟလ ဖြစ်ပေါ်သည်။

(၂) ဗုဒ္ဓ ကောလာဟလ = လောကတွင် ဘုရားပွင့်မည်ဆိုလျှင် အနှစ်တစ်ထောင်ခန့် ကြိုတင်၍ ကောလာဟလ ဖြစ်ပေါ်သည်။

(၃) စက္ကဝတ္တိ ကောလာဟလ = စကြာဝတေးမင်းပေါ်ရန်ကို မူ နှစ်ပေါင်းတစ်ရာမှ ကောလာဟလ စတင် ဖြစ်ပေါ်တတ်သည်။

(၄) မင်္ဂလ ကောလာဟလ = မင်္ဂလာတရား ဟောကြားရန် (မဟောကြားမီ) တစ်ဆယ့်နှစ်နှစ်မှ စတင်၍ ကောလာဟလ ဖြစ်ပေါ်သည်။

(၅) မောနေယျ ကောလာဟလ = မောနေယျ အကျင့်ကျင့်သော ပုဂ္ဂိုလ်ပေါ်ပေါက်ရာတွင်မူ ခုနစ် နှစ်ကြိုတင်၍ ကောလာဟလ ဖြစ်တတ်၏။

**(ဆောင်)*** သိန်းမှာ ကမ္ဘာ၊ ထောင်မှာ ဘုရား၊ ရာကား စကြာ၊ မင်္ဂလာဆယ့်နှစ်နှစ်၊ ခုနစ်နှစ် မောနေယျ၊ ဤ ငါး၀၊ မှတ်ကြ ကောလာဟလ။

ကောလာဟလ ငါးမျိုးတွင် မင်္ဂလာတရား၊ ဟောကြားရန် နှစ်ပေါင်း ၁၂–နှစ်ကြာမျှ ကောလာဟလ ဖြစ်ပေါ်နေခဲ့သည်။ ဤမင်္ဂလာ ပြဿနာသည် လူတို့နေထိုင်ရာ လူ့ပြည်မှာသာမက နတ်ပြည်တိုင်အောင် ရောက်ရှိသွားလေသည်။ နတ်များသည် လည်း မင်္ဂလာကိစ္စ ငြင်းကြခုံကြ ဝိဝါဒဖြစ်နေလေရာ သိကြား မင်းကြီးသည် မနေနိုင်တော့ဘဲ လူ့ပြည်သို့လာကာ မြတ်စွာဘုရား အား မင်္ဂလာပြဿနာ ရှင်းပေးပါရန် မင်္ဂလာတရား ဟောကြား တော်မူပါရန် လျှောက်ထားရလေတော့သည်။

မင်္ဂလသုတ် နိဒါန်းပါဠိတော်တွင် 'အထခေါ အညတရာ ဒေဝတာ–'ဟု ပါရှိရာ 'အညတရာ ဒေဝတာ'ဟူသည်မှာ မထင်ရှားသော နတ်သားဟူ၍ ဖြစ်လေ၏။ အဘယ့်ကြောင့် သိကြားမင်းဖြစ်ကြောင်း သိနိုင်သနည်း။

နတ်ဗြဟ္မာတို့တွင် လူ့ပြည်သို့ဆင်းသက်၍ ဘုရားဖူးမြော်ချိန် တရားတော်နာယူချိန်မှာ သီးသန့် ရှိကြပါသည်။

ဗုဒ္ဓမြတ်စွာသည် နံနက်မိုးသောက်မှ နေလုံးကွယ်ပျောက် မိုးချုပ်ချိန်ရောက်သည်အထိ ရဟန်းပရိသတ်၊ ဘိက္ခုနီ ပရိသတ်၊ လူယောကျ်ားပရိသတ်၊ လူမိန်းမပရိသတ်ဟု ဆိုအပ်သော ပရိသတ်လေးပါးတို့အား တရားဓမ္မများ ဟောကြားပေးတော်မူ ခြင်း၊ ပြဿနာများ ဖြေရှင်းပေးတော်မူခြင်း၊ ကျွတ်ထိုက်သူများကို ချေချွတ်ခြင်း စသည်ဖြင့် အားလပ်တော်မမူချေ။

ဗုဒ္ဓမြတ်စွာသည် တိုတောင်းသော ၄၅–နှစ်တာကာလတွင် နေ့မအား ညမနား၊ မနားမနေ ကိုယ်ပင်ပန်းမှု၊ စိတ်တော်ပင်ပန်းမှု အခြေအနေကို မငဲ့မရှုတော်မူဘဲ ဝေနေယျ သတ္တဝါများကို မဟာကရုဏာတော်မြတ်ဖြင့် ချီးမြှောက်ကယ်တင်တော်မူခဲ့ပါ သည်။

သို့ဖြစ်ရာ နေ့ခင်းအချိန်များသည် ပရိသတ်လေးပါး (လူသား)တို့အတွက်ဖြစ်ရာ နတ်, ဗြဟ္မာများတို့သည် ညအချိန်တွင် ဗုဒ္ဓဘုရားထံ လာရောက်ကြပါသည်။

- စတုမဟာရာဇ်နတ်တို့သည် ဗုဒ္ဓဘုရားထံ ဖူးမြော်ရန် တရားနာရန် ညဥ့်ဦးယံ၌ လာကြပါသည်။
- တာဝတိံသာနတ်တို့သည် ဗုဒ္ဓဘုရားထံ သန်းခေါင်ယံအခါတွင် လာရောက်ပြီး တရားနာလာလေ့ ရှိကြပါသည်။
- ဗြဟ္မာတို့သည်ကား မိုးသောက်ယံကာလ၌ ဗုဒ္ဓဘုရားအား ဖူးမြော်ရန် တရားနာရန် မရှင်းလင်းသော ဓမ္မရေးရာများ မေးမြန်း လျှောက်ထားရန် လာရောက်တတ်ကြပါသည်။

မင်္ဂလသုတ်တွင် 'အဘိက္ကန္တာယ ရတ္တိယာ = ညဥ့်ဦးယံလွန်ပြီးသော သန်းခေါင်ယံအခါ၌–'ဟု ဆိုသောကြောင့် တာဝတိံသာနတ်တို့ ဘုရားထံ လာရောက်ချိန် ဖြစ်နေပါသည်။ သိကြားမင်းကြီးသည် တာဝတိံသာ နတ်ပြည်တွင် စံပျော်နေထိုင်သဖြင့် 'အညတရာ ဒေဝတာ–မထင်ရှားသော နတ်သား'ဟု ဆိုသော်လည်း သိကြားမင်းဖြစ်ကြောင်း သိရပေသည်။ သိကြားမင်း လျှောက်ထား တောင်းပန်သဖြင့် ဗုဒ္ဓဘုရားက မင်္ဂလာတရား ၃၈–ပါးရှိကြောင်းကို ကွဲကွဲပြားပြား ထင်ရှားစွာ ဟောကြားတော်မူခဲ့ပါသည်။

မင်္ဂလာအကျိုး

(က) သဗ္ဗပါပဝိနာသနံ=အလုံးစုံသော မကောင်းသောကိစ္စဟူသမျှကို ပ,ပျောက်အောင် ပယ်ဖျောက်ပေးနိုင်သည်။

(ခ) သဗ္ဗလောက ဟိတတ္ထာယ=အလုံးစုံသော လောကကြီး အတွက် အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်သည်။

(ဂ) သဗ္ဗတ္ထ မပရာဇိတာ=နေရာခပ်သိမ်းတို့၌ ရန်သူများသည် မအောင်မြင်ချေ။ (မနှောင့်ယှက်နိုင်ခြင်း)–

(ဃ) သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ=ဤမင်္ဂလာတရား ၃၈–ပါးကို လိုက်နာဆောင်ရွက်သူမှန်သမျှ (မင်္ဂလာကို ဆောင်သူမှန်သမျှ) အောင်ရမည်။ ချမ်းသာသုခ ပြည့်ဝရမည်။

– မင်္ဂလသုတ် နိဒါန်းနှင့် နိဂုံးဂါထာတို့၌ တိုက်ရိုက်ပါရှိသော မင်္ဂလာအကျိုးတို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

## ပရိတ်ကြီး ပရိတ်ငယ် မှတ်ဖွယ်

လူတို့သည် သာရေး နာရေးကိစ္စတို့၌ သီလပေး ရေစက်ချပြီးနောက် 'ပရိတ်ကလေး ရွတ်ပေးပါဦးဘုရား' 'အနုမောဒနာတရားလေး ဟောကြားပေးပါဦးဘုရား'ဟု ပြောဆိုလျှောက်ထားလေ့ ရှိကြ၏။ 'ပရိတ်လေး'ဟု သုံးစွဲတတ်ကြသည်။ သတိပြုပါ။ 'ပရိတ်ကြီး ၁၁–သုတ်'ဟု ယေဘုယျသဘောဖြင့် သိမ်းကျုံးခေါ်ဆိုထားပေရာ 'ပရိတ်လေး'ဟု ပါဝင်ဖွယ်မရှိပေ။

အမှန်စင်စစ် ပရိတ်ကြီး၊ ပရိတ်ငယ်ဟူ၍ ခွဲခြားချက်ရှိသည်ကို မှတ်သားသင့်ပေသည်။ ဗဟုသုတရှာမှီးကြသော ဗဟုသုတဂဝေသီ၊ ဗဟုသုတကာမီပုဂ္ဂိုလ်တို့အတွက် ရေးသားဖော်ပြရသော်–

အမွန်းဂါထာတို့၌–"ပရိတ္တံ တံ ဘဏာမဟေ"ပါသော– ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ် ပရိတ်တော်တို့ကို 'ပရိတ်ကြီး'ဟု သတ်မှတ်သည်။

"မင်္ဂလံ တံ ဘဏာမ ဟေ"–နှင့် "ဇောဠ္ဗာင်္ဂ ဘဏာမဟေ" –ဟုသာ ပါ၍ 'ပရိတ္တံ'မပါသော မင်္ဂလသုတ်နှင့် ဇောဇ္ဈင်သုတ်တို့ကို 'ပရိတ်ငယ်'ဟူ၍ သတ်မှတ်ကြလေသည်။

ဤသို့ ပရိတ်ကြီး၊ ပရိတ်ငယ် ခွဲခြားမှုသည် ဘိုးတော်ဘုရား လက်ထက်ကပင် ရှိခဲ့သည်ဆိုပါ၏။

[ဟံသာဝတီပရိတ်ကြီး နိဿယ (စလင်းဆရာတော်)၊ ပရိတ်ကြီး နိဿယသစ် နိဒါန်း]

မင်္ဂလာတရား ၃၈–ပါးကို အကျယ်မဖွင့်ပြတော့ဘဲ သိသာရုံမျှ အစိပ္ပာယ်နှင့်တကွ ရေတွက်ပြပေအံ့။ (အကျယ်ကို အလိုရှိပါက မင်္ဂလာအကြောင်း ရေးသားဖွင့်ဆိုထားသော စာအုပ်ပေါင်း မြောက်မြားစွာ ရှိပါသည်။ မှတ်သားမိသလောက် ကောက်ကာငင်ကာ ဖော်ပြရသော်–(အရှင်ဇနကာဘိဝံသ၏) အခြေပြုမင်္ဂလသုတ်နှင့် မင်္ဂလာအမြုတေ၊ မင်္ဂလာပန်းကုံး၊ (ဦးအုံ့မောင်၏) မင်္ဂလာနိဒါန်း စသော စာအုပ်များအပြင် စလင်းဆရာတော် စီရင်သော ဟံသာဝတီပရိတ်ကြီး နိဿယ၊ အရှင်ဝါသေဋ္ဌာဘိဝံသ၏ ပရိတ်ကြီးနိဿယသစ်တို့ကို ကြည့်ရှုနိုင်ပါသည်)

## မင်္ဂလာ(၃၈)ပါး ရေတွက်ပုံ

၁။ အသေဝနာစ ဗာလာနံ = လူမိုက်တို့နှင့် မပေါင်းသင်းခြင်း၊

၂။ ပဏ္ဍိတာနဉ္စ သေဝနာ = လူလိမ္မာ ပညာရှိတို့ကို ပေါင်းသင်း ဆည်းကပ်ခြင်း

၃။ ပူဇာစ ပူဇနေယျာနံ = ပူဇော်ထိုက်သောသူ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့အား ပူဇော်ခြင်း

၄။ ပတိရူပဒေသဝါသောစ = သင့်လျော်လျောက်ပတ် ကောင်းမြတ်သော နေ့ရပ်ဒေသ၌ နေထိုင်ရခြင်း။

၅။ ပုဗ္ဗေစကတပုညတာ = ရှေးက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိခြင်း

၆။ အတ္တသမ္မာ ပဏိဓိစ = မိမိကိုယ်ကို ကောင်းစွာ သောက်တည် နေထိုင်ခြင်း

၇။ ဗာဟုသစ္စဉ္စ = အကြားအမြင် ဗဟုသုတရှိခြင်း

၈။ သိပ္ပဉ္စ = အသက်မွေး ဝမ်းကျောင်း အတတ်ပညာ တစ်ခုခု ရှိခြင်း

၉။ ဝိနယော စသု သိက္ခိတော = လူ့ကျင့်ဝတ် ဝိနည်းများကို ကောင်းစွာသင်ယူခြင်း

၁၀။ သုဘာသိတာစ ယာဝါစာ = စကားကို ကောင်းစွာ ပြောဆိုခြင်း

၁၁။ မာတာပိတုဉပဋ္ဌာနံ = မိဘနှစ်ပါးကို ပြုစုစောင့်ရှောက်ခြင်း

*၁၂။ ပုတ္တ သင်္ဂဟော = သား(သမီး)ကို ထောက်ပံ့ စောင့်ရှောက်ခြင်း

*၁၃။ ဒါရ သင်္ဂဟော = မယားကို ကျွေးမွေးစောင့်ရှောက်ခြင်း

၁၄။ အနာကုလာစကမ္မန္တာ = မရှုပ်မထွေ အလုပ်,လုပ်ခြင်း (အနှောင့်အယှက် ကင်းသော အလုပ်ကို လုပ်ရခြင်း)

၁၅။ ဒါနဉ္စ = အလှူဒါနပြုခြင်း

၁၆။ ဓမ္မစရိယာ = သုစရိုက်တရားနှင့်အညီ ကျင့်ကြံနေထိုင်ခြင်း
၁၇။ ဉာတကာ နဥ္စ သင်္ဂဟော = ဆွေမျိုးများအား သင်္ဂြိုဟ်ထောက်ပံ့ခြင်း
၁၈။ အနဝဇ္ဇာနိကမ္မာနိ = အပြစ်မရှိသော အလုပ်တို့ကို လုပ်ခြင်း
၁၉။ အာရတီ ဝိရတီပါပါ = မကောင်းမှုတို့ကို ကိုယ်,နှုတ်, စိတ်တို့ဖြင့် ရှောင်ကြဉ်ခြင်း
၂၀။ မဇ္ဇပါနာစ သံယမော = သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း
၂၁။ အပ္ပမာဒေါစ ဓမ္မေသု = ကုသိုလ် ကောင်းမှုတို့၌ မမေ့မလျော့ခြင်း
၂၂။ ဂါရဝေါစ = ရိုသေလေးစားထိုက်သူတို့ကို ရိုသေလေးစားခြင်း
၂၃။ နိဝါတောစ = မိမိကိုယ်ကို နှိမ်ချခြင်း
၂၄။ သန္တုဋ္ဌိစ = ရောင့်ရဲတင်းတိမ်ခြင်း
၂၅။ ကတညုတာ = သူပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း
၂၆။ ကာလေန ဓမ္မဿဝနံ = သင့်လျော် လျောက်ပတ်သော အခါ၌ တရားနာခြင်း
၂၇။ ခန္တီစ = သည်းခံခြင်း
၂၈။ သောဝစဿတာ = ပြောဆို ဆုံးမ,သော စကားကို နားထောင်လွယ်ခြင်း
၂၉။ သမဏာနဥ္စ ဒဿနံ = ငြိမ်သက် တည်ကြည်သော

| | | |
|---|---|---|
| | | ရဟန်းတော်များကို ဖူးမြော်ရခြင်း |
| ၃၀။ | ကာလေန ဓမ္မသာကစ္ဆာ | = သင့်လျော်သော အချိန်ကာလ၌ တရားဓမ္မများကို ဆွေးနွေးပြောကြားခြင်း |
| ၃၁။ | တပေါစ | = ခြိုးခြံစွာ ကျင့်ခြင်း |
| ၃၂။ | ဗြဟ္မစရိယဉ္စ | = မေထုန်အကျင့်ကို ရှောင်ခြင်း |
| ၃၃။ | အရိယသစ္စာန ဒဿနံ | = အရိယ သစ္စာတို့ကို သိမြင်ခြင်း |
| ၃၄။ | နိဗ္ဗာန သစ္ဆိကိရိယာစ | = အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း |
| ၃၅။ | နကမ္ပတိ | = လောကဓံတရားရှစ်ပါး တွေ့ကြုံငြားသော်လည်း စိတ်ဓာတ်မတုန်လှုပ်ခြင်း |
| ၃၆။ | အသောကံ | = မစိုးရိမ်ခြင်း၊ ဝမ်းမနည်းခြင်း |
| ၃၇။ | ဝိရဇံ | = ရမ္မက် ဟူသော မြူမရှိခြင်း၊ မမက်မောခြင်း |
| ၃၈။ | ခေမံ | = ဘေးမရှိခြင်း |

(ဟံသာဝတီ ပရိတ်ကြီး နိဿယ မှ)

## ၃၈–ဖြာမင်္ဂလာရေတွက်ကြပုံများ

၃၈–ဖြာ မင်္ဂလာတရားကို ရေတွက်ကြရာ၌ ၃၈–ပါးပြည့်စုံမှုခြင်း တူညီကြသော်လည်း၊ ရေတွက်ပုံမှာ ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည်။ ယခု ဤစာအုပ်၌ မိမိတင်ပြလိုက်သော

မင်္ဂလာတရား ၃၈–ပါး ရေတွက်နည်းမှာ ၁၉၅၈–ခုနှစ်က ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်သော စလင်းဆရာတော် စီရင်သည့် ဟံသာဝတီ ပရိတ်ကြီး နိဿယမှ ရေတွက်နည်းအတိုင်း ဖော်ပြလိုက်ပါသည်။

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ ပရိတ်ကြီး နိဿယသစ်၌ ပုတ္တ သင်္ဂဟောနှင့် ဒါရသင်္ဂဟော ဟု မခွဲခြားဘဲ 'မာတာပိတု'အမိ, အဘနှစ်ပါး ခွဲ၍ ရေတွက်သောအားဖြင့် မာတာ ပိတုဥပဋ္ဌာနံ ပုဒ်တွင် မင်္ဂလာ (၄)ပါး ပြဆိုထားပါသည်။

ဆရာတော်အရှင်ဇနကာဘိဝံသ၏ အခြေပြု မင်္ဂလသုတ်၌ 'မာတာပိတု ဥပဋ္ဌာနံ'ပုဒ်တွင် အမိ,အဘကိုလည်း တစ်ပါးတည်း၊ သား,မယားကိုလည်း မင်္ဂလာတစ်ပါးတည်းယူကာ မင်္ဂလာ(၃)ပါး ဟူ၍ ရေတွက်ပြထားပါသည်။

မောင်အံ့(မဟာဝိဇ္ဇာ–ဘုံဘော)၏ မင်္ဂလာနိဒါန်း စာအုပ်၌လည်း– 'မာတာပိတု ဥပဋ္ဌာနံ'ပုဒ်တွင် မင်္ဂလာတရား(၃)ပါး ရေတွက်ထားပါသည်။ 'အာရတိ ဝိရတိ ပါပါ... ပုဒ်၌ကား 'အာရတိ ပါပါ'နှင့် 'ဝိရတိ ပါပါ'ကို မင်္ဂလာ (၂)ပါးခွဲ၍ 'အာရတိ ဝိရတိ ပါပါ...'ပုဒ်တွင် မင်္ဂလာတရား(၄)ပါးထား၍ ရေတွက်ထားပါသည်။

ဆယ်စောင်တွဲစာအုပ်များ၌လည်း 'မာတာပိတု ဥပဋ္ဌာနံ...' ပုဒ်တွင် မင်္ဂလာ(၃)ပါး၊ 'အာရတိ ဝိရတိ ပါပါ...'ပုဒ်တွင် 'အာရတိ ပါပါ'နှင့် 'ဝိရတိ ပါပါ'ကို နှစ်ပါးခွဲ၍ မင်္ဂလာ(၄)ပါးဟု ရေရွတ်ပြထားပါသည်။

သို့ဖြစ်ရာ မင်္ဂလာတရား(၃၈)ရေတွက်ပုံ ညီညီညွတ်ညွတ် ရှိစေရန် ပညာရှင်များ ကျမ်းဂန်များနှင့် ညှိနှိုင်းပြီး စိစဉ်သင့်ကြ

ပါကြောင်း ဤနေရာ၌ အလျဉ်းသင့်သဖြင့် အကြံပြု တင်ပြအပ်ပါသည်။

ထို့ပြင် ဆရာတော်ဦးဇဝ် (ညောင်ကန်ဆရာတော်) ရေးသားစီရင်အပ်သော မင်္ဂလတ္ထဒီပနီကျမ်း၌လည်း မင်္ဂလာတရား(၃၈)ပါးကို ရေတွက်ရာတွင် စလင်းဆရာတော်ကဲ့သို့ 'ပုတ္တ, ဒါရဿ သင်္ဂဟော...'ကို (၂)မင်္ဂလာ မခွဲဘဲ- 'အာရတိ ပါပါ, ဝိရတိ ပါပါ...' မင်္ဂလာ(၂)ပါးကိုသာ ခွဲခြားပြဆိုထားပါသည်။

## ပရိတ်အကျိုး များ,မများ

ပရိတ်အကျိုးတရား ရရှိမှု မရရှိမှု၊ ပရိတ်အကျိုးများ မများနှင့် ပတ်သက်၍မူ ပရိတ်ရွတ်သူနှင့် ပရိတ်နာသူတို့တွင် တာဝန်ကိုယ်စီရှိပါသည်။ ပရိတ်ရွတ်သူ၏ အင်္ဂါရပ်နှင့် ပြည့်စုံလျှင် ပရိတ်နာကြားသူတို့၏ အင်္ဂါရပ်များနှင့် ပြည့်စုံလျှင် အကျိုးတရားထူးများ ရရှိနိုင်ပါသည်။

## ပရိတ်ရွတ်သူ အင်္ဂါ (၃)ပါး

"အဝိရာဓနံ သဒ္ဒဿ၊ အတ္ထဿစ ဝိဇာနနံ၊ မေတ္တာယ ပုရေစာရော..."ဟူ၍ ပါထိကဝဂ္ဂဋ္ဌကထာ၊ အာဋာနာဋိယသုတ်အဖွင့်တွင် ပြဆိုထားသည့်အတိုင်း-

(၁) ပုဒ်-ပါဠိ-အက္ခရာ သဒ္ဒါအနေအထား မှန်ကန်ရမည်။

(၂) အနက် အဓိပ္ပာယ် မှန်ကန်ရမည်၊ အနက်ကိုသိရမည်။

(၃) မေတ္တာတရား ရှေ့ထား၍ ရွတ်ပွားရမည်။

* လာဘ်လာဘကို မငဲ့ကွက်ဘဲ ရွတ်ရမည်-ဟူသော

အချက်ကိုပါ ထည့်စွက်ပြီး ပရိတ်ရွတ်သူ အင်္ဂါလေးပါးဟုလည်း ဆိုပါသည်။

**(ဆောင်)** က။ (၁)သဒ္ဓါလည်းစင်၊ (၂)အနက်ထင်၊ (၃) သက်ဝင်မေတ္တာထား။

ခ။ ရွတ်ဖတ်သူမှာ၊ အင်သုံးဖြာ၊ မှတ်ပါကျမ်း စကား-

ဂ။ (၄)လာဘ်မငဲ့ကွက်၊ ထည့်ကစွက်၊ မှတ်ချက်အင်လေးပါး။

*(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ စာ-၃၀၉)*

ပရိတ်နာသူ အင်္ဂါ(၃)ပါး

"တီဟိ မဟာရာဇ ကာရဏေဟိ ပရိတ္တံ န ရက္ခတိ၊ ကမ္မာဝရဏေန, ကိလေသာ ဝရဏေန, အသဒ္ဒ ဟနတာယ"

*(မိလိန္ဒပဥှာပါဠိ၊ ၁၅၅)*

ပရိတ်နာသူ၏ အင်္ဂါသုံးပါးမှာ

(၁) ပဥ္စာနန္တရိယကံကြီးထိုက်သူ ဖြစ်ခြင်း
(၂) နိယတ မိစ္ဆာဒိဋ္ဌိစွဲကပ်နေသူ ဖြစ်ခြင်း
(၃) ပရိတ်ကို မယုံကြည်ခြင်းတို့မှ ကင်းလွတ်သူ ဖြစ်ရပါမည်။

အပြန်အားဖြင့်- ပဥ္စာနန္တရိယကံကြီးထိုက်သူ မဖြစ်ခြင်း၊ နိယတမိစ္ဆာဒိဋ္ဌိဘေးမှ လွတ်ကင်းခြင်း၊ ပရိတ်တရားတော်ကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်းတို့ ဖြစ်ပါသည်။

**(ဆောင်)** * ပဥ္စနန္တရိ၊ နိယတဒိဋ္ဌိ၊ ပရိတ်မယုံ၊ နာသူကြုံ၊ ကျိုးဂုဏ်မရတတ်။

* ရှိသေလေးစားစွာ မနာကြားခြင်းကိုပါ ထည့်ပြီး ပရိတ်နာသူ အင်္ဂါလေးပါးဟုလည်း ဆိုကြပါသည်။

**(ဆောင်ပုဒ်)** ၁။ အာနန္တရိ၊ ကံ ပဋိ၊ မရှိတစ်အင်္ဂါ။

၂။ နိယတဒိဋ္ဌိ၊ ကိလေသိ၊ မရှိတစ်အင်္ဂါ။

၃။ သဒ္ဓါတရား၊ ပြည့်စုံကြား၊ မှတ်သားတစ်အင်္ဂါ။

* ၄။ ရှိသေလေးစား နာယူကြား၊ မှတ်သား တစ်အင်္ဂါ။

ဤသည့် လေးပါး၊ ပြည့်စုံကြား၊ နာကြားဘေးကင်းကွာ။

(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ ဇာ–၃၁၃)

အိမ်တက်ပရိတ်ရွတ်၊ အန္တရာယ်ကင်း ပရိတ်ရွတ် စသောကိစ္စများတွင် ဤပရိတ်နာသူ ပရိတ်ရွတ်သူတို့ ပြည့်စုံရမည့် အင်္ဂါရပ်များကို ထည့်သွင်း ဟောကြားနိုင်သည်။

## ဘေးကင်းရန်ကွာ ဤဂါထာ

ယနေ့ခေတ်၌ လူတို့သည် ဟိုဂါထာစွမ်းသည်၊ ဒီဂါထာစွမ်းသည်ဆိုတိုင်း ဂါထာများကို လိုက်၍ ရွတ်နေကြသည်။ သို့ဖြစ်ရာ အစွမ်းထက် ဂါထာတော်များ အစရှိသော စာအုပ်များ ခေတ်စားနေလေ၏။ အမှန်စင်စစ် 'အရိုးဆုံး'သည် 'အကောင်းဆုံး' ဖြစ်ပေရာ မင်္ဂလသုတ်လာ ဖုဋ္ဌဿ...ဂါထာသည် ဘေးရန်ကင်းကွာပြီး ချမ်းသာသုခ ပြည့်စုံနိုင်သော ဂါထာဖြစ်ကြောင်း သိရှိသူများ ရွတ်ဆို သုံးစွဲခဲ့ကြဖူးလေပြီ။ သုံးစွဲနေကြဆဲလည်း ဖြစ်ပေသည်။ "သိသူဖော်စား၊ မသိသူကျော်သွား"ဟူသော

စကားအတိုင်းပင် ဖြစ်လေ၏။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

လောကဓမ္မေဟိ = လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ, ပသံသာ, သုခံ, ဒုက္ခံဟူသော လောကဓံတရားရှစ်ပါးတို့ဖြင့်၊ ဖုဋ္ဌဿ = တွေ့ကြုံသော၊ ယဿ = အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ = ကြီယာစိတ်သည်၊ နကမ္ပတိ = မတုန်လှုပ်။ အသောကံ = စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ = တပ်မက်ခြင်းလည်းကင်း၏၊ ခေမံ = ကြောက်ခြင်း, ထိတ်လန့်ခြင်းမရှိ။ ဧတံ = ထိုတရားလေးပါးကိုလျှင်၊ ဥတ္တမံ=မြတ်သော၊ မင်္ဂလံ = မင်္ဂလာဟူ၍၊ ဂဏှာဟိ=ယူလော့၊ ဝါရေဟိ=ဆောင်လော့။ ဇာနာဟိ= သိလော့။

(ဟံသာဝတီ ပရိတ်ကြီး နိဿယ အနက်)

ပရိတ်နာသူ အင်္ဂါ(၃)ပါး သို့မဟုတ် (၄)ပါးနှင့် ဆက်စပ်၍ မှတ်သားရန် ကျန်ရှိခဲ့သော စကားရပ်ကို ရေးပါမည်။

ပရိတ်နာသူအင်္ဂါ၌ ပဉ္စာနန္တရိယကံကြီးထိုက်သူ မဖြစ်ရ– ဟူ၍ ပါရှိရာ– ပဉ္စာနန္တရိယကံကြီးငါးပါးအကြောင်း သိသင့်ပါသည်။

ပဉ္စာနန္တရိယကံ (၅)ပါး

(၁) မာတု ဃာတက = အမိကိုသတ်သူ
(၂) ပိတု ဃာတက = အဖကိုသတ်သူ
(၃) အရဟန္တ ဃာတက = ရဟန္တာကိုသတ်သူ
(၄) လောဟိတုပ္ပါဒက = ဘုရားရှင်ကို သွေးစိမ်းတည်

အောင် (သွေးထွက်အောင်) လုပ်သူ (ဥပမာ–အရှင်ဒေဝဒတ်ကဲ့သို့ ပုဂ္ဂိုလ်မျိုး ဖြစ်သည်)

(၅) သံဃ ဘေဒက = သံဃာကို ကွဲပြားအောင် လုပ်သူ(ဥပမာ = အရှင်ဒေဝဒတ်)

ဤကံကြီးငါးပါးထိုက်သူတို့သည် ပရိတ်နာသော်လည်း ပရိတ်အကျိုးတရားများကို မရရှိနိုင်ပေ။ ပရိတ်အကျိုးသာ မရသည်မဟုတ်၊ ချမ်းမင်္ဂဖိုလ် ရရှိရေးအတွက်လည်း အနှောင့်အယှက်ဖြစ်ပါသည်။

နိယတမိစ္ဆာဒိဋ္ဌိ (၃)ပါး

(၁) နတ္ထိက ဒိဋ္ဌိ = အကျိုးတရား မရှိဟု ယူစွဲခြင်း (အကျိုးကို ပယ်ခြင်း)

(၂) အဟေတုက ဒိဋ္ဌိ = အကြောင်းတရားမရှိဟု ယူစွဲခြင်း (အကြောင်းကိုပယ်ခြင်း)

(၃) အကိရိယ ဒိဋ္ဌိ = ကုသိုလ်, အကုသိုလ် မရှိဟု ယူစွဲခြင်း (ကောင်းမှု, မကောင်းမှု ပြုဖွယ်မလိုဟု 'အလုပ်'ကို ပယ်ခြင်း)

ဤ နိယတမိစ္ဆာဒိဋ္ဌိသုံးပါး၊ ယူစွဲထားသူ ဖြစ်လျှင်လည်း ပရိတ်အကျိုးတရား မခံစားရပါ။ မဂ်တား, ဖိုလ်တားပင် ဖြစ်ပေ၏။

## ၂။ ရတနသုတ်

### *(ရတနသုတ်ကို ဟောခြင်းအကြောင်း)*

ဗုဒ္ဓဘုရား လက်ထက်တော်က ဝေသာလီပြည်ကြီးမှာ ဘေးကြီးသုံးပါး ဆိုက်ရောက်ခဲ့တယ်။ အဲဒီဘေးကြီးသုံးပါးကတော့–

(၁) မိုးခေါင်ပြီး စပါး ဆန်ရေ ရှားပါးငတ်မွတ်ခေါင်းပါးတဲ့ 'ဒုဗ္ဘိက္ခန္တရကပ်ကြီး'ဆိုက်တယ်။

(၂) အယဉ့်နာလို့ အဲဒီတုန်းကခေါ်တဲ့ ရောဂါဘေးကြီး 'ရောဂန္တရကပ်ကြီး'ဆိုက်တယ်။

(၃) ဘီလူးသဘက်တွေက လူတွေကို စားခြင်းဆိုတဲ့ 'အမနုဿဘေး'ကြီး ဆိုက်ရောက်ခဲ့တယ်။ လူတွေ အများအပြားသေကျေပျက်စီးကြတယ်။ လူတွေရဲ့ အရိုးတွေဟာ တောင်လိုပုံနေတယ်။

ဒီအချိန်မှာ ဗုဒ္ဓဘုရားဟာ ရာဇဂြိုဟ်ပြည်မှာ ရောက်ရှိပြီး သီတင်းသုံးနေတော်မူတယ်။ ဝေသာလီမင်းများက ပင့်ဖိတ်လို့ ဗုဒ္ဓဘုရားဟာ နောက်ပါသံဃာတော်ငါးရာတို့နဲ့အတူ ဝေသာလီပြည်သို့ ကြွတော်မူပြီး ဝေသာလီမြို့ မင်းထွက်တံခါးအနီးမှာ ဆောက်လုပ်ထားတဲ့ မဏ္ဍပ်ကြီးမှာ သီတင်းသုံးတော်မူလိုက်ပါတယ်။

မြတ်စွာဘုရားသခင်ဟာ အရှင်အာနန္ဒာ အမှူးရှိတဲ့ သံဃာတော်ငါးရာကို ဝေသာလီမြို့ရဲ့ တံတိုင်းသုံးထပ်အကြားမှာ ညဉ့်သုံးယံ၌ သုံးထပ် သုံးကြိမ်တိုင်တိုင် ရတနသုတ် ပရိတ်ကို ရွတ်ပေးကြရန် မိန့်တော်မူလိုက်ပါတယ်။

ဒီအခါ အရှင်အာနန္ဒာ အမှူးရှိတဲ့ သံဃာတော်ငါးရာတို့ဟာ ဘုရားရှင်မိန့်တော်မူတဲ့အတိုင်း ရွတ်တော်မူကြပါတယ်။ အဲဒီမှာ နတ်တွေ ပရိတ်တရားနာ လာကြတယ်။ သိကြားမင်းကြီးဟာလည်း စတုမဟာရာဇ်၊ တာဝတိံသာ နတ်ပရိသတ်များစွာနဲ့ တရားနာလာပါတယ်။

မိုးသောက်ယံ ပရိတ်ရွတ်ပွဲ အပြီးမှာတော့ အံ့ဩစရာကောင်းလောက်အောင် မိုးကြီးရွာချပါတော့တယ်။ တောင်လိုပုံနေတဲ့ လူရိုးတွေ၊ လူသေကောင်တွေဟာ ရေထဲမျောပါကုန်ကြတယ်။ ဝေသာလီတစ်မြို့လုံး သန့်ရှင်းစင်ကြယ်သွားပါတယ်။ ဘေးအန္တရာယ်သုံးပါးမှလည်း ပျောက်ကင်းချမ်းသာသွားကြပါတယ်။ (အဲဒီလို အာနိသင်ရှိတဲ့ ပရိတ်တရားတော်ကို ယခုနာကြားကြရပါတော့မယ်။ ရိုသေစွာဖြင့် လက်အုပ်ချီမိုးထားပြီး ပရိတ်တရားတော်ကို နာကြားကြပါ၊ သူတော်ကောင်းတို့...ဤမှ ပရိတ်ဆက်ရွတ်ရန် ဖြစ်၏)

ရတနသုတ်နှင့်ဝေသာလီ

*(ဝေသာလီပြည်အကြောင်း)*

ဗာရာဏသီပြည် မိဖုရားကြီး၏ ဝမ်း၌ တည်သော ကိုယ်ဝန်သည် ဆယ်လစေ့ရောက်သော် မိုးသောက်ထ အချိန်၌ 'သားတစ်' ကို ဖွားမြင်လေ၏။ မိဖုရားကြီးသည် အများကဲ့ရဲ့ကြမည်ကို ကြောက်၍ သားတစ်ကို အိုးကြီးတစ်လုံးအတွင်းမှာထည့်ကာ လုံအောင်ပိတ်ဆို့ပြီး–

"ဤသူသည် ဗာရာဏသီမင်းကြီး၏ သားတော်တည်း"–ဟူသော စာကိုပါ ထည့်သွင်းကာ မြစ်ထဲ၌ မျှောလိုက်လေ၏။

ဘုန်းကံရှိသူဖြစ်၍ လူတို့လက်မှလွတ်သော ခဏော်ဖြင့် နတ်များက သိမ်းဆည်း စောင့်ရှောက်ထားကြလေသည်။ အိုးကြီးသည် လှိုင်းတံပိုး အန္တရာယ်မရှိဘဲ ရေစီးအတိုင်း မျောသွားလေ၏။

မြစ် အကြေအရပ်၌ ရသေ့တစ်ပါးသည် နွားကျောင်းသားရွာကို အမှီပြုပြီး မြစ်ကမ်းနဖူး၌ နေထိုင်လေသည်။ ထိုရှင်ရသေ့သည် နံနက်စောစော မြစ်ဆိပ်သို့ ဆင်းသောအခါ မျောလာသောအိုးကို မြင်တွေ့ပြီး ပုံ့သုကူ ဟူသော အမှတ်ဖြင့် ဆယ်ယူထားလိုက်လေ၏။ အိုးကို ဖွင့်ကြည့်သောအခါ သားတစ်ကို တွေ့မြင်လျှင် ဤသို့ကြံစည်မိ၏။

"ဤသားတစ်ဖြစ်သော ကိုယ်ဝန်သည် ပုပ်ခြင်း, နံစော်ခြင်း၊ အလျဉ်းမရှိ၊ ဘုန်းတန်ခိုးကြီးသော ကိုယ်ဝန်ဖြစ်ရမည်"–ဟု အိုးကို သန့်ပြန့်သောနေရာ၌ ထားလိုက်လေ၏။

တစ်ဆယ့်ငါးရက်ကြာသော် အိုးကို ဖွင့်ကြည့်လိုက်၏။ သားတစ်သည် ကွဲသွားပြီး နှစ်ခုဖြစ်နေသည်။ ပြန်ထားပြီး နောက်ထပ် ဆယ့်ငါးရက်ကြာသောအခါ ကြည့်ပြန်သော် သားတစ်နှစ်ခုလုံး၌ပင် လက်,ခြေ,ဦးခေါင်းဖြစ်မည့် အဖုများ ထွက်နေလေသည်။

နောက်ထပ် ဆယ့်ငါးရက်ကြာသောအခါ ရွှေအဆင်းနှင့် တူသော သတို့သားတစ်ယောက်၊ သတို့သမီးတစ်ယောက် ဖြစ်မြောက်လာလေ၏။

ထိုသူငယ်တို့၌ ရှင်ရသေ့သည် သားသမီးဟူသောအမှတ်ဖြင့် ချစ်မြတ်နိုးမိ၏။ ရှင်ရသေ့လက်ချောင်းမှ နို့ရည်ထွက်၍ သူငယ်တို့အား နို့ချိုတိုက်ကျွေး၏။ ထိုနို့ရည်များသည် ပတ္တမြားခွက်၌ တည်သကဲ့သို့ အထင်းသား မြင်ရလေ၏။ ထို့ကြောင့်

သူတို့ကိုလည်း 'လိစ္ဆဝီ'ဟု ခေါ်၏။ (အချို့ဆရာတို့ အဆိုကား သူငယ်တို့၏ အရေသည် အပဖြင့်ချုပ်ထားသကဲ့သို့ တွန့်၍ နေသောကြောင့် 'လိစ္ဆဝီ'ဟု ဆိုကြသည်)

ရှင်ရသေ့မှာ ထိုသူငယ်တို့အား ကျွေးမွေးရသောဒုက္ခ မသေးလှပေ။ ရှင်ရသေ့၏ ပလိဗောဓ ဒုက္ခကို မြင်တွေ့ကြသော နွားကျောင်းသားရွာသားတို့သည် သူငယ်နှစ်ယောက်၏ တာဝန်ကို ယူလိုက်ကြသည်။ ရွာသားများ သူငယ်တို့ကို လာရောက်ခေါ်ယူသောနေ့၌ ရှင်ရသေ့က အောက်ပါအတိုင်း မှာကြားလိုက်လေသည်။

"ဒါယကာတို့...ဤသူငယ်တို့သည် ဘုန်းတန်ခိုးကြီးသော သူငယ်တို့တည်း။ ကောင်းစွာ ကျွေးမွေးစောင့်ရှောက်ကြပါ။ အရွယ်ရောက်သောအချိန်တွင် သူတို့နှစ်ယောက်ကို ထိမ်းမြားလက်ထပ်ပေးကြပါကုန်။ မင်းကြီးအား အရသာငါးပါးနှင့် ပြည့်စုံသော နွားနို့ကိုဆက်ပြီး မြေကွက်ရအောင် တောင်းကြပါကုန်။ မြေကွက်ရလျှင် မြို့တည်ကြကုန်၊ ထိုမြို့၌ ဤသူငယ်တို့ကို ဘိတ်သိက်သွန်း၍ မင်းမြှောက်ကြပါကုန်လော့" ဟု မှာကြားပြီးနောက် သူငယ်တို့ကို နွားကျောင်းသားရွာသားများထံ ပေးအပ်လိုက်လေသည်။

နွားကျောင်းသားရွာသားတို့သည်လည်း "ကောင်းပါပြီ ရှင်ရသေ့–"ဟု ဝန်ခံပြီး သူငယ်တို့ကို ခေါ်ယူသွားပြီး ကျွေးမွေးစောင့်ရှောက်ကြလေသည်။

သူငယ်တို့ ကစားတတ်သောအရွယ်တွင် အခြားကလေးငယ်များနှင့် ကစားကြရင် အခြားကလေးများကို ရိုက်ပုတ်ရာ မိဘများက "ဘယ်သူရိုက်သလဲဟု မေးတိုင်း ရှင်ရသေ့ရဲ့ သားသမီး

တွေက ရိုက်တယ်”ဟု တိုင်တန်းကြလေ၏။

ထိုအခါ အခြားသူငယ်တို့၏ မိဘများက “မိဘမဲ့ ရှင်ရသေ့ရဲ့ မွေးစားသားသမီးတွေနဲ့ မကစားကြနဲ့၊ မပေါင်းကြနဲ့”ဟု တားမြစ်ကြကုန်၏။ ထိုစကားကို အစွဲပြု၍ ထိုသူငယ်နှစ်ယောက်တို့သည် ‘ဝဇ္ဇီမင်းသား, ဝဇ္ဇီမင်းသမီး’ဟု အမည်တွင်ပြန်၏။

နွားကျောင်းသား ရွာသားတို့သည် ငါးပါးသော နွားနို့အရသာတို့ဖြင့် ဇာရာဇာသီမင်းအားဆက်၍ ယူဇနာတစ်ရာကျယ်ဝန်းသော မြေကွက်အား တောင်းရာ ရရှိလေ၏။ ထိုမြေကွက်၌ မြို့တည်ပြီးလျှင် သူငယ်တို့ ၁၆ နှစ်အရွယ်သို့ ရောက်သောအခါ လက်ထပ်ထိမ်းမြားပြီးလျှင် အဘိတ်သိက်သွန်း၍ မင်းမြှောက်ကြကုန်၏။

ထို ဝဇ္ဇီသူငယ်မသည် ယောကျာ်းတစ်ယောက်, မိန်းမတစ်ယောက်အားဖြင့် တစ်ကြိမ်လျှင် နှစ်ယောက်စီ ဖွား၍ ၁၆ ကြိမ်ဖွားရာ သား,သမီး ၃၂–ယောက် ထွန်းကားလေ၏။

သား,သမီး ၃၂–ယောက်တို့သည်လည်း အချင်းချင်း ထိမ်းမြားကုန်၍ သား,သမီးများ ဆက်လက် ထွန်းကားစည်ပင်ပြီး ဉယျာဉ်၊ ရေကန်၊ နေရာ၊ နန်းပြာသာဒ်ဆောင်များ တိုးချဲ့ဆောက်လုပ်ကြရသည်။ မြို့မဆံ့၍ တစ်ဂါဝုတ်ချဲ့ပြီး မြို့တည်ပြန်၏။ ထို့နောက် မဆံ့ပြန်သဖြင့် တစ်ဂါဝုတ် ထပ်ချဲ့ကာ မြို့သစ်တည်ရပြန်၏။ နောက်ထပ်တစ်ကြိမ် တစ်ဂါဝုတ် ထပ်မံ တိုးချဲ့ခြင်းဖြင့် မြို့တည်လေသောကြောင့် ‘ကြီးကျယ်ပြန့်ပြောသောမြို့’ဖြစ်၍ ‘ဝေသာလီ’ဟု ခေါ်တွင်ခဲ့ပါသတည်း။

## ဖွံ့ဖြိုးဝေစည် ဝေသာလီ

ထိုဝေသာလီပြည်ကြီး၌ အလှည့်ကျ မင်းပြုပြီး အုပ်ချုပ်ကြ

ကုန်၏။ ခိုက်ရန်မရှိ၊ အငြင်းအခုံမရှိ။ ညီညွတ်ကြကုန်၏။ တစ်ယောက်ကိုတစ်ယောက် ရိုသေလေးစားကြကုန်၏။ ကိုင်းညွတ်ကြကုန်၏။ စည်းလုံးမှုကောင်းသောကြောင့် ရန်အပေါင်းကို အောင်မြင်ကြ၏။ စည်ပင်ဝပြော သာယာ၏။ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရက္ခစိုးနတ်တို့ကိုလည်း နေ့ညမပြတ် ဗလိနတ်စာပေး၍ ပူဇော်ကြကုန်၏။

ထိုဝေသာလီပြည်ကြီး၌ မင်းပေါင်း ၇၇၀၇–ပါး၊ အိမ်ရှေ့မင်းပေါင်း ၇၇၀၇–ပါး။ စစ်သူအမတ်ကြီးပေါင်း ၇၇၀၇ ဦး မင်းနေ နန်းပြာသာဒ်ပေါင်း ၇၇၀၇ ဆောင်၊ စုလစ် မွန်းချွန် တပ်သော ပြာသာဒ်ပေါင်း ၇၇၀၇ လုံး၊ ဥယျာဉ်ပေါင်း ၇၇၀၇ ခု၊ ရေကန်ပေါင်း ၇၇၀၇ ကန် ရှိသဖြင့် တာဝတိံသာနတ်ပြည်လော–ဟု မေးမြန်းနိုင်၏။

အချို့သော ဝေသာလီမြို့သား မြို့သူတို့သည် အနီရောင်အဝတ်ကို ဝတ်၍ ရွှေဝါရောင်အရုံကို ရုံကြ၏။ အချို့ကတော့ ရွှေဝါရောင်အဝတ်ကို ဝတ်ပြီး နီသောအရုံကို ရုံကုန်၏။ အချို့ကမူ စိမ်းသောအဝတ်ကို ဝတ်ပြီး ပြာသောအရုံကို ရုံကာ ရွှေဝါရောင်ပေါင်းထုပ်ကို ပေါင်းကြကုန်၏။ အချို့ကြတော့လည်း ရွှေရောင်အဝတ်ကိုဝတ်၍ နီသောဝတ်ရုံကိုရုံပြီး အဖြူရောင်ပေါင်းထုပ်ကို ပေါင်းကြကုန်၏။

မြတ်စွာဘုရား ကိုယ်တော်တိုင်ကပင် "ရဟန်းတို့... တာဝတိံသာ ပရိသတ်ကို ရှုမြင်လိုလျှင် ဝေသာလီ ပရိသတ်ကိုသာ ရှုကြည့်ကြကုန်လော့"ဟူ၍ မိန့်တော်မူရပါသတည်း။

## ရတနသုတ်ကိုရွတ်ဖတ်ရခြင်းအကျိုး

ရတနသုတ်ကို ရွတ်ဖတ်ရခြင်း၊ နာကြားရခြင်းကြောင့် ကပ်ကြီးသုံးပါးမှလည်း ကျော်လွှားနိုင်ပါ၏။ ဘီလူး၊ သရဲ၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ မင်စာတို့၏ ဘေးရန် အန္တရာယ်၊ နှောင့်ယှက်ခြင်းမှလည်း ကင်းဝေးနိုင်၏။

ထို့ပြင် နတ်ကောင်း၊ နတ်မြတ်အပေါင်း၏ ကူညီစောင့်ရှောက်မှုကိုလည်း ခံရ၏။ အချုပ်အနှောင်အဖွဲ့များမှလည်း ကင်းလွတ်စေနိုင်ပါသည်။

(ဟံသာဝတီ၊ ပရိတ်ကြီး၁၁–သုတ်နှင့် ကျင့်စဉ်)

မြို့တွင်း၊ ရွာတွင်း၊ ရပ်ကွက်အတွင်း၊ လမ်းအတွင်း၌ ဘေးအန္တရာယ်များ ကျရောက်သောအခါ ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ ရတနသုတ်ပရိတ်ကို နာကြားသင့်ကြပါသည်။ စွမ်းနိုင်ပါက မိမိကိုယ်တိုင်လည်း နေ့စဉ်ရွတ်ဖတ်နိုင်လျှင် သို့မဟုတ် သူ့ပရိတ်နှင့် သူ့ရက် အလှည့်ကျ ရွတ်နိုင်လျှင်လည်း ရွတ်ပါ။ မိမိနေအိမ်နှင့်တကွ ရပ်ကွက်တစ်ခုလုံး၊ မြို့ရွာတစ်ခုလုံး ဘေးအန္တရာယ် ကင်းရှင်းစေနိုင်ပါသည်။

* ကပ်ကြီးသုံးဖြာ၊ **ဘေးကြုံလာ၊** ရွတ်ပါရတနသုတ်။

(အမှာ) ပရိတ်ပါဠိတော်များကို ကျမ်းလေးမည်ဖြစ်၍ မဖော်ပြတော့ပါ။

အလိုရှိလျှင် ကမ္ဘာအေးမှ ရိုက်နှိပ်ထုတ်ဝေသော ပရိတ်တရားစာအုပ်များ၊ ပုဂ္ဂလိကစာအုပ်တိုက်များမှ ရိုက်နှိပ်ထုတ်ဝေသော အိတ်ဆောင်ပရိတ်စာအုပ်များ ဆယ်စောင်တွဲစာအုပ်များတွင် ကြည့်နိုင်ကြပါသည်။

ဤစာအုပ်၌ ပရိတ်ကြီး(၁၁)သုတ်၏ တစ်သုတ်စီ မှတ်သားဖွယ်ရာဖြစ်ရပ် အဓိပ္ပာယ်များ အကျိုးအာနိသင်များ အသုံးပြုပုံများကို ရေးသားဖော်ပြသွားပါမည်။

၃။ မေတ္တသုတ်

***(မေတ္တာသုတ်ဖြစ်ပေါ်လာပုံ)***

– ဤမေတ္တာသုတ်ပရိတ်တော်ကို မည်သူဟောခဲ့သနည်း။

ဤမေတ္တာသုတ်ပရိတ်တော်ကို နတ်များဟောကြားသည် မဟုတ်။ အသီတိသာဝကတို့မှ တစ်ပါးပါး ဟောကြားသည်လည်း မဟုတ်ပေ။ ဗုဒ္ဓဘုရား ကိုယ်တော်တိုင် ရွှေနှုတ်တော်မှ မြွက်၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

– မည်သည့်နေရာတွင် ဟောတော်မူခဲ့သနည်း။

ဤမေတ္တာသုတ် ပရိတ်တော်ကို ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ဟောကြားတော်မူခဲ့ပါသည်။

– မည်သူ့ကိုအကြောင်းပြုပြီး ဟောကြားတော်မူခဲ့ပါသနည်း။

ရဟန်းငါးရာတို့သည် ဝါဆိုချိန်နီးသောကာလ၌ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို သင်ယူ၍ တောသို့ဝင်ကြလေ၏။ ရွာငယ်တစ်ခုကို ဆွမ်းခံရွာအဖြစ် အမှီပြု၍ တောရဆောက်တည်နေထိုင်ကြကုန်၏။ ရွာသူရွာသား ဒကာ,ဒကာမများကလည်း ထိုရဟန်းငါးရာတို့ကို သဒ္ဓါပိုမို ကြည်ညိုကြသဖြင့် ကျောင်းငယ်ငါးရာ ဆောက်လုပ်လှူဒါန်းကြ၏။ ဆွမ်းကိစ္စကိုလည်း တာဝန်ယူကြ၏။

ရဟန်းငါးရာတို့သည် "ငါတို့သည် တစ်ပါးနှင့်တစ်ပါး စကား မပြောကြဘဲ၊ ကမ္မဋ္ဌာန်းတရားကိုသာ အားထုတ်ကြကုန်

အံ့”ကတိထားကြပြီးလျှင် နေ့အခါများ၌ သစ်ပင်တစ်ပင်စီတွင် ရဟန်းအသီးသီး နေရာယူကာ တရားအားထုတ်နေကြပါသည်။

သီလရှိသောရဟန်း သစ်ပင်အောက်တွင် နေသောအခါ၌ ထိုသစ်ပင်ကိုမှီ၍ နေကြသော ရက္ခစိုးနတ်တို့သည် သစ်ပင်ထက်တွင် မနေဝံ့ကြကုန်။ ထိုအခါ သားငယ်တို့ကိုယူ၍ သစ်ပင်အောက်သို့ဆင်းပြီး နေကြရကုန်၏။ “ဤရဟန်းတွေ ဘယ်တော့များမှ ပြန်ကြွပါမည်နည်း”ဟု တွေးတောကာ သစ်ပင်နှင့် မနီးမဝေးမှ စောင့်နေကြရ၏။

ရဟန်းများ တော်တော်နှင့်ပြန်ကြွကြမည် မဟုတ်မှန်း သိကြသောအခါ ရက္ခစိုးနတ်တို့သည် “ဤရဟန်းများကို ဤတောထဲမှာ မနေရဲအောင် မနေနိုင်အောင် ကြောက်မက်ထိတ်လန့်ဖွယ်ကောင်းသော အဆင်း, အသံ, အနံ့တို့ကို ပြုကြကုန်အံ့”ဟု ကြံစည်ကြပြီး ညအခါ၌ ပြကြကုန်၏။ အိပ်မက်ဆိုးများကို မက်စေကုန်၏။ ကြောက်မက်ထိတ်လန့်ဖွယ်ရာ အသံတို့ကို ပြုကြကုန်၏။ မကောင်းသော အနံ့များကို ထုတ်လွှတ်ကြကုန်၏။

ထိုအခါ ရဟန်းငါးရာတို့မှာ နှလုံးစိတ်ဝမ်း မငြိမ်းမချမ်းရှိကြကုန်၏။ ထိတ်လန့်တုန်လှုပ်ကြကုန်၏။ အအိပ်ပျက် အစားပျက်ပြီး ခန္ဓာကိုယ် ကြုံလှီကြကုန်၏။ စိတ်လက်မကြည်မလင်ကြသောကြောင့် ကမ္မဋ္ဌာန်းတရားကိုလည်း အားမထုတ်နိုင်ကြတော့ပေ။ သို့ဖြစ်ရာ ရဟန်းငါးရာတို့သည် ဝါဆိုပြီးသော ပထမဝါ (ပုရိမဝါ)ကိုဖျက်ပြီး ဒုတိယဝါကပ်ကြမည်ဟု တိုင်ပင်ကြကာ ဘုရားရှင်ရှိတော်မူရာ သာဝတ္ထိပြည်သို့ ပြန်ကြွသွားကြရလေတော့သည်။

မြတ်စွာဘုရားသည် တောအရပ်မှ ပြန်ကြွလာကြသော

ရဟန်းများကို မြင်တော်မူသောအခါ "သင်တို့သည် အဘယ့်ကြောင့် ဝါတွင်းကာလမှာ ဒေသစာရီ ကြွကြသနည်း" (ခရီးထွက်ကြသနည်း)ဟု မိန့်တော်မူ၏။

ရဟန်းငါးရာတို့က သူတို့၏ ဖြစ်ပျက်ပုံ အတွေ့အကြုံတို့ကို ဘုရားရှင်အား လျှောက်ထားလိုက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့၏ လျောက်ပတ်သောနေရာသည် ထိုတောအံရပ်ပင်ဖြစ်ကြောင်း သိမြင်တော်မူ၍ 'မေတ္တသုတ်'ပရိတ်တော်ကို ရဟန်းများအား ဟောကြားတော်မူလေ၏။ ရဟန်းတို့သည် မေတ္တသုတ် ပရိတ်တော်ကို ရအောင် လေ့ကျက်ကြလေသည်။ ပရိတ်အာရုံ ရရှိသောအခါ မြတ်စွာဘုရားက ရဟန်းငါးရာအား...

"သင်တို့သည် နေရာဟောင်းသို့ပြန်၍ ဒုတိယဝါကပ်ကြလော့။ ဤမေတ္တသုတ် ပရိတ်တော်ကိုလည်း နေ့ညဥ့်မပြတ် ရွတ်ဖတ်ပြီး နေကြကုန်လော့"ဟု မိန့်တော်မူလိုက်လေသည်။

ဗုဒ္ဓဘုရား ညွှန်ကြားတော်မူသည့်အတိုင်း ရဟန်းများ ကျင့်သုံးနေထိုင်ကြသောအခါ ရက္ခစိုးနတ်တို့သည် ရဟန်းများကို မေတ္တာသက်ဝင် ချစ်ခင်လေးမြတ်ကြကုန်၏။ ကြောက်မက်ဖွယ် အရုပ်, အဆင်း, အသံ, အနံ့တို့ကို မပြုတော့ကြရုံမျှမက ရဟန်းများ၏ ကျောင်းတလင်းပြင်ကို တံမြက်လှည်းကြကုန်၏။ သောက်ရေ သုံးဆောင်ရေ ခပ်ပေးကြကုန်၏။ ဘေးဥပါဒ်မရှိအောင် စောင့်ရှောက်ပေးကြကုန်၏။

ထိုအခါ ရဟန်းငါးရာတို့သည် တည်ကြည်ရွှင်လန်းသော စိတ် ရှိကြသည်ဖြစ်၍ ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ပွားများအားထုတ်ကြရသောကြောင့် ထိုဝါတွင်း၌ပင် အရဟတ္တဖိုလ် ပေါက်ကာ ရဟန္တာများ ဖြစ်သွားကြလေသတည်း။

(မေတ္တာအကျိုး ၁၁ မျိုးကို ဤကျမ်းစာ တစ်နေရာ၌ ပြဆိုထားပြီး ဖြစ်ပါသည်)

မေတ္တာစွမ်းအင်ပြလင်္ကာ

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ လှူဒါန်းခြင်းထက်၊ မယှဉ်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါဖြင့်၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း”

* လူနတ်ပုဂ္ဂိုလ်၊ ချစ်စေလို၊ ရွတ်ဆိုမေတ္တာသုတ်။

၄။ ခန္ဓသုတ်

***(ခန္ဓသုတ်အကြောင်း)***

ဤခန္ဓသုတ်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မြွေကိုက်ခံရ၍ သေဆုံးသွားသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ ရဟန်းတစ်ပါးသည် မြွေကိုက်၍ သေလေ၏။ ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်ကြားတော်မူလိုက်လေ၏။

“ရဟန်းတို့...ထိုရဟန်းသည် နဂါးမျိုးလေးပါးတို့အား မေတ္တာမပွားသောကြောင့် ဖြစ်ပေသည်။ နဂါးမျိုးလေးပါးထံ မေတ္တာစိတ် မရောက်သောကြောင့် ဖြစ်ရပေသည်။ နဂါးမျိုးလေးပါးတို့အား မေတ္တာပွား၍ မေတ္တာစိတ်နှံ့စေမူကား ထိုရဟန်းသည် မြွေကိုက်၍ မသေစေရာ”

ရဟန်းတို့...ယခု ယနေ့မှစ၍ ဘေးအန္တရာယ် ကင်းခြင်း၏ အကြောင်းဖြစ်သော အတ္တဘောတည်းဟူသော ခန္ဓာ ပဥ္စကကို စောင့်ရှောက်လုံခြုံစေခြင်း၏ အကြောင်းဖြစ်သော မေတ္တာကို နဂါးမျိုးလေးပါးကို အစအဦးထား၍ ခပ်သိမ်းသော သတ္တဝါတို့အား မေတ္တာပွားများပါ။ မေတ္တာစာတ်ကို ဖြန့်ကျက်ပါ။ ဤ 'ခန္ဓသုတ်'ကို မပြတ်မလတ် ရွတ်ဖတ်ကြပါ၊ သရဇ္ဈာယ်ကြပါ"

## ခန္ဓသုတ်ရွတ်ခြင်းအကျိုး

ခန္ဓသုတ် ပရိတ်တော်ကို ရွတ်ဖတ်ရခြင်းအားဖြင့် ကြမ်းတမ်းခက်ထန်သော အဆိပ်အမျိုးမျိုးကို ဖျက်ဆီးပစ်နိုင်ပါသည်။ သတ္တဝါအပေါင်းတို့အား အခြားသော ဘေးရန်အန္တရာယ် ရန်စွယ်အပေါင်းတို့ကိုလည်း ပျောက်ကင်းစေနိုင်ပါသည်။

အဆိပ်ရှိသော သတ္တဝါများပေါသည့် အရပ်ဒေသများတွင် ဤခန္ဓသုတ်ကို မပြတ်မလပ် ရွတ်အပ်ပေသည်။ ခွေးရူး၊ မြွေ၊ ကင်း၊ ကင်းမြီးကောက် စသော အဆိပ်ရှိ သတ္တဝါများနှင့် ရင်ဆိုင်တွေ့ရသောအခါ အဆိပ်သင့်သောအခါတို့၌ ရွတ်ဖတ်ပူဇော်သင့်ပါသည်။ တောထဲတောင်ထဲတွင် အလုပ်လုပ်ရသူများ၊ လယ်သမား၊ ကိုင်းသမားများ ဤခန္ဓသုတ်ကို နေ့စဉ် ရွတ်သင့်ပါသည်။

*** မြွေ၊ ကင်း၊ သစ်၊ ကျား၊ တွေ့ကြုံငြား၊ ရွတ်ပွားခန္ဓသုတ်။**

## ၅။ မောရသုတ်

***(မောရသုတ်အကြောင်း)***

ဤမောရသုတ် ပရိတ်တော်ကို မြတ်စွာဘုရားသည် သာဝတ္ထိ

ပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်က ဆွမ်းခံရွာ၌ ချောမောလှပ ပျိုမျစ်သော မာတုဂါမကိုမြင်ပြီး လူထွက်လိုသော ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဟောတော်မူခဲ့၏။

အပေါင်းအဖော်ဖြစ်သော ရဟန်းတို့သည် လူထွက်လိုသော ရဟန်းကို မြတ်စွာဘုရားထံတော်သို့ ခေါ်သွားကြလေသည်။ မြတ်စွာဘုရားက "မှန်ပါသလား"ဟု မေးမြန်းတော်မူရာ ရဟန်း ငယ်ကလည်း "မှန်ပါသည် အရှင်ဘုရား"ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက–

"အို...ရဟန်း၊ မာတုဂါမသည်ကား ပညာနည်းသော သင်တို့စိတ်ကို မဆိုလင့်ဦး ရှေးယခင်က ပညာကြီးတော်မူသော ဥဒေါင်းမင်း၏စိတ်ကိုသော်လည်း နှောင့်ယှက်ဖျက်ဆီးခဲ့ဖူးလေပြီ" ဟု မိန့်တော်မူ၍ 'ဥဒေါင်းမင်း'ဇာတ်ကို ဟောတော်မူ၏။

ဟို ရှေးရှေးက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးခဲ့၏။ ဘုရားအလောင်း ဥဒေါင်းမင်းသည် နတ်ပြည်မှ စုတေခဲ့၍ ဥဒေါင်းမျိုး၌ ပဋိသန္ဓေတည်၏။ ဒေါင်းဥသည် မဟာလှေကား ပန်းအဆင်းနှင့်တူ၏။ အဥမှ အကောင်ပေါက် သောအခါ၌ ဇမ္ဗူရာဇ်အဆင်းနှင့်တူ၏။ အတောင်နှစ်ဖက်တို့၏ အကြား၌ ကမ္ဗလာအဆင်းနှင့်တူသော အမွေး ရေသောကြောင့် အလွန်တင့်တယ်၏။ ရှုမငြီးစရာ အဆင်းသဏ္ဌာန်နှင့် ပြည့်စုံပါ ၏။

ဥဒေါင်းမင်းက– "ငါ၏အဆင်းသည် အလွန်တင့်တယ်၏။ လူတို့၏အနီးအပါး၌ နေခြင်းဖြင့် အသက်မရှည်ရာ၊ လူသူဝေးရာ ဟိမဝန္တာတောအရပ်သို့သွား၍နေတော့အံ့"ဟု ကြံစည်ပြီးလျှင် တောင်သုံးလုံးကိုကျော်လွန်၍ လေးခုမြောက်သောတောင်ကြား၌

ဒက္ခာကပဟိရည အမည်ရှိသော ရွှေတောင်ထွတ်အကြားသို့ သွား၍ နေလေ၏။

ဥဒေါင်းမင်းသည် နေထွက်သောအခါ နေကိုကြည့်၍ 'ဥဒေ်တယံ'ပရိတ်တော်ကို ရွတ်ပြီးလျှင် တောင်ပေါ်မှဆင်းကာ အစာရှာထွက်၏။

နေဝင်သောအခါ၌လည်း တောင်ပေါ်သို့တက်၍ နေကို ကြည့်ပြီး 'အပေတယံ'အစချီ ပရိတ်တော်ကို ရွတ်ကာ အိပ်စက်လေ၏။

ဤသို့လျှင် ဥဒေါင်းမင်းသည် နေ့တိုင်း နေ့တိုင်း ပရိတ်တော် နှစ်ပုဒ်ကို ရွတ်၍ အချိန်ကြာမြင့်စွာ ကုန်လွန်ခဲ့၏။ ဘေးဥပါဒ် အန္တရာယ် မရှိ၊ အစာရှာ၍လည်း ရလွယ်၏။ ကိုယ်ကျန်းမာ စိတ်ချမ်းသာရှိလေ၏။

## ဥဒေါင်းမနှင့်မှုားလေရာ

ဗာရာဏသီမှ မုဆိုးအိုတစ်ယောက်သည် ဟိမဝန္တာတောမှာ လှည့်ပတ်သွားလာရင်း ထို ဒက္ခာကပဟိရည ရွှေတောင်ထွတ်အကြား ၌နေသော ဥဒေါင်းမင်းကို တွေ့မြင်သွားလေသည်။ အိမ်ပြန် ရောက်သောအခါ ထိုအကြောင်းကို သားဖြစ်သူအား ပြောပြသည်။ သားကလည်း မှတ်သားထားလေ၏။

မုဆိုးအိုကြီးသေပြီးသည့် နောက်ကာလ၌ ဗြဟ္မဒတ်မင်းကြီး ၏မိဖုရားကြီး 'ခေမာ'သည် 'ရွှေဥဒေါင်းမင်း၏ တရားကို နာယူရသည်'ဟု အိပ်မက် မက်လေ၏။ မိဖုရားကြီးသည် ထို အိပ်မက်အကြောင်းကို မင်းကြီးအား ပြောပြ၏။ မင်းကြီးက

မိဖုရားကို အလွန်ချစ်မြတ်နိုးသည့်အတိုင်း ရွှေဥဒေါင်းမင်းကို ဖမ်းပြီး တရားဟောခိုင်းကာ မိဖုရားအား တရားနာစေချင်သည့် အတိုင်း ဥဒေါင်းမင်း ဘယ်မှာရှိသနည်းဟု မေးလေပြီ။

အမတ် ပုရောဟိတ် ပုဏ္ဏား၊ စသူတို့ မဖြေနိုင်။ မုဆိုးတို့သာ သိစွမ်းနိုင်၏ဟု သံတော်ဦးတင်ကြ၏။ ထိုအခါ ဥဒေါင်းမင်း ရှိသောအရပ်ကို ဖခင်မသေမီက ပြောဖူးသည်ကို မှတ်သားထား ခဲ့သော မုဆိုးက သူသိကြောင်း လျှောက်ကြားလိုက်၏။

မင်းကြီးက ထိုမုဆိုးအား "ရွှေဥဒေါင်းကို ကျော့ကွင်းဖြင့် ရအောင်ထောင်၍ ဆောင်ယူခဲ့ရမည်"ဟု စေခိုင်းကာ ဆုတော် လာဘ်တော်များလည်း ပေးသနား၏။

မုဆိုးသည် သူ၏ဖခင်ပြောခဲ့သော အရပ်ကို သေချာစွာ မှတ်သား၍ ဥဒေါင်းမင်း ရှိရာအရပ်သို့ သွားရောက်ပြီး အနီး အပါးမှာ စခန်းချကာ နေ့စဉ် ကြော့ကွင်းဖြင့် ထောင်သော်လည်း မမိပေ။ ဤသို့ဖြင့် မုဆိုးသည် အသက်သေဆုံးသွား၏။ ဥဒေါင်းမင်းကိုကား မရ။ ဥဒေါင်းမင်း၏ တရားကို နာယူချင် သည်ဆိုသော မိဖုရားလည်း ကံကုန်လေပြီ။

ဗြဟ္မဒတ်မင်းကြီးသည် စိတ်နှလုံး မသာမယာဖြင့်ပင် "ဤ အရပ်ဒေသ၌ ရွှေဥဒေါင်းမင်းရှိ၏။ ထိုရွှေဥဒေါင်းမင်း၏ အသားကိုစားရလျှင် အသက်ရှည်၏။ အနာရောဂါဟူသမျှ ကင်း၏။ ဘုန်းတန်ခိုးကြီးမား၏"ဟူသောစာကို ရွှေပေလွှာ၌ ကမ္ပည်းစာကို ရေးထိုးထားခဲ့ပြီး ကံကုန်လေ၏။

နောက် မင်းတစ်ပါး နန်းတက်သောအခါ ထိုကမ္ပည်းစာကို တွေ့ပြီး မုဆိုးများအား ရွှေဥဒေါင်းမင်းကို ဖမ်းခိုင်းသော်လည်း မရပေ။ ဤသို့ဖြင့် တစ်မင်းပြောင်းလိုက် ဖမ်းခိုင်းလိုက်ဖြင့် မင်းဆက် (၆)ဆက် ရှိသွားလေပြီ။ နှစ်ပရိစ္ဆေဒကား နှစ်ပေါင်း (၇၀၀) ကြာခဲ့လေပြီ။

(၇)ဆက်မြောက်သောမင်းလက်ထက်၌လည်း ရှေးမင်းများ အလားတူ မုဆိုးကို စေလွှတ်၍ ကျော့ကွင်းထောင်သော်လည်း ဥဒေါင်းမင်းကို မရနိုင် ဖြစ်နေလေရာ ဥဒေါင်းမနှင့်ထောင်မှ ရနိုင်မည်ကို သဘောပေါက်ကြလေသည်။ သို့ဖြင့် ဥဒေါင်းမကို ကခြင်း, သီခြင်း၌ လိမ္မာကျွမ်းကျင်အောင် သင်ကြားပေးပြီးလျှင် ဥဒေါင်းမကို အလယ်မှာထားကာ ဘေးပတ်လည်တွင် ကျော့ကွင်းများကိုထား၍ နံနက်စောစော ထောင်လေတော့၏။

ဥဒေါင်းမကလည်း က၏၊ သီချင်းလည်းဆို၏၊ ဥဒေါင်းမ၏ အက၊ ဥဒေါင်းမ၏ အလှသာမက ဥဒေါင်းမ၏ ဂီတ (တွန်ကျူး သံ)ကို ဥဒေါင်းမင်း ကြားလေလျှင် အသံ၌ တပ်ငြိသောစိတ် ဖြစ်ပေါ်၍လာလေသည်။ အနှစ်(၇၀၀)ပတ်လုံး တည်ငြိမ်နေခဲ့သော ကိလေသာသည် ဦးခေါင်းထောင်ထလာပြီး ပရိတ်တော်ကိုရွတ်ရန် မေ့လေပြီ။

ရွှေဥဒေါင်းမင်းသည် ယာသာသောအသံပိုင်ရှင် ဥဒေါင်းမထံ အရောက်သွားလေတော့ရာ မုဆိုးထောင်ထားသော ကျော့ကွင်း၌ မိလေသတည်း။

ချုံကွယ်တစ်နေရာမှ စောင့်နေသော မုဆိုးသည် ထွက်ပေါ် လာပြီး ရွှေဥဒေါင်းမင်းကို ဖမ်းဆီးလိုက်လေသည်။ ဥဒေါင်းမင်းကို ကောင်းစွာ ယူဆောင်ခဲ့ပြီး ဗာရာဏသီမင်းကြီးအား ဆက်သ လေ၏။

မင်းကြီးသည် ရွှေဥဒေါင်းမင်းကိုမြင်လျှင် အလွန်ချစ်မြတ်နိုး သောစိတ် ဖြစ်ပေါ်ပြီး ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်၏။ ဥဒေါင်းမင်းသည် မင်းကြီးခင်းပေးသော မြတ်သောနေရာပေါ်မှာ နေပြီး မင်းကြီးအားမေး၏။

"မင်းကြီး အဘယ့်ကြောင့် ငါ့ကိုဖမ်းပါသနည်း"

"ရွှေဥဒေါင်းမင်း၏ အသားကို စားရသောသူတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းသည်ဟု ရွှေကမ္ပည်းစာတွင် ရေးထားတာကို တွေ့ရ၍ အသားစားလိုခြင်းကြောင့် ဖမ်းပါသည်" ဟု မင်းကြီးက ဖြေလိုက်၏။

"မင်းကြီး၊ ငါ့အသားကိုစား၍ မင်းကြီးကား မအို၊ မနာ၊ မသေသည်ဖြစ်စေသော်လည်း ငါကား သေရမည်မဟုတ်လော"ဟု ဥဒေါင်းမင်းက ပြန်ပြော၏။

"ဟုတ်တယ် သင်ဥဒေါင်းမင်းကတော့ သေရမည်"

"ငါသေလေသော် ငါ့အသားကိုစားသောသူသည်လည်း အဘယ်မှာ မအိုဘဲ၊ မနာဘဲ၊ မသေဘဲ နေရအံ့နည်း။ စဉ်းစားကြည့်ပါမင်းကြီး။ ဝဋ်ဒုက္ခဖြစ်သော သတ္တဝါမှန်သမျှ မအို၊ မနာ၊ မသေ သော သတ္တဝါဟူ၍ မရှိစကောင်း။ နိဗ္ဗာန်သည်သာ မအို၊ မနာ၊ မသေနိုင်သောတရားတည်း"ဟူ၍ ဥဒေါင်းမင်းက မင်းကြီးအား တရားဟောလေသော်–

မင်းကြီးလည်း ဥဒေါင်းမင်းဟောသော တရားကို အလွန်နှစ်သက်သဘောကျပြီး ဥဒေါင်းမင်းအား ကောင်းမြတ်သောခဲဖွယ်ဘောဇဉ်များဖြင့် ကျွေးမွေးလေ၏။ ထို့နောက် မင်းကြီးက ဥဒေါင်းမင်းကို ဆက်လက်၍ မေးခွန်းများ ထုတ်ပြန်လေသည်။

"ဥဒေါင်းမင်း၊ သင်သည် အဘယ့်ကြောင့် ဤကဲ့သို့ အဆင်းကြန်အင် တင့်တယ်ဘိသနည်း"

"မင်းကြီး၊ ငါကား အကြောင်းမရှိဘဲ အဆင်းသဏ္ဍာန်ကြံအင်လက္ခဏာနှင့် ပြည့်စုံလာသည်မဟုတ်။ ရှေးသောအခါက ငါသည် ဗာရာဏသီပြည်မှာ စကြဝတေးမင်း ဖြစ်ခဲ့ပြီး လူအပေါင်းတို့ကို ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်ကောင်းမှုတို့ကို

ပြုကြကုန်ဟု တိုက်တွန်းနှိုးဆော်ကာ အလှူပေးခြင်း၊ ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကို မပြတ်မလပ် ဆောက်တည်စေခဲ့ပါ၏။

ဤစကြဝဠာတိုက်အလုံး၌နေသော သတ္တဝါတို့ကို ဆုံးမသြဝါဒပေး၍ ကုသိုလ်ကောင်းမှုတို့ကို ပြုစေခဲ့၏။ ထိုစကြဝတေးမင်းအဖြစ်မှ စုတေ၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ တာဝတိံသာနတ်ပြည်၌ နတ်တို့၏အသက်အတိုင်း အနှစ်သုံးကုဋေ ခြောက်သန်းပတ်လုံး နတ်စည်းစိမ်တွေကို ခံစားပြီးမှ ထို တာဝတိံသာနတ်ပြည်မှ စုတေခဲ့၍ ဤဥဒေါင်းမင်းဘဝရောက်လာခဲ့ရသတည်း။

စကြဝတေးမင်းဖြစ်စဉ်က စောင့်ရှောက်ခဲ့ဖူးသော သီလအစရှိသော ကုသိုလ်ကံ၏အကျိုးကြောင့် ဤကဲ့သို့ ရွှေအဆင်းနှင့်တူပြီး အဆင်းသဏ္ဌာန် ကြံ့အင်လက္ခဏာနှင့် ပြည့်စုံရပါသတည်း”ဟု ဥဒေါင်းမင်းက သူ၏ ဘဝဇာတ်ကြောင်းကို မင်းကြီးအား ပြန်ပြောင်းပြောပြလိုက်လေ၏။ မင်းကြီးကလည်း ဆက်၍ မေးမြန်း၏။

“ဥဒေါင်းမင်း၊ သင်သည် စကြဝတေးမင်းဖြစ်ခဲ့သည်ဟု အဘယ့်ကြောင့် ပြောနိုင်သနည်း၊ ဘယ်လိုအထောက်အထား ပြနိုင်သနည်း”

“မင်းကြီး၊ ယုံကြည်လောက်သော သက်သေပြပါအံ့။ စကြဝတေးမင်းဖြစ်သောအခါ ရတနာ(၇)ပါးဖြင့် ပြီးသော ရထားကိုစီးပြီး ကောင်းကင်ခရီးကိုသွားပါ၏။ ထိုရထားသည် ယခု ဤမင်္ဂလာရေကန်ထဲမှာ နစ်မြုပ်၍ နေပါသည်။ မင်းကြီး ဆယ်ယူကြည့်တော်မူပါ”

မင်းကြီးသည် ဥဒေါင်းမင်းပြောသည့်အတိုင်း မင်္ဂလာရေကန်မှ

ရေတွေထုတ်ပစ် မြေကြီးကိုတူး၍ ကြည့်သော် ရွှေရထားကို ရရှိလေ၏။ ထိုအခါ မင်းကြီးသည် ရွှေဥဒေါင်းမင်း၏ ပြောစကားများကို ကောင်းစွာ ယုံကြည်သွားလေ၏။ ထို့နောက် ဥဒေါင်းမင်းသည် မင်းကြီးအား အောက်ပါတရားစကားများကို ဟောကြားပြန်လေသည်။

ဥဒေါင်းမင်း၏တရား

"မင်းကြီး၊ နိဗ္ဗာန်မှတစ်ပါး ရှိရှိသမျှ သင်္ခါရတရားအပေါင်းတို့သည် မအိုတာ၊ မနာတာ၊ မသေတာမရှိ။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် အမြဲမရှိကုန်။ ပျက်စီးတတ်သော သဘောရှိကုန်၏။ ကွယ်ပျောက်တတ်သော သဘောရှိကုန်၏။

မင်းကြီးအား တရားဟောရုံမျှမက ငါးပါးသီလကို ဆောက်တည်စေ၏။ မင်းကြီးသည် အလွန်နှစ်သက် သဘောကျသွားပြီး တိုင်းပြည်ကိုအပ်နှင်း၏။ ပြည်စည်းစိမ်အားလုံး လွှဲပြောင်းပေး၏။ ဥဒေါင်းမင်းသည် မင်းကြီးအလိုကျအောင် ရွှေနန်းတော်မှာ နှစ်ရက်၊ သုံးရက်ခန့်နေပြီး "မင်းကြီး၊ မမေ့မလျော့သော သတိဖြင့် နေထိုင်ကာ ကုသိုလ်ကောင်းမှု ပြုလေလော့"ဟု မှာကြားကာ ဟိမဝန္တာရှိ ဒဏ္ဍကဟိရည ရွှေတောင်ထွတ်သို့ ပျံသန်းသွားလေတော့သတည်း။

[ဇာတ်ပေါင်းသော် မင်းကြီးက အာနန္ဒာ။ ဥဒေါင်းမင်းက ဗုဒ္ဓဘုရား ဖြစ်လာ၏။ ဇာတ်အဆုံး၌ သစ္စာလေးပါးတရားကို ငါဘုရား ဟောကြားတော်မူသောအခါ လူထွက်လိုသော ရဟန်းသည် သောတာပတ္တိဖိုလ်ကို ရရှိသွားလေ၏။]

(ဒုကနိပါတ်၊ မောရဇာတ်)

## မောရသုတ်ရွတ်ခြင်းအကျိုး

- မောရပရိတ်ကိုရွတ်လျှင် အချုပ်အနှောင်တို့မှ လွတ်မြောက်နိုင်သည်။
- သူတစ်ပါးတို့၏ အန္တရာယ်ပြုမှု၊ မကောင်းကြံစည်မှုတို့ကို ဟန့်တားဖျက်ဆီးနိုင်သည်။
- မိမိကြံစည်သမျှ၊ ဆောင်ရွက်ပြုလုပ်သမျှလည်း အနှောင့်အယှက်ကင်းစွာ ပြီးစီးအောင်မြင်နိုင်သည်။

## မောရပရိတ်ရွတ်ရမည့်အခါ

နေ့စဉ်ရွတ်နိုင်လျှင်မူ အကောင်းဆုံးဖြစ်သည်။ သူ့ရက်ပတ်နှင့်သူ့ပရိတ် ရွတ်လျှင်လည်း ကောင်းပါသည်။

အထူးသဖြင့် အချုပ်အနှောင် အတားအဆီး ရှိနေသောအခါ–

– မိမိကို အန္တရာယ်ပြုမည့်သူ၊ ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်နေသူများ ရှိသောအခါများကို ရွတ်ဖတ်သင့်ပါသည်။

* **ချုပ်နှောင်၊ ကြိုးတပ်၊ ဘေးကြုံလတ်၊ ရွတ်အပ်မောရသုတ်။**

## ၆။ ဝဋ္ဋသုတ်

***(ဝဋ္ဋသုတ်ပရိတ်ဖြစ်ပေါ်လာပုံ)***

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းသံဃာတော်ပေါင်းမြောက်မြားစွာ ခြံရံလျက် နွေလအချိန်အခါတွင် မဂဓရောဇ်တိုင်း

ကျေးလက်တောရွာများသို့ ဒေသစာရီ ကြွချီတော်မူ၏။ တစ်နေ့ရာအရောက်တွင် တောမီး အကြီးအကျယ် လောင်နေရာသို့ ရောက်သွားပြီး တောမီးပတ်လည်ဝိုင်းနေတော့သည်။ ပုထုဇဉ် ရဟန်းတို့သည် သေရမည်ကို ကြောက်ရွံ့ထိတ်လန့်ကြပြီး ကြွေးကြော် မြည်တမ်းကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ သင်တို့ မကြောက်ကြကုန်လင့်။ ငါဘုရား၏ အပါးသို့ လာကြကုန်"ဟု ရဟန်းများကို ခေါ်တော်မူစဉ် ခဏာ၌ပင်လျှင် တောမီးသည် ရေဖြင့် ငြိမ်းသတ်လိုက်သကဲ့သို့ ငြိမ်းသွားလေ၏။

ညချမ်းရောက်သော် ရဟန်းတို့သည် တောမီးကြီးကို ငြိမ်းသွားအောင် စွမ်းဆောင်တော်မူနိုင်သော ဘုရားရှင်၏ တန်ခိုးတော်ကို ချီးမွမ်း ပြောဆိုနေကြလေ၏။

ထိုအချိန်မှာပင် ဘုရားရှင်သည် ရဟန်းတော်များအနီးသို့ ကြွရောက်တော်မူလာပြီး "ရဟန်းတို့၊ သင်တို့သည် အဘယ်စကားကို ပြောဆိုနေကြဘိသနည်း"ဟု မေးမြန်းတော်မူရာ ရဟန်းတို့က "အရှင်ဘုရား၊ တပည့်တော်တို့သည် အရှင်ဘုရား၏ တန်ခိုးကြီးမားပုံကို ချီးကျူးပြောဆိုနေကြပါသည်ဘုရား"ဟု လျှောက်ထားကြလေ၏။

ထိုအခါ ဗုဒ္ဓဘုရားက–

"ရဟန်းတို့၊ ယခု ဘုရားဖြစ်တော်မူပြီးမှ တောမီးကြီးကို ငြိမ်းစေနိုင်သည်ကား အံ့ဩဖွယ်မဟုတ်သေး။ ဟိုရှေးယခင် ငါဘုရား ငုံးမျိုး၌ဖြစ်စဉ်က ဥခွံတွင်းမှပေါက်စသာရှိသေးသော အမွေးအတောင် မစုံလင်သေးသော ငုံးငယ်သည် သစ္စာပြု၍ တောမီးကြီးကို ငြိမ်းစေနိုင်ခဲ့ခြင်းသာလျှင် အံ့ဩဖွယ်ရှိ၏"ဟု မိန့်တော်မူပြီးလျှင်–

"အတ္ထိလောကေ..."အစချီသော ဝဋ္ဋသုတ်ပရိတ်တော်ကို ဟောတော်မူလေ၏။

## ဝဋ္ဋသုတ်ရွတ်ခြင်းအကျိုးတရား

- မီးဘေးအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ခြင်း
- အိမ်၊ တိုက်တာကို မီးကွင်းရှောင်ခြင်း
- ကျရောက်လာမည့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ခြင်း

## ဝဋ္ဋသုတ်ကို အထူးရွတ်သင့်သောအချိန်

ဝဋ္ဋသုတ်ကို မီးဘေးအန္တရာယ် စိုးရိမ်ရသော အလွန်ပူပြင်းသည့် နွေရာသီအချိန်များ၌ အထူးရွတ်သင့်ပါသည်။

မီးလောင်နေလျှင်လည်း ဝဋ္ဋသုတ်ကို ရွတ်ဖတ်ခြင်းဖြင့် မီးကို ဟန့်တားနိုင်ပါသည်။

နေ့စဉ်ရွတ်ဖတ်နိုင်ပါက ပို၍ကောင်းပါသည်။ မီးဘေးရန်ကို ကြိုတင်တားဆီးရာ ရောက်ပါသည်။

*** တေဇအင်္ဂါ၊ မီးဘေးငြိ၊ ရွတ်ဘိ ဝဋ္ဋသုတ်။**

## ၇။ ဓဇဂ္ဂသုတ်

***(ဓဇဂ္ဂသုတ်ဖြစ်ပေါ်လာပုံ)***

ဓဇဂ္ဂသုတ်တော်ကို ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့ပျော်နေတော်မူစဉ်က ရဟန်းများအား ဟောကြားတော်မူခဲ့ပါသည်။

ရဟန်းတို့သည် ဗုဒ္ဓဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို နာယူပြီး တောတောင်အရပ်သို့သွားကာ ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်လေ့ ရှိကြပါသည်။

ကမ္မဋ္ဌာန်းတရား အားထုတ်ရန် အကောင်းဆုံးနေရာတို့မှာ တောအရပ်၊ ဆိတ်ငြိမ်၍ အရိပ်အာဝါသကောင်းသော သစ်ပင်ရိပ်များ၊ မြို့ရွာနှင့်နီးသော်လည်း ဆိတ်ငြိမ်မှုရှိသော နေရာများ ဖြစ်ပါသည်။

ထိုနေရာဒေသသုံးမျိုးတို့တွင် တောအရပ်သည် တရားအားထုတ်ရန် အကောင်းဆုံးနှင့် အသင့်လျော်ဆုံးဖြစ်သည်။ သို့ရာတွင် တောတောင်အရပ်သည် သမာဓိမရသေးသော ပုဂ္ဂိုလ်များအတွက် တောစောင့်နတ် တောင်စောင့်နတ် စသော ပုဂ္ဂိုလ်တို့၏ ခြောက်လှန့်ခြင်းကို ခံရတတ်ပေသည်။ သဘာဝရေမြေ တောတောင်တို့၏ အသံကပင် ခြောက်လှန့်နေသလို ကြောက်စရာကောင်းပါသည်။

ဗုဒ္ဓဘုရားရှင် ဆိတ်ငြိမ်ရာ တောအရပ် စသည်တို့တွင် တရားအားထုတ်ကြမည့် ရဟန်းတို့အား စိတ်ဓာတ်ကြံ့ခိုင်စေရန် ကြောက်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း၊ ကိုယ်လက် ခက်ထရော် ရှိခြင်းတို့မှ ကင်းစေရန် ရည်သန်တော်မူလျက် ဓဇဂ္ဂသုတ်တော်ကို ထုတ်ဖော်၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဓဇဂ္ဂသုတ်တွင် ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လာလျှင် ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး၊ ဓမ္မဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါးတို့ကို ဆင်ခြင်အောက်မေ့လိုက်ပါက ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ကိုယ်လက်ခက်ထရော်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ကင်းပျောက်လွင့်စင်သွားနိုင်ကြောင်း ဗုဒ္ဓဘုရားရှင်က ညွှန်ကြားတော်မူထားပါသည်။

မဇ္ဈဂုပရိတ်အကျိုး

- ကြောက်ရွံ့အားငယ်စိတ်များ လွင့်ပျောက်သွားနိုင်ခြင်း
- အပြိုင်အဆိုင် ယှဉ်ပြိုင်နွှဲရမည့်ပွဲတို့တွင် မိမိက အောင်ပွဲ (အောင်ပန်း)ဆင်နိုင်ခြင်း
- စိတ်ဓာတ်ကျဆင်းနေသူများ၊ မိမိကိုယ်ကို မယုံကြည်သူများ၊ စိတ်အားတက်ကြွ ယုံကြည်မှု အပြည့်အဝ ရရှိလာနိုင်ခြင်း၊

မဇ္ဈဂုသုတ်ရွတ်သင့်သောအချိန်

မဇ္ဈဂုသုတ်တော်ကို တစ်ယောက်တည်းနေရသော အချိန်ကာလများ-

ဘေးအန္တရာယ်မကင်းသော အရပ်ဒေသသို့ သွားရသည့်အချိန်များ-

စစ်မြေပြင်တိုက်ပွဲကြားသို့ (မတော်တဆ) ရောက်ရှိသွားသောအချိန်များ-

လေယာဉ်၊ ရေယာဉ်၊ မီးရထား၊ မော်တော်ကားတို့ဖြင့် ခရီးသွားသောကာလများတို့တွင် ရွတ်ဖတ်နိုင်လျှင် အလွန်ကောင်းပါသည်။

နေ့တိုင်းရွတ်နိုင်လျှင်ကား အကောင်းဆုံးဖြစ်ပါသည်။

*** ရှုံး နိုင်ပြိုင်ပွဲ၊ စစ်ဆင်နွှဲ၊ ရွတ်မြဲ မဇ္ဈဂုသုတ်။**

၈။ အာဋာနာဋိယသုတ်

***(အာဋာနာဋိယသုတ် အကျဉ်းချုပ်)***

အခါးတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏

အနီးမှာရှိသော ဂိဇ္ဈကုဋ်တောင် တောကျောင်းတွင် ရဟန်းသံဃာ ပေါင်းများစွာနှင့် နေတော်မူ၏။

ညသန်းခေါင်းယံ၌ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် ဘီလူးစစ်သည်၊ ဂန္ဓဗ္ဗနတ်စစ်သည်၊ ကုမ္ဘဏ်နတ်စစ်သည် စသော များစွာသော နတ်ဘီလူး ပရိသတ်နှင့်တကွ ဂိဇ္ဈကုဋ်တောင် တောရကျောင်းတစ်ဝိုက်လုံး အရောင်အဝါတို့ဖြင့် ထွန်းလင်းစေလျက် မြတ်စွာဘုရားထံ လာရောက်ဖူးမြော်ကြ၏။

ထို စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့တွင် ဝေဿဝဏ္ဏ နတ်မင်းကြီးသည် မြတ်စွာဘုရားကို အောက်ပါအတိုင်း လျှောက်ထားလေ၏။

"အရှင်ဘုရား၊ ရတနာသုံးပါးကို မကြည်ညိုကြသော နတ်ဘီလူးတို့သာ များလှ၏။ ကြည်ညိုသော နတ်ဘီလူးတို့ကား အလွန်နည်းပါး၏။ ငါးပါးသီလ မစောင့်သော နတ်ဘီးလူးတို့ကား များပြား၏။ ငါးပါးသီလကို စောင့်ထိန်းသော နတ်ဘီလူးတို့မှာ နည်းပါးကုန်၏။ အရှင်ဘုရား၏ တပည့်သားတို့သည် အရှည်ကင်မှုတင်, ရက္ခမှုမှုတင် ဆောက်တည်ကုန်၍ တောမြောင်ချောက်ကြားတို့၌ နေထိုင်ကြကုန်၏။

ထိုတပည့်များကို နတ်ကြမ်း၊ ဘီလူးကြမ်းတို့က မညှဉ်းဆဲစေခြင်းငှာ, စောင့်ရှောက်ခြင်းငှာ ဤအာဋာနာဋိယ ပရိတ်တော်ကို လေ့ကျက်ဆောင်ရွက်သရဇ္ဈာယ်ကြပါစေ"

ဤကဲ့သို့ ဝေဿဝဏ္ဏ နတ်မင်းကြီး၏ လျှောက်ထားတောင်းပန်ချက်ကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာသည် နံနက်မိုးသောက်သောအခါ၌ ရဟန်းအပေါင်းတို့ကို ခေါ်တော်မူပြီးလျှင် "ဝိပဿိဿ စ နမတ္ထု..."အစရှိသော ဤ "အာဋာနာဋိယသုတ်

ပရိတ်တော်ကို လေ့ကျက်ဆောင်ရွက်ကြကုန်”ဟု ဟောတော်မူ၏။

*** စုန်း၊ ဖုတ်၊ တစ္ဆေ၊ သားကြံ့နေ၊ ရွတ်လေ အာဋာနာဋိယသုတ်။**

‘ဥပေတာ ဗုဒ္ဓ ဓမ္မေဟိ၊ အဋ္ဌရသဟိ နာယကာ…’ပုဒ်လာ

ဗုဒ္ဓမြတ်စွာ၏ အာဝေနိကဂုဏ်တော်(၁၈)ပါး

တပည့်သာဝကတို့နှင့် မသက်ဆိုင် ဗုဒ္ဓဘုရားရှင်ကိုယ်တော်၌သာ အသီးအခြား တည်ရှိသော အာဝေနိက ဗုဒ္ဓဂုဏ်တော်(၁၈)ပါးမှာ–

(၁) လွန်လေပြီးသော အတိတ်တရားတို့၌ အပိတ်အပင်မရှိ သိတော်မူသော ဉာဏ်တော်–
(၂) လာလတ့်သော အနာဂတ်တရားတို့၌ အပိတ်အပင်မရှိ သိမြင်တော်မူသော ဉာဏ်တော်
(၃) မျက်မှောက် ပစ္စုပ္ပန်တရားအဖို့၌ အပိတ်အပင် မရှိဘဲ သိမြင်တော်မူသော ဉာဏ်တော်–
(၄) ကာယကံသုံးပါးသည် ဉာဏ်တော်လျှင် ရှေ့သွားရှိသည်ဖြစ်၍ ဉာဏ်တော်သို့သာ အစဉ်လိုက်ခြင်း–
(၅) ဝစီကံသုံးပါးတို့သည် ဉာဏ်တော်လျှင် ရှေ့သွားရှိသည် ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း–
(၆) မနောကံသုံးပါးတို့သည် ဉာဏ်တော်လျှင် ရှေ့သွားရှိသည် ဖြစ်၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း–
(၇) ကောင်းသောဆန္ဒတော်သည် ယုတ်ခြင်း လျော့ခြင်း မရှိခြင်း–
(၈) ဝီရိယတော်သည် ယုတ်ခြင်း လျော့ခြင်း မရှိခြင်း

(၉) ဓမ္မဒေသနာတော်သည် ယုတ်ခြင်း လျော့ခြင်း မရှိခြင်း
(၁၀) သမာဓိတော်သည် ယုတ်ခြင်း လျော့ခြင်း မရှိခြင်း
(၁၁) ပညာတော်သည် ယုတ်ခြင်း လျော့ခြင်း မရှိခြင်း
(၁၂) အရဟတ္တဖိုလ် ကျေးဇူးတော်ဟု ဆိုအပ်သော ဝိမုတ္တိတော်သည် ယုတ်ခြင်းလျော့ခြင်း မရှိခြင်း
(၁၃) မြူးထူးပျော်ပါးလိုသော စိတ်တော် မရှိခြင်း
(၁၄) ချွတ်ယွင်းသဖြင့် မိန့်ဆိုမိသော စကားတော် တစ်လုံး တစ်ပါဒမျှ မရှိခြင်း
(၁၅) ဉာဏ်တော်ဖြင့် မဆင်ခြင်ဘဲ ပြုမိသော အမှုမရှိခြင်း
(၁၆) အဆောတလျှင်ဆိုမိပြုမိသည်ဖြစ်၍ တစ်ဖန် ပြန်နှုတ်ရသောအမှု မရှိခြင်း
(၁၇) အကျိုးမရှိသောအရာတို့၌ ကြောင့်ကြတော်မူသောစိတ် မရှိခြင်း
(၁၈) ဉာဏ်တော်ဖြင့် ရှုကြည့်တော်မူရာ၌ မသိမမြင်သော အရာဟူ၍ မရှိခြင်း

(ဓာရဏာပရိတ်သည် ဤဗုဒ္ဓမြတ်စွာ၏ အာဝေဏိက ဂုဏ်တော် ၁၈–ပါးတို့၏ စွမ်းအင်ကို သစ္စာပြု တိုင်တည်ထားခြင်း ဖြစ်ပါသည်။)

ရောင်ခြည်တော်ဝန်းပမာဏ

၁၀၈၊ ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗတော မုနိကုဉ္ဇရာ... ဟူသောပုဒ်ဖြင့် ဂေါတမဗုဒ္ဓ၏ ရောင်ခြည်တော်အဝန်းပမာဏကို ဖော်ပြပါသည်။

မြတ်စွာဘုရား၏ ရောင်ခြည်တော်အဝန်း ပမာဏသည်

မြတ်စွာဘုရား၏ အလံတော်ဖြင့် တစ်လံမျှရှိ၏။ အရပ်ငါးမျက်နှာတို့၌ ထွန်းပ၏။ ထိုရောင်ခြည်တော်သည် လူတို့၏ အတောင်ဖြင့်မူ အတောင်ရှစ်ဆယ်(၈၀)ရှိ၏။

ပမာဏတွက်ပုံ

မြတ်စွာဘုရား၏ တစ်တောင်သည် မဇ္ဈိမပုရိသ(၃)တောင်ရှိ၏။

မဇ္ဈိမပုရိသ၏တစ်တောင်သည် ပကတိလူ (လူသာမန်)တို့၏ (၁)ကောင်နှင့် လက်(၈)သစ် ရှိ၏။

မြတ်စွာဘုရား၏ ရောင်ခြည်တော်တို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက် ဟူသော (၅)မျက်နှာတို့၌ အသီးသီး (၁၆)တောင်စီ ပြန့်နှံ့နေရာ ရောင်ခြည်တော်အဝန်း ပမာဏသည် အတောင် (၈၀)ဖြစ်၏။

(သို့ဖြစ်ပေရာ ပန်းချီဆရာတို့ ရေးဆွဲဖော်ပြနေကြသော ဘုရားရှင်ပုံတွင် ရောင်ခြည်တော်ကို ထည့်သွင်းရာ၌ ဦးခေါင်းတော် တစ်ဝိုက် (တစ်ပေပတ်လည်ခန့်)၌သာ ရောင်ခြည်တော် အဝန်း ပမာဏ ရှိနေပါသည်။ ဘုရားကားများ၌ ဘုရားရှင်ပုံတော် ရေးဆွဲကြရာတွင် ရောင်ခြည်တော်အဝန်းပမာဏ ထည့်သွင်းရာ၌ စဉ်းစားဆင်ခြင်ကြရန် ရှိပါသည်)

"မံဟေဿာသာ"ပုဒ်ကို အနက်ပေးရာတွင် (၂)မျိုး ပေးကြ၏။

(၁) မဟေဿာသာ = အလိုရှိအပ်သော အကျိုးပြီးခြင်းကြောင့် သိဝဗြဟ္မာမင်း, သိကြားမင်းနှင့်လည်း တူတော်မူကုန်၏။ (ဘုရားရှင်၏ဂုဏ်ပုဒ်ကို ညွှန်းဆိုသည်)

(၂) မဟေဿာသာ–မဟာဣဿာသာ = မချွတ်မယွင်း မှန်တတ်

သော လေးသမားကြီး လေးယောက်နှင့် တူတော်မူကုန်၏။

ဤ၌ လေးသမားကြီး (၄)ယောက်ကို ဗဟုသုတ လိုလားသူတို့အတွက် ဖော်ပြလိုက်၏။

လေးသမားကြီး(၄)ယောက်

(၁) ဝါလဝေဓိ လေးသမား = (သားမြီးဖျားကို ထုတ်ချင်းခတ်ပေါက်အောင် ပစ်နိုင်သော လေးသမား)

(၂) သဒ္ဒ ဝေဓိ လေးသမား = (အသံကိုလျှောက်၍ မချွတ်မယွင်းမှန်အောင်ပစ်နိုင်သူ)

(၃) သရဝေဓိ လေးသမား = (ရေထဲ၌ပင် မြားကို တစ်ဥသဘ, နှစ်ဥသဘ သွားအောင် ပစ်နိုင်သော လေးသမား)

(၄) အက္ခဝေဓိ လေးသမား = (လုံးပတ် သုံးထွာမျှရှိသော ရထားဝင်ရိုးကို ထုတ်ချင်းပေါက်ထွက်အောင် ပစ်နိုင်သော လေးသမား)

[အချို့ဆရာတို့က 'အက္ခဝေဓိ'နှင့် ပတ်သက်၍ 'လူ့ညှပ်ရိုး'ဟု ဖွင့်ဆိုကြ၏။ လူ့ညှပ်ရိုးသည် ရထားထမ်းပိုးစကျည်းမျှသာရှိ၏။

ထိုအတူ လက်လေးသစ်၊ ပိတောက်ပျဉ် လက်ရှစ်သစ်ထုသော သစ်သားကို ထွင်းပေါက်နိုင်သည်ဆိုသော စကားနှင့်လည်း မညီပေ။ အကြောင်း ယုတ္တိမသင့်ဟူ၍ ဟံသာဝတီ ပရိတ်ကြီး နိဿယတွင် စလင်းဆရာတော်ကြီးက ဆုံးဖြတ်ထားပါသည်။

ထို့ပြင်–'အက္ခဏဝေဓိ'ဟူ၍လည်း ရှိ၏။

'အက္ခဏဝေဓိ'ဟူသည် လျှပ်တစ်ပြက်အချိန်အတွင်းမှာပင် လေးအချက်ပေါင်း တစ်ထောင်ကျော် ပစ်နိုင်သော လေးသမား ဟူ၏]

အာဋာနာဋိယသုတ်ရွတ်ခြင်းအကျိုး

- နတ်ဘီလူးတို့ နှိပ်စက်ညှဥ်းပန်းခြင်းဘေးမှ ကင်းဝေးနိုင်ခြင်း
- စုန်း၊ တစ္ဆေ မှင်စာ, ပယောဂ ဘေးမှ ကင်းဝေးနိုင်ခြင်း
- မိစ္ဆာဝါဒီ ပညာသည်တို့ မကောင်းကြံမှု ပြုစားခြင်း ဘေးမှလည်း ကင်းဝေးနိုင်ခြင်း
- မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ ကံကြမ္မာဘေးတို့မှ ကင်းဝေးနိုင်ခြင်း
- နတ်အပေါင်းတို့၏ ကြည်ညိုချစ်ခင်မှုကို ခံရခြင်း

ရွတ်ဖတ်သင့်သောအချိန်ကာလ

- လူသူကင်းဆိတ်ပြီး ဝေးလံခေါင်းပါးသော အရပ်ဒေသသို့ ရောက်နေသောအခါ
- နတ်ဘီလူး၊ သရဲ၊ တစ္ဆေ စသည်တို့ နှောင့်ယှက် ပူးကပ်နေသောအခါ
- မကောင်းသောဂြိုဟ်စီး၊ ဂြိုဟ်နင်းများ ကျရောက်နေသော အခါ နေ့စဥ်မပြတ် ရွတ်ဖတ်နိုင်လျှင် သာ၍ ကောင်း ပါသည်။

## ၉။ အင်္ဂုလိမာလသုတ်

**(အင်္ဂုလိမာလသုတ် ဖြစ်ပေါ်လာပုံ)**

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ နေတော်မူစဉ်အခါ အင်္ဂုလိမာလမထေရ်သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွဝင်၏။ အိမ်တစ်အိမ်၌ မီးမဖွားနိုင်သော မာတုဂါမ တစ်ယောက်ကို တွေ့ကြုံရာ လွန်စွာ သနားခြင်း ကရုဏာ သက်ဝင်ပြီး 'သြော်...ဝဋ္ဋဒုက္ခ ဆင်းရဲပေပဲ' ဟု စိတ်မကောင်းစွာ ဖြင့် ကျောင်းသို့ ပြန်လာခဲ့၏။

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက အင်္ဂုလိမာလမထေရ်အား "ယတောဟံဘဂိနိ..." ပရိတ်တော်ကို ဟောကြားပေးတော်မူ၏။ "အင်္ဂုလိမာလ၊ ဤပရိတ်ကို တင်းတိမ်(ကနဲ့လနဲ့ကာ)အပြင်မှနေ၍ ရွတ်ပေးလေ" ဟု မိန့်တော်မူ၏။

အင်္ဂုလိမာလသည် လျင်မြန်စွာ မြို့တွင်းသို့ ပြန်ကြွသွားပြီး မာတုဂါမကို တင်းတိမ်ဖြင့် ကာရံစေ၍ ညောင်စောင်း၌ ထက်ဝယ်ဖွဲ့ခွေထိုင်ကာ အင်္ဂုလိမာလသုတ်ပရိတ်တော်ကို ရွတ်လေ ၏။ မာတုဂါမကလည်း ရှိခိုး၍ ရိုသေစွာ နာကြား၏။ ထိုခဏ ၌ပင် ချမ်းသာစွာဖြင့် သားရတနာကို ဖွားမြင်လာရာ မိခင်ရော ကလေး‌ပါ ကျန်းမာချမ်းသာစွာ ရှိကြလေသတည်း။

### ပရိတ်ရွတ် အစီအစဉ်

ဤပရိတ်ကို လူဖြစ်စေ၊ ရဟန်းဖြစ်စေ မီးမဖွားနိုင်သူ၏ ခေါင်းရင်းမှနေ၍ ရွတ်ပေးနိုင်သည်။ လူကိုယ်တိုင် မရွတ်နိုင်ပါက

ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်တို့ကို အသုံးပြုနိုင်သည်။ ဥပမာ–ပရိတ်ရေကို တိုက်ခြင်း၊ နဖူးဆံစနှင့် ဝမ်းဗိုက်တို့မှာ လိမ်းသပ်ပေးခြင်း၊ ပရိတ်ပန်းကို ဆင်မြန်းစေခြင်း၊ ပရိတ်ချည်ကို လက်ကောက်ဝတ်နှင့် လည်ပင်းတို့မှာ ဝတ်ဆင်ပေးခြင်း ပြုရမည်။

လူတို့၌သာမက တိရစ္ဆာန်များဖြစ်ကြသော ကျွဲ၊ နွား၊ ဆင်၊ မြင်း စသော သတ္တဝါတို့၌လည်း ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်တို့ကို အသုံးပြုပေးနိုင်ပါသည်။ ဤသို့ပြုပါက ကောင်းစွာ မွေးဖွားလွယ်ပြီး ဘေးဥပါဒ်အန္တရာယ်များ ကင်းရှင်းချမ်းသာစေနိုင်ပါသည်။

အာနုဘော်ကြီးသောပရိတ်တော်ဟု မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၌ ဆို၏။

*** အမျိုးသမီးများ၊ မီးမဖွား၊ ရွှတ်ပွား အင်္ဂုလိမာလသုတ်။**

## ၁၀။ ဗောဇ္ဈင်္ဂသုတ်

### *(ဗောဇ္ဈင်္ဂသုတ် အကျဉ်းပွဲဆို)*

ဤဗောဇ္ဈင်္ဂသုတ် ပရိတ်တော်သည် ရာဇဂြိုဟ်ပြည်၌ အရှင်မဟာကဿပမထေရ်မြတ်ကြီး ဖျားနာရောဂါ ဖြစ်သောအခါ၌လည်းကောင်း၊ ဗုဒ္ဓဘုရားကိုယ်တော်တိုင် မကျန်းမမာဖြစ်သောအခါ၌လည်းကောင်း ဖြစ်ပေါ်လာခဲ့သော ပရိတ်တော်ဖြစ်ပါသည်။

မြတ်စွာဘုရား ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပသည် ရာဇဂြိုဟ်၏ အနီး၌ရှိသော ပိပ္ပလိလိုဏ်၌ နေတော်မူ၏။ ထိုအခါ အရှင်မဟာကဿပမထေရ်သည် ဖျားနာရောဂါ ကပ်ရောက်၍ မြတ်စွာဘုရား ကြွ

ရောက်တော်မူလာပြီး "ကဿပ၊ သင်၏ ရောဂါဝေဒနာ ဆုတ်သလား၊ တိုးသလား"ဟု မေးတော်မူ၏။ ထိုအခါ အရှင်မဟာကဿပမထေရ်က

"အရှင်ဘုရား၊ တပည့်တော် ခံစားနေရသော ရောဂါဝေဒနာမှာ ဆုတ်သည်ပင်မထင်၊ တိုးသည်ဟုသာ ထင်ပါသည် ဘုရား"ဟူ၍ လျှောက်ထားလိုက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ဗောဇ္ဈင်္ဂတရား ခုနစ်ပါးကို ငါဟောပေအံ့၊ နာလော့"ဟု မိန့်တော်မူပြီးလျှင် "သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ"အစရှိသော ဗောဇ္ဈင်္ဂသုတ် ပရိတ်တော်ကို ရွတ်ဆိုဟောကြားတော်မူလေ၏။

အရှင်မဟာကဿပမထေရ်သည် ဗောဇ္ဈင်္ဂခုနစ်ပါး တရားတော်ကို ရိုသေစွာ နာယူ၏။ ထိုခဏ၌ပင်လျှင် တရားတော်ကိုစွဲ၍ ဖြစ်ပေါ်လာသော ပီတိ,သောမနဿတည်းဟူသော ဓမ္မရသကို သောက်သုံးရ၍ တခဏခြင်းပင် ရောဂါဝေဒနာကင်းပျောက် ချမ်းသာသွားလေသည်။ အရှင်မဟာမောဂ္ဂလာန်မထေရ် ဖျားနာစဉ်ကလည်း ထို့အတူပင် ဘုရားရှင်ကိုယ်တော်တိုင် ဗောဇ္ဈင်္ဂသုတ်ကို ရွတ်ပေးတော်မူပြီး ရောဂါဝေဒနာမှ ချမ်းသာစေခဲ့ပါသည်။

## ဗောဇ္ဈင်သုတ်၏ မူလ

မှတ်ချက်-[စုဏ္ဏိယ ဗျာကရဏ်း ဒေသနာဖြစ်သော ဗောဇ္ဈင်သုတ် (၄)သုတ်တို့သည် မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ လာ၏၊ "ဗောဇ္ဈင်္ဂေါ သတိ သင်္ခါတော…"အစရှိသော ရှစ်ဂါထာခွဲတို့သည်ကား သီဟိုဠ်မဟာဝိဟာရဝါသီ ရဟန္တာအရှင်မြတ်တို့ ဟောတော်မူသော ဂါထာတို့တည်း]

## ဟောချင်သုတ်ဂါထာအနက်များ

ဟောပြောရာ၌ အထောက်အကူဖြစ်စေမည့် အောက်ပါဂါထာများကို အနက်ယောဇနာပါ ဖော်ပြလိုက်ပါသည်။

၁၃၅။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၁၃၆။ တေစ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဧကသ္မိံ သမယေ = အခါတစ်ပါး၌၊ နာထော = ဘုံသုံးပါးတို့၏ ကိုးကွယ်အားထားရာအစစ် ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဂိလာနေ=ဖျားနာကုန်သော၊ ဒုက္ခိတေ= ဒုက္ခဝေဒနာ ရောဂါနှိပ်စက်ကုန်သော၊ မောဂ္ဂလာနဉ္စ = လက်ဝဲတော်ရံ တန်ခိုးဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးကိုလည်းကောင်း၊ ကဿပဉ္စ=ဓုတင်ဧတဒဂ်ရ အရှင်မဟာကဿပ မထေရ်မြတ်ကြီးကိုလည်းကောင်း၊ ဒိသွာ=မြင်တော်မူ၍၊ သတ္တ= ခုနစ်ပါးကုန်သော၊ ဗောဇ္ဈင်္ဂေ=ဗောဇ္ဈင်တရားတို့ကို၊ ဒေသယိ= ကောင်းစွာမသွေ ဟောကြားချီးမြှင့်တော်မူလိုက်ပါပေသတည်း။

တေစ = ထိုနှစ်ပါးသော မထေရ်တို့သည်လည်း၊ တံ = ထိုဗောဇ္ဈင်တရားကို (သုတွာ=ကြားနာကုန်၍၊ ဓမ္မရသ ပိဝနေန= ဓမ္မရသကို သောက်သုံးရသဖြင့်)၊ အဘိနန္ဒိတွာ=အလွန်နှစ်သက်ဝမ်းမြောက်ကြသည်ဖြစ်၍၊ တင်္ခဏေ=ထိုဗောဇ္ဈင်တရား နာကြားသောခဏ၌၊ ရောဂါ= ဒုက္ခဝေဒနာ ရောဂါအပေါင်းမှ၊ မုစ္စိံသု=

လွတ်မြောက်တော်မူကြကုန်ပြီ။ ဧတေန သစ္စဝဇ္ဇေန = ထိုသို့ မှန်ကန်သောသစ္စာစကားကို ပြောဆိုရလေသောကြောင့်၊ တေ= သင့်အား (ဝေါတုမှာကံ = သင်တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့အား) သဗ္ဗဒါ = အခါခပ်သိမ်း၊ သောတ္ထိ= ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းသည်၊ ဟောတု= မှန်စွာ မသွေ ဖြစ်ကြပါစေသတည်း။

၁၃၇။ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာဘိ ပီဠိတော။
စုန္ဒ ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

ဧကဒါ=တစ်ရံရောအခါ၌၊ ဓမ္မရာဇာပိ=တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားကိုလည်း၊ ဂေလညေန=ဒုက္ခဝေဒနာ ရောဂါသည်၊ အဘိပီဠိတော= နှိပ်စက်အပ်၏။ (တဒါ= ထိုဒုက္ခ ဝေဒနာရောဂါ နှိပ်စက်သောအခါ၌) စုန္ဒ ထေရေန=အရှင်သာရိ ပုတ္တ မထေရ်ကြီး၏ ညီငယ် အရှင်စုန္ဒမထေရ်သည်၊ သာဒရံ= ရိုသေစွာလှ ဓမ္မဂါရဝနှင့်တကွ၊ တံ ယေဝ= ထိုဗောဇ္ဈင်ခုနစ်ပါး ပရိတ်တရားတော်ကိုပင်လျှင်၊ ဘဏာပေတွာန= ရွတ်စေ၍၊

၁၃၈။ သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု
သဗ္ဗဒါ။

သမ္မောဒိတွာန= မဟာကြီယာ သောမနဿသဟဂုတ်စိတ်ဖြင့် ဝမ်းမြောက်တော်မူသောကြောင့်၊ တမှာ အာဗာဓာ=ထိုဒုက္ခဝေဒနာ ရောဂါမှ၊ ဌာနသော= တစ်ခဏခြင်းအားဖြင့်၊ ဝုဋ္ဌာသိ=ထမြောက် တော်မူလေ၏။

ဧတေန သစ္စဝဇ္ဇေန= ထိုသို့မှန်သော သစ္စာစကားကြောင့်၊ တေ တုမှာကံ= သင်ဒါယကာ, ဒါယိကာမအပေါင်းတို့အား၊ သဗ္ဗဒါ=အခါခပ်သိမ်း၊ သောတ္ထိ=ကိုယ်ကျန်းမာ စိတ်ချမ်းသာ

ခြင်းသည်၊ ဟောတု=မှန်စွာမသွေ ဖြစ်ပါစေသတည်း။

## ဇောရွှင်သုတ်ရွတ်ခြင်းအကျိုး

ဇောရွှင်သုတ် ပရိတ်ကို နေ့စဉ်ရွတ်လျှင် မိမိတွင် ကျရောက်ခံစားနေရသော ရောဂါဝေဒနာများကိုလည်း ပျောက်ကင်းချမ်းသာစေနိုင်သည်။ မကျန်းမာသောသူများကို ရွတ်ပေးလျှင်လည်း ရောဂါသက်သာ ချမ်းသာပျောက်ကင်းစေနိုင်ပါသည်။

မိမိနှင့်တကွ အိမ်သူအိမ်သားများ ကျန်းမာရေး မကောင်းသောအခါ ရဟန်းသံဃာတော်များကို ပင့်ဖိတ်၍ ဇောရွှင်သုတ်ကို ရွတ်ဖတ်စေကာ နာကြားခြင်းဖြင့် ကျန်းမာရေး ကောင်းလာနိုင်ပါသည်။

*** မကျန်းမမာ၊ ဖြစ်သောခါ၊ ရွတ်ပါ ဇောရွှင်သုတ်။**

## ၁၁။ ပုဗ္ဗဏှသုတ်

***(ပုဗ္ဗဏှသုတ်ပရိတ်အကြောင်း)***

'ပုဗ္ဗဏှ'ဟူသောပုဒ်သည် 'နံနက်အချိန်'ဟု အဓိပ္ပာယ်ရပါသည်။ ဘုရားဟော ပါဠိတော် ပုဗ္ဗဏှသုတ်မှ "သုနက္ခတ္တံ သုမင်္ဂလံ..." စသော ဂါထာသုံးပုဒ်ကို ယူထားပါသည်။ "ယံ ဒုန္နိမိတ္တံ..."အစ–"အဂ္ဂပ္ပတ္တော ပမောဒတိ..." အဆုံးရှိသော ဂါထာတို့သည် ရှေးပညာရှင်တို့ စီစဉ်ထည့်သွင်းခဲ့သော ဂါထာများဖြစ်ပါသည်။

## ပုဗ္ဗဏှသုတ်ရွတ်ခြင်းအကျိုး

ပုဗ္ဗဏှသုတ်ကိုရွတ်လျှင်–

- ကြုံတွေ့ရမည့် အတိတ်နိမိတ်ဆိုးများ ကင်းစင်လွင့်ပျောက်နိုင်ခြင်း
- အိမ်၏ကျက်သရေတိုးတက်ခြင်း
- ငြိုဟ်စီး၊ ငြိုဟ်နင်းတို့မှ ကင်းလွတ်ပြီး အိပ်မက်ဆိုးများမမက်ခြင်း
- ကိုယ်ရောစိတ်ပါ နှစ်ဖြာကျန်းမာခြင်း စသော အကျိုးတရားများ ရရှိနိုင်၏။

ရွတ်ရန်အသင့်လျော်ဆုံးအချိန်

ပုဗ္ဗဏှသုတ်ဟူသောအမည်အတိုင်း နံနက်စောစော အိပ်ရာထ ဘုရားဝတ်ပြုပြီးတိုင်း ရွတ်ဖတ်ပူဇော်သင့်သည်။ နေ့စဉ် ဝတ်နိဗဒ် အနေဖြင့် ရွတ်သွားပါက ကောင်းကျိုးချမ်းသာ မင်္ဂလာများ တိုးပွားနိုင်ပါသည်။ အချိန်မရွေးလည်း ရွတ်နိုင်ပါသည်။

* **အတိတ်၊ နိမိတ်များ၊ မကောင်းငြား၊ ရွတ်ပွား ပုဗ္ဗဏှသုတ်။**

ပရိတ်ရွတ်ရာ၌ ဌာန်ကရိုဏ်းကျကျ ပီပီသသရွတ်ဆိုနိုင်သော် ပရိတ်တော်သည် အလွန် အာနုဘော်ရှိ၏။

ပရိတ်ရွတ်ရာ၌ သဒ္ဒါ(၁၀)ပါး

(၁) လျော့လျော့ရွတ်အပ်သော အက္ခရာ (သိထိလ)
(၂) တင်းတင်းရွတ်အပ်သော အက္ခရာ (ဓနိတ)
(၃) ရှည်ရှည်ရွတ်အပ်သော အက္ခရာ (ဒီဃ)
(၄) တိုတိုရွတ်အပ်သော အက္ခရာ (ရဿ)

(၅) လေးလေးရွတ်အပ်သော အက္ခရာ (ဂရုက)
(၆) ပေါ့ပေါ့ရွတ်အပ်သော အက္ခရာ (လဟုက)
(၇) ရှေ့ပုဒ်, နောက်ပုဒ် ဆက်စပ်၍ ရွတ်အပ်သော အက္ခရာ (သမ္ဗန္ဓ)
(၈) ရှေ့ပုဒ်, နောက်ပုဒ်ခြား၍ ပိုင်းဖြတ်၍ ရွတ်အပ်သော အက္ခရာ (ဝဝတ္ထိတ)
(၉) နှုတ်ခမ်းကိုပိတ်၍ ရွတ်အပ်သော အက္ခရာ (နိဂ္ဂဟိတ)
(၁၀) နှုတ်ခမ်းကိုဖွင့်၍ ရွတ်အပ်သော အက္ခရာ (ဝိမုတ္တ)
(မူလပဏ္ဏာသ၊ အဋ္ဌကထာ။ ဝိနယသင်္ဂဟ၊ အဋ္ဌကထာ)

## ပရိတ်ရွတ်၊ တရားဟောရာတွင် လိုအပ်သလို သုံးစွဲနိုင်သော ပရိတ်(၁၁)သုတ်လာ ဂါထာတော်များကောက်နှုတ်ချက်

### ဂါထာအမှတ်(၁)

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။ (ပရိတ်နိဒါန်း)

သာသနဿစ = ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ လည်းကောင်း၊ လောကဿစ = အိမ်သူအိမ်သား၊ လမ်းသူ လမ်းသား၊ ရပ်ကွက်သူ ရပ်ကွက်သား (ရွာသူ၊ ရွာသား) မြို့သူ မြို့သား၊ ကမ္ဘာသူ ကမ္ဘာသား လူသားအပေါင်း၏ လည်းကောင်း၊ သဗ္ဗဒါ=အခါခပ်သိမ်း၊ ဝုဍ္ဎိ=တိုးတက်စည်ပင် သာယာဝပြော ခြင်းသည်၊ ဘဝတု=ဖြစ်ပါစေသတည်း။

သာသနမ္ပိစ=ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီးကို လည်းကောင်း၊

လောကဋ္ဌ=အိမ်သူအိမ်သား၊ လမ်းသူလမ်းသား၊ ရပ်ကွက်သူ ရပ်ကွက်သား၊ မြို့သူမြို့သား၊ ကမ္ဘာသူကမ္ဘာသား၊ လူသား အပေါင်းကိုလည်းကောင်း၊ ဒေဝါ=နတ်မြတ်၊ နတ်ကောင်း နတ်အပေါင်း ဟူသမျှတို့သည်၊ သဗ္ဗဒါ=နေ့ရော ညပါ ဘယ်ခါ မပြတ် အခါခပ်သိမ်း၊ ရက္ခန္တု=ပမာမခြား၊ ရင်ဝယ်ဖြစ်သော သားကဲ့သို့ ထင်ရှားမသွေ စောင့်ရှောက်ကြပါစေကုန်သတည်း။

ဂါထာအမှတ်(၂)

န ပရောပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ နံကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခ မိစ္ဆေယျ။
(မေတ္တာသုတ်)

ပရော=တစ်စုံတစ်ယောက်သောသူသည်၊ ပရံ=သူတစ်ပါးဟူ တစ်ပါးသူကို၊ နနိကုဗ္ဗေထ=အမျက်မထွက်ရာ(ဝါ) အတွင်းက တစ်မျိုး အပြင်ကတစ်မျိုး မကျင့်ရာ။ ကတ္ထစိ=တစ်စုံတစ်ခုသော အကြောင်းကိစ္စနှင့်၊ နံ=ထိုသူတစ်ပါးကို၊ ဗျာရောသနာ–ဗျာရော သနာယ= ကိုယ်,နှုတ်ဖြင့် စောင်းမြောင်းချုပ်ချယ်ပြစ်မှားခြင်းဖြင့် လည်းကောင်း၊ ပဋိသညာ–ပဋိဃသညာယ=ညှဉ်းဆဲခြင်း, ရန်ငြိုး ထားခြင်း, စိတ်ဖြင့် ပြစ်မှားခြင်းဖြင့်လည်းကောင်း၊ ကိဉ္စိ= စိုးစဉ်းမျှ(အနည်းငယ်မျှ)၊ နာတိမညေထ= မထိမဲ့မြင် မပြုရာ။ အညမညဿ=အချင်းချင်း၊ ဒုက္ခံ=ကိုယ်,စိတ် နှစ်သင်း ဆင်းရဲခြင်း ကို၊ န ဣစ္ဆေယျ=အလိုမရှိသင့်သည်သာလျှင်တည်း။

ဂါထာအမှတ်(၃)

မာတာ ယထာ နိယံပုတ္တံ၊ မာယုသာ ဧက ပုတ္တ မနုရက္ခေ။

ဇေမ္ဗိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

မာတာ=မွေးသမိခင် ကျေးဇူးရှင်သည်၊ နိယံပုတ္တံ=မိမိ၏ ရင်၌ဖြစ်သော၊ ဧကံပုတ္တံ=တစ်ဦးတည်းသော သားကလေးကို၊ အာယုသာ=အသက်နှင့်ထပ်တူ(ဝါ) အသက်လောက်၊ အနုရက္ခေယထာ=အစဉ်စောင့်ရှောက်သကဲ့သို့၊ ဇေမ္ဗိ=ဤအတူသာလျှင်၊ သဗ္ဗဘူတေသု=ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၌၊ အပရိမာဏံ=အတိုင်းအတာမရှိ များပြားလှစွာသော၊ မာနသံ=မေတ္တာနှင့်ယှဉ်သောစိတ်ကို၊ ဘာဝယေ=မှန်စွာမသွေ မေတ္တာထား၍ပွားများသင့်ပါပေသတည်း။ (တစ်ဦးတည်းသော သားကိုထားသော မိဘမေတ္တာမျိုးဖြင့် သတ္တဝါတို့အပေါ်မှာ ထားနိုင်အောင်ကြိုးစားရမည်)

ဂါထာအမှတ်(၄)

တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရမိဓ မာဟု။

တိဋ္ဌံ–တိဋ္ဌန္တောဝါ=ရပ်လျက်သော်လည်းကောင်း၊ စရံ–စရန္တောဝါ=သွားလျက်သော်လည်းကောင်း၊ နိသိန္နောဝါ=ထိုင်လျက်သော်လည်းကောင်း၊ သယာနောဝါ=အိပ်လျက်သော်လည်းကောင်း၊ ယာဝတာ=အကြင်မျှလောက်သော ကာလပတ်လုံး၊ ဝိတမိဒ္ဓေါ=ငိုက်မျဉ်းခြင်းကင်းသည်၊ အဿ=ဖြစ်ရာ၏။

တာဝတာ=ထိုငိုက်မျဉ်းခြင်းကင်းသမျှ ကာလပတ်လုံး၊ ဧတံ သတိံ=ထို မေတ္တာနှင့်ယှဉ်သော သတိကို၊ အဓိဋ္ဌေယျ=ဆောက်တည်ရာ၏။ ဧတံ=ထိုမေတ္တာနှင့်ယှဉ်သောသတိဖြင့် ဆောက်တည်

၍နေခြင်းကို၊ ဗြဟ္မဝိဟာရံ=မြတ်သောနေခြင်းဟူ၍ (ဝါ) ဗြဟ္မာတို့၏ နေထိုင်ခြင်းနှင့်တူမသော နေခြင်းဟူ၍၊ ဣဓ=ဤသာသနာတော်၌၊ (ဗုဒ္ဓါဒယော ပဏ္ဍိတာ=ဘုရားအစရှိသော ပညာရှိသော ပညာရှိတို့သည်) အာဟု=ကောင်းစွာမသွေ ဟောကြား မိန့်ဆိုတော်မူခဲ့ကြလေကုန်သတည်း။

[မေတ္တာကမ္မဋ္ဌာန်းမှာသွား၊ ရပ်၊ ထိုင်၊ လျောင်း–ဣရိယာပုတ်လေးပါးစလုံး၌ စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းဖြစ်ကြောင်း ဟောကြားရာ၌ ထည့်သွင်းနိုင်သည်]

ဂါထာအမှတ်(၅)

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊ န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ။

(မေတ္တသုတ်ပါဠိ)

သောပုဂ္ဂလော=ထိုမေတ္တာကို ပွားစေသော ပုဂ္ဂိုလ်သည်၊ ဒိဋ္ဌိဉ္စ=သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိသို့မူလည်း၊ အနုပဂ္ဂမ္မ=မကပ်မရောက်မူ၍၊ သီလဝါ=ကိုယ်ကျင့်သီလနှင့်ပြည့်စုံသည်ဖြစ်၍၊ ဒဿနေန=သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့်၊ သမ္ပန္နော=ပြည့်စုံ၍နေသော ပုဂ္ဂိုလ်သည်၊ ကာမေသု= ငါးဖြာအာရုံကာမဂုဏ်တို့၌(ဝါ) ဝတ္ထုကာမ, ကိလေသာကာမတို့၌, ဂေဓံ=တပ်မက်မော တဏှာကို၊ ဝိနေယျ=ပယ်စွန့်၍၊ ဇာတု–ဧကန္တေန=စင်စစ်သဖြင့်၊ ပုန=နောက်ထပ်တစ်ဖန်၊ ဂဗ္ဘသေယျံ= အမိဝမ်း၌ ပဋိသန္ဓေနေခြင်းကို၊ နဟိ ဧတိ=မုန်စွာမသွေ မရောက်မလာနိုင်ပါပေတော့သတည်း။

အလှူဒါနပြုစဉ် ဒိဋ္ဌိဖြုတ်ပေးခန်း၌ ဤဂါထာကို ရွတ်ဆို ဟောကြားနိုင်သည်။

(က) သက္ကာယဒိဋ္ဌိ ဖြုတ်စေခြင်း
(ခ) သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကို တစ်ဖက်စွန်းသို့ မရောက်စေရန် ညှိပေးခြင်း
(ဂ) သီလနှင့် ပြည့်စုံစေခြင်း
(ဃ) သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်ပညာနှင့် ပြည့်စုံစေခြင်းတို့ကို အကျယ်ချဲ့၍ ပြောနိုင်၏။

ဂါထာအမှတ်(၆)

ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံဝါ ဆမ္ဘိတတ္တံဝါ၊ လောမဟံသော န ဟေဿတိ။
(ဓဇဂ္ဂသုတ်)

သာဓဝေါ=တရားနာရေး၊ စုဝေးရောက်ကြောင်း၊ သူတော်ကောင်းတို့...

ဧဝံ=ဤသို့၊ ဗုဒ္ဓဉ္စ=သုံးလောကထွဋ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်ကိုလည်းကောင်း၊ ဓမ္မဉ္စ=ဆယ်ပါးသော တရားတော်မြတ်၏ ဂုဏ်တော်ကိုလည်းကောင်း၊ သံဃဉ္စ= သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်တော်ကို လည်းကောင်း၊ သရန္တာနံ=အောက်မေ့ထင်ထင် သတိဝင်ကြကုန်သော၊ (ဝေါ= သင်တို့အား) ဘယံဝါ=ကြောက်ခြင်း၊ ထိတ်လန့်ခြင်းသည် လည်းကောင်း၊ ဆမ္ဘိတတ္တံဝါ=ကိုယ်ခက်တရော်ရှိခြင်းသည် လည်းကောင်း၊ လောမဟံသောဝါ=ကြက်သီးမွေးညင်းထခြင်းသည်

လည်းကောင်း၊ န ဟောသတိ=မှန်စွာမသေ့ မဖြစ်ပေါ်လာနိုင်ပေ တော့သတည်း။

(ပရိတ်ရွတ်ပြီး အဆုံးတွင် နိဂုံးချုပ်ရွတ်နိုင်သည်)

ဂါထာအမှတ်(၇)

သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာတေ ဘဝတွန္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။

ဘောန္တော= တရားနာရန်၊ ရည်စိတ်သန်ဖြင့်၊ ဖိတ်မန် ရောက်လာ၊ များစွာထောင်သောင်း အို–ဒကာ, ဒကာမ အပေါင်း တို့၊ တေ=သင့်အား (ဝေါ=သင်တို့အား) သဗ္ဗာ=ခပ်သိမ်းကုန် သော၊ ဤတိယော=ဘေးရန်သွယ်သွယ် အန္တရာယ်ဟူသမျှတို့ သည်၊ ဝိဝဇ္ဇန္တု=ကင်းစင်လွင့်ပျောက် မရောက်ကြသည်သာ ဖြစ်ကြပါစေကုန်သတည်း။ သောကော=စိုးရိမ်ခြင်း သောကသည် လည်းကောင်း၊ ရောဂေါ=ရောဂါဝေဒနာအမျိုးမျိုးသည် လည်း ကောင်း၊ ဝိနဿတု (ဝိနဿန္တု=ကင်းစင်လွင့်ပျောက် မရောက်ကြ ပါစေကုန်သတည်း)

အန္တရာယာ= ဘေးရန်သွယ်သွယ် အန္တရာယ်ဟူသမျှတို့သည်၊ မာဘဝန္တု=မဖြစ်ကြပါစေကုန်သတည်း၊ သုခီ=ကိုယ်၏ ချမ်းသာ ခြင်း, စိတ်၏ချမ်းသာခြင်း ရှိကြကုန်သည်လည်းကောင်း၊ ဒီဃာယုကော=အသက်တစ်ရာ/ရှည်ကြာကာလ/နေရခြင်းသည် လည်းကောင်း၊ ဘဝ–ဘဝန္တု=မှန်စွာမသေ့ ဖြစ်ကြပါစေကုန် သတည်း။

## ဂါထာအမှတ်(၈)

အဘိဝါဒနသီလိဿ၊ နိစ္စံဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊ အာယုဝဏ္ဏော သုခံ ဗလံ။
(အာဋာနာဋိယသုတ်)

ဝုဍ္ဎာ=အသက်အားဖြင့်လည်းကောင်း, ဂုဏ်အားဖြင့်လည်းကောင်း ကြီးမြတ်သော ပုဂ္ဂိုလ်တို့ကို၊ အပစာယိနော=ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ယဉ်ယဉ်ကျေးကျေး အရိုအသေပေးလေ့ရှိသည်ဖြစ်၍၊ အဘိဝါဒနသီလိဿ = ရှိခိုးကန်တော့ခြင်းအမှုကိုပြုလေ့ရှိသောသူအား၊ အာယု=အသက်ရှည်ခြင်းသည်လည်းကောင်း၊ ဝဏ္ဏော=အဆင်းလှခြင်းသည်လည်းကောင်း၊ သုခံ=ကိုယ်,စိတ်နှစ်ဖြာ ကျန်းမာ, ချမ်းသာခြင်းသည် လည်းကောင်း၊ ဗလံ=ကာယဗလ, ဉာဏဗလတိုးပွားခြင်းသည် လည်းကောင်း၊ ဣမေ စတ္တာရောဓမ္မာ=ဤလေးပါးသောတရားတို့သည်၊ နိစ္စံ=အခါခပ်သိမ်း၊ ဝဍ္ဎန္တိ=မှန်စွာမသွေ တစ်နေ့တခြား တက်နေအလားကဲ့သို့ တိုးပွားကြပါစေကုန်သတည်း။

[လာရောက်ပူဇော်ကန်တော့ကြသူများအား ကန်တော့ပူဇော်အပြီး၌ ဆုပေးအဖြစ် အသုံးပြုနိုင်သည်]

## ဂါထာအမှတ် (၉)

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာစ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။
(ပုဗ္ဗဏှသုတ်)

ဒုက္ခပ္ပတ္တာ=ဆင်းရဲဒုက္ခသို့ ရောက်၍နေကြကုန်သော၊

သဗ္ဗေပိ=ကြွင်းမဲ့ဥဿုံ အလုံးစုံသာလျှင် ဖြစ်ကြကုန်သော၊ ပါဏိနော=အိမ်သူအိမ်သား လမ်းသူလမ်းသား ရွာသူရွာသား ရပ်ကွက်သူရပ်ကွက်သား နိုင်ငံသူနိုင်ငံသား ကမ္ဘာသူကမ္ဘာသား လူသားအပေါင်းတို့သည်၊ နိဒ္ဒုက္ခာ=ဆင်းရဲဒုက္ခမှ ကင်းဝေးကြကုန်သည်၊ ဟောန္တု=ဖြစ်ကြပါစေကုန်သတည်း။

ဘယပ္ပတ္တာ=ကြောက်ဖွယ်မအေး ဘေးမျိုးစုံနှင့် ရင်ဆိုင်တွေ့နေကြရကုန်သော၊ သဗ္ဗေပိ=ကြွင်းမဲ့ဥဿုံ အလုံးစုံသာလျှင် ဖြစ်ကြကုန်သော၊ ပါဏိနော = အိမ်သူအိမ်သား(ပေယျာလ)... လူသားအပေါင်းတို့သည်၊ နိဗ္ဘယာ=ဘေးဘယာမှ ဝေးကွာကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။

သောကပ္ပတ္တာ=စိုးရိမ်ကြောင့်ကြ ဗျာပါရသို့ရောက်၍ နေကြကုန်သော၊ သဗ္ဗေပိ=ကြွင်းမဲ့ဥဿုံ အလုံးစုံသာလျှင် ဖြစ်ကြကုန်သော၊ ပါဏိနော=အိမ်သူအိမ်သား(ပေယျာလ)...ကမ္ဘာသူကမ္ဘာသား လူသားအပေါင်းတို့သည်၊ နိဿောကာ=ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်း သောကကင်းကြကုန်သည်၊ ဟောန္တု=စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

## အခန်း (၈)

# ဝိပဿနာ အလုပ်ပေးတရားများ

### ကာမဂုဏ်တောမှာ ပျော်မောစွာ

ကောနုဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။
(ဓမ္မပဒ၊ ဂါထာ-၁၄၆)

နိစ္စံ=နေ့ရောညပါ၊ ဘယ်ခါမဆို၊ ထိုထိုကာလ၊ ရှိသမျှမဆိုင်း၊ အချိန်တိုင်း...၊ ပဇ္ဇလိတေ သတိ=ရာဂတည်းဟူသော (ရာဂအစရှိသော) မီးသည် ထိန်ငြီးပြောင်ပြောင် တောက်လောင်နေသည်ဖြစ်ပါလျက်၊ ကောနုဟာသော=ဘယ်လိုအာရုံများကို မျှော်စား၍၊ ပျော်ပါးကာနေကြပါသနည်း...၊ ကိမာနန္ဒော= ပျော်ပွဲရွှင်ပွဲ၊ မစဲဘဲနဲ့ အဘယ့်ကြောင့် ပျော်မြဲပျော်၍ နေနိုင်ကြပါသနည်း...။

အန္ဓကာရေန=အကြောင်းရင်းကို ဖွေရှာလျှင် တွေ့ဝေတဲ့ 'အဝိဇ္ဇာ'သာ မူလပဓာန သူကဖျက်ဆီး ကြီးစွာသော အမှောင်

ထုကြီးဖြင့်၊ ဩနဒ္ဓါ=ရှုပ်ထွေးဝိုင်းအုံ အမှုကိစ္စပေါင်းစုံ ကြုံတွေ့နေသည်ဖြစ်ပါလျက်၊ ပဒီပံ=သတိချပ်ကြစရာ သိမှတ်စရာ အမှန်ဖြစ်တဲ့ 'ဝိပဿနာဉာဏ်'တည်းဟူသော ဆီမီးတိုင်ကြီးကို၊ နဂဝေသထ=မရှာမှီးသေးဘဲ အငေးကြီးငေး၍ အဆွေးကြီးဆွေးကာ အေးဆေးသက်သာစွာ သြော်...အဘယ့်ကြောင့် နေနိုင်ကြပါသနည်း။

(ဝိပဿနာမသွင်းမီ အလုပ်ပေးတရား မစမီ ထည့်သွင်းဟောကြားနိုင်ပါသည်)

* ငါးဝ အာရုံ ကာမဂုဏ်ရယ်...
ပဒိုင်းသီးနဲ့ တူလှတယ်။
ဆုတ်ရင်လည်း စူးတတ်တယ်၊
နမ်းရင်လည်း မူးတတ်တယ်၊
စားရင်လည်း ရူးတတ်တယ်။
ဒုက္ခပေးတာ အသွယ်သွယ်...
သတိထား တရားရှာသင့်တယ်။

## တရားလုပ်လျှင် ဒိဋ္ဌိပြုတ်ပါစေ

သတ္တဝါအများကို သံသရာတစ်ခွင်လုံးမှာ ဘဝအမျိုးမျိုး အဖုံဖုံ စုံအောင်ကျင်လည်ခိုင်းနေတဲ့ တရားက သုံးပါး ရှိပါတယ်။ တဏှာ၊ မာနနဲ့ ဒိဋ္ဌိပါ။ ဒီတရားသုံးပါးကို သံသရာနယ်ချဲ့တတ်လို့ 'ပပဉ္စတရား ၃-ပါး'လို့ ခေါ်ပါတယ်။

အဲဒီ ပပဉ္စတရားသုံးပါးထဲက ယနေ့ 'ဒိဋ္ဌိ'ဆိုတဲ့ ပပဉ္စတရားနဲ့ ပတ်သက်တာကို ဟောကြားချီးမြှင့်ပါမည်။

ဒိဋ္ဌိဟာ အမျိုးအစား ခွဲခြားလိုက်ရင် ၆၂–ပါးအထိ ရှိပါတယ် သက္ကာယဒိဋ္ဌိရဲ့ အဆွယ်အပွားတွေပါပဲ။

လူသိများတဲ့ ဒိဋ္ဌိကတော့ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတို့ပါပဲ။ ဒီ ဒိဋ္ဌိလေးမျိုးရဲ့ သဘောသဘာဝကို သိသာရုံပြောရရင်–

(က) သက္ကာယဒိဋ္ဌိ က – ထင်ရှားရှိတဲ့ ရုပ်,နာမ် ခန္ဓာကိုယ်ကို စွဲပြီး ငါပဲ၊ သူပဲ၊ လူပဲ၊ ရဟန်းပဲ စသည်ဖြင့် ဘယ်သူ ဘယ်ဝါဆိုတဲ့ အယူအစွဲတွေ ဖြစ်ပါတယ်။

(ခ) သဿတဒိဋ္ဌိဆိုတာကတော့ – ခိုင်တယ်၊ မြဲတယ်၊ တစ်ဆက်တည်းပဲ ဆိုတဲ့အယူ၊

(ဂ) ဥစ္ဆေဒဒိဋ္ဌိဆိုတာကတော့–သဿတဒိဋ္ဌိနဲ့ပြောင်းပြန်။ သူက ပြတ်တယ်၊ စဲတယ်၊ ဒီဘဝပြီးရင်ပြီးရော၊ နောက်ဘဝမရှိဆိုတဲ့ အယူအစွဲ။

(ဃ) မိစ္ဆာဒိဋ္ဌိ ဆိုတာကတော့–မှားယွင်းတဲ့အယူ။ မိစ္ဆာဒိဋ္ဌိမှာ နိယတမိစ္ဆာဒိဋ္ဌိသုံးမျိုး ဆိုပြီးတော့ ရှိသေးတယ်။ အဲဒီသုံးမျိုးကတော့ (၁)အကျိုးတရားမရှိ၊ ကုသိုလ်, အကုသိုလ်ဆိုတာ မရှိ စတဲ့ မရှိဝါဒဖြစ်တဲ့ 'နတ္ထိကဒိဋ္ဌိ' တစ်မျိုး၊ (၂)အကြောင်းတရားမရှိ၊ ဖြစ်ချင်သလို ဖြစ်လာတာဆိုတဲ့ ဝါဒ 'အဟေတုကဒိဋ္ဌိ'နဲ့ (၃) ကုသိုလ်, အကုသိုလ်ဆိုတာတွေ လုပ်စရာမလိုဆိုတဲ့ အလုပ် (ကံ)ကိုပယ်တဲ့ 'အကိရိယဒိဋ္ဌိ'ဆိုပြီးတော့ သုံးပါးရှိတယ်။

သက္ကာယဒိဋ္ဌိဆိုတာ

'သန္တော ကာယော သက္ကာယော'တဲ့။ သန္တောကို 'သံဝိဇ္ဇမာနော'ဟု ဖွင့်တယ်။ အဓိပ္ပာယ်ကတော့ 'ထင်ရှားရှိသော'လို့ အဓိပ္ပာယ်ရတယ်။

ကာယော ကို 'ခန္ဓာ ပဉ္စက သမူဟော'လို့ ဖွင့်တဲ့အတွက် 'ခန္ဓာငါးပါး အပေါင်း'လို့ အဓိပ္ပာယ်ရတယ်။ နှစ်ရပ်ပေါင်းတော့ 'ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းအစု'လို့ ဆိုလိုတယ်။

'သက္ကာယေ ပဝတ္တာ အတ္တာတိဒိဋ္ဌိ သက္ကာယဒိဋ္ဌိ'လို့ ဝိဂြိုဟ်ဝစနတ္ထပြုလိုက်တဲ့အခါကျတော့ 'သက္ကာယဒိဋ္ဌိ' ဖြစ်သွားတယ်။

(အနက်) သက္ကာယေ=ရုပ်နာမ်ဟူသော ထင်ရှားရှိသော ခန္ဓာငါးပါး၌ (ခန္ဓာကိုယ်၌)၊ ပဝတ္တာ=ဖြစ်ပေါ်လာသော၊ အတ္တာတိဒိဋ္ဌိ='ငါ'ဟူသော အယူအစွဲသည်၊ သက္ကာယဒိဋ္ဌိ=သက္ကာယဒိဋ္ဌိမည်ပေ၏။

ဒီတော့ လွယ်လွယ်မှတ်ရင် 'သက္ကာယဒိဋ္ဌိ'ဆိုတာ 'ခန္ဓာကိုယ်ကို ငါစွဲစွဲတာပဲ'ဒီမှာ လူတော်တော်များများ မှားပြီး ပြောဆိုနေကြတာ တစ်ခုရှိတယ်။ အဲဒါကတော့ 'သက္ကာယ ဖြုတ်ရမယ်' ဆိုတဲ့ အမှားပဲ။ အမှန်စင်စစ် စဉ်းစားကြည့်ပါ။ သက္ကာယကို ဖြုတ်လို့မရဘူး။ သက္ကာယဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်ပဲ။ ခန္ဓာပဲ။ ရုပ်နာမ်သွားဖြုတ်ရင် သေရုံပဲရှိတော့မှာပေါ့။ ရုပ်အပေါ်မှာစွဲကပ်နေတဲ့ ဒိဋ္ဌိ(သက္ကာယဒိဋ္ဌိ)ကိုသာ ဖြုတ်ရမှာပါ။

ဥပမာ–တစ်ခုပြောရရင် အင်္ကျီမှာ ကွမ်းသွေးစွန်းသွားရင် အင်္ကျီကို စွန့်ပစ်လိုက်မှာလား၊ အင်္ကျီမှာ စွန်းထင်းနေတဲ့

ကွမ်းသွေးကို ချတ်ပစ်ရမှာလား စဉ်းစားကြည့်ပါ။ ကွမ်းသွေး အစွန်းကိုသာ ချတ်ရမှာပါ။ ဒီသဘောပါပဲ။

ခန္ဓာငါးပါးကိုတော့ သိပြီးဖြစ်မှာပါပဲ။

(၁) ရူပက္ခန္ဓာ = ရုပ်(၂၈–ပါး) တရားအစု။ ဖောက်ပြန်တတ်သောသဘော၊

(၂) ဝေဒနာက္ခန္ဓာ = ခံစားမှု(ဝေဒနာစေတသိက်)အစု။ ခံစားတတ်သောသဘောရှိ၊

(၃) သညာက္ခန္ဓာ = သညာ စေတသိက်။ မှတ်သားတတ်သော သဘောရှိ၏။

(၄) သင်္ခါရက္ခန္ဓာ = ပြုပြင်တတ်သော တရားအစု။ (ဝေဒနာ+သညာကြဉ်–စေတသိက် ၅၀) ပြုပြင်စီရင်တတ်သော သဘောရှိသည်။

(၅) ဝိညာဏက္ခန္ဓာ = စိတ်အစု (စိတ်–၈၉)။ သိတတ်သော သဘောရှိသည်။

- ရုပ်ခန္ဓာသည် 'ရေမြှုပ်'နှင့်တူသည်။
- ဝေဒနာဆိုတဲ့ ခံစားမှုကလေးသည် 'ရေပွက်'ပမာ ခဏတာသာ ကြာသည်။
- သညာဆိုတဲ့ သညက္ခန္ဓာသည် မှတ်သားမှုသည် 'တံလျှပ်' ပမာသာ ဖြစ်သည်။
- သင်္ခါရက္ခန္ဓာ(စေတနာ)သည် 'ငှက်ပျောတုံး'နှင့်တူသည်။
- ဝိညာဏက္ခန္ဓာဆိုတဲ့ 'စိတ်'ကလေးကတော့ 'မျက်လှည့်' နှင့်တူသည်။

အကျဉ်းချုပ်မှတ်ရန် ဆောင်ပုဒ်များ

* ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်–
* ဖောက်ပြန်၊ ခံစား, မှတ်သား၊ ပြုပြင်၊ သိဝိညာဏ်(ဉ်) ငါးအင် ခန္ဓာမှတ်။
* ရေမြှုပ်ပမာ၊ ရုပ်ခန္ဓာ၊ ဝေမှာ ရေပွက်ဟန်။
* တံလျှပ်ပမာ၊ မှတ်သညာ၊ သင်္ခါ ငှက်ပျောစံ။
* မျက်လှည့်အသွင်၊ စိတ်ဝိညာဉ်၊ ငါးအင်နှစ်မဲ့ခံ။ (လယ်တီသံခိပ်)
* ရုပ်, နာမ် လောက၊ ခိုင်မြဲစွ၊ ယူက'သဿတ'၊
* ရုပ်, နာမ် မမြဲ၊ ပြတ်ယူစွဲ၊ ခေါ်မြဲ 'ဥစ္ဆေဒ'။

အခုလောက်ဆိုရင် ခန္ဓာငါးပါးနှင့် သက္ကာယဒိဋ္ဌိစွဲပုံကို သိသာလောက်ပေပြီ။ 'သက္ကာယဒိဋ္ဌိ'ကို ဘယ်လိုခွာမလဲ။

'နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိံ ပဇဟတိ–'

နာမရူပဝ ဝတ္ထာနေန=နာမ်နှင့်ရုပ်ကို ပိုင်းခြားသိမြင်သော ဉာဏ်ဖြင့်၊ သက္ကာယဒိဋ္ဌိံ=သက္ကာယဒိဋ္ဌိ ကို၊ ပဇဟတိ=ပယ်စွန့်နိုင်၏။

ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာသည် 'ရုပ်'၊ ကျန်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် 'နာမ်'။

တရားထိုင်ရင်း နာမ်,ရုပ်ခွဲပုံ

ကာယာနုပဿနာ သတိပဋ္ဌာန်၌ ပါဝင်သော 'အာနာပါနကမ္မဋ္ဌာန်း'ခေါ် ဝင်လေ, ထွက်လေ၌ အမှတ်သတိရှိနေအောင် ရှေးဦးစွာ တရားထိုင်ရပါတယ်။ 'ထွက်လေ သိ၊ ဝင်လေ သိ' ဖြင့် သတိကပ်အောင် ရှုမှတ်ရပါတယ်။

ဝင်လေဟာ ရုပ်တရား၊ သိတာက နာမ်တရား၊ ထွက်လေဟာ ရုပ်တရား(ဝါယော)သိတာဟာ နာမ်တရား၊ ဤကဲ့သို့ သိမြင်လာသောအခါ နာမရူပ ပရိစ္ဆေဒဉာဏ် (နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်) ဖြစ်ပါတယ်။

အာနာပါနဖြင့် ဝိပဿနာ ဆက်ကူးမယ်ဆိုရင်တော့ ဝင်လေ–ရုပ်ကလေးဟာလည်း ဖြစ်ပြီး ပျက်သွားတာပဲ၊ ထွက်လေ ရုပ်ကလေးဟာလဲ ဖြစ်ပြီး ပျက်သွားတာပဲ။ ဒါလိုသိမြင်ရှုမှတ်နေရင် 'ဥဒယဗ္ဗယဉာဏ်'(ဖြစ်ပျက်မြင်)လို့ ခေါ်နိုင်ပါတယ်။ တဒင်္ဂပေါ့။ ဥဒယဗ္ဗယဉာဏ် အစစ်အမှန်ကြီးတော့ မဟုတ်သေးဘူး။ အဲဒီလို ဝင်လေ, ထွက်လေကို တစ်စုံကို တစ်, နှစ်, သုံးဟု ရှုမှတ်တဲ့ နည်းကတော့ 'ဂဏနာနည်း'တဲ့။

ဒါ့အပြင် ဝင်လေ,ထွက်လေ အစဉ်ကိုမှတ်တဲ့ 'အနုဗန္ဓနာနည်း' (အစ/အလယ်,အဆုံးကို လိုက်မှတ်တာ)

ဝင်လေကလေး နှာသီးဖျားမှာ တိုက်ပြီး ထိတဲ့နေရာ–ထွက်လေကလေး နှာသီးဖျားမှာ တိုက်ပြီး ထိတဲ့နေရာကို သတိကပ်ပြီး ရှုမှတ်တဲ့ 'ဖုသနာနည်း'ဆိုတာတွေလဲ ရှိသေးတယ်။ ကြိုက်ရာတစ်ခုကို စွဲစွဲမြဲမြဲ ရှေးဦးစွာလုပ်ပါ။

နောက်တစ်နည်းကတော့ 'ဌပနာနည်း'တဲ့။ ဝင်လေ, ထွက်လေရဲ့ နှာခေါင်းနှင့်ထိတဲ့သဘောပေါ်ကနေပြီးတော့ စိတ်ကို ဘယ်မှ မရွေ့ရဘူး။

**(ဆောင်)** * ဝင်လေရုပ်၊ သိတာနာမ်။ ထွက်လေရုပ်၊ သိတာနာမ်။ နာမရူပ ပရိစ္ဆေဒဉာဏ်။

* ဝင်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာရုပ်,နာမ်သိ။
* ထွက်လေတိုးရာ၊ ငါမပါ၊ နှစ်ဖြာ ရုပ်,နာမ်သိ။

* ဝင်လေ အတွင်း၊ ဖြစ်ခြင်းများစွာ၊ ရုပ်,နာမ်ဟာ၊
ပေါ်ကာ ပျက်ကြ အနိစ္စ–ဒုက္ခ–အနတ္တ။
* ထွက်လေအတွင်း၊ ဖြစ်ခြင်းများစွာ၊ ရုပ်,နာမ်ဟာ၊
ပေါ်ကာပျက်ကြ၊ အနိစ္စ–ဒုက္ခ–အနတ္တ။
(ဓမ္မဂုဏ်ဂုဏ်ရည်ကျမ်း)

ဝစ္ဆဂေါတ္တပုဏ္ဏား

ဝစ္ဆဂေါတ္တပုဏ္ဏား ပရိဗိုဇ်က ဗုဒ္ဓဘုရားအား လျှောက်ထားတယ်။

"အားလုံးက ပြောနေကြတယ်။ အရှင်ဘုရားသည် သူတစ်ပါးရဲ့ စိတ်ကို အိပ်နေရင်းလည်း သိတယ်။ စားနေရင်းလည်း သိတယ်။ သွားနေရင်းလည်း သိတယ်။ ဘယ်သူတွေ ဘာပဲ လုပ်နေနေ အကုန်သိတယ်လို့ ပြောကြပါတယ်။ အဲဒါ အမှန်ပဲလား"တဲ့။ ဟုတ်ပါသလားတဲ့။

ဗုဒ္ဓဘုရားက "မဟုတ်ပါဘူး။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ဆိုတာ ရတာတော့ မှန်ပါတယ်။ တေဝိဇ္ဇပုဂ္ဂိုလ်ကြီးလို့ ခေါ်ကြတာလည်း မမှားပါဘူး။ ဒါပေမယ့် အချိန်မရွေး သိနေတာမဟုတ်ပါ။ ရှေးဉာဏ်တော်နဲ့ စူးစမ်းဆင်ခြင်လိုက်တဲ့အခါ ဆိုရင်တော့ ဘာမဆို သိပါတယ်။ ဝစ္ဆ"လို့ မိန့်လိုက်တယ်။

ဒီအခါ ဝစ္ဆပရိဗိုဇ်က အောက်ပါမေးခွန်းများကို ဆက်မေးပါတယ်။

"ဒီလိုဆိုရင် ဘုရား–ပုစ္ဆာလေးချက်လောက်တော့ မေးကြည့်ချင်ပါတယ်"

(၁) သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်တွေဟာ – နိဗ္ဗာန် ရောက်နိုင် ပါသလား။

(၂) သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်တွေဟာ – နတ်ရွာသုဂတိသို့ ရောက်နိုင်သလား

(၃) 'မိစ္ဆာဒိဋ္ဌိ' အယူအကျင့်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ – နိဗ္ဗာန် ရောက်နိုင်ပါသလား

(၄) 'မိစ္ဆာဒိဋ္ဌိ'အယူအကျင့်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ–နတ်ရွာသုဂတိသို့ ရောက်နိုင်သလား။

ဗုဒ္ဓဘုရားအဖြေ–

"နံပါတ် (၁) ပုဂ္ဂိုလ် နိဗ္ဗာန်မရောက်နိုင်

နံပါတ် (၂) ပုဂ္ဂိုလ်ကတော့ နတ်ရွာသုဂတိတော့ ရောက်နိုင် သည်။

နံပါတ် (၃) ပုဂ္ဂိုလ်နဲ့ နံပါတ် (၄) ပုဂ္ဂိုလ် (မိစ္ဆာဒိဋ္ဌိ)တို့ကတော့ နိဗ္ဗာန်လည်း မရောက်နိုင်၊ နတ်ရွာသုဂတိလည်း မရောက်နိုင်ပါ၊ ဝစ္ဆပရိဗိုဇ်"

[မဇ္ဈိမပဏ္ဏာသ၊ (တေဝိဇ္ဇ) ဝစ္ဆဂေါတ္တသုတ်၊ မိုးကုတ် ဟောစဉ်များ]

– ဒါနပြု သီလဆောက်တည်ကာ သက္ကာယဒိဋ္ဌိနှင့် ဆုတောင်းယူလျှင် လူ့ပြည်၊ နတ်ပြည်များသို့ ရောက်နိုင် သည်။

– ဗြဟ္မာ့ပြည်နှင့် နိဗ္ဗာန်ကား ဆုတောင်းယူရုံဖြင့် မရနိုင်။ ဗြဟ္မာ့ပြည် ရောက်ချင်လျှင် 'သမထလုပ်ငန်း'တွေ လုပ်ရမည်။ နိဗ္ဗာန် ရောက်ချင်လျှင်ကား 'ဝိပဿနာ တရား' အားထုတ်ကြရမည်။

- သက္ကာယဒိဋ္ဌိအစွဲနဲ့ တရားအားထုတ်ရင် အားနည်းတဲ့ ဒုဗ္ဗလဝိပဿနာဖြစ်လို့ တရားမပေါက်နိုင်။ ဒိဋ္ဌိအစွဲခွာပြီး အားထုတ်မှသာ အားကောင်းတဲ့ ဗလဝဝိပဿနာ ဖြစ်ကြမည်။ (အရှင်ဆန္နမထေရ်၊ ယမက မထေရ် တို့ကိုရှု)

ဝေဒနာနုပဿနာသတိပဋ္ဌာန်တရား

- ကုသိုလ်လုပ်ပြီး ဝမ်းမြောက်စွာ ပွားများနေလျှင်- သမထ။ (စာဂါနုဿတိ)
- ဖြစ်မှု ပျက်မှုကို မြင်အောင်ရှုနိုင်လျှင် - ဝိပဿနာ။
- ပွားများတာ-သမထ၊ ဖြစ်,ပျက်ရှုမှ-ဝိပဿနာ။
- * ဝိပဿနာ၊ မှန်လှစွာ၊ သာသနာ တရားမြတ်။
- * သမထ က၊ သာသနာပ၊ ကျင့်က ရနိုင်တတ်။

'ပဥ္စ'၏ တရားခံသည် 'ဝေဒနာ'ဖြစ်သည်။ ထို့ကြောင့်- ဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှုရမည်။ ဝေဒနာကို ဖြစ်ပျက် မြင်အောင် ရှုနိုင်လျှင်'ဝေဒနာ နိရောဓာ တဏှာ နိရောဓော'ဖြစ်ပြီး ဝေဒနာချုပ်လျှင် တဏှာချုပ်သည်။ တဏှာချုပ်ပါက 'တဏှာ နိရောဓော နိဗ္ဗာနံ'ဆိုသည့်အတိုင်း နိဗ္ဗာန်ဆိုက်ဖို့သာ ရှိပါသည်။

(ဤကား တရားစဉ် အကျဉ်းချုပ်တည်း။ အပြောဖြင့်ကား မရ။ တကယ်လုပ်မှသာ ရပါမည်)

ဘုရားရှင် လက်ထက်တော်က 'သန္တတိ အမတ်ကြီး'ဟာ မူးယစ်သောက်စား ပျော်ပါးရာမှ အပြန် ကျွတ်တန်းဝင်သွား နိုင်ခဲ့တယ်။

'ဥဂ္ဂါသေန'ဆိုတဲ့ သူဌေးသား ကချေသည်ဟာလည်း အဟောင်ခြောက်ဆယ်ကျော် မြင့်မားတဲ့ ဝါးလုံးပေါ်ကနေပြီး က,ရင်း ခုန်ရင်းနဲ့ ကျွတ်တန်းဝင်သွားခဲ့တယ်။ အားရှိစရာတွေပါ။

## ဝေဒနာ (၆)မျိုး

သက္ကပဉ္စသုတ်မှာ ဘုရားရှင်က ဝေဒနာခြောက်မျိုး ဟောထား တယ်။

(၁) သုခဝေဒနာ = အသေဝိတဗ္ဗ မမှီဝဲအပ်၊ လောဘ ဖြစ်မည်။

(၂) သောမနဿဝေဒနာ = သေဝိတဗ္ဗ၊ မှီဝဲအပ်၊ ရှုမှတ်ရင်း အနိစ္စတစ်ချက် ပိုင်လျှင် ဝမ်း မြောက် ဝမ်းသာ ဖြစ်တတ်သည်။

(၃) ဒုက္ခဝေဒနာ = အသေဝိတဗ္ဗ၊ မမှီဝဲအပ်၊ ဒေါသ ဖြစ်တတ်သည်။

(၄) ဒေါမနဿဝေဒနာ = သေဝိတဗ္ဗ၊ မှီဝဲအပ်၊ (မဟာသိဝ ရဟန်းကြီး၏ ဒေါမနဿမျိုးကား ဖြစ်ကောင်းသည်) မဟာသိဝ ရဟန်းကြီးအကြောင်း ဆက်ပြ မည်။

(၅) ဥပေက္ခာဝေဒနာ = အသေဝိတဗ္ဗ၊ မမှီဝဲအပ်၊ မောဟ ဖြစ်တတ်သည်။

(၆) ဥပေက္ခာဝေဒနာ = သေဝိတဗ္ဗ၊ မှီဝဲအပ်သော ဥပေက္ခာ တစ်မျိုး၊

သက္ကပဥှသုတ်တွင် ပုထုဇဉ်သာဖြစ်သော သိကြားမင်းကြီး သည် တရားနာလာရင်း တရားပွဲထဲမှ သေပြီး တရားပွဲထဲမှာပဲ သိကြား ပြန်ဖြစ်သွားသည်။ ဗုဒ္ဓဘုရား၏ တရားကို နာကြားရ သဖြင့် သောတာပန် သိကြား ဖြစ်သွားသည်။

ဝေဒနာပေါ်ရာဌာနများ

(၁) သုခဝေဒနာသည် ကိုယ်ပေါ်မှာ ပေါ်သည်၊ ကိုယ်ပေါ် မှာ ပျက်သည်။

(၂) သောမနဿ ဝေဒနာသည် ဝမ်းထဲမှာပေါ်သည်၊

(၃) ဒုက္ခဝေဒနာသည် ကိုယ်ပေါ်မှာ ပေါ်သည်၊

(၄) ဒေါမနဿဝေဒနာသည် ဝမ်းထဲမှာ ပေါ်သည်။

(၅) ဥပေက္ခာဝေဒနာသည် မျက်စိ, နား, နှာခေါင်း, လျှာ မှာ ပေါ်၏၊

(၆) ဥပေက္ခာ ဝေဒနာသည် ဝမ်းထဲမှာလဲ ပေါ်၏၊ ပျက်၏။

သုခ(သောမနဿ)ဝေဒနာ ဖြစ်ပေါ်တာကို ဖြစ်,ပျက် မြင် အောင် မရှုနိုင်လျှင် 'တဏှာ'ဖြစ်မည်။ သုခဝေဒနာကိုရှုမှတ်နိုင်မှ လွတ်ငြိမ်းမှုရမည်။

သော ဝေဒနာယ **ပရိညာယ**၊ ဒိဋ္ဌေဝမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။

(သံယုတ်ပါဠိ)

သော=ထိုဝေဒနာ ကမ္မဋ္ဌာန်းကို စီးဖြန်းနေတဲ့ ပုဂ္ဂိုလ်သည်၊ ဝေဒနာယ=ဖြစ်ပေါ်နေတဲ့ ဝေဒနာကို၊ ပရိညာယ=ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိခဲ့သော်၊ (ဝါ) ဖြစ်ပေါ်လာတာလည်း ဒုက္ခပဲ၊

ပျက်စီးသွားတာလည်း ဒုက္ခပဲ ဟု ပိုင်နိုင်စွာ သိမြင်နိုင်သည်ရှိသော်၊ ဒိဋ္ဌေဝဓမ္မေ=ရှုမှတ်နေသောအချိန်၌ပင်၊ အနာသဝေါ=အာသဝေါ ကင်းကွာနိုင်သည်၊ ဟောတိ=ဖြစ်၏။

ကာယဿ=ခန္ဓာကိုယ်၏၊ ဘေဒါ=ပျက်စီးသောအခါ၌၊ ဓမ္မဋ္ဌော=နိဗ္ဗာန်၌တည်နိုင်သည်၊ ဟောတိ=ဖြစ်၏၊ ဝေဒဂူ= အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်သည် (ဝါ) ဝေဒနာကို လွန်မြောက်ပြီးသော ပုဂ္ဂိုလ်သည်၊ သင်္ချံ=ပုထုဇဉ်ဟူသော အရေအတွက်သို့၊ နောပေတိ=ကောင်းစွာမသွေ ပြန်မရောက် နိုင်ပါပေတော့သတည်း။

## တရားအားထုတ်ပုံ

ဝင်လေသိ, ထွက်လေ သိ ကို ၁၅ မိနစ်ခန့် အရှိန်ရအောင် လုပ်ပါ။

စိတ် ဘယ်ကို မှ မပြေးတော့ဘူးဆိုမှ သမာဓိဖြစ်ပါတယ်။

'သမာဓိ ဘိက္ခဝေ ဘာဝေထ'ဆိုတဲ့အတိုင်း သမာဓိရအောင် ရှေးဦးစွာ ထူထောင်ရပါတယ်၊ ပြီးတော့မှ ဝေဒနာပေါ်တဲ့နေရာကို ဝိပဿနာမင်္ဂနှင့် ရှုပါ။

ဝေဒနာကို ပေါ်အောင် တမင်တကာ လုပ်ရမှာတော့ မဟုတ်ဘူး။ ဖြစ်ပေါ်လာတဲ့ ဝေဒနာကိုတော့ ဖြစ်,ပျက်မြင်အောင် ရှုနိုင်ရပါမယ်။ ခန္ဓာကိုယ်က ယားတယ်၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ အောင့်တယ်၊ တောင့်တယ်၊ တင်းတယ် စသဖြင့် ပြပါလိမ့်မယ်။

ဝေဒနာဆိုတာ ကျင်နာခံခက်တဲ့ ဒုက္ခဝေဒနာကိုသာ ရှုမှတ် ရမှာ မဟုတ်ဘူး၊ ကောင်းတယ်၊ ချမ်းသာလိုက်တာ စသည်ဖြင့်

ခံစားတဲ့ 'သုခဝေဒနာ'ကိုလည်း အနိစ္စပေါ်အောင် ရှုပစ်ရမှာ ဖြစ်တယ်။

## 'ယတ်'ရုံ မရပ်နဲ့ 'ပတ်'လည်း ပတ်ပါ

*(မဟာသိဝရဟန်းကြီးအကြောင်း)*

'ဘုရားရှင် လက်ထက်တော်က မဟာသိဝဆိုတဲ့ ရဟန်းကြီး ရှိခဲ့သည်။ စာတတ်ပေတတ် ပုဂ္ဂိုလ်ဖြစ်ပြီး ပရိယတ် အလွန် ကျွမ်းကျင်တော်မူပါသည်။ ကျောင်းပေါင်း ငါးရာလောက်ကို လှည့်လည်ပြီး စာချနေသည်။ တပည့်တွေလည်း အများကြီး ထွန်းကားခဲ့တယ်။

ရဟန်းကြီး စာသင်ပေးတဲ့ တပည့်တွေက တောထဲမှာ တရားအားထုတ်ကြတာ ရဟန္တာအဆင့်အထိ ဖြစ်ကုန်ပြီ။ အဘိညာဏ်ရ ရဟန္တာတွေပေါ့။ တပည့်ရဟန်းတွေက အဘိညာဏ် နဲ့ သူတို့ဆရာကြီးကိုကြည့်လိုက်တော့ သူတို့ဆရာ သိဝမထေရ် ကြီးဟာ ပုထုဇဉ်အဆင့်မှာပဲ ရှိနေသေးတာကို မြင်တွေ့ကြတယ်။

ဒီအခါ တပည့်ရဟန္တာဟာ သူ့ဆရာ မထေရ်ကြီးထံ ကောင်းကင်ခရီးဖြင့် ကြွရောက်လာပြီး သင့်အပ်လျောက်ပတ်သော နေရာမှာ ထိုင်ပြီး မထေရ်ကြီးကို ရှိခိုး ဂါရဝပြုပါတယ်။ မထေရ်ကြီးက "ငါ့ရှင် ဘာလုပ်လာတာတုန်း"ဟု မေးရာ၊ တပည့်က "တပည့်တော် အနုမောဒနာ တရားဒေသနာ တစ်ပုဒ် လောက် နာကြားချင်လို့ပါဘုရား ချီးမြှင့်တော်မူပါဘုရား"လို့ လျှောက်ထားလိုက်တယ်။ ထိုအခါ မထေရ်ကြီးက "ဟ ငါ့ တပည့်ရ ငါ့မှာ တရားချီးမြှင့်ပေးဖို့ အချိန်အား မရှိဘူးကွ၊

သုတ္တန်ဆောင်ပုဂ္ဂိုလ်တွေ၊ အဘိဓမ္မာဆောင်ပုဂ္ဂိုလ်တွေကို သူ့အချိန်နဲ့သူ ပေးထားလို့ ကွက်တိဖြစ်နေတယ်”လို့ မိန့်လိုက်တယ်။

ဒီအခါ တပည့်ဖြစ်သူ ရဟန္တာက ဆရာသခင် ကျေးဇူးရှင်အား သံဝေဂသတိတရား ရစေချင်သော ဆန္ဒမွန်ဖြင့် “ဒါဖြင့်ဘုရား၊ အရှင်ဘုရားမှာ သေချိန်မှ ရှိပါဦးမလား”လို့ ခပ်ငေါ့ငေါ့ လျှောက်ထားပြီး ကောင်းကင်ခရီးဖြင့် တောထဲသို့ ပြန်ကြွသွားပါတော့တယ်။

တပည့်ပြန်သွားပြီးနောက် မထေရ်ကြီးက စဉ်းစားတယ်။

“ဒီကိုယ်တော် တရားလာတောင်းတာဟာ ထူးခြားနေတယ်။ တရားနာချင်လို့ ဟုတ်ဟန်မတူ။ ငါ့ကို သတိပေးချင်ဟန်တူရဲ့”လို့ စဉ်းစားလိုက်ပါတယ်။ ထို့နောက်တွင် မထေရ်ကြီးဟာ ရဟန္တာဖြစ်ဖို့အလုပ်ဟာ ခဲယဉ်းတာမှတ်လို့၊ အားထုတ်ရင် ရမှာပေါ့ဆိုပြီး ပရိယတ္တိလုပ်ငန်းတွေ စွန့်ကာ မဟာသိဝ စာချ ဆရာတော်ကြီးဟာ တောထွက်ပြီး တရားအားထုတ်တော့တာပဲ။ (တရားထူး ရလိုသူ သူတော်ကောင်းကြီးတို့သည် လူသူမနီး တောကြီးထဲသို့ဝင်ကာ တရားအားထုတ်လေ့ ရှိကြသည်ကို သတိပြုပါ) တောအရပ်ကို မှီခိုကြသည်ကို သတိပြုကြပါ)

မထေရ်ကြီးဟာ ဝါမဆိုမီ ရဟန္တာဖြစ်ပြီး ဝါဆိုအမီ ကျောင်းပြန်လာမယ်ဆိုတဲ့ ဆန္ဒနဲ့ ဝါဆိုလဆန်း ၁၃ ရက်လောက်မှာ ထွက်သွားခဲ့ပါတယ်။ သုံး/လေးရက် အားထုတ်လိုက်ရင် ရမယ်လို့လည်း ထင်ထားပါတယ်။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ ဝါဆိုအမီ မရောက်နိုင်ခဲ့ပါဘူး။ သို့သော် သီတင်းကျွတ် လပြည့်နေ့ မဟာပဝါရဏာနေ့ အမီတော့ ပြန်ရောက်ရမပေါ့ဟု အားမလျှော့သော ဖွဲလုံ့လဖြင့် ဆက်လက် အားထုတ်တော်မူပါတယ်။ ဝါကျွတ်လည်း မရောက်လာပါဘူး။

ဒီလိုနဲ့ ပရိသတ်တို့ရေ၊ မဟာသိဝ မထေရ်ကြီးဟာ တောထဲမှာ သွားပြီး တရားအားထုတ်လိုက်တာ နှစ်ပေါင်းသုံးဆယ်တောင် ကြာသွားရသတဲ့။ ဒီတော့ မထေရ်ကြီးဟာ သူ့ကိုယ်သူ မချင့်မရဲ ဖြစ်ပြီး 'ဒေါမနဿ ဝေဒနာ'တွေ ဝင်လာပါတော့တယ်။

"ဩော်...ငါဟာဖြင့် တစ်မဂ်, တစ်ဖိုလ် ရထိုက်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးထင်ပါရဲ့၊ ဥဃ္ဃဋိတညူ၊ ဝိပဉ္စိတညူ၊ နေယျ ပုဂ္ဂိုလ်တို့ အထဲမှာ မပါဘဲ 'ပဒပရမပုဂ္ဂိုလ်'လို့ ဆိုတဲ့ ဒုတိယဘဝကျမှ ကျွတ်တန်းဝင်နိုင်သူထဲပါနေပြီထင်ပါရဲ့၊ ငါဟာ အလွန်ညံ့ဖျင်းသူ ဖြစ်နေပါပေါ့လား"လို့ ဒေါမနဿဝေဒနာတွေ ဖြစ်ပါတယ်။ ဒါဟာ ဖြစ်ကောင်းတဲ့ ဒေါမနဿဝေဒနာပါ။

ဒေါမနဿဖြစ်လွန်းတဲ့ မထေရ်ကြီးဟာ ချုံးပွဲချ ငိုတော့တာပဲ။ ဒီအချိန်မှာ သူတရားအားထုတ်ရာဌာန သစ်ပင်ပေါ်မှ သစ်ပင်စောင့် နတ်သမီးဟာ လူယောင်ဖန်ဆင်းပြီး မထေရ်ကြီးနဲ့ မနီးမဝေးမှာလာပြီး ငိုပြန်လေရော။ မထေရ်ကြီးဟာ အမျိုးသမီး ငိုသံကြားတော့ မေးလိုက်တယ်၊ "ဘာကြောင့်ငိုနေရတာလဲ"တဲ့။

နတ်သမီးက "တရားမရလို့ ငိုနေတာပါ"ဟု ဖြေတယ်။ အမျိုးသမီးရဲ့ အဖြေကို ကြားလိုက်ရတော့ မထေရ်ကြီးဟာ ရှက်သွားတယ်။ တရားမရတာ ငိုစရာမဟုတ်။ ဆက်လက် အားထုတ်ရင် ရ,ရမယ်ဆိုတဲ့ 'ဆန္ဒိဒ္ဓိပါဒ်'နှင့် ဆက်လက်ပြီး ကြိုးစားအားထုတ်တော့မှ သောတာပန် သကဒါဂါမ်၊ အနာဂါမ်မှ ရဟန္တာအဆင့်အထိ ရောက်ရှိသွားခဲ့ပါတယ်။

မထေရ်ကြီးဟာ ခြေထောက်ကိုပင် ခြေမဆေးဘဲ တရားအား ထုတ်ခဲ့ရာ ခြေထောက်မှာ ရွှံ့ပေတက်နေပါသတဲ့။ တပည့်ရဟန္တာ တွေက ခြေဆေးပေးကြတယ်။ ရဟန္တာဖြစ်မှ ခြေဆေးခံမယ် ဆိုတဲ့ဓွဲပေါ့။

ဒါဟာ ဖြစ်ကောင်းတဲ့ ဒေါမနဿ ဝေဒနာရဲ့ သာဓက တစ်ရပ်ပါ။

## စိတ္တာနုပဿနာသတိပဋ္ဌာန်တရား
“စိတ်တစ်လုံးကို နိုင်အောင်ထိန်းလေ”

*(ဗုဒ္ဓဘုရား)*

အတိုဆုံးသောတရားကိုသာ မှတ်သားလွယ်ရန် နာကြားချင်သော အနုပုဗ္ဗသူဌေးသားအား ဓမ္မပဒ အဋ္ဌကထာတွင် ဗုဒ္ဓဘုရားက ဟောကြားခဲ့သော အတိုဆုံးဒေသနာ ဖြစ်သည်။

အမှန်အားဖြင့်လည်း တရားသည် ရှည်ရှည်လျားလျားကြီး နာကြားရန် မဟုတ်။ အသိအမြင် ပွင့်လင်းစေပြီး ကိလေသာ ငြိမ်းကြောင်း တရားကောင်းမှန်ပါလျှင် တိုတိုတောင်းတောင်းလည်း ကောင်းသည်ပင် ဖြစ်၏။

သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒ သံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊ သံသုတွာ ဥပသမ္မတိ။

(ဓမ္မပဒ၊ ဂါထာ-၁၀၁)

အနတ္ထ ပဒ သံဟိတာ= အကျိုးမရှိသော ပုဒ်ပါဌ် အက္ခရာနှင့် တကွဖြစ်သော၊ ဂါထာသဟဿမ္ပိ=ဂါထာပေါင်း တစ်ထောင်ကို သော်လည်း (စေ သုဏေယျ= အကယ်၍နားထောင်ရငြားအံ့၊ န သေယျော=မမြတ်ပေ)၊ ယံ ဓမ္မံ=အကြင်တရားအကျဉ်းကို၊ သုတွာ=နာကြားရ၍၊ ဥပသမ္မတိ=ကိလေသာတို့မှ ငြိမ်းအေး၏၊ ဧကံ ဂါထာပဒံ=ထိုဂါထာတစ်ပုဒ်သည်၊ သေယျော=ကောင်းစွာ မသေ့ အမြတ်ဆုံး ဖြစ်ပါပေတော့သတည်း။

စိတ်နှင့်ပတ်သက်၍ ဗုဒ္ဓဘုရား ဟောကြားထားသော ဒေသနာ မြောက်မြားစွာ ရှိပါသည်။

ဓမ္မပဒဋ္ဌကထာ စိတ္တဝဂ်တွင် တွေ့ရှိနိုင်သည်။

ဝိတက် အကြံတွေများပြီး ကုန်းပေါ်အတင်ခံရသော ငါးကဲ့သို့ ဖျပ်ဖျပ်လူးဖြစ်နေသော စိတ်ပိုင်ရှင် 'မေဃိယရဟန်း'ကို ဗုဒ္ဓဘုရားက စိတ်ကို နိုင်အောင်ထိန်းရန် လေးသမား ဥပမာဖြင့် ဟောကြားခဲ့သည်။ လေးသမားသည် မြားကို မိမိလိုအပ်သလို ပြုပြင်ယူသကဲ့သို့ စိတ်ကို ပြုပြင်ယူရမည်။

ဦးရိုးတော် ရဟန္တာမထေရ်ကြီးအား ယပ်လေခပ်ပေးရင်း စိတ်တွေလွင့်ပါးကာ အိမ်ထောင်ပြု သားမယားတွေရနေသော တူတော်မောင်ပဥ္စင်းအား ဦးရိုးတော်မထေရ်ကြီးက စိတ်ကို ပြန်လည်တည်ငြိမ်အောင် ပြုပြင်ပေးခဲ့ရသည်၊ ဤသို့ စသည်ဖြင့် လာရှိပေ၏။

စရိုက်(၆)ပါး

(၁) ရာဂ စရိုက် = ရာဂ (လောဘ)များသောသူ
(၂) ဒေါသ စရိုက် = ဒေါသကြီးသောသူ
(၃) မောဟ စရိုက် = မောဟများသောသူ
(၄) သဒ္ဓါ စရိုက် = သဒ္ဓါတရား အားကောင်းသူ
(၅) ဗုဒ္ဓိ စရိုက် = ပညာ ဉာဏ်ကျယ်ပြန့်သူ
(၆) ဝိတက်စရိုက် = အကြံအစည် အတွေးအခေါ် များလွန်းသူ။

စရိုက်နှင့်သင့်လျော်ရာ ကမ္မဋ္ဌာန်း

(၁) ရာဂစရိုက်များသောသူသည် အသုဘ(၁၀)ပါး ကမ္မဋ္ဌာန်း၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းသင့်သည်။

(၂) ဒေါသစရိုက်ရှိသောသူသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသော ကမ္မဋ္ဌာန်းကို စီးဖြန်းသင့်သည်။

(၃/၆)မောဟစရိုက်ရှိသူသည်လည်းကောင်း၊ ဝိတက်စရိုက်အားကြီးသူသည်လည်းကောင်း ဝင်လေ,ထွက်လေဆိုတဲ့ အာနာပါန ကမ္မဋ္ဌာန်းနှင့် သင့်လျော်၏။

(၄) သဒ္ဓါစရိုက်များသူသည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းသင့်၏။

(၅) ဗုဒ္ဓိစရိုက်ရှိသူသည်ကား မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းတို့နှင့် လျော်၏။

ဤကား ယေဘုယျနည်းကို ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ခြင်း ဖြစ်ပါ၏။ အမှန်တကယ် တရားအားထုတ်ကြသောအခါ၌ ကမ္မဋ္ဌာနာစရိယ ဆရာက သင့်လျော်ရာကို ပေးသောရှုနည်း မှတ်နည်းကို ရှုမှတ်ကြရမည်သာ ဖြစ်ပါ၏။ နောက်တစ်ချက်က မိမိသည် မည်သည့်စရိုက်ရှိသည်ကို သေချာစွာသိနိုင်ရန် မလွယ်ပေ။

## စရိုက်နှင့် နှလုံးသွေးအရောင်

(၁) ရာဂစရိုက်ရှိသူ၏ နှလုံးသွေးသည် နီရဲ၏။
(၂) ဒေါသစရိုက်ရှိသူ၏ နှလုံးသည် မည်းနက်၏။
(၃) မောဟစရိုက်ရှိသူ၏ နှလုံးသွေးသည် နီကျဲကျဲရှိ၏။
(၄) ဝိတက်စရိုက်ရှိသူ၏ နှလုံးသွေးသည် ဝါကျဲကျဲ၊ ပျစ်ချွဲချွဲ ဖြစ်၏။
(၅) သဒ္ဓါစရိုက်ရှိသူ၏ နှလုံးသွေးသည် အဝါရောင်ဖြစ်၏။
(၆) ပညာစရိုက်ရှိသူ၏ နှလုံးသွေးအရောင်းကား ပြိုးပြိုး ပြောင်ပြောင် ရှိသည်ဆို၏။
(ဆရာတော်ဦးဗုဓ်၊ မဟာသတိပဋ္ဌာနသုတ်နိဿယ)

အများအားဖြင့် လူတို့သည် သက္ကာယဒိဋ္ဌိ အားကြီးကြ၏။ သို့ဖြစ်ရာ စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် ဒိဋ္ဌိစရိုက်ရှိသူတို့နှင့် သင့်လျော်ကြောင်းကို–

"ဒိဋ္ဌိစရိတဿပိ မန္ဒဿ နာတိပ္ပဘေဒဂတံ စိတ္တာနုပဿနာ နုသတိ ပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ–"ဟူ၍ သမ္မောအဋ္ဌကထာလာအကိုင်း စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းကို ရှုသင့်ပေသည်။ ဒိဋ္ဌိစရိုက်ဖြစ်နည်း သက္ကာယဒိဋ္ဌိအစွဲ အားကြီးသော ပုဂ္ဂိုလ်ဆိုတာက နေရာတကာမှာ 'ငါ'ကို ရှေ့တန်းတင်တတ်တဲ့ ပုဂ္ဂိုလ်မျိုးပဲ။

ဥပမာ–ငါ့ကို ဘယ်လိုအစား အောက်မေ့နေလို့လဲ။ ငါ့ကို လာမစမ်းနဲ့ မရဘူး။

'ငါ'က ဘယ်သူ့ရဲ့ အပြောကိုမှ မခံခဲ့ဘူးဆိုတဲ့ လူမျိုးတွေပေါ့။

ကိုင်း၊ ခန္ဓာကိုယ်မှာ ရှာဖွေကြည့်စမ်းပါ။ ငါဆိုတာ ဘယ်နား မှာရှိသလဲ၊ ခန္ဓာမှာရှာကြည့်ရင် ခန္ဓာငါးပါးပဲ တွေ့မှာပေါ့။

ရုပ်, နာမ် နှစ်ပါးပဲ တွေ့မှာပေါ့။ 'ဒိဋ္ဌိ'ဟာ သုဂတိဘဝ ရောက်အောင်တော့ ပို့ပေးနိုင်တယ်။ မဂ်, ဖိုလ်, နိဗ္ဗာန်တော့ မရနိုင်ဘူး။ စိတ္တာနုပဿနာကို ရှုမှတ်မှ ဒိဋ္ဌိကွာမှာ။

ဖွားဖက်တော် ဆန္နမထေရ်ဟာ ဒိဋ္ဌိမကွာဘဲ တရားအားထုတ်လိုက်တာ နှစ်ပေါင်းလေးဆယ်တောင် ကြာသတဲ့။ တရားမရဘူး။

မဟာသတိပဋ္ဌာနသုတ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ ရှုရမယ့်စိတ်ပေါင်း ၁၆ မျိုး (ရှစ်တွဲ)ပြထားပါတယ်။ သရာဂစိတ်၊ ဝီတရာဂစိတ်၊ သဒေါသစိတ်၊ ဝီတဒေါသစိတ်၊ သမောဟစိတ်၊ ဝီတမောဟစိတ်၊ သံခိတ္တစိတ်၊ ဝိက္ခိတ္တစိတ်၊ မဟဂ္ဂတစိတ်၊ အမဟဂ္ဂတစိတ်၊ သဥတ္တရစိတ်၊ အနုတ္တရစိတ်၊ သမာဟိတစိတ်၊ အသမာဟိတစိတ်၊ ဝိမုတ္တစိတ်၊ အဝိမုတ္တစိတ် ဆိုတဲ့ (၁၆)မျိုး။ စာအတိုင်းကြည့်ရင် နားရှုပ်စရာပဲ။

မိုးကုတ်ဆရာတော်ကြီးကတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်၊ တွေးစိတ် တောစိတ်၊ လေကိုထုတ်သောစိတ်၊ လေကိုသွင်းသောစိတ်ဆိုပြီးတော့ စိတ် (၁၃)မျိုး ပြပြီး ဟောကြားပြသပါတယ်။ အဲဒီစိတ်တွေကို အပြင်ချည့်သည်၊ အတွင်းချည့်သည်၊ အိမ်သည်ဆိုပြီးတော့ နာမည်တပ်ပေးထားပါတယ်။

ဘာပဲဖြစ်ဖြစ် အတိုချုပ်မှတ်ဖို့ကတော့ ပေါ်တဲ့စိတ်၊ ဖြစ်တဲ့စိတ်ကို ရှုရမှာပါပဲ။

"ရှေ့စိတ်ကို နောက်စိတ်နဲ့ရှုတာ ဝိပဿနာ–"

ရှုကွက်ဥပမာတစ်ခု ကြည့်ရင် ဥပမာ 'မြင်စိတ်'ဆိုပါစို့ မျက်စိက အာယတနနဲ့ ပြောရင် စက္ခာယတန၊

မြင်စရာ အဆင်း(ရူပါရုံ)တွေက ရူပါယတန၊

မျက်စိနဲ့ အဆင်းကို ကြည့်တဲ့အခါမှာ 'မြင်စိတ်'ဆိုတဲ့ စက္ခုဝိညာဏ် ဖြစ်ပေါ်လာတယ်။

"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-"

(နိဒါနဝဂ္ဂသံယုတ်ပါဠိ)

စက္ခုံစ=မျက်စိကိုလည်းကောင်း၊ ရူပေစ=အဆင်းရူပါရုံကိုလည်းကောင်း၊ ပဋိစ္စ=စွဲ၍(အကြောင်းပြု၍)၊ စက္ခုဝိညာဏံ=စက္ခုဝိညာဏ်သည်(ဝါ) မြင်သိစိတ်သည်၊ ဥပ္ပဇ္ဇတိ=ဖြစ်ပေါ်လာ၏။

အဲဒီဖြစ်ပေါ်လာတဲ့ 'မြင်စိတ်'ကလေးကို ဝိပဿနာရှုရမယ်။ ဖြစ်ပျက်မြင်အောင်ရှုရမယ်။ ဘာပဲ ညာပဲ အရာဝတ္ထုပဲဆိုတဲ့ အထိအရောက်မခံရဘူး။ မြင်စိတ်ကို ဝိပဿနာမရှုနိုင်ခဲ့ရင်တော့ ပဋိစ္စသမုပ္ပာဒ်ဆက်ပြီမှတ်၊ သံသရာလည်ပြီသာ မှတ်ပေတော့။ အနည်းငယ်ချဲ့၍ ပြဆိုပါအံ့။

"တိဏ္ဏံ သင်္ဂတိ ဖဿော-"

မျက်စိ၊ အဆင်း၊ မြင်စိတ်-ဤသုံးပါးပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု(ထိခိုက်မှု)'ဖဿ'ဖြစ်လာတယ်။ ဖဿ ဖြစ်လာတော့-

"ဖဿ ပစ္စယာ ဝေဒနာ-"

ဖဿကြောင့် ဝေဒနာဖြစ်ပြီး ဖဿမှ ဝေဒနာ(ခံစားမှု)ဘက် ကူးသွားပြီ။ ကောင်းတယ်၊ မကောင်းဘူး၊ ကြိုက်တယ်၊ မကြိုက်ဘူး၊ ခံစားတော့မယ်။

"ဝေဒနာပစ္စယာ တဏှာ-"

ဝေဒနာကြောင့် တဏှာဖြစ်ပြီ။ ခံစားရတာကို နှစ်သက်သွားပြီ၊ တွယ်တာသွားပြီ၊ နောက်ထပ်ခံစားချင်လာတယ်။ စွဲလမ်းသွားတယ်။ စွဲလမ်းတော့ ဘာဖြစ်မလဲ။

"တဏှာ ပစ္စယာ ဥပါဒါနံ-"

တဏှာကြောင့် ဥပါဒါန်ဖြစ်ပြီ။ စွဲလမ်းသွားပြီ။ စွဲလမ်းသွားတော့ အဲဒီသက်ရှိ သက်မဲ့အရာဝတ္ထုကို ရအောင် ကြိုးစားတော့မယ်။ ပြုလုပ်တော့မယ်။ ပြုလုပ်တော့ ဘာဖြစ်မလဲ။

"ဥပါဒါနပစ္စယာ (ကမ္မ)ဘဝေါ"

ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်ပြီ။ အားထုတ်ပြီ။ 'ကံ'တွေကို လုပ်ပြီ။ ကံတွေလုပ်တော့ ကံရဲ့အကျိုးတရားတွေ လာမှာပေါ့။ ကံ၏အကျိုးတရားတွေက ဘာတွေဖြစ်မလဲ။

"ဘဝပစ္စယာ ဇာတိ-"ကမ္မဘဝကြောင့် ဇာတိရပြီ၊ ပဋိသန္ဓေနေပြီ။

"ဇာတိ ပစ္စယာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ-"ဇာတိရလျှင် အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ပူလောင်ခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲ, ပြင်းထန်လိုက်လှဲစွာ ပူပန်ခြင်းတို့ ဖြစ်လေပြီ။ ဤကား ပဋိစ္စသမုပ္ပာဒ် ဒေသနာကို ပြခြင်းဖြစ်၏။ ပဋိစ္စသမုပ္ပာဒ် ဆက်ပုံ-သံသရာလည်ပုံကို ဖော်ပြလိုက်ခြင်း ဖြစ်၏။

ပဋိစ္စသမုပ္ပာဒ်ပြတ်ရန် သံသရာအလည်ရပ်ရန်ကား ပစ္စုပ္ပန်အကြောင်းတရားများဖြစ်တဲ့ တဏှာဥပါဒါန်ကံတို့ကို မဆက်ရန် ကြိုးစားရမည်ဖြစ်ပါ၏။ ဆိုလိုသည်မှာ 'ဘဝပစ္စယာ ဇာတိ-'မလာအောင် ကြိုးစားကြရန်ဖြစ်ပါ၏။

## ပဋိစ္စသမုပ္ပာဒ်လည်ပုံလင်္ကာ

"အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်

တွယ်စပ်၊ နာမ်, ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿ ခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာခြောက်တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊ ကံဆင့်လောင်း၍၊ ဆိုး,ကောင်းဘဝ၊ ဖြစ်ရ ပြန်ရာ၊ အိုကာသေရေး၊ ပူအဆွေးနှင့်၊ ငိုကျွေး, ကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်၊ လုံးဝဆင်းရဲစုသာတည်း"။ ။

(မဟာစည်ဆရာတော်ကြီး)

'မြင်စိတ်'တစ်ခုကို ရှုတတ်ရင် ကျန်တဲ့ကြားစိတ်၊ နံစိတ်၊ စားစိတ် စတာတွေကိုလည်း ဒီအတိုင်းပဲ ဖြစ်ပျက်မြင်တဲ့အထိ ကြိုးစားပြီး ရှုမှတ်ရမယ်။ ပေါ်တဲ့စိတ်ကို ဖြစ်လာတဲ့စိတ်ကို ရှုမှတ်ရုံပဲ။ ပေါ်တဲ့စိတ်က 'အနိစ္စ'ရှုတာက 'မဂ္ဂ'ကိုက်ညီရမယ်။

"ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ"ဆိုတဲ့ မဟာ သတိပဋ္ဌာန်ဒေသနာလာအတိုင်း မြင်စိတ်ပဲဖြစ်ဖြစ်၊ ကြားစိတ်ပဲ ဖြစ်ဖြစ် 'လောဘ'မဖြစ်ရန် 'ဒေါသ'မဖြစ်ရန် အရေးကြီး၏။ လောဘစွန်း၊ ဒေါသစွန်းမရောက်ဖို့ အရေးကြီး၏။

ဒါကို ဓမ္မစကြာမှာကျတော့ 'ကာမသုခလ္လိကာနုယောဂ'၊ အစွန်း(လောဘစွန်း)နဲ့ 'အတ္တကိလမထာနုယောဂအစွန်း' (ဒေါသ စွန်း) ဆိုပြီးတော့ နားလည်ရတယ်။ မဇ္ဈိမပဋိပဒါ (အလယ်လမ်း)မှ လျှောက်လှမ်းနိုင်ဖို့ ဖြစ်ပါသည်။

တရားထိုင်နေတဲ့အခါ ဘယ်စိတ်မှ မပေါ်ရင် 'အိမ်သည် စိတ်'ဖြစ်တဲ့လေကို သွင်းသောစိတ်-လေကိုထုတ်သောစိတ်ကို အထိုင်ထားပြီး ရှုမှတ်ပါလေ။

## စိတ္တာနုပဿနာအကျိုး

"တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော ဥပ္ပါဒံ အတိက္ကမိတွာ အနုပ္ပါဒံ ဩက္ကမတိ၊ ဧဝံဟိ မဟာရာဇ သမ္မာ

ပဋ္ဌိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိ–" (မိလိန္ဒပဉှာ ပါဠိ)

တသ=ထိုယောဂီပုဂ္ဂိုလ်သည်၊ တံ စိတ္တံ=ထိုဖြစ်ပေါ်လာသောစိတ်ကို၊ အပရာပရံ=ရှေ့နောက်မလပ် တရစပ်၊ မနသိကရောတော=နှလုံးသွင်းရှုမှတ်နေသောပုဂ္ဂိုလ်အား၊ ဉပ္ပါဒံ အတိက္ကမိတွာ=အဖြစ်ကိုကျော်လွန်၍၊ အနုပ္ပါဒံ ဩက္ကမတိ=မဖြစ်တဲ့ဘက်သို့ (အပျက်သို့)သက်ဝင်သွား၏၊(အပျက်ကိုမြင်၏)

ဟိသစ္စံ=မှန်၏၊ မဟာရာဇ=မိလိန္ဒမင်းကြီး၊ ဓဝံ=ဤသို့၊ သမ္မာပဋ္ဌိပန္နော=ကောင်းမွန်မှန်ကန်စွာ ကျင့်ကြံအားထုတ်သည့်ရှိသော် (အားထုတ်သောသူသည်)၊ နိဗ္ဗာနံ သစ္ဆိကရောတိ=နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

သင့်လျော်ရာ ဝတ္ထုကြောင်းများကိုလည်း (အရှည်ဟောလိုပါက) ထည့်သွင်း ဟောကြားနိုင်သည်။

– ဝိပဿနာမဂ်သည် ဖြစ်,ပျက်ကို မြင်သည်။
– လောကုတ္တရာမဂ်သည် ဖြစ်,ပျက်ဆုံးရာ 'နိဗ္ဗာန်'ကို မြင်သည်။

ခန္ဓာကိုယ်မှာ ရှုစရာ

*(ပဋိကူလ မနသိကာရ)*

၁။ ကေသာ (ဆံပင်)
၂။ လောမာ (အမွေး–မွေးညင်း)
၃။ နခါ (ခြေသည်း/လက်သည်း)

| | |
|---|---|
| ၄။ ဒန္တာ | (သွား) |
| ၅။ တစော | (အရေထူ/အရေပါး) |
| ၆။ မံသံ | (အသား) |
| ၇။ နှာရု | (အကြော) |
| ၈။ အဋ္ဌိ | (အရိုး) |
| ၉။ အဋ္ဌိမိဉ္ဇ | (ခြင်ဆီ) |
| ၁၀။ ဝက္ကံ | (အညို့-ကျောက်ကပ်) |
| ၁၁။ ဟဒယံ | (နှလုံး) |
| ၁၂။ ယကန | (အသည်း) |
| ၁၃။ ကိလောမက | (အမြှေး) |
| ၁၄။ ပိဟကံ | (အဖျဉ်း-သရက်ရွက်-ဘေလုံး) |
| ၁၅။ ပပ္ဖာသံ | (အဆုပ်) |
| ၁၆။ အန္တံ | (အူ) |
| ၁၇။ အန္တဂုဏံ | (အူသိမ်) |
| ၁၈။ ဥဒရိယံ | (အစာသစ်အိမ်) |
| ၁၉။ ကရီသံ | (အစာဟောင်းအိမ်/အူမကြီး) |
| ၂၀။ မတ္ထလုင်္ဂ | (ဦးနှောက်) |
| ၂၁။ ပိတ္တံ | (သည်းခြေ) |
| ၂၂။ သေမှံ | (သလိပ်) |
| ၂၃။ ပုဗ္ဗော | (ပြည်) |
| ၂၄။ လောဟိတ | (သွေး) |
| ၂၅။ သေဒေါ | (ချွေး) |
| ၂၆။ မေဒေါ | (အဆီခဲ) |
| ၂၇။ အဿု | (မျက်ရည်) |

၂၈။ ဝသာ (ဆိကြည်)
၂၉။ ခေဠော (တံတွေး)
၃၀။ သိင်္ဃာဏိကာ (နှပ်)
၃၁။ လသိကာ (အစေး)
၃၂။ မုတ္တံ (ကျင်ငယ်)

ရှုစရာ-၂

အထက်ပါပစ္စည်း(၃၂)မျိုးတို့သည် စာရှုသူတို့၏ မိမိတို့ ခန္ဓာကိုယ်တိုင်းတွင် ရှိနေ၏။ 'ဒွတ္တိံသာကာရ'ဟုခေါ်သည်။ ၃၂-ကောဋ္ဌာသဟုလည်း ခေါ်သည်။ မိမိတို့ခန္ဓာကိုယ်တွင် ရှိနေသော ဤပစ္စည်းများကို ရွတ်ဆိုပြီး ရှုမှတ်ဆင်ခြင်နေခြင်းသည် တရားရှုမှတ်ခြင်းမည်၏။ အသုဘကမ္မဋ္ဌာန်းဟူ၍လည်း အမည်ရ၏။ သတိပဋ္ဌာန်အနေဖြင့် ပြောမူ 'ကာယနုပဿနာ သတိပဋ္ဌာန်'၌ ပါဝင်၏။ ပဋိကူလမနသိကာရ (စက်ဆုပ်ရွံရှာဖွယ်ဟု နှလုံးသွင်းခြင်း)အခန်း ဖြစ်၏။ ကာယဂတာသတိလည်း ဖြစ်၏။

မာတိကာမာတာ ဒါယိကာမကြီး ကိုးကွယ်ဆည်းကပ်သော ရဟန်းခြောက်ကျိပ်တို့သည် ဤဒွတ္တိံသာကာရ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ရှုမှတ်ကြ၏။ ထိုရဟန်းများထံမှ မာတိကာမယ်တော်ကြီးက ဤကမ္မဋ္ဌာန်းကိုယူ၍ စီးဖြန်းပွားများသောအခါတွင် မယ်တော်ကြီးက ရှေးဦးစွာ တရားထူး ရခဲ့ဖူး၏။ နောင်မှ မယ်တော်ကြီးက သားတော် ရဟန်း ခြောက်ကျိပ်တို့အား အဘိညာဉ်ဖြင့် ဆင်ခြင်၍ ကြည့်သောအခါတွင်မှ 'ဘောဇနသပ္ပာယ' မမျှမတဖြစ်နေသည်ကို တွေ့ရှိသွားသည်။ လိုအပ်သော

ဘောဇနသပ္ပာယကို မျှတစေသောအခါတွင်မှ ရဟန်းများ တရားထူးအမြင် ရရှိသွားခဲ့ကြဖူးလေသည်။

ဝင်္ဂီသမထေရ်သည်လည်း ဤဗွိတ္တိံ သာကာရကမ္မဋ္ဌာန်းကိုပင် စီးဖြန်းခဲ့၏။

(ဤကမ္မဋ္ဌာန်းကို ရှုမှတ်ပြီး မဂ်,ဖိုလ်ဆိုက်သွားသော ပုဂ္ဂိုလ်များကို ကျမ်းဂန်တို့တွင် မြောက်မြားစွာ တွေ့ရှိရပါသည်။ ကျမ်းလေးမည်စိုး၍ မပြတော့ပြီ)

ရတနာပုံခေတ်က ထင်ရှားခဲ့သော သီးလုံးဆရာတော်ကြီးသည် ၃၂ ကောဋ္ဌာသကမ္မဋ္ဌာန်းကို လေ့လာပွားများခြင်းများသောကြောင့် ကျောင်းသို့ ပူဇော်ကန်တော့ရန် လာကြသော ဒကာ,ဒကာမများကိုကြည့်တော်မူရာ ယောကျ်ား၊ မိန်းမဟူသော သတ္တဝါသဏ္ဌာန် မမြင်ရဘဲ တစ်ဖျာရာ နှစ်ဖျာရာ အရပ်၌ ကွဲနွားအသေတို့ကို တုံးထစ်ခုတ်စဉ်းနေသကဲ့သို့ အသား,အရိုး, အကြော,အသွေးတို့ကိုသာလျှင် တစ်ခုစီ တစ်ပုံစီ မြင်နေတော့၏။

(ဓမ္မစရိယဦးငွေလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်)

- ဆံပင်ပေါင်း:- ၂၄,၀၀၀၀၀၀ (၂၄-သန်းခန့်ရှိသည်)
- မွေးညင်းပေါက်ပေါင်း - ၉၉၀၀၀ (ကိုးသောင်းကိုးထောင်)
- ခြေသည်း/လက်သည်း ၂၀ (နှစ်ဆယ်)
- သွား ၃၂-ချောင်း (ဘုရားရှင်တို့၌ သွားတော် ၄၀-ရှိသည်)
- အရေထူ + အရေပါး
- အသားစိုင်, အသားခဲပေါင်း - ၉၀၀

- အကြောကြီး, အကြောငယ်ပေါင်း - ၉၀၀
- အရိုးကြီး, အရိုးငယ်ပေါင်း - ၃၀၀

(ဘာဝနာဒီပနီ)

## ရဟန္တာစစ်ဆေးနည်း

မိမိတို့၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော မိုးကောင်း တောရဆရာတော်ကြီး ဦးကောဝိဒ၏ ဓမ္မဂုဏ်ရည်ကျမ်းကြီးမှ စာဆေကျမ်းဂန်နှင့်အညီ ရေးသားဖော်ပြထားသော ရဟန္တာ စစ်ဆေးနည်းကို စာရှုသူများ ဗဟုသုတအလို့ငှာ ကောက်နုတ် ဖော်ပြလိုက်ပါသည်။ [၁၃၃၂-ခုနှစ် (၁၉၇၀) ဗုဒ္ဓသာသနာအဖွဲ့-ပုံနှိပ်သည်]

၁။ (က) သံဝါသေန အဒ္ဓုနာ

ရဟန္တာဆိုသူ ပုဂ္ဂိုလ်သည် တကယ်သီလရှိ မရှိ သီလဝန္တ ဟုတ်,မဟုတ် သိရှိနိုင်ရန် ထိုပုဂ္ဂိုလ်နှင့် အချိန် ကာလကြာမြင့်စွာ ပေါင်းသင်းနေထိုင်ခြင်းဖြင့် သိနိုင်သည်။ တိုတောင်းသော အချိန်ကာလ၌ အမှန်မသိနိုင်။

(ခ) မနသိကရောတာ

ရဟန္တာဆိုသူ ထိုပုဂ္ဂိုလ်၏ ကာယကံမှု-ဝစီကံမှု၊ သွားပုံ လာပုံ နေထိုင်ပြောဆိုပုံတို့ကို စူးရှစွာ နှလုံးသွင်း ဆင်ခြင်ကြည့် ရမည်။ အမှတ်မဲ့နေက မသိနိုင်။

(ဂ) ပညာဝတာ

ဉာဏ်ပညာ အမြော်အမြင်ဖြင့် ဆင်ခြင်၍ စစ်တမ်းထုတ် ကြည့်ရမည်။

၂။ သံဝေါဟာရေန - ထိုပုဂ္ဂိုလ်နှင့် စကားစမြည် ပြောဆိုကြည့်ရ မည်။ ဆွေးနွေးမေးမြန်းကြည့်ရမည်။

(က) မျက်မှောက်မှာ ပြောဆိုသော စကားနှင့် မျက်ကွယ်တွင် ပြောဆိုသောစကား ညီညွတ်မှု ရှိ,မရှိ ဝေဖန်သုံးသပ်ရမည်။

(ခ) မျက်ကွယ်ရာမှာ ပြောဆိုသော စကားနှင့် မျက်မှောက်တွင်ပြောကြားသော စကား ညီညွတ်မှု ရှိ,မရှိ (သဘာဝကျ,မကျ)ဝေဖန်သုံးသပ်ရမည်။

(ဂ) ရှေ့စကား,နောက်စကား အပြောအဆို ညီ,မညီ ဝေဖန်ဆန်းစစ်ရမည်။

(ဃ) နောက်စကား,ရှေ့စကား အပြောအဆို ညီ,မညီ ဝေဖန်ဆန်းစစ်ရမည်။

၃။ အာပဒါသု ထာမော

ဘေးရန် အန္တရာယ် တစ်စုံတစ်ခု ဖြစ်ပေါ်လာသောအခါ ဖြေရှင်းနိုင်စွမ်းသော ဉာဏ်အရည်အချင်း ရှိ,မရှိ ဝေဖန်ကြည့်ရမည်။

၄။ သာကစ္ဆာယ

တရားဓမ္မရေးရာ ကိစ္စရပ်များကို ဆွေးနွေး မေးမြန်းကြည့်ရမည်။

(၁) "သံဝါသေန ခေါ မဟာရာဇ သီလံ ဝေဒိတဗ္ဗံ၊ တဉ္စခေါ ဒီဃေန အဒ္ဓုနာ န ဣတ္တရံ၊ မနသိကရောတာ နော အမနသိကရောတာ၊ ပညဝတာ နော ဒုပ္ပညေန"

(ဥဒါနပါဠိ၊ အဋ္ဌကထာ၊ ဇစ္စန္ဓဝဂ်၊ သတ္တ ဇဋိလသုတ်)

(၂) သံဝေါဟာရေန ခေါ မဟာရာဇ သောစေယျံ ဝေဒိတဗ္ဗံ-

(၃) အာပဒါသုခေါ မဟာရာဇ ထာမော ဝေဒိတဗ္ဗော-

(၄) သာကစ္ဆာယ ခေါ် မဟာရာဇ ပညာ ဝေဒိတဗ္ဗော-

* ကာလရှည်ကြာ၊ နေခဲ့ရာ၊ ပညာမဲ့ပြီ ရဟန္တာကြီး၊ ဗုံးသီး ရေပေါ်သလိုပေါ်။
* ကာလရှည်ကြာ၊ ဆင်ခြင်ရာ၊ ပညာမဲ့ပြီး၊ ရဟန္တာကြီး၊ ဘူးသီး ရေပေါ်သလိုပေါ်။
* ဉာဏ်ကြီးနှင့်သာ၊ ကြည့်လိုက်ရာ၊ ပညာမဲ့ပြီး၊ ရဟန္တာကြီး၊ ဘူးသီး ရေပေါ်သလိုပေါ်။

ထို့ပြင် ဆရာတော်ကြီးက ရဟန္တာစစ်တမ်း၊ အခန်းတွင် သုတ္တနိပါတ်၊ ဥရဂဝဂ်၊ ဝသလသုတ်ကိုလည်း ထုတ်ဆောင်၍ ရှင်းထားပါသည်။

မကောင်းမှုကို ဖုံးကွယ်ခြင်းနှင့် ပတ်သက်၍ ထင်ရှားသည်ထက် ထင်ရှားအောင် ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၊ ကုဟကဝတ္ထုလာ ဂါထာများဖြင့်လည်း စစ်တမ်းထုတ်ထားပါသေးသည်။ ဤသုတ်ကို ရည်ရွယ်၍ ပထမ လယ်တီဆရာတော်ကြီးကလည်း အောက်ပါ စာပိုဒ်များကို ရေးသားတော်မူခဲ့ပါသေး၏။

"အထဲညစ် အပေါ်ပြောင်၊ မတွေ့မှ အနိုင်ရှောင် သူတော်ယောင် တစ်ဖက်လှ"

(ကိုယ်တွင်း အထဲကတော့ ကိလေသာတွေ ပွက်လောထကြွနေ၏၊ ပြင်ဖက်အပေါ်က သုံးလိုက်ပုံက-ငါ သက်သတ်လွတ်စားသည်၊ သစ်သီးဆွမ်းစားသည်၊ မီးချက်တာ မစား၊ ခုနစ်ရက် ဂူအောင်းမည်၊ လူတွေနှင့် တစ်လအတွင်း ဖူးတွေ့ခွင့်မပေး၊ ပစ္စည်းနည်းရင် မလိုချင်၊ များရင် နောက်ပိုင်းက အကုန်သိမ်း၊ အဲဒါ 'အထဲညစ် အပေါ်ပြောင်'ပါပဲ)

"ပါးစပ်ပြောက ပျားသကာ၊ ဓာတ်သဘောက ခါးတမာ။
မပြုသာလျှင် ငရဲ ကြောက်၊ ပြုသာလျှင် အလဲမှောက်။
အပါယ်ဘေး၊ ရွေးမှုမကြောက်"

ပိဏ္ဍောပါတိကထေရ်

အဘယထေရ်သည် ပိဏ္ဍောပါတိကထေရ်ကို ရဟန္တာ, ပုထုဇဉ် ခွဲဟန်ကို မသိဖြစ်၍ ပဥ္စင်းငယ်အား အချက်ပေး၍ စုံစမ်းစေ၏။

ပဥ္စင်းငယ်သည် ကလျာဏီမြစ် ရေချိုးဆိပ်မှ ရေငုပ်၍ ရေချိုးနေသော ပိဏ္ဍောပါတိကထေရ်၏ ခြေထောက်ကို ဆွဲလိုက်လေ၏။ ပိဏ္ဍောပါတိကထေရ်သည် မိကျောင်းဟူသောအမှတ်ဖြင့် 'မိကျောင်းကြီး ဆွဲပါပြီ'ကျယ်စွာသောအသံဖြင့် အော်လေ၏။ ထိုကဲ့သို့အော်လိုက်ခြင်းမှာ ကြောက်ခြင်းဘယရှိနေ၍ ဖြစ်သည်။ ထိုအခါ ထိုမထေရ်ကို ပုထုဇဉ်ဟူ၍ သိကြကုန်၏။

စန္ဒမုခတိဿမင်းလက်ထက်က မဟာဝိဟာရကျောင်း၌ ရဟန္တာဖြစ်သော သံဃထေရ်ကြီးသည် မျက်စိနှစ်ကွင်း အလင်းမရသည်ဖြစ်၍ ကျောင်း၌သာလျှင် နေ၏။ တိဿမင်းကြီးသည် မထေရ်ကြီး၏ ပုထုဇဉ်,ရဟန္တာအဖြစ်ကို စုံစမ်းလိုသည်ဖြစ်၍ ရဟန်းတွေ ဆွမ်းခံကြွချိန်တွင် သံဃထေရ်ကြီးထံသို့ အသံမကြားအောင် ချဉ်းကပ်ပြီး မြွေကဲ့သို့ ခြေထောက်ကို ဆွဲလိုက်၏။

သံဃထေရ်ကြီးသည် ကျောက်တိုင်ကဲ့သို့ မတုန်မလှုပ်မူ၍ "ငါ့ခြေထောက်ကို ဆွဲသူကား အဘယ်သူနည်း"ဟု မကြောက်မလန့်သောအသံဖြင့် မေးလိုက်၏။ "တပည့်တော် တိဿမင်းပါဘုရား"ဟူ၍ ပြန်လည်လျှောက်ထားလိုက်ရလေ၏။ ထိုအခါ မထေရ်ကြီးက ဆက်လက်၍ "တိဿမင်း၊ ငါတို့၏ ကောင်းသောရနံ့သည် မွှေးကြိုင်လှိုင်၍ နေ၏"ဟု မိန့်တော်မူလိုက်လေသတည်း။ ဤသို့ ရဟန္တာအား ကြောက်လန့်ခြင်းဘယ မရှိပါ။

– ဥပရိပဏ္ဏာသပါဠိ၊ အဋ္ဌကထာလာ ရဟန္တာဟုတ်,မဟုတ် စစ်တမ်းထုတ်ပုံ–

- အင်္ဂုတ္တရ ကေနိပါတ် အဋ္ဌကထာ၊ နိဝရဏပဟာနဝဂ် (၃၂)လာ ရဟန္တာ စစ်တမ်းထုတ်ပုံ စသည်တို့ကို ဖွေရှာတင်ပြထားပါသည်။

* မလုပ်ဘဲ မရချင်နဲ့။ မထုတ်ဘဲ မဟာချင်နဲ့။
မသိဘဲ မဝါးချင်နဲ့။ မရှိဘဲ မကြွားချင်နဲ့။

* တစ်ယောက်တည်း တည့်အောင်နေကြ။

စကားနည်းနည်းပြော။ စိတ်က ကြံတိုင်း နှုတ်မထွက်နဲ့။
ဆိုခဲစေ မြဲစေ–သူတော်ကောင်းကျက်သရေ။

(ရေငုံဆရာတော်ကြီး)

ဘုရားမကြိုက်တဲ့လူစု

"အလှူ့မသာ၊ ရှိလေရာတွင်
လယ်ကာ ဝါကြွား၊ လက်ဖက်စားသည်
ဘုရားမကြိုက်တဲ့ လူစုတည်း"

(စလေဦးပုည)

## အခန်း (၉)

ဒေါင်ခြင်းရှစ်ပါး ဂါထာပါဌ်အနက်

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာနဥ္စ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊ ဟောတု မေ ဇယ မင်္ဂလံ။

ဇိနော=တောင်သူတကာတို့၏ အထွဋ်၊ တမွတ်ဥသျှောင် ဘုန်းခေါင်ဘုန်းဖျား ရှင်တော်မြတ်ဘုရားကြီးသည်၊

(၁) မာရဥ္စ = ဂီရိမေခလာ၊ ဆင်မဟာကို၊ လျှင်စွာတက်စီး၊ ပလ္လင်နီးဝယ်၊ လေကြီး မိုးကြီး၊ ပြာပူမီးနှင့်၊ မှောင်ကြီး တစ်တန်၊ ဓားလှံမကြွင်း၊ ပစ်ခတ်သွင်းလျက်၊ အချင်း သိဒ္ဓိတ်၊ ပလ္လင်မြတ်မှ၊ အမြန်ထလော့၊ စိမ်းမြသိုလွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်တော်ကား၊ ထင်အရှားပင်၊ သင်ကား မဆိုင်၊ ငါသာပိုင်ဟု၊ စွဲကိုင်လက်နက်၊ ရဲစစ်မက်ဖြင့်၊ ထက်အောက်ဝန်းရံ၊ သောသောညံအောင်၊ အသံဟစ်ကြွေး၊ မယဉ်ကျေးသည့်၊ ရန်ဘေးတစ်သင်း၊ 'မာရ်နတ်မင်း'ကို လည်းကောင်း-

(၂) ယက္ခဋ္ဌ = ဓားမိုး လှံမိုး၊ မီးကျီးမိုးတို့၊ သွန်းဖြိုးရွာချ၊ ယမ်းမီးကျသို့၊ ဒေါသပြင်းထန်၊ ငါ့ဗိမာန်မှ၊ အမြန်ထွက်သွား၊ နှင်ရက်အားလျက်၊ တရားကင်းကွာ၊ ကြမ်းကြုတ်စွာသား၊ တေဇာထန်ပြင်း၊ 'အာဠာဝက ဘီလူမင်း'ကိုလည်းကောင်း-

(၃) ဂဇဋ္ဌ = အစွယ်ထက်ချွန်၊ အရက်မွန်လျက်၊ အလွန်ဆိုးညစ်၊ အမုန်ယစ်၍၊ ရှင်ချစ်သနင်း၊ သုံးလူ့မင်းကို၊ အတင်းအကျပ်၊ ဝိညာဉ်ပြတ်အောင်၊ ထိုးသတ်အံ့ငှာ၊ ရှေးရှုလာသော၊ 'နာဠာဂီရိ'တောင်ရှိနီးနီး၊ ဆင်ပြောင်ကြီးကို လည်းကောင်း-

(၄) စောရဋ္ဌ=တစ်ဟုန်တည်းဖြင့်၊ ခရီးဝေးကွာ၊ သုံးယူဇနာသို့၊ လျင်စွာပြေးစွမ်း တောမြိုင်တန်းက၊ လူဖမ်းသတ်ဖြတ်၊ သေအောင်သတ်၍၊ နန်းရပ်ရှင်ပျော်၊ မွေးမယ်တော်ကို၊ မြင်သော်အခိုက်၊ ဓားနှင့်လိုက်၍၊ မကိုင်မိထွင်မိတင်၊ ဘုရားရှင်ကို၊ အသင်ရှောင်ဝေး၊ ဘယ့်ကြောင့်ပြေးဟု၊ ဓားရေးပြကာ၊ သတ်မည်လာသား၊ လွန်စွာဆိုးဘိ၊ 'အင်္ဂုလိ'ခေါ်၊ သူခိုးကျော်ကိုလည်းကောင်း-

(၅) စိဉ္စမာနဋ္ဌ=အလွန်ကောက်ကျစ်၊ တိတ္ထိညစ်တို့၊ အပြစ်ရှာကြံ၊ မကောင်းဉာဏ်ဖြင့်၊ စီမံဆုံးဖြတ်၊ စေလွှတ်အပ်၍၊ ပရိသတ်ထဲ၊ အရှက်ကွဲအောင်၊ စွပ်စွဲတတ်စွာ၊ 'စိဉ္စမာ'ဟု၊ သညာဖော်ထုတ်၊ မိန်းမယုတ်ကိုလည်းကောင်း-

(၆) သစ္စကဋ္ဌ=မစင်မဖြူ၊ ဒိဋ္ဌိယူဖြင့်၊ မည်သူကိုမျှ၊ မာန်မချဘဲ၊ ဝါဒချင်းပြိုင်၊ သူကနိုင်အောင်၊ အနိုင်လွှမ်းမိုး၊ တိတ္ထိမျိုးမိုက်၊ 'သစ္စက ပရိဗိုဇ်'ကိုလည်းကောင်း-

(၇) နာဂဋ္ဌ=ဒေါသလွှမ်းမိုး၊ မျက်စောင်းထိုးက၊ အကျိုးကြေမွ၊ မွဲပြာကျအောင်၊ ဒေါသထန်ပြင်း၊ 'နန္ဒောပနန္ဒ' နဂါးမင်းကို လည်းကောင်း-

(၈) ဗကဋ္ဌ=ဉာဏ်မြင်ကင်းကွာ၊ အတ္တ ပါဟု၊ မိစ္ဆာလွှမ်းမိုး၊ အယူဆိုးသည့်၊ တန်ခိုးအရောင်၊ ထိန်ပြောင်ငြီးငြီး၊ 'ဗက' အမည်ရှိသော ဗြဟ္မာကြီးကိုလည်းကောင်း-

အဇိနိ=ဒေါသကိုချ၊ မာနကိုပယ်၊ ရန်စွယ်ကိုချိုး၊ သဒ္ဒါဖြိုး၍၊ ရှိခိုးတုပ်ကွ၊ ပြားပြားကျအောင်၊ ဆုံးမသွန်သင်၊ အောင်ပွဲလည်း ဆင်တော်မူခဲ့ပါပေ၏။

ဇတေန သစ္စဝဇ္ဇေန=ဤသို့ အောင်ခြင်းရှစ်ချက်၊ သစ္စာနက်ကို၊ မိန့်မြွက်ဖော်ကြား၊သစ္စာစကားကြောင့်၊(ဝေါ-တုမှာကံ=ယခုအခါ၊ ကုသလာကို၊ ပြုရှာသောင်းသောင်း၊ သင်ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတို့အား)၊ ဇယ မင်္ဂလံ= အစ္ဆရိယ ဗာဟိရဟု နှစ်ဖြာတွင်းပြင်၊ ဘေးရန်စင်လျက်၊ လိုအင်ဆန္ဒ၊ ဟူသမျှလည်း၊ ပြည့်ဝစုံစွာ၊ စန်းသော်တာသို့၊ အောင်ရာအောင်မှု၊ အောင်ကြောင်း ပြု၍၊ အောင်ဆုအဖြာဖြာ၊ အောင်ခြင်း ရတနာသည်၊ ဟောတု= မုချမသွေ ဖြစ်ထွန်းပေါ်ပေါက်ပါစေသတည်း။

ဘုန်းတော်ခြောက်ပါး ဘုရားပင့်

ဣဿရိယံ ဓမ္မံ ယသံ၊ သိရိံ ကာမံ ပယတ္တကံ။
တာဟံ နမာမိ သာဒရံ၊သော မေ တိဋ္ဌတု သီသကေ။

(၁) ဣဿရိယံ=ကိုယ်တော်, စိတ်တော်, ထိုနှစ်ဖော်ကို၊ အလို တော်ရှိသမျှ အထိကရ တန်ခိုးပိုင်သည့် ကောင်းစွာ အစိုးရတော်မူနိုင်ခြင်းတည်းဟူသော'ဣဿရိယ' ဘုန်းတော် လည်း ရှိတော်မူပေထသော-

(၂) ဓမ္မ=လောကုတ်, လောကီ၊ နှစ်လီမြူးကွန့်၊ ဖူးအညွန့် ခေါင်ကတင်သည့်၊ အဘိညာဉ်ဓာတ်အလိုနှင့်၊ အရဟတ္တ ဖိုလ်တည်း ဟူသော 'ဓမ္မ'ဘုန်းတော်လည်း ရှိတော်မူပေ ထသော–

(၃) ယသံ=ဘဝဂ်ဘုံနှံ့၊ လှိုင်ပြန့်သင်းထုံ၊ သတင်းဂုဏ်ကျော် ကြား၍၊ အခြံအရံများခြင်းတည်းဟူသော 'ယသ' ဘုန်းတော် လည်း ရှိတော်မူပေထသော–

(၄) သိရီ=လက္ခဏာတော်ကြီး,ငယ်၊ အသွယ်သွယ်ပြောင်ကြည်၊ ရောင်ခြည်တော် အနန္တတွေကြောင့်၊ ကျက်သရေ တကာတို့ ရဲ့ထွဋ်ရတင်၊ ကျက်သရေတကာတို့ရဲ့ ဘုရင်ကြီးတည်း ဟူသော 'သိရီ'ဘုန်းတော်လည်း ရှိတော်မူပေထသော–

(၅) ကာမံ=စိတ်ရှိသမျှ၊ ဣစ္ဆိတ ဓာတ်လုံးပမာ၊ မကြာလျှင်ဆော၊ လိုသောဆန္ဒ၊ စုံပြည့်ဝသည့်၊ 'ကာမ'ဘုန်းတော်လည်း ရှိတော်မူပေထသော–

ပယတ္တကံ=ဝီရိယဓာတ်၊ကြီးမြတ်ရင့်ရဲ၊ စစ်ပွဲဟူသမျှ၊ အောင်လံရသည့်၊ 'ပယတ္တ'ဘုန်းတော်လည်းရှိတော်မူပေထသော၊

တံ=ထိုဘုန်းတော်ခြောက်ဆိုင်၊ ဘဝဂ်တိုင်အောင်၊ မြိုင်မြိုင် ဖြန့်လွှား၊ ထိုရှင်တော်မြတ်ဘုရားကြီးကို၊ အဟံ=ရုပ်, နာမ် နှစ်ပါး၊ ဓာတ်တရားကို၊ မှတ်သားတမင်၊ ဒိဋ္ဌိခင်လျက်၊ ငါပင် ငါပဲ၊ အထင်လွဲသည့်၊ ဓာတ်ခဲ ဓာတ်ရုပ်၊ အကျွန်ုပ်သည်၊ သာဒရံ=လေးမြတ်ကြည်ညို၊ ရိုသေလှစွာ၊ နမာမိ=ကာယ, ဝစီ, မနောချီလျက်၊ ဦးချီလက်မိုး၊ ကြာငုံဖြိုးသို့ ရှိခိုးပါ၏ မြတ်စွာ ဘုရား။

သော=ထိုဘုန်းတော်ခြောက်ဆိုင် ဘဝဂ်တိုင်အောင်၊ မြိုင်မြိုင် ပြန့်လွှား၊ ထိုရှင်တော် မြတ်ဘုရားသည်၊ မေ = ဘုရားတပည့် တော်၏၊ သိသကေ=ဥသျှောင်ကြငှာန်း၊ မြနန်းတန္ထန်း, ပိတုန်း ရောင်ခြယ်, ဦးထိပ်လယ်၌၊ တိဋ္ဌတု=တစ်ရာ့ရှစ်ကွက်, ရွှေစက့် နှစ်စုံ, ကြာပဒုံကို, ချိုရုံဖြန့်မြန်း, ကြွလှမ်းတော်မူလှည့်ပါ, ဖန် သူရိန်နေတန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ကြီးဘုရား။

(စာရေးသူကိုယ်တိုင် ဘုရားဝတ်ပြုတိုင်း ရွတ်ဆိုပူဇော်သော ဘုန်းတော်ခြောက်ပါး ဘုရားပင့်ဖြစ်ပါသည်)

ရောင်ခြည်တော်ခြောက်သွယ် ဘုရားပင့်

(က) နီလာ နီလာ နိစ္ဆရန္တိ၊ ပီတာ ပီတာစ ရံသိယော။
လောဟိတာ လောဟိတာ စာဘာ၊ ဩဒါတော ဒါတရံသိယော။

(ခ) တမှာ တမှာစ မဉ္ဇိဋ္ဌာ၊ ပဘာသန္တိ ပဘဿရာ။
ဇဝံ ဆဗ္ဗဏ္ဏရံသီ သော၊ ဌာတု မေ ဘဂဝါ သိရေ။

(က) ပဋ္ဌာန်=နက်နဲထူးဆန်း ပဋ္ဌာန်းကျမ်းကြီးကို၊ (သမ္မ သန္တ သဿ=အနုလုံ ပဋိလုံ အစုံအဆန် အဖန်ဖန် ဆင်ခြင်တော်မူ သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏) နီလာ=ဆံတော်, မုတ်ဆိတ်တော် မျက်ဝန်းတော်တစ်ခို စိမ်းညိုသောအရပ်ဌာနမှ၊ နီလာ=ကြာညို, ခွာညို, ရတနာအညိုကဲ့သို့ စိမ်းတစိုစို, မြသား လိုဖြင့် ညိုမှောင်သော ရောင်ခြည်တော်တို့သည်၊

[နိစ္ဆရန္တိ= နေအထောင်, လအထောင်, ဗြဟ္မာနတ်အထောင်, ရတနာ နဝရတ်အရောင်တို့ကို ထိပ်ခေါင်ကလွှမ်းမိုး၍ ဖြိုးဖြိုး

ကြွယ်ကြွယ် အံ့သြဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြ လေကုန်၏]

ပီတာစ=သင်္ဂိရွှေလျော် အရေတော်မှလည်း၊ ပီတာ=မဟာ လျှော်ကား, ရွှေစံကားနှင့် ရွှေသားရွှေရည် ထိန်ကြည်သစ်လင်း ပပဝင်းကုန်သော၊ ရံသီယော=ဝါရောင်ဝင်းလျှပ် ရွှေသော ရောင်ခြည်ဓာတ်တို့သည်၊ [နိစ္ဆရန္တိ=...ကုန်၏]

လောဟိတာ= အာတော် လျှာတော် နှုတ်ခမ်းတော်နှင့် ခြေဖဝါးတော် လက်ဖဝါးတော် စသော ကိုယ်တော်အစိပ်စိပ်မှ၊ လောဟိတာ=ခေါင်ရမ်းနှင်းဆီ ကမ္ဗလာနီနှင့်၊ ကြာနီအလား၊ ပတ္တမြားအဆင်းရှိကုန်သော၊ အာဘာ=နီရောင်ဝင်းလျှပ် နီသော ရောင်ခြည်ဓာတ်တို့သည်၊ (နိစ္ဆရန္တိ=...ကုန်၏]

သြဒါတာ=စွယ်တော်,သွားတော်, မျက်ဖြူတော် အစုံ ဥဏ္ဏာလုံ မွေးရှင်တော်ဓာတ်မှ၊ သြဒါတရံသီယော=စံပယ်ကြက်ရုံး ဖွန်ပန်း ကုံးနှင့် ငွေတုံးဘော်ဆိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော်ဘွဲ့ဖြူနှင့် ကြာဖြူပန်းအသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ရောင်ခြည်တော် ဓာတ်တို့သည်၊ [နိစ္ဆရန္တိ=...ကုန်၏]

(ခ) တမှာတမှာ=အထက်ဆံဖျားတော်တစ်လျှောက်မှ အောက်ခြေဖဝါးတော်တစ်ခို၊ ထိုထိုထိုထို ကိုယ်တော်အစိပ်စိပ်မှ၊ မဥ္ဇိဋ္ဌာစ=ခရမ်းသွေးအရောင် မရမ်းသွေးအရောင် တဝေဝေ တပြောင်ပြောင် သပြေရောင်အဆင်းကဲ့သို့ ထိန်ဝင်းညိုမောင်းသော ရောင်ခြည်တော်ဓာတ်တို့သည်၊ [နိစ္ဆရန္တိ=...ကုန်၏] ပဘဿ ရာစ=နတ်မီး အရောင် လျှပ်စီးအရောင် ရတနာမျိုးစုံအရောင် ကြာမျိုးစုံအရောင် ထိန်ပြောင်ဝင်းလက် ကြက်လျှာပုံ စိန်ရောင် ထွက်သကဲ့သို့ ရိုးရိုးရက်ရက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်

တို့သည်လည်းကောင်း၊ ပဘာသန္တိ=နေအထောင်, လအထောင်, ဗြဟ္မာနတ်အထောင် ရတနာ နဝရတ်အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

ဇဝံ=ဤရောင်ခြည်တော် ခြောက်သွယ်ဂုဏ်အထူးကို ချီးကျူး ဖွင့်ဆိုခဲ့သည့်အတိုင်း၊ ဆဗ္ဗညုတ္တရုံသိယော=အညီတစ်ဖြာ, အဝါ တစ်လီ, အနီတစ်ဆူ, အဖြူတစ်ကြောင်း, အမောင်းတစ်ချက်, ပြိုးပြက်ငွားငွား ခြောက်ပါးရောင်ဆိုင် အပြိုင်ပြိုင်ကို စိုးပိုင် ရရှိတော်မူပေသော၊ ဘဂဝါ=ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ အောင်သူညွတ်ရုံး အထွဋ်ဆုံးလည်း ဖြစ်တော်မူပေထသော၊ သော=ထိုသုံးလောကညွန့်ဖူး နိဗ္ဗာန်မှူး ဖြစ်တော်မူပေသော ရှင်တော်မြတ်ဘုရားသည်၊ (မေ-အမှာကံ=ပဋ္ဌာန်းပစ္စည်း ဆက် သွယ်နည်းဖြင့် ဖွဲ့စည်းကလာပ် ရုပ်နာမ်ဓာတ်ကို စွဲမှတ်သမုတ် အကျွန်ုပ်တို့၏/မေ-အမှာကံ= (......)နာရီအသံမစဲဘဲ ပဋ္ဌာန်း ပူဇော်ပွဲ ကျင်းပပြုလုပ်ကြမည့် အကျွန်ုပ်တို့၏)

သိရေ=ဆံပင်ဂနိုင် ပန်းမြိုင်တောသို စိမ်းစိုနွဲ့နှောင်း ဦးခေါင်း တွင်ခေါ် တောင်ထွဋ်ပေါ်၌၊ ဌာတု=ပဋ္ဌာန်းဉာဏ်သွား ဈာန်ကစား လျက် တန့်နားကိန်းဝပ်တော်မူလှည့်ပါ့ သုံးလောက ကေသျှောင် ရွှေဘုန်းခေါင် ကိုယ်တော်မြတ်ကြီးဘုရား။ ။

## မြရောင်ခြည်ဘုရားပင့်

ဥဒေတိ ဒါနိ လောကညူ၊ စန္ဒိမာ ဓမ္မသီတဂူ၊
ပဘာသေဟိ ဉာမေ ဇန္တူ၊ ဓမ္မရံသိဟိ ဓာတုရူ။

ဒါနိ–ဣဒါနိ = ဘုရားရှင်တည်းဟူသော ရတနာစန်းယံ ကြောင့် သဒ္ဒါပန်းအင်္ဂတို့ အဖြာဖြာ ဆန်းစုံတင့်၍ အစွမ်းကုန် ပွင့်ရမည့် ယခုအခါ၌၊ ဓမ္မသီတဂူ = ရွှေအရောင် မြအရောင် ပုလဲအရောင် ဖဲအရောင် နေအရောင် လအရောင် အထွေထွေ အလှရောင်တို့ထက် အကုဋေမကအောင် ဝင်းကြည်ပ,၍ အလင်း သီတလအဖြာဖြာ ပွားနိုင်သဖြင့်၊ ကမ္ဘာကမ္ဘာတစ်လွှားမှာ ရတနာ ရတနာများတည်းဟူသော အရောင်အဝါလည်း ရှိတော်မူပေထ သော၊ လောကညူ=လူ့အကြောင်းတွေ နတ်အကြောင်းတွေ ဗြဟ္မာအကြောင်းတွေနှင့်တကွ ကမ္ဘာကမ္ဘာတစ်လွှားမှာ အကြောင်း တွေရှိရှိသမျှကို မိမိရရ အစမထင် မျက်ရှင်ပတ္တမြား လက်တွင် ထားသကဲ့သို့ ပိုင်းခြားဝေဖန်၍ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကေန်သိမြင်တော်မူပေထသော၊ (လောကညူ=ဘယ်အချိန်မှာ တော့ အပူကိုကြုံကြုံ၍ ဘယ်အချိန်မှာတော့ အအေးကိုလိုက်ကာ အဆွေးဆိုတဲ့ စရိုက်တွေနှင့် ဆူပါသည် ပူပါသည် သူတကာရှိလျှင် မျက်နှာထားချိုချိုနှင့် အလိုက်ဘာသာ ပြုံးကြသူတို့နှင့်တကွ တစ်တိုက် တစ်ကမ္ဘာလုံး၏ စရိုက်ဓမ္မတာ အသုံးတို့ကို တစ်ရုံး တစ်စည်းတည်း သိမြင်တော်မူပေထသော) စန္ဒိမာ=တစ်ကမ္ဘာလုံး မှာ အသာဆုံး အညွန့်ဆုံး အကောင်းဆုံး အနိပ်ဆုံး အထိန်ဆုံး ဖြစ်၍ စိန်တစ်နှန်း လ,သော်တာလို ခဏခဏ မပေါ်လာလျှင် တတ တတပြီး မျှော်ကာမှန်းနေရသည့် သော်တာစန်းဘုရားရှင် သည်၊

ဥဒေတိ=အမိုက်ကို ပယ်ခွာရှောင် အမှောင်ကို ဖြတ်ခွင်း၍ အလင်းဓာတ်တကြည်ကြည် ထိန်ထိန်လည်ပဝင်း၍ ဖိုလ်ဥဒည်

တောင်တော်ထိပ်ဆီမှ မြရောင်ခြည်တဖိတ်ဖိတ်ဖြင့် တရိပ်ရိပ် ထွက်ပေါ်၍လာပေ၏။

စန္ဒီမာ=ရွှေကျွန်းလုံးကို လှည့်ပတ်၍ လေးရပ်ကိုဖြန့်တော်မူ သီတဂူမြနန်းနှင့် လ,စန်းရတနာကြီး ဖြစ်တော်မူသော မြတ်စွာ ဘုရား...

တွံ=အတွင်းပူ အပြင်ပူ အစဉ်ပူကာ အပူကပ်ကြလျက် အပူဓာတ်ရှိသူတို့အား အပူဇာတ်ချုပ်ငြိမ်းအောင် ရပ်သိမ်းအေးမြစေ နိုင်သည့် 'အေးဘဝပိုင်'ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားကြီး သည်၊ ဓာတုဇူ=ရှေးရှေးသောပါရမီနှင့် သမ္ဘာညီ ဓာတ်စော၍ အမြတ်သဘောဝါသနာခိုင်းကြသဖြင့် ဓမ္မတာအတိုင်း ဖြောင့်မှန်၍ နေကြပေကုန်သော၊ ဣမေဇန္တူ=ရှေးဘဝစရိုက်တို့ကြောင့် အအေး အမြကိုသာ ကြိုက်ကြပေကုန်သော တိုက်လောကပုဂ္ဂိုလ် ထိုထို များစွာ သတ္တဝါအပေါင်းတို့ကို၊ ဓမ္မရံသိဟိ=ဂုဏ်တော်ညွန့် ခြောက်စုံ ကြည်ပုံတော်ခြောက်ခန်း 'တရား'တည်းဟူသော မြရောင်ခြည်ပန်းတို့ဖြင့်၊ ပဘာသေဟိ=ပါရမီအဓိဋ္ဌာန် မချို့သည့် အတိုင်း နိဗ္ဗာန်မြို့နန်း အမတာပြည်မှာ ကျန်းမာပါစေ ချမ်းသာ ပါစေ လန်းဖြာဖြာဝေ...အဆန်းဘယာတွေ မှောင်ချွေမသန်း ရအောင် ရောင်ငွေစန်းတကြည်ကြည် ထိန်ထိန်လည် ပပဝင်း၍ ထွန်းလင်းတောက်ပတော်မူလှည့်ပါ ကမ္ဘာအမှောင်မသိတဲ့ မြရောင် ခြည်အညွန့်အဖူးတွေနဲ့ ထိန်ထိန်လည်လည် ဝင်းဝင်းပပ ရွှန်းရွှန်း ကြွကြွနဲ့ အသရေတော်မဆုံးနိုင်သည့် ရွှေဘုန်းတော်သခင် အရှင် မြတ်ကြီးဘုရား။

[စာရေးသူ မိမိသည် ဤမြရောင်ခြည်ဘုရားပင့်ကို ရောဝတီတိုင်း၊

ငပုတောမြို့နယ်၊ ပြင်ခရိုင်ရွာ၊ ရွှေကျောင်းတိုက်တွင် နှစ်စဉ် ကျင်းပပြုလုပ်မြဲဖြစ်သော မဟာပဋ္ဌာန်းပူဇော်ပွဲကြီး ဖွင့်ပွဲ အခမ်းအနားများ၌ ရွတ်ဖတ်ပူဇော်၍ဘုရားပင့်ခဲ့ပါသည်။

စာရှည်မည်စိုး၍ နှစ်ထပ်ကျော့သော အချို့အပိုဒ်များကို ဖြုတ်ထားခဲ့ရပါသည်]

## အခန်း (၁၀)

# အဘိဓမ္မာရွတ်ရာ၌ သမ္မာဒေဝနတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း

သဒ္ဓမ္မာစာရ ဒေဝါနံ၊ နိမန္တေမ သဂါရဝါ။
မောဒမာနာ အာဂစ္ဆန္တု၊ သုဏန္တု ဓမ္မ မုတ္တမံ။

သဒ္ဓမ္မာစာရ ဒေဝါနံ=သူတော်စင်များ ကျင့်ကြံပွားသည့် တရားနက်ခေါင် မြိုက်လက်ဆောင်ကို၊ အနံထောင်နိစ္စ ကြိုးကုတ်ကြသည့် ဒေဝဒေဝါ နတ်ဗြဟ္မာတို့အား၊ သဂါရဝါ=သူတော်ချင်းချင်း သတင်းလွှ‌လွှ ပေါင်းသင်းလေ့ဖြင့် မမေ့အပ်သူ မိတ်ဆွေစစ်ဟူ၍ ကြည်ဖြူစိတ်ရင်း ရိုသေခြင်းရှိကြကုန်လျက်၊ နိမန္တေမ=ဘောဇဉ်မြိုက်ခဲ ဓမ္မပွဲကို လက်တွဲယှဉ်ပြိုး တူနှလုံးဖြင့် သုံးဆောင်လိုပါ စိတ်စေတနာဖြင့် မှာတော်စာသား ဂါထာပါးလျက် ဖိတ်ကြား နိမန္တန ပြုကြပါကုန်၏။

မောဒမာနာ=ဓမ္မမိတ်ဆွေ တို့တစ်တွေကို ဖိတ်ပေကုန်၏

ဝွမ်းဆိထိသို့ ပီတိရွှန်းစို နှစ်လိုဝမ်းမြောက်ကြကုန်သည်ဖြစ်၍၊ အာဂစ္ဆန္တု=ခမ္မစည်ကြီး သောင်းတိုက်ဟီးအောင် ရိုက်တီးနေကြ ဉ်နေရာဌာနသို့ တေဇတက်ဖြိုး စက်တန်ခိုးဖြင့် ထက်မိုးဝဠာ သောင်းစကြာမှ ဆောစွာခဏ လာရောက်တော်မူကြပါစေကုန် သတည်း။

ဥတ္တမံ=သုတ္တန်နှင့် ဝိနယထက် အဓိကကဲချွန် သာလွန် မြင့်မြတ်ပေထသော၊ ဓမ္မံ=(ဓမ္မသင်္ဂဏီမှစ ပဋ္ဌာန်းကျအောင် ဂမ္ဘီရဂမ္ဘီရာ အဘိဓမ္မာတရား ရတနာကို)နက်နဲထူးဆန်း အနန္တနယ သမန္တ ပါသာဒိက ပဋ္ဌာန်းကျမ်းကြီးကို၊ သုဏန္တု=သမ္မဇဉ်သတိ ကိုယ်စီရှိ၍ သမာဓိဂုဏ် စွဲမြဲထုံလျက် အာရုံတစ်ပါး စိတ်မသွားဘဲ ထောင်နားစိုက်တော်မူကြပါစေကုန်သတည်း။

တရားအဖွင့် ပဏာမမေတ္တာပို့

တိဋ္ဌ၁ ဇနာစ မောဒန္တု၊ သီတာယန္တု ဘယာရကာ။
သုခကာမာ သုခေသိကာ၊ ပိဝန္တု မေတ္တာ ဒေသနာ၊

တိဋ္ဌ၁=ဗြဟ္မစိုရ်လေးဆူ တရားဟူသည့် နတ်လူချစ်ဆေး ရှုတိုင်းမွေးကို အမြတ်အလေး ဆောင်လွယ် တင့်တယ်တက်တိုး တရားမိုးဖြင့် သွန်းဖြိုး စွတ်စိုကြကုန်သော၊ ဇနာ=လူလူရှင်ရှင် ကြင်နာ ဆပွား (အလှူဒါယကာ,အလှူဒါယိကာမများတို့သည်)၊ မောဒန္တု=မပင်မပန်း ဘဝင်ချမ်းမြ ရွှင်လန်းဝမ်းမြောက်ကြပါစေ ကုန်သတည်း။

ဘယာရကာ–ဘယအာရကာ= ဘေးရန်ကင်းကွာ အနာမရှိ ဒဏ်မထိကြကုန်သည်ဖြစ်၍၊ သီတာယန္တု= ကြံစည်တိုင်းပေါက် ထင်တိုင်းရောက်၍ ဝမ်းမြောက်ကြည်အိ ချမ်းသာခြင်းလည်း

ရှိကြပါစေကုန်သတည်း။

သုခကာမာ=ကိုယ်ရောစိတ်ပါ နှစ်ဖြာပီတိ ချမ်းသာခြင်းကို အလိုရှိကြပါကုန်သော၊ သုခေသိကာ=အေးမြို့ဝေယံ နိဗ္ဗာန်ဆုတောင်း သူတော်ကောင်း သူမြတ်လောင်းတို့သည်၊ မေတ္တာဒေသနာ=မေတ္တာရေစင် ကြည်လင်လိုက်အေး အမြိုက်ဆေးတည်းဟူသော တရားရေတံခွန်ကြီးကို၊ ပိဝန္တု=သောက်–ချိုး–သုံးဆောင်နိုင်ကြပါစေကုန်သတည်း၊ ပိဝန္တု=သိသနှင့် ပခုံးထက်၌ ရွက်လိုရွက် ထမ်းလိုထမ်း ဖြန်းလိုဖြန်း စိမ်လိုစိမ် မေတ္တာရှိန်မခြောက်ညှိုးရအောင် ကောင်းစွာမသွေ သောက်–ချိုး–သုံးဆောင်နိုင်ကြပါစေကုန်သတည်း။

(စာပြုသူ–တရားဓမ္မ ဟောရာတွင် အသုံးပြုသော ပလ္လင်ဖွင့် မေတ္တာပို့ဖြစ်ပါသည်။)

## ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအားပင့်ရန်

မာရမဒ္ဒန ဣဒ္ဓိမာ၊ ပဂုတ္တော မေဃဝါရဏော။
ဒါနပ္ပတိ သုရက္ခိတွာ၊ ဌာတု နိစ္စံ သိရမှိ မေ။

မာရမဒ္ဒန ဣဒ္ဓိမာ=ဝသဝတ္တီပိုင်စိုးမာရ်နတ်မျိုးကို လွှမ်းမိုးနှိမ်နင်း ထန်ပြင်းသော တန်ခိုးရှိတော်မူပေထသော၊ မေဃဝါရဏော=လေဟုန်ထန်ပြင်း မိုးရွာခြင်းကို ချက်ချင်းဟန့်ထားတားမြစ်တော်မူနိုင်ထသော၊ ဥပဂုတ္တော=သာသနာတော်တွင် ပေါ်လွင်ထင်ရှား လူအများပူဇော် ဘုန်းတော်ကြီးလတ် အရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးသည်၊ ဒါနပ္ပတိ= စေတနာသုံးတန်အရင်းခံ၍ ထက်သန်ကြည်လင် အလှူရှင်များကို၊ သုရက္ခိတွာ=ကရုဏာရှေ့ထား ညာတရားဖြင့် သနားသမှု စောင့်ရှောက်ခြင်းကို

ပြုတော်မူ၍၊ မေ=ခန္ဓာ နာမ် ရုပ် ငါမဟုတ်ကို ငါဟုတ် ငါထင် ဖောက်လွဲမြင်၍ အထင်ယွင်းချော် တပည့်တော်၏၊ သီရမို= လူတစ်ကိုယ်လုံးတွင် အမြတ်တင်သည့် ဦးထိပ်အပြင်ထက်၌၊ နိစ္စံ=အမြဲမပြတ် တရစပ်၊ ဌာတု=သာသနာတော်အကျိုး အလွန်တက်တိုးဖို့ တန်ခိုးတော်ပြကာ ကြွရောက်ရပ်တန့်တော်မူ လှည့်ပါ အရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးဘုရား။

[လ္ကာဒ္ဓိမာနောင် ပဂုတ္တောဘ၌ ဥ–ကျေသည်။]

(ဤရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးအား ပင့်သော ဂါထာကို မောင်းထောင် ရွာ ဆရာတော် ဦးဒသနထံမှ မိမိ၏ ဒကာကြီးက ရရှိခဲ့ခြင်းဖြစ်သည်။ မိမိ၏ ဒကာကြီးထံမှတစ်ဆင့် စာရေးသူက ယူပြီး စာရှုသူများ အကျိုးများ စေရန် လိုလားသူများ သုံးစွဲနိုင်စေရန် ရည်သန်၍ ဖော်ပြပေးလိုက်ပါသည်)

## ပင့်ဖိတ်ထားသောနတ်များပို့ရန် နတ်ပို့ဂါထာ

မဟာပုညာဘိ သန္ဓော ဘော၊ သိဒ္ဓေါဝ နိရုပဒ္ဒဝေါ။

ဂစ္ဆန္တု သွာဂတာ ဒေဝါ၊ မောဒန္တာ သုဋ္ဌု မာနသာ။

ဘော=(ပဋ္ဌာန်း) အဘိဓမ္မာ ဒေသနာကို စေတနာစိုက်စူး သဒ္ဓါအထူးဖြင့် ကြည်နူးရွှင်ပျ ရွတ်ကြနာယူကြသည့် ဓမ္မမိတ်ဆွေ အပေါင်း အိုသူတော်ကောင်းတို့၊ မဟာပုညာဘိသန္ဓော= အဘိဓမ္မာ ဒေသနာဖြင့် မြတ်စွာဓိနော် စိန္တေယျာအား ပူဇော်သက္ကာရ အားသစ်ကြသည့် များလှစည်ပင် ကြီးမြတ်သော ကုသိုလ်အယဉ် သည်၊ နိရုပဒ္ဒဝေါ=ထံပါးချဉ်းကပ် နှိပ်စက်တတ်သည့် ဥပါဒ် ဟူသရွေ့ မြူမငွေ့သည်ဖြစ်၍၊ သိဒ္ဓေါဝ=သူငါရွှင်ပြုံး ပီတိဖုံးလျက် နိဂုံးတိုင်မြောက် အပြီးသို့ ရောက်ခဲ့ပါလေပြီ။

သွာဂတာ–သုအာဂတာ=ကျွန်ုပ်တို့နှုတ်မြွက် ပင့်ဖိတ်ချက်

ကြောင့် နှစ်သက်ဝမ်းသာ ကြွရောက်လာကြကုန်သော၊ ဒေဝါ ဒေဝါပိ=တန်ခိုးတေဇာ ဖြိုးဝေဖြာလျက် ဂုဏ်ဝါကြီးမား အရှင်နတ် ဗြဟ္မာအများတို့သည်လည်း၊ သုဋ္ဌမာနသာ=လူ့ပြည် လူသား၊ တို့မိတ်များလျှင် တရားနက်ခေါင် သ,လက်ဆောင်ကို အောင်နိဗ္ဗူ ရောက် ကျေးဇူးထောက်လျက် ချီးမြှောက်ကုန်၏ ပေးကုန်၏ဟု သတိသမ္ပဇဉ် စိတ်ကောင်းယှဉ်တော်မူကြကုန်လျက်၊ မောဒန္တာ= ပြုံးတစိမ့်စိမ့် နှလုံးဖိမ့် ၍ နှစ်သိမ့်ဝမ်းမြောက်ကြကာ၊ ဂစ္ဆန္တု= ကိုယ်,စိတ်နှစ်ခြိုက် ဓမ္မလက်ဆောင်ကို ရင်မှာပိုက်၍ ပျော်ပိုက်နေကျ မိမိတို့စံရာဒေသ အသီးသီးသော ဘုံဌာနသို့ မှန်စွာမသွေ ပြန်ကြွတော်မူကြစေကုန်သတည်း။

(ဤနတ်ပို့ဂါထာကို ၁၃၃၂-ခုနှစ်က ထုတ်ဝေခဲ့သော အဘိဓမ္မာအခါ တော်နေ့ စာစောင်မှ ရရှိဖော်ပြပါသည်။)

## တရားနိဂုံးတွင် သုံးစွဲနိုင်သော-မေတ္တာပို့ ဆုတောင်းဂါထာ

ပဇာတဗ္ဗာ သုသာယန္တု၊ ဝုဋ္ဌာဟန္တု သု မင်္ဂလာ။
ဒုသေန္တု ဒုဂ္ဂတိံ ဂါမိံ၊ ပူရေန္တု သဗ္ဗပါရမိံ။

ပဇာတဗ္ဗာ=ကိုယ်စီကိုယ်င ကိုယ့်အိမ်ဂေဟာ ကိုယ့်ရပ်ရွာ ဒေသ၌ အလှူဒါနကို ပြုကြကုန်သော ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတို့သည်-

သုသာယန္တု=အိပ်မက်ရာမက် ကောင်းစွာမက်၍ စိတ်လက် ကြည်သာ အေးချမ်းစွာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။

သုမင်္ဂလာ=မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် တက်နေ စန်းပွင့်သလို အဆင့်အတန်းမြင့်ကြကုန်သည်ဖြစ်၍၊ ဝုဋ္ဌာဟန္တု= နံနက်မိုးသောက် အလင်းရောက်က ကောင်းစွာမသွေ ထ,မြောက်

နိုးကြားနိုင်ကြပါစေကုန်သတည်း။

ဒုဂ္ဂတိ ဂါမိ=အပါယ်ဒုဂ္ဂတိ ရောက်စေသည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးတွေကို၊ ဒုသေန္တု=သူတော်လက်နက် တရားစက်ဖြင့် အချက်ပိုင်ပိုင် ပယ်ဖျက်နိုင်ကြပါစေကုန်သတည်း။

သဗ္ဗပါရမိ=ဘုရားအလောင်း သူတော်ကောင်းတို့ ဖြည့် ကောင်းစရာ သုံးဖြာဆယ်လီ ပါရမီတော်တို့ကို၊ ပူရေန္တု= တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်၍ မလင့်ပုံသေ ကောင်းစွာ ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

**ဂါထာအဖွင့် စကားပြော–**

စိတ်ပျက်နှလုံး နိုပ်စက်ဖုံးသဖြင့် မရွှင်ပြုံးနိုင်ဘဲ အစဉ်နှံ့နေ ကြတဲ့ သတ္တဝါမှန်သမျှ အနန္တဗိုလ်ချေ အထွေထွေကုန်သော သက်ရှိသတ္တဝါအပေါင်းတို့သည် ဘယာကင်းပျောက် သဒ္ဓါဝင်း တောက်လို့မို့ ဝမ်းမြောက်ဝမ်းသာ ကျန်းကျန်းမာမာ ချမ်းချမ်း သာသာ အိပ်စက်နိုင်ကြပါစေ။

ထိုမှတစ်ဖန် ငြိုးဖွယ်ကြောက်စရာ ကိုးဆယ့်ခြောက်ဖြာသော ရောဂါဝေဒနာတို့ သွေခွာကာ တကယ်ရှင်းပြီးတော့ အပူကင်းကင်း ချမ်းသာခြင်းဖြင့် ဝမ်းသာရှိန်တက် အိပ်မက်ကောင်းများ မြင်မက် ကာဖြင့် မုချမသွေ အိပ်စက်နားနေနိုင်ကြပါစေ။

လ,ရောင်ကင်းပျောက် ညအမှောင်ထွင်းဖောက်၍ နံနက် မိုးလင်းသို့ ရောက်တဲ့အခါ စဉ်မက္ခာလန်း မင်္ဂလာပန်းတို့ဖြင့် ထင်စွာပွင့်လျှမ်းပြီး ရတနာသုံးချက်တို့ကို ဦးထိပ်ရွက်လို့မို့ စိတ်ပျက် စိတ်ညစ်စရာ 'အမင်္ဂလာ'ဟူသမျှတို့သည် မြူမျှမခ ဘေးမသီဘဲ အေးအေးကြည်ကြည် တန်ခိုးထွားကာ နိုးကြား

ထမြောက်နိုင်ကြပါစေ။

ထို့ပြင် မပြုထိုက်တဲ့ ဒုစရိုက်တွေကို၊ ဂရုစိုက်ကာလွှင့်ဖယ်၍၊ အမြင့်နယ်သို့ ရောက်ကြရလေအောင်–သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ–လို့ ဆိုတဲ့ သူတော်ကောင်းတရား (၇)ပါးဖြင့် အများခရီးဟူသမျှကို၊ တားဆီးပြီးတော့၊ အားကြီးတဲ့ သဒ္ဓါတရားကို လက်ကိုင်ထားကာ၊ ဘုရားဘဂဝါ၏ သာသနာ တော်မြတ်ကြီးကို၊ မှီခိုဆည်းကပ်ကြလို့မို့၊ ကြည်ကြည်ညိုညို၊ ရွှင်ရွှင်လန်းလန်း၊ ဝမ်းပန်းတသာ၊ ရှိကြပါစေကုန်သတည်း။ မအေးစဖွယ်၊ အရေးကျယ်သည့်၊ လေးအပါယ်ဝဋ်ဒုက္ခမှ လွတ် မြောက်ကာ အများစင်ပြီး တရားအမြင် ရှိကြပါစေ။

ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ စသော သူတော်ကောင်းကြီးတို့ လွန်စွာမြတ်နိုးပြီး၊ ကောင်းကျိုးပေးဝေ၊ သုံးထွေဆယ်လီ၊ ပါရမီ သုံးဆယ်၊ အသွယ်သွယ်တို့ကို၊ မညိုးမချောက်၊ တန်ခိုးထောက်၍၊ ထိုးဖောက်အောင်မြင်စွာ ဖြည့်ကျင့်နိုင်ကြပါစေ။

ဤကဲ့သို့ ကြည်သဒ္ဓါလျှမ်းပြီး သကာလ၊ ပြည်မြန်မာ တစ်ဝှမ်းလုံးမှာဖြင့်၊ အမှောင်အပိတ်ကင်းပြီး 'အောင်သိဒ္ဓိ'ဆိုတဲ့ တရားအလင်းဖြင့် အများကိုပယ်ခွင်းကာ အမှန်ကိုဖွေရှာလျက်၊ ခေမာ အမတ နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူနိုင်ကြပါစေကုန် သတည်း။ ။

## အခန်း (၁၁)

ဒါန-သီလ-ဘာဝနာ ပတ္ထနာဂါထာ

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။

ဘာဝနာ ဘိရတာ ဟောန္တု၊ ပူရေန္တု သဗ္ဗသက်ပ္ပါ။

သဒ္ဓါယ=တိုးပွားသဒ္ဓါ အကျိုးများရာဟု ကိုးစားကာ ယုံကြည်ကြသော 'သဒ္ဓါတရား'ဖြင့်၊ ဒါနံ=နှမျောကင်းလတ်/သဒ္ဓါစာတ်ဖြင့် ပေးအပ်လှူဒါန်း ဒါနစွမ်းကို (ဝါ) ဘုရားအလောင်းသူတော်ကောင်းတို့ ပေးကမ်းလှူဒါန်းအပ်သော ဒါနမျိုးကို၊ ဒဒန္တု=စေတနာဖွေးဖြူ အလေးမူ၍ ပေးလှူနိုင်ကြပါစေကုန်သတည်း။

သဗ္ဗဒါ=နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် ကာလပတ်လုံး၊ သီလံ=ပဥ္စ,အဋ္ဌ နဝင်္ဂဟု ညီညာစောင့်ကြ မြတ်သီလကို၊ ရက္ခန္တု=မကျိုးမပေါက် မညှိုးခြောက်အောင် ထိန်းသိမ်း စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

ဘာဝနာဘိရတာ=သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာ, ဘာဝနာနှစ်ဖြာတို့၌ မွေ့လျော်ကြကုန်သည်၊ ဟောန္တု= အစဉ်မပြတ်အမြင့်အကြားဖြင့် ထင်ရှားမသေ့ တရားထူး တရားမြတ် ရကြပါစေကုန်သတည်း။

သဗ္ဗသက်ပ္ပါ=အားလုံးသော လောကုတ်, လောကီ, အလီလီအဝဝ, အကြံအစည်ကောင်းဟူသမျှတို့သည်၊ ပူရေန္တု=တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်၍ မလင့်ပုံသေ ကောင်းစွာပြည့်စုံနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

* ဒါန နည်းတော့ - မွဲတတ်တယ်။
* သီလနည်းတော့ - ရောဂါတွယ်။
* ဘာဝနာနည်းရင် - နိဗ္ဗာန်နဲ့ လွဲတတ်တယ်။

သီလရနံ့ သင်းပျံ့မွှေးကြိုင်

နပုပ္ဖ ဂန္ဓော ပဋိဝါတမေတိ၊ နစန္ဒနံ တဂရ မလ္လိကာဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊ သဗ္ဗဒိသာ သပ္ပုရိသော ပဝါယတိ။

(ဓမ္မပဒ၊ ၅၄)

ဘောဂန္ဓော=သီလရနံ့ သင်းပျံ့မွှေးကြိုင် တရားပန်းခိုင်ကိုဆွတ်ပိုင်လိုကြား အို...သူတော်ကောင်းများတို့၊ စန္ဒနံဝါ= ရနံ့လှိုင်ကြူး၊ စန္ဒကူးပန်းရနံ့သည်လည်းကောင်း၊ တဂရံဝါ= သင်းကြိုင်လျှမ်းပြန့် တောင်ဇလပ်ပန်းရနံ့သည်လည်းကောင်း၊

မင်္ဂလိကာဝါ = သင်းလိုင်အေးပျံ့ မွှေးရနံ့ထုံကြွယ် စံပယ် ကြက်ရန်း ဇွန်ပန်းကုံး ပန်းခိုင်သည်လည်းကောင်း၊ ပုပ္ဖဂန္ဓော= စံပယ်ဖူး သင်းကြည် ဇွန်နှင်းဆီနှင့် သရဖီ,ဆပ်သွား ရွှေစံကား စသော ပန်းရနံ့သည်၊ ပဋိဝါတံ=လေပြေလေညင်း တသင်းသင်း နှင့် ဆော်သွင်းလေညာ ရပ်ဒိသာသို့(လေးမျက်နှာသို့)၊ နဧတိ= လေကဆောင်သွေးသောအခါတွင် မွှေးရနံ့စိုက်စိုက် တူမကွာလိုက် တတ်သော်လည်း လေကိုဖြတ်ကျော် လေပေါ်ကိုကျော်လွှား၍ မသွားနိုင်ပါချေ။

သတံ=အကျင့်အမူ အယူမချော်တဲ့ လူသူတော်ကောင်းတို့၏၊ ဂန္ဓော=ငါးပါးပဉ္စသီ, အဋ္ဌင်္ဂီနှင့် အာဇီဝဋ္ဌမက, ဒသသီးသီး၊ သီလတည်းဟူသော မွှေးရနံ့သည်၊ ပဋိဝါတံ=လေပြည်ကိုနင်း လေပြင်းကိုကျော် လေပေါ်ကိုလွှမ်း လေကြမ်းကိုချေ လေတွေကို အကုန်ဖြတ်ပြီး နတ်,ဗြဟ္မာ အထက်ရပ်သို့၊ ဧတိ= မဟာရနံ့ပေမို့ ကမ္ဘာပြန့်၍ သွားနိုင်ပါပေ၏။

သပ္ပုရိသော=သီလဖြည့်လောင်း သူတော်ကောင်းတို့၏ ဂုဏ် သတင်းသည်၊ သဗ္ဗဒိသာ=အလုံးစုံသော အရပ်မျက်နှာတို့သို့၊ ပဝါယတိ=တကြိုင်ကြိုင် တလှိုင်လှိုင် မွှေးပျံ့၍နေလေတော့ သတည်း။ ပဝါယတိ=သူတော်ကောင်း သူမြတ်ကောင်းတို့၏ အယူသမ္မာကို နမူနာကပ်မှီကြပြီး မြတ်သီလတွေ ထုံသင်းပုံမှာ တော့ ဂုဏ်သတင်း အဝေးပြန့်လှိုင်လို့မို့ မွှေးရနံ့ကြိုင်၍ နေပါ လေတော့သတည်း။

(သီလအကြောင်း ဟောကြားရာတွင်ထည့်၍ ရွတ်ဆို ဟောကြားနိုင် သည်။)

## နိဗ္ဗာန်ကိုရည်သန်၍ ဒါန,သီလ,ဘာဝနာလုပ်ပါ

"သီဝံ ပတ္ထေထ ဘိက္ခဝေ သီဝံ ပတ္ထေတွာန ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနံ ဘာဝေတဗ္ဗံ-"

(နရသာသနကျမ်း)

ဘိက္ခဝေ=သံသရာဘေး လာမည့်ရေးကို မျှော်တွေးကြောက်ကြား အို ချစ်သား-ချစ်သမီးတို့...၊ သီဝံ= အေးချမ်းလှစွာသော နိဗ္ဗာန်ကို၊ ပတ္ထေထ=လိုချင်တောင့်တ ဆန္ဒပြုကြပါကုန်လော့၊ သီဝံ=အေးချမ်းလှစွာသော မြတ်နိဗ္ဗာန်ကို၊ ပတ္ထေတွာန=လိုချင်တောင့်တ ရည်သန်ကြသည်ဖြစ်၍၊ ဒါနံ=နည်းများမဟူ အလှူဒါနကို၊ ဒါတဗ္ဗံ=စေတနာသုံးတန် ပြဋ္ဌာန်း၍ ပေးကမ်းလှူဒါန်းအပ်၏၊ သီလံ=ငါးပါး ရှစ်ပါး ကိုးပါး စသော သီလများကို၊ ရက္ခိတဗ္ဗံ=မကျိုးမပေါက် ထိန်းသိမ်းစောင့်ရှောက်အပ်၏၊ ဘာဝနံ= သမထနှင့် ဝိပဿနာ နှစ်ဖြာသော ဘာဝနာအလုပ်ကို၊ ဘာဝေတဗ္ဗံ=ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်အပ်ပါပေတော့သတည်း။

## သုံးတန်စေတနာ ညီညွတ်ပါ

"ဒါနဥ္စနာမ တိသောစေတနာ ပရိပုဏ္ဏံ ကာတုံ သက္ကောန္တဿေဝ မဟပ္ဖလံ ဟောတိ-"

ဟိ=ဒါနအကျိုးကို ဆက်၍ ဆိုဦးအံ့၊ ဒါနံနာမ=နည်းများမဟူ အလှူဒါနဆိုသည်ကား၊ တိသောစေတနာ=ပုဗ္ဗစေတနာ, မုဥ္စစေတနာ, အပရစေတနာတည်းဟူသော စေတနာသုံးပါးတို့ကို၊

ပရိပုဏ္ဏံ=ပြည့်စုံညီညွတ်အောင်၊ ကာတုံ=ပြုခြင်းငှာ၊ သက္ကောန္တိ=စွမ်းနိုင်သောသူအားသာလျှင်၊ မဟပ္ဖလံ=အကျိုးများပြားတိုးပွားရရှိနိုင်သည်၊ ဟောတိ=မှန်စွာမသွေ ဖြစ်ပါပေတော့သတည်း။

(စေတနာသုံးပါးကို အကျယ်သိလိုပါက မိမိရေးသားပြုစုသော ဤဘဝ ဤချစ်သူ ဟိုဘဝ ဟိုချစ်သူ - ဓမ္မသရုပ်ဖော်စာအုပ်တွင် ရှုပါ)

## စေတနာသည် ကံ, ကံသည် စေတနာ

စေတနာသည် ကံဖြစ်၏၊ စေတနာကိုပင် ကံဟု ခေါ်၏။ ထို့ကြောင့် ကံကောင်းချင်လျှင် စေတနာကောင်းထားပါ။ ကံကို စေတနာဖြင့် သတ်မှတ်၏။ စေတနာမှန်လျှင် စေတနာကောင်းလျှင် ကံကောင်းမည်။ စေတနာညံ့လျှင် စေတနာမှားလျှင် ကံဆိုးမည်။ ကံသည်ပင်လျှင် သတ္တဝါမှန်သမျှကို ကောင်းစေ, ဆိုးစေပါသတည်း။

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ-"

ဘိက္ခဝေ=ရဟန်းတို့၊ စေတနံ=စေတနာကို၊ ကမ္မံ=ကံဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟောတော်မူ၏။

စေတယိတွာ = ရှေးဖြစ်သော စေတနာက စေ့ဆော်၍ (ဦးဆောင်၍)၊ ကာယေနဝါ=ကိုယ်ဖြင့်လည်းကောင်း၊ ဝါစာယဝါ=နှုတ်ဖြင့်(စကားဖြင့်)လည်းကောင်း၊ မနသာဝါ =စိတ်ဖြင့်လည်းကောင်း၊ ကမ္မံ=ကံကို၊ ကရောတိ=ပြု၏။

## ဒါန၊ သီလ၊ ဘာဝနာ ဤသုံးဖြာ

ဒါန = ဒါနက 'ဒါနံ ပါထေယျ မုတ္တမံ' ဆိုတဲ့အတိုင်း၊ 'ဒါနဟာ သံသရာခရီးသွားရာမှာ ရိက္ခာထုပ်နဲ့ တူတယ်' ခရီးသွား ပုဂ္ဂိုလ်တွေမှာ ငွေကြေးနှင့်တကွ စားနပ်ရိက္ခာ လိုအပ်သလို သံသရာခရီးသွားမယ့် မိမိတို့တတွေဟာလည်း ဒါနဆိုတဲ့ ရိက္ခာ ထုပ်ပါဖို့ လိုပါတယ်။

သီလ = သီလဟာ လှေ,သင်္ဘောများနဲ့ တူပါတယ်။

သံသရာ = 'သံသရာ'ဆိုတာ– 'သံ ပုနပ္ပုနံ သရန္တိ ပဝတ္တန္တိ ဧတ္ထာတိ သံသရာ'ဆိုတဲ့ ဝိဂြိုဟ် ဝစနတ္ထအတိုင်း 'အဖန်ဖန် အထပ်ထပ် ဘဝမျိုးစုံ လှည့်ပတ်ပြီး ဖြစ်တတ် ကျင်လည်တတ်သောကြောင့် 'သံသရာ'လို့ ခေါ်ပါတယ်။

အဲဒီ သံသရာကတော့ ပင်လယ်သမုဒ္ဒရာ ရေပြင်ကြီး နဲ့ တူတယ်။

ဘာဝနာ = ဘာဝနာဆိုတာကတော့–ပင်လယ်ရေပြင်ကျယ်ကြီး ကို ဖြတ်သန်းတဲ့နေရာမှာ စက်တပ်ယာဉ် (အင်ဂျင် စက်)ပါလျှင် လျှင်မြန်ပြီး အလွယ်တကူ လိုရာ ခရီးသို့ ရောက်နိုင်သလိုပါပဲ။ ဘာဝနာဟာလည်း သံသရာခရီးခဲကို ဖြတ်သန်းကျော်လွှားတဲ့ နေရာမှာ ဘဝကို တိုစေပါတယ်။ ခရီးကို ကျုံ့စေပါတယ်။ ဒါ့ကြောင့် 'ဘာဝနာ'ဟာ လှေ သင်္ဘော သမ္ဗာန်မှာ တပ်ဆင်တဲ့ အင်ဂျင်စက်နဲ့ တူပါတယ်။

နိဗ္ဗာန် = အဲဒီ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကတော့ သံသရာခရီးရဲ့ ဟိုမှာဘက်ကမ်းပေါ့။ မိမိတို့ ရောက်ချင်နေတဲ့ နိဗ္ဗာန်သောင်ကမ်းပေါ့။ နိဗ္ဗာန်ဆိပ်ဦးဆီသို့ပေါ့။

သီလနာဝါယ ပဂ္ဂိယ၊ ဒါန ပါထေယျ မုတ္တမံ၊
ဘာဝနာ စက္ကံ စလန္တာ၊ ပါရံ တရထ သံသရာ။

သော်တြွော=တရားအာရုံ နားမှာထုံလျက် ဝန်းရံသောင်းသောင်း တရားနာပရိသတ်အပေါင်း အို...သူတော်ကောင်းတို့...၊ သီလနာဝါယ=ကိုယ်ကျင့်သိက္ခာ ခိုင်စွာတည်ပြီး သီလတည်းဟူသော လှေ(သင်္ဘောကြီး)၌၊ ဥတ္တမံ=မွန်မြတ် ကောင်းမွန်လှစွာသော၊ ဒါနပါထေယျံ=သုံးတန်စေတနာ သဒ္ဓါခိုင်ဖြိုး ဒါနတည်းဟူသော ပစ္စည်းဥစ္စာ ရိက္ခာထုပ်ကြီးကို၊ ပဂ္ဂိယ=သံသရာတစ်လျှောက် စားသောက်လောက်အောင် မောက်အောင်အပြည့်ထည့်ကြကုန်၍၊ ဘာဝနာစက္ကံ=သမထနဲ့ ဝိပဿနာ နှစ်ဖြာနှစ်လမ်း ဘာဝနာ ကမ္မဋ္ဌာန်းတည်းဟူသော သင်္ဘောစက်ကြီးကို၊ စလန္တာ=စက်ခလုတ်ကြိုး ကောင်းစွာဖြုတ်လုပ် စက်နှိုးကြကုန်လျက်၊ သံသရာ=ရုပ်, နာမ်, ခန္ဓာ, အဇ္ဈတ္တဝါပြင်ကျယ် သံသရာတည်းဟူသော ရေပင်လယ်ကြီးထဲမှ၊ ပါရံ=နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့၊ တရထ=ဘေးရန်ကင်းကွာ မကွေ့မကောက် ဖြောင့်ဖြောင့်တန်းတန်း ကောင်းစွာထုတ်လျှောက် ကူးမြောက်နိုင်ကြလေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

ဆောင်ရန်ရှစ်လုံးဖွဲ့ကဗျာ

* အကျင့်သီလ၊ လေ့နာဝါပုံ။
ဒါနမှာတော့၊ မျိုးရိက္ခာစုံ။
ဘာဝနာကား၊ စက်အလား တူပုံ။
နိဗ္ဗာန်ထက်၊ ဆန်တက် တို့ အကုန်။

(ကဗျာ) သီလကတော့ လေ့နာဝါ...
ဒါနမှာမျိုးရိက္ခာ
ဘာဝနာ စက်အိုးပါ။
သံသရာ ခရီးသည်...
သီလလေ့မှာ စီးလို့ရယ်
ဒါနဆို ရိက္ခာ ထည့်လို့
ဘာဝနာစက်အိုး နှိုးလို့တွယ်၊
တို့အကုန် နိဗ္ဗာန်ထက်ကို
ဆန်တက် ပါစို့ကွယ်...။
(တရားဟောသင်တန်းကဗျာ)

သင်လုပ်တာ သင့်ကံ

သင်လုပ်တာ သင်၏ 'ကံ'သာဖြစ်၏။
ကောင်းချင်လျှင် ကောင်းတာကိုလုပ်ပါ။
မကောင်းချင်လျှင် မကောင်းတာကိုလုပ်ပါ။
အကျိုးတရားသည် အကြောင်းတရား၏ အသီးအပွင့်ဖြစ်၏။
(ကျော်အောင်စံထား ဆရာတော်)

## ကုသိုလ်လည်းပြုပါ ဆုလည်းတောင်းပါ

ဗုဒ္ဓဘာသာဝင်တို့သည် ဆုတောင်း, ဆုယူ ပြုလေ့ရှိကြပါသည်။ ပစ္စည်းဝတ္ထု တစ်ခုခုကို ပေးလှူလိုက်လျှင် အလှူခံပုဂ္ဂိုလ်က ဆုတစ်ခုခု ပေးလိုက်မှသာ ကျေနပ်ကြပါသည်။

ဝနဝါသီတိဿ သာမဏေသည် ဆည်းကပ်ကိုးကွယ် လှူဒါန်းကြသော ဒါယကာ, ဒါယိကာမအပေါင်းအား 'သုခိတာ ဟောထ၊ ဒုက္ခာ မုဉ္စထ'ဟူ၍ ဆုပေးလေ့ရှိ၏။

ဆုပေး၏ အဓိပ္ပာယ်မှာ–'ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ သောဒုက္ခအပေါင်းမှ ကင်းဝေးလွတ်မြောက်ကြပါစေ'ဟူ၍ ဖြစ်၏။ သာမဏေသည် အခြားတရားများကို များများဟောကြားလေ့မရှိဘဲ။ တစ်ဝါတွင်းလုံး ဤဆုပေးကိုသာ ချီးမြှင့်ခဲ့လေသည်။

သို့ဖြစ်ပေရာ–ကုသိုလ်ကောင်းမှု တစ်စုံတစ်ခု မပြုဘဲ ဆုတောင်းနေရုံမျှနှင့်လည်း ရမည်မဟုတ်ပေ။ ထို့အတူ–အလှူဒါနပြုပြီး ကုသိုလ်ကောင်းမှု တစ်ခုခု ပြုလုပ်ပြီး ဆုမတောင်းလျှင်လည်း မရနိုင်ကြောင်းကို အောက်ပါဒေသနာတစ်ရပ်ဖြင့် မှတ်သားအပ်ပေသည်။ ဟောကြားအပ်ပေသည်။

"ယဿ သဒ္ဓါ သီလ သုတ စာဂ ပညာ သင်္ခါတာ ပဉ္စဓမ္မာ အတ္ထိ၊ န ပတ္ထနာ တဿ ဂတိ အနိဗ္ဗဒ္ဓါ–"

(ဥပရိပဏ္ဏာသ၊ အဋ္ဌကထာ)

ယဿ = အကြင်ပုဂ္ဂိုလ်အား၊ သဒ္ဓါ သီလ သုတ စာဂ ပညာ သင်္ခါတာ = သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ–ဟုဆိုအပ်သော၊ ပဉ္စဓမ္မာ = တရားငါးပါးသည်၊ အတ္ထိ = ရှိ၏၊ ပတ္ထနာ = ဆုတောင်းပန်ထွာ ပြုလုပ်ခြင်းမှာကား၊ နအတ္ထိ=

မရှိချေ။ တဿ = တရားငါးပါးပြည့်စုံပြီး (ကုသိုလ်ပြုပြီး) ဆုမတောင်းသော ထိုပုဂ္ဂိုလ်အား၊ ဂတိ = ကောင်းစွာ လားရာ သုဂတိဘုံဘဝသည်၊ အနိဗ္ဗဒ္ဓါ = မပြနိုင်ချေ။

ထို့အတူပင်-လိုချင်သော ဆုတွေကိုသာတောင်းပြီး ကုသိုလ် ကောင်းမှု မပြုလျှင်လည်း သုဂတိ မပြနိုင်ချေ။

"ယဿ ပတ္ထနာ အတ္ထိ န ပဉ္စဓမ္မာ၊ တဿာပိ ဂတိ အနိ ဗဒ္ဓါ-"

ယဿ= အကြင်ပုဂ္ဂိုလ်အား၊ ပတ္ထနာ=ဆုတောင်းခြင်းကား၊ အတ္ထိ=ရှိပါ၏၊ ပဉ္စဓမ္မာ=သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ ဟူသော တရားငါးပါးသည်၊ န အတ္ထိ=မရှိပေ။ တဿာပိ=ဆုကိုသာ တောင်းပြီး ကုသိုလ်ကောင်းမှု မပြုသော (တရားငါးပါးမရှိသော) ထိုပုဂ္ဂိုလ်အားလည်း၊ ဂတိ အနိဗဒ္ဓါ=သုဂတိရောက်ရန် မပြပေ။

## နှစ်ဖက်လုံမှ ဂတိမြဲမည်

"ယေသံ ဥဘယ မတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ-"

ယေသံ=အကြင်ပုဂ္ဂိုလ်တို့အား၊ ဥဘယံ=ကုသိုလ်လည်းပြု၊ ဆုလည်းတောင်းခြင်းသည်၊ အတ္ထိ=ရှိ၏၊ တေသံ=ထိုကုသိုလ် လည်းပြု ဆုလည်းတောင်းကြသော ပုဂ္ဂိုလ်တို့အား၊ ဂတိနိ ဗဒ္ဓါ=မုန်စွာမသွေ ကောင်းသော သုဂတိဘုံဘဝ လားရောက် နိုင်ကြလေကုန်တော့သတည်း။ (အဓိပ္ပာယ်သိသာပေပြီ)

## ဘုရားရှင်တို့လည်း ဆုပေးသည်

ဘုရားရှင်တို့သည်လည်း လာရောက်ကန်တော့သော ပုဂ္ဂိုလ်တို့

အား အသီးသီး နာမည်ဖော်၍ ဆုပေးလေ့ ရှိကြောင်း မှတ်သား နိုင်ပါသည်။

နာမည်ဖော်၍ ဆုပေးခြင်းသည် ဘုရားရှင်တို့၏ အလေ့ အထ–

"သုခီ ဟောဟိတိ တဿ တဿ နာမံ ဂဟေတွာ ဝဒတိ၊ ဧတံ အာစိဏ္ဏံ တထာဂတာနံ-"

(မူလပဏ္ဏာသ၊ အဋ္ဌကထာ)

တဿ တဿ = ထိုထိုလာရောက်ကန်တော့သောသူ၏၊ နာမံ=အမည်ကို၊ ဂဟေတွာ=ခေါ်ယူ၍၊ သုခီ ဟောဟိတိ= ချမ်းသာပါစေဟူ၍၊ ဝဒတိ=မိန့်ကြားဆုပေးတော်မူ၏။ ဧတံ= ဤသို့ ဆုပေးခြင်းသည်၊ တထာဂတာနံ=ဘုရားရှင်တို့၏၊ အာစိဏ္ဏံ=အလေ့အကျင့်တော်ပေတည်း။

## သာဓုခေါ်ပါ

အလှူဒါနပြုပြီး အမျှပေးဝေတိုင်း သာဓုခေါ်ပါ။ သာဓုသုံးကြိမ် ဝမ်းမြောက်ဝမ်းသာ ခေါ်ဆိုခြင်းသည် 'ပတ္တာနုမောဒန' ပုညကြိ ယာဖြစ်၏။ 'ပတ္တာနုမောဒန'ဆိုတာ အလှူရှင်များက ကုသိုလ်ပြု ရေစက်ချပြီး အမျှပေးဝေတဲ့အခါ ဝမ်းမြောက်ခြင်း ဖြစ်ပါသည်။ 'ပတ္တာနုမောဒနာ ကုသိုလ်'ရရှိပါသည်။ အမျှပေးဝေသော ကုသိုလ် ရှင်တို့ကား 'ပတ္တိဒါနကုသိုလ်' ရရှိကြပါသည်။

## ပုညကြိယာဝတ္ထု(၁၀)ပါး

(၁) ဒါန = ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း

| | | |
|---|---|---|
| (၂) သီလ | = | ကိုယ်နှင့်နှုတ်ကို စောင့်ထိန်းခြင်း (ကိုယ်ကျင့်သီလများ) |
| (၃) ဘာဝနာ | = | သမထ ဘာဝနာ, ဝိပဿနာ ဘာဝနာတရား ပွားများ အားထုတ်ခြင်း |
| (၄) အပစာယန | = | အသက်ကြီးသူ၊ ဂုဏ်ကြီးသူများကို ရိုသေခြင်း |
| (၅) ဝေယျာဝစ္စ | = | ရတနာသုံးပါး၊ လူကြီးမိဘတို့၏ အမှုကိစ္စများကို ဆောင်ရွက်ခြင်း |
| (၆) ပတ္တိဒါန | = | မိမိပြုသမျှ ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေခြင်း |
| (၇) ပတ္တာနုမောဒန | = | သူတစ်ပါးတို့ ပေးဝေသော 'အမျှ' ကို 'သာဓု'ခေါ်ခြင်း |
| (၈) ဓမ္မဿဝန | = | တရားနာယူခြင်း |
| (၉) ဓမ္မဒေသနာ | = | တရားဟောခြင်း |
| (၁၀)ဒိဋ္ဌိဇုကမ္မ | = | အယူအမြင် ကြည်လင် ဖြောင့်မတ်ခြင်း |

သာဓုခေါ်ခြင်းအကျိုး

သူတစ်ပါးပေးဝေသော ကုသိုလ်အမျှကို ဝမ်းမြောက်စွာ သာဓုခေါ်ဆိုသောသူသည် အာပုပ်စော်မနံဘဲ ခံတွင်းအနံ့ ကောင်း၏၊ ကြာပန်းရနံ့ မွှေးကြိုင်တတ်၏။ သန့်ရှင်း၏။

သဒ္ဓမ္မံ ဒေသနကာလေ၊ သာဓု သာဓုတိ ဘာသတော။

မုခတော ဇာယတေ ဂန္ဓော၊ ဥပ္ပလံဝ ယထောဒကေ။
(အင်္ဂုတ္တိုရ်၊ အဋ္ဌကထာ)

သဒ္ဓမ္မံ=သဒ္ဓမ္မသုံးဖြာ တရားစာကို၊ ဒေသနကာလေ= ကြားနာရသောအခါ၌၊ သာဓုသာဓုတိ=သာဓု သာဓုဟူ၍(ဝါ) ကောင်းပါလေစွ ကောင်းလေစွဟူ၍၊ ဘာသတော= ခေါ်ဆိုသောပုဂ္ဂိုလ်အား၊ ဉဒကေ=ရေ၌၊ (ဇာတံ= ဖြစ်ပေါ်သော)၊ ဥပ္ပလံ=ကြာပန်းသည်၊ ဂန္ဓောယထာ=အမွှေးရနံ့ သင်းပျံ့ကောင်းမွန်သကဲ့သို့၊ မုခတော= သာဓုခေါ်ဆိုသူ၏ နှုတ်ခမ်းမှ၊ ဂန္ဓော=မွှေးကြိုင်သောရနံ့သည်၊ ဇာယတေ=မုန်စွာမသွေ ဖြစ်ပေါ်လာနိုင်ပေသတည်း။

(တရားအဆုံး၌ သာဓုခေါ်ခြင်း၊ အမျှဝေစဉ် သာဓုခေါ်ခြင်း အတူတူပင်ဖြစ်၏)

* သာဓုခေါ်တိုး၊ သွားပိုးထိုး၊ အကျိုးမြန်တတ်သည်။
* ခံတွင်းမွှေးအောင်၊ သွားခိုင်အောင်၊ ကျယ်လောင် သာဓုခေါ်။

## တရားပွဲအပြီး အိမ်ပြန်ခရီး

ဣဓဋ္ဌာနံ=ဓမ္မသဘင်ဆင်ယင်ကျင်းပ ဤဋ္ဌာနသို့၊ အာဂတာ= မနောပုဗ္ဗင် ဓောစိတ်ရွှင်၍ ကြည်လင်သဒ္ဓါ ဆိုက်ရောက်လာကြကုန်သော၊ သပ္ပုရိသာ=တရားတော်မြတ် ဒေသနာကို သေချာကျနစေတနာ ဗလဝဖြင့် သုခချမ်းသာ ရှိသေစွာ နာယူမှတ်သားကြကုန်သော ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်၊ ဂစ္ဆန္တု= ယခု (ဦးဇင်း)ပြောသမျှ ဟောသမျှတွေထဲမှာ သဘောမကျတာလေးများ ပါခဲ့လို့ရှိလျှင် မုန်းစိတ်တွေရှင်း ချစ်စိတ်ကိုသွင်းလို့

နည်းမှန်မှန်နှင့် သည်းခံ၍သာ ပြန်ကြပါလေတော့ (ဝါ) ကိုယ်,စိတ် နှစ်ဖြာ လိုက္ကစ္စာဖြင့် မိမိတို့အလိုရှိရာ အသီးသီးသော အိမ်ဂေဟာဌာနသို့ မှန်စွာမသွေ ပြန်ပါလေတော့ ပြန်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

## အခန်း (၁၂)

# အနန္တရာယ်ကင်း ပရိတ်အမွှန်း

***(အိမ်တက်ပရိတ်ရွတ်ရာ, မြေသန့်ရာတို့၌ ရွတ်နိုင်သည်)***

(က) ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ / ယော စ မနာပေါ သကုဏဿ သဒ္ဒေါ၊
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ / ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

(ခ) ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ / ယော စ မနာပေါ သကုဏဿသဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ / ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

(ဂ) ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ / ယော စ မနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ / သံဃာနုဘာဝေန ဝိနာသမေန္တု။

အနုက်ယောဇနာ

(က) ယံဒုန္နိမိတ္တဥ္စ=အကြင်မကောင်းသော သတ္တဝါ ဆင်, ချေ သမင်နှင့် ခိဝင် စွန်ရဲ, ပျားစွဲ, လင်းတ, ဥဇိုင်း စသည် များလှတစ်ချက် လင်းဝက်, ပိတုန်း, ငုံးဝင် ချိုးနား ပေါက်ငြား ညောင်ပင် ထို့ပြင်တောင်ပို့ စို့ရောက်မိုးစွန် တိမ်တံခွန်နှင့် ပြင်းထန်မိုးကြိုး ပြစ်မျိုးတစ်နည်း တော်လည်းလျောင် ကောင်းကင် ကသော ဥက္ကာပျံသန်း လဝန်းတာရာ များစွာအပေါင်း မကောင်း သောဟိတ်၊ အတိတ်နိမိတ်ဟူသမျှသည်လည်းကောင်း–

ယံအဝမင်္ဂလဉ္စ=အကြင်မကောင်းသော အနိဋ္ဌဖလရုပ် ဒုက္ခ ဝေဒနာ များစွာတွင်းကျင်း ရေတွင်း ရေကန် မကျန်တံတား ဌင်းလှား ကြိုးတန်း ပျံသန်းငုံ့လျှိုး ကျောင်းဆိုးအိမ်ဆိုး လျှိုးသည်တစ်ထွေ မြေနေမကောင်း ကျောင်းဆောက်အိမ်ဆောက် ထုတ်လျောက် သစ်ဝါး အသားမမှန် လုံကန်တစ်ချက် အမြက် မတော် ကြောင်ကျော် ဖွတ်တက် ခွေး–ဝက်–ကြက်က စသည် အပေါင်း မကောင်းသော အဝမင်္ဂလာသည်လည်းကောင်း–

အမနာပေါ=သောသောမြည်သံ တည်ညံနှင့် မြည်သံ ကျစ်ကျစ် မြည်ဟစ်ကြွေးကြော် မတော်နားမှာ မခံသာအောင် မြည်လာသော၊ ယော သကုဏဿ သဒ္ဒေါစ=အကြင် ငှင်းတ ခင်ပုင် ငှက်ယုတ်ငှက်ဝါ မြည်လာခွေးအ ထိုမှအကူး တစ်တီ တူးက လန့်ထူးရွံ့ထိတ် စိတ်မသန့်ဖွယ် ကျယ်ကျယ်လောင်လောင် ထက်ခေါင်အိမ်မိုး ဝင်တိုးပျံသန်း ငှက်သရမ်း၏ ကြမ်းတမ်းသော အသံဟူသမျှသည်လည်းကောင်း–

ယောပါပဂ္ဂဟောစ=အကြင် မကောင်းသော ဂြိုဟ်အိပ်၊

စန်းကျ၊ ပါပသမသတ် ဂြိုဟ်ပြတ် ဂြိုဟ်သွင်း၊ ဂြိုဟ်နင်း ဂြိုဟ်စီး၊ ထွက်ပြီး မငြိမ်၊ စန်းအိမ်လွန်းပြတ် နက္ခတ်ဂြိုဟ်ယှိုင်၊ မခိုင်လှုပ်ရှား၊ မကောင်းထားသည့်၊ တခြားထွင်ဆိုး၊ အကျိုးမထင်၊ ဂုဏ်အင်ဆိုးယုတ်၊ စုန်း–ဖုတ်–ကဝေ၊ တစ္ဆေ၊ မှင်စာ၊ မာရရာ ယက္ခိုက်၊ အတိုက်အမြှုပ်၊ အနှုတ်အဖွဲ့၊ အစွဲအလမ်း၊ အကြမ်းအနုံ၊ ပြုပြုသမျှ၊ ရုပ်မြှုပ်နာမ်ထား များစွာအပေါင်း မကောင်းသော ဂြိုဟ်စီးဒသာ၊ ကံကြမ္မာဟူသမျှသည်လည်းကောင်း–

အကန္တံ=နှစ်သက်မရှိ၊ နှောက်ကျိကျိနှင့်၊ မချိဝမ်းမှာ၊ မခံသာအောင်၊ သဒ္ဒါယှက်ထွေး၊ ကင်းဝေးစိတ်တွင်၊ အိပ်လျှင်မနေ၊ မှိုင်ဝေဝေနှင့်၊ ထိုင်နေ့မကျ၊ စိတ်သောကကြောင့် ဖြစ်သော၊ ယံဒုဿုပိနဠ=အကြင်ကြောက်မက် လန့်ဖွယ် အသွယ်သွယ်ဖြင့်၊ အရယ်အသွမ်း၊ ရောင်ရမ်းငိုကျွေး၊ ပူဆွေးဆူပွက်၊ မနှစ်သက် ဖွယ်သော အိပ်မက်ဆိုး ဟူသမျှသည်လည်းကောင်း၊ အတ္ထိ = မှန်စွာမသွေ ပေါ်ပေါက်လာချေ၏။

တေ = ထိုမကောင်းသော အနိဋ္ဌ ဒုက္ခရန်ဘေး၊ ဖြစ်ရေး အကြောင်း နိမိတ်အပေါင်းတို့သည်၊ ဗုဒ္ဓါနုဘာဝေန= ဘုရား မြတ်စွာ တို့ဆရာ၏ ခြောက်ဖြာရောင်ခြည် ခြောက်လီသော အသာ ဓာရဏာဉာဏ် ဆယ်တန်သောအား ဆယ်ပါးသောဉာဏ် လေးတန်သောက္လဒ္ဒိပါဒ် စသည်ပေါင်းဆုံ အလုံးစုံသော ဂုဏ်တော် ကျေးဇူးတော် တန်ခိုးတော် မေတ္တာတော်အားဖြင့်လည်းကောင်း–

(ခ)...ဓမ္မာနုဘာဝေန=ဘဝများစွာ သံသရာက ကပ်ငြိ၍လာ ကိလေသာမှ ဝေးကွာစေကြောင်း အပေါင်းဓမ္မက္ခန် လေးတန် သောမဂ် လေးချက်သောအောင်လံ လေးတန်သော စတုသစ္စ ဓမ္မ သန္နိဋ္ဌိက အကာလိက မဟာပရမတ္ထ ဓမ္မနိဗ္ဗာန် ဆယ်တန်

သောတရားတော်မြတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော် အားဖြင့် လည်းကောင်း- (ကျန်တာ အနက်တူ၏)

(ဂ)...သံဃာနုဘာဝေန= လူ-နတ်-နိဗ္ဗာန် သုံးတန်ရောက်လို၊ ကုသိုလ်အစု၊ မြတ်ကောင်းမှုကို၊ လိုချင်တောင့်တ၊ ဝေနေယျတို့၏၊ အနုတ္တရ၊ ပုညခေတ္တံ ယာခင်းမှန်သော၊ လေးတန်သောမဂ်၊ လေးချက်သောဖိုလ်၊ ပုဂ္ဂိုလ်သူမွန်၊ ဂုဏဝန်၊ သီလဝန် ပညဝန် ကျော်ဇောသော အရိယာသံဃာတော်မြတ်တို့၏ တန်ခိုးရှိန်စော် မေတ္တာတော် အာနုဘော်အားဖြင့်လည်းကောင်း-

ဝိနာသံ = ဖရိုဖရဲ၊ တစ်ကွဲတစ်ပြား၊ တိမ်းပါးယိုယွင်း၊ ပျက်စီးခြင်းသို့၊

ဇန္တု-ဂမေန္တု-ပါပုဏန္တု= ဝေးစွာရှောင်ရှား၊ ရပ်တစ်ပါးသို့၊ ဖဲခွာသွားကြပါစေကုန်သတည်း။

(ဤ ပရိတ်မွန်းတွင် မကောင်းဆိုးရွား ပုဂ္ဂိုလ်များအား နှင်ထုတ်သည် များပါသဖြင့် ရေစက်ချ အမျှဝေပြီးမှ ရွတ်ဖတ်ပေးတော်မူကြပါကုန်-)

ဆုတောင်းပရိတ်မွန်း

(က) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗ ဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။

(ခ) ဘဝတု သဗ္ဗ မင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။

(ဂ) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

**သုံးဂါထာ၏ အနက်ယောဇနာ–**

သဗ္ဗမင်္ဂလံ=ခပ်သိမ်းကုန်သော ပစ္စုပ္ပန်,သံသရာ နှစ်ဖြာ ကောင်းကျိုး တိုးပွားစေကြောင်း မင်္ဂလာအပေါင်းသည်၊ တေ–တုမှာကံ= ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာမများ ဖြစ်ကြသော သင်(......)သူတော်ကောင်းတို့အား၊ ဘဝတု= တစ်နေ့တခြား ဒီရေအလားကဲ့သို့ ဖြစ်ထွန်း တိုးပွားကြပါစေကုန်သတည်း။

သဗ္ဗဒေဝတာ=အားလုံးသော သမ္မာဒေဝ နတ်မြတ် နတ်ကောင်း နတ်အပေါင်းဟူသမျှတို့သည်၊ တေ–တုမှာကံ= ဆွမ်းဒကာ, ဆွမ်းဒကာမအပေါင်း သင်သူတော်ကောင်းတို့အား၊ သဒါ=နေ့ရောညပါ, ဘယ်ခါမပြတ် အခါခပ်သိမ်း၊ ရက္ခန္တု= ပမာမခြား ရင်ဝယ်ဖြစ်သောသားပမာ ထင်ရှားစွာ စောင့်ရှောက်ကြပါစေကုန်သတည်း။

သဗ္ဗဗုဒ္ဓါနုဘာဝေန စ=ဂင်္ဂါဝါဠု သဲစုမက ပွင့်ကြကုန်ပြီးသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်အားဖြင့်လည်းကောင်း–

သဗ္ဗသံဃာနုဘာဝေန စ = မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်, ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်ဟု ဆိုအပ်သော အရိယာပုဂ္ဂိုလ် ရှစ်ယောက်နှင့်တကွ ယခုမျက်မှောက်လက်ရှိ သမ္မုတိသံဃာတော် ထေရ်အရှင်မြတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်အားဖြင့် လည်းကောင်း–

တေ–တုမှာကံ=...တို့အား၊ သဒါ=နေ့ရောညပါ ဘယ်ခါ မပြတ် အခါခပ်သိမ်း၊ သုခီ=ကိုယ်၏ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းဟု ဆိုအပ်သော လောကီ,လောကုတ္တရာ နှစ်ဖြာသော ချမ်းသာခြင်းအပေါင်းတို့သည်၊ ဘဝန္တု=တစ်နေ့တခြား တက်နေ

အလားကဲ့သို့ ကောင်းစွာမသွေ ဖြစ်ထွန်းတိုးပွား အောင်မြင်ကြ ပါစေကုန်သတည်း။

ဇယမင်္ဂလာ အောင်ဂါထာ

ဇယ စက္ကော ဇယန္တောဝယော၊ ဇယိတဗ္ဗေ ဇယာသနေ။
ဇယာ ပေသိ ဇယေသိနံ၊ ဇယံ ဒေတု ဇယုတ္တမော။

ယောဝိန္နော=ငါးရပ်သောမာရ်စွယ်ကို လှန်ပယ်ကာမြစ်တား၍ စစ်သားမဟူ တစ်ဆူဥက္ကဋ္ဌ အကြင်ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်၊ ဇယိတဗ္ဗေ=အောင်စည်ကိုဟိန်း၍ အောင်ကိန်းဆင် သလျက် ဘဝင်ဟာဒယ ကြည်နူး အောင်ပန်းခူးရာဖြစ်ပေထသော၊ ဇယာသနေ=အောင်သိဒ္ဓိဆင်မြန်းသည့်၊ ပလ္လင်နန်းမှန်ကင်း ဗောဓိပင်ရင်း၌၊ ဇယစက္ကော=ပါရမီဆယ်ချက် အောင်လက်နက် စက်ခရိုင်ကို အချက်ပိုင်အောင် ကိုင်ဆောင်တော်မူရသည်ဖြစ်၍၊ ဇယန္တော=မာရ်စစ်သည် ရန်အလုံးကို ဖျက်မှုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်မြင်တော်မူခဲ့ပါလေပြီ။

ဇယေသိနံ=ဘဝပေါင်းအနန္တတွင် ကြံဆ၍မဆုံးဖွယ် မပြုံး မရယ်နိုင်အောင် လောင်မြိုက်ခမန်းပေမို့ အောင်ပန်းကို အသာဆီး ၍ ရှာမှီးကာနေကြကုန်သောသူတို့အား၊ ဇယာပေသိ=ကိုယ်တော် မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွင့်အင ူ အမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူရလေပြီ။

ဇယုတ္တမော=အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်း တကာတို့၏ ဥသျှောင် ထွင့်ခေါင်သရဖူ သယမ္ဘူမကိုဋ်ထီး အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပေထသော၊ သောဇိန္နော=

အောင်သိဒ္ဓိ ပလ္လင်နန်း၌ ဆင်မြန်းပန်ဆင် မာရ်နှင်ဟန့်တား ထိုရှင်တော်မြတ်ဘုရားကြီးသည် (မေ=ဘဝတိုင်း အရှုံးပေး၍ နှလုံးသွေးဆူလောင် အပူကောင် အပူရုပ် အကျွန်ုပ်အား) ဇယံ=ကြောက်သွေးမတွန့် ရဲဝံ့စေကြောင်း စေကောင်းတရထည် ထူးလည်ကြိုင်လှိုင် အောင်သိဒ္ဓိမြတ်ပန်းခိုင်ကို၊ ဒေတု=အရှင် ဘုရား တပည့်သားကို သနားသမှု ကိုယ်တိုင်ရှု၍ ယခုမကြာ ပေးသနားတော်မူလှည့်ပါဘုရား။

(ဧတေန သစ္စဝဇ္ဇေန= အစစ်အမှန် မြတ်ဘုရား၏ ထူးခြား သော ဂုဏ်ပုဒ်ကို ထုတ်ဆိုကာ မြွက်ဟလျက် အချက်ကျ အကြောင်းစပ်အောင် ကောင်းမြတ်စွာ ဆိုရသော ဤသစ္စာစကား ကြောင့်၊ ဇယကာမာနံ=ကိလေသာစစ်ပွဲမှ တပ်ဖွဲ့ကာ အောင်ဇေ ရတု ဟု အောင်ဆုကို လိုလားကြကုန်သော တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့၏၊ အဇ္ဈတ္တိကဗာဟိရေသု= ကိုယ်တွင်း ကိုယ်ပ ဌာနနှစ်ပြင် ထက်ဝန်းကျင်တို့၌၊ သဗ္ဗန္တ ရာယာ = အလုံးစုံသော အန္တ ရာယ် ရန်စွယ်ရန်ငြောင့် အမှောင့်ပယောဂ ရှိရှိသမျှတို့သည်၊ ဝိနာသန္တု=ပိန်းကြာဖွေပြင် ရေမတင်သကဲ့သို့ ကင်းစင်ကာ တန်ခိုးဝေလျက် ချမ်းသာမိုးဖွေကြပါစေကုန် သတည်း။)

(ကျေးရွာများသည်ဖြစ်၍ အနဋ္ဌသာရမဉ္ဇရီကျမ်းမှ ထုတ်နှုတ် ဖော်ပြ လိုက်သည်။)

နှတ်မင်းကြီးလေးပါး မေတ္တာထား

– ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရုဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

– စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ
ယသဿိနော။
တေပိ (တုမှေ) နုရက္ခန္တု၊ အရောဂေန သုခေနစ။
(အာဋာနာဋိယသုတ်)

ပုရတ္ထိမေန=မြင်းမိုရ်တောင်မှ ငွေရောင်ကွန့်မြူး အရှေ့မျက်နှာ ရှုးရှုး၌၊ ဓတရဋ္ဌော=ဂန္ဓဗ္ဗနွယ်ရိုး၊ နတ်အမျိုးမျိုးတို့ကို အုပ်စိုးပိုင်းနင်းသော 'ဓာတရဋ္ဌ'နတ်မင်းကြီးသည်လည်းကောင်း–

ဒက္ခိဏေန=မြင်းမိုရ်တောင်မှ မြရောင်ကွန့်မြူး တောင်မျက်နှာ ရှုးရှုး၌၊ ဝိရုဠှကော=ဂုမ္ဘဏ်နွယ်ရိုး နတ်အမျိုးမျိုးတို့ကို အုပ်စိုးပိုင်နင်း 'ဝိရုဠှကနတ်မင်းကြီး'သည်လည်းကောင်း–

ဥတ္တရံ ဒိသံ=မြင်းမိုရ်တောင်မှ ရွှေရောင်ကွန့်မြူး မြောက်မျက်နှာရှုးရှုး၌၊ ကုဝေရော=အာဋာဝက စသည်ကျော်ဟိုး ဘီလူးမျိုးတို့ကို အုပ်စိုးပိုင်နင်း 'ကုဝေရ နတ်မင်းကြီး'သည် လည်းကောင်း၊ အတ္ထိ–သန္တိ=မုန်စွာမသွေ ရှိကြပေကုန်၏။

စတ္တာရော=လေးယောက်ကုန်သော၊ တေ မဟာရာဇာ= လောကပါလ မည်နာမနှင့် တေဇဂုဏ်မြောက် ထိုနတ်မင်းကြီးလေးယောက်တို့သည်၊ လောကပါလာ = လောကကြီး၌ ရှိကြကုန်သော လူအပေါင်းကို စောင့်ရှောက်ကြကုန်၏။ ယသဿိနော=များစွာသော အခြံအရံ ရှိကြကုန်၏။

တေပိ = ထိုလောကပါလ အမည်ရသည့် စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည်လည်း၊ တုမှေ=ကြွရောက်လာကြောင်း များလှသောင်းသောင်း သင်တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့ကို၊ အရောဂေန စ=ကိုးဆယ့်ခြောက်ဖြာ ဘေးဘယာတို့ ကိုယ်မှာမငြိ ကျန်းမာခြင်း ပကတိဖြင့်လည်း

ကောင်း၊ သုခေနစ=ကိုယ်,စိတ်နှစ်ဖြာ လိုက္ကဋ္ဌာဖြင့် ကြည်သာရွှင်ပျ ဖျားနာမရှိ ချမ်းသာခြင်း ပကတိဖြင့် လည်းကောင်း၊ အနုရက္ခန္တု= ရင်၌ဖြစ်ငြား သားဓိပမာ ကရုဏာဖြင့် ရှုကာရွှေးကောက် ဘေးမရောက်ရလေအောင် စောင့်ရှောက်တော်မူကြပါစေကုန် သတည်း။

## ညောင်ရေသွန်းပူဇော်ရန်ဂါထာ

ယဿ မူလေ နိသိန္နောယော၊ ဇေတွာ မာရံ သဝါဟိနိံ။
သမ္ပတ္တော အဘိသမ္ဗောဓိံ၊ တဿ တံ ပူဇယာမသေ။

ယော ဘဂဝါ=ဘုန်းတော်ခြောက်ပါးသခင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ယဿ ဗောဓိရုက္ခဿ=ညောင်ဗုဒ္ဓဟေ ခေါ်မှတ် အကြင်ဗောဓိပင်မြတ်၏၊ မူလေ=အရိပ်သာယာ ညီညာမြင့်မြတ် အနီးအရပ်၌၊ နိသိန္နော=ထက်ဝယ်ဖွဲ့ခွေ တင့်တယ်စွာ စံနေတော်မူလျက်၊ သဝါဟိနိံ=နောက်လိုက်ဗိုလ်ပါ စစ်သည် ပေါင်းများစွာနှင့်တကွသော၊ မာရံ=ရန်ဘေးတစ်သင်း မာရ်နတ် မင်းကို၊ ဇေတွာ=ဒါန စသည် ပါရမီဆယ်ချက် ကောင်းမှုတော် တည်းဟူသော အောင်လက်နက်ဖြင့် ဖယ်ဖျက်သုတ်သင် ကောင်း စွာ အောင်မြင်တော်မူပြီး၍၊ အဘိသမ္ဗောဓိံ= အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဘုရားအဖြစ်သို့၊ သမ္ပတ္တော= ကောင်းစွာထမြောက် ဆိုက်ရောက်တော်မူခဲ့လေပြီ။

တဿ ဘဂဝတော=ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊ တံဗောဓိရုက္ခံ=ညောင်ဗုဒ္ဓဟေ ခေါ်မှက် ထိုဗောဓိပင်မြတ်ကို၊ မယံ=ကောင်းမှုမြတ်နိုး ကောင်းကျိုး

မျှော်ရည် ဘုရားတပည့်တော်,တပည့်တော်မတို့သည်၊ ပူဇော မသေ=အေးမြစေကြောင်း ရေစင်လောင်းလျက် နှစ်ထောင်းရွှင်ပျ ပူဇော်ကြပါကုန်သတည်း။

(မဟာစည်သျှောင်ရေသွန်း)

အသေးဆုံးရုပ်ဝတ္ထု

(၁) လက်မကို (၇)စိတ်စိတ်၊ (၁) စိတ်သည်–စပါး(၁)စေ့။
စပါး(၁)စေ့ကို(၇)စိတ်စိတ်၊ (၁) စိတ်သည်–သန်း(၁)ကောင်။
သန်း(၁)ကောင်ကို (၇)စိတ်စိတ်၊ (၁)စိတ်သည်–(၁)လိက္ခ။
(၁) လိက္ခကို (၃၆)စိတ်စိတ်၊ (၁)စိတ်သည်–ရထရေဏုမြူ။
ရထရေဏုမြူကို (၃၆)စိတ်စိတ်၊ (၁)စိတ်သည်–တဇ္ဇာရီမြူ။
တဇ္ဇာရီမြူကို (၃၆)စိတ်စိတ်၊ (၁)စိတ်သည်–အဏုမြူ။
အဏုမြူကို(၃၆)စိတ်စိတ်ပါ၊ (၁)စိတ်သည်–ပရမာဏုမြူ ဖြစ်သည်။

(ယနေ့ သိပ္ပံပညာရှင်တို့သည် 'ပရမာဏုမြူ'ကို ရှာဖွေ မတွေ့ရှိသေးပေ)

ရေစက်ချခြင်း ရေစက်မချခြင်း

ရေစက်ချခြင်း သာဓက

– ရေစက်ချပြီး လှူဒါန်းခဲ့သူများ

(၁) ဝေဿန္တရာမင်းကြီး – (ပစ္စယဆင်ဖြူတော်၊ သမီး, သားနှင့် ဇနီးမယားများ လှူဒါန်းရာ၌ ရေစက်ချသည်)

(၂) ဝေလာမပုဏ္ဏားကြီး – (ထမင်းရေချောင်းစီး အလှူကြီးပေးစဉ်က ရေစက်ချ၏)

(၃) ဗိမ္ဗိသာရမင်းကြီး – (ဝေဠုဝန် ကျောင်းတော်ကြီးကိုဆောက်လုပ်လှူဒါန်းပြီးနောက် ရေစက်သွန်းချခဲ့သည်)

(၄) အနာထပိဏ်သူဌေးကြီး – (ဇေတဝန် ကျောင်းတော်ကြီး လှူဒါန်းစဉ်က ရေစက်ချသည်)

(၅) ဓနဉ္စယကောရဗျမင်း – (ဂရုဓမ္မဇာတ်တွင် ရေစက်ချခဲ့သည်။ ဇာတက ရှု)

ရေစက်မချခြင်း သာဓက

ရေစက်မချဘဲ လှူဒါန်းခဲ့သူများ–

(၁) ဝိသာခါသူဌေးမ – (ပုဗ္ဗာရုံကျောင်းကြီးဆောက်လုပ်လှူဒါန်းခဲ့သည်။ ရေစက်မချ)

(၂) ပသေနဒီ ကောသလမင်းကြီး – (အသဒိသဒါန အလှူကြီးကိုလှူစဉ်က ရေစက်မချ)

(၃) သိဝိရာဇ်မင်း – (သိဝိဇာတ်ရှု၊ မျက်လုံးကိုဖောက်လှူသော်လည်း ရေစက်မချ)

(၄) နေမိမင်း – (နေမိဇာတ် ရှု)

ဝတ္တရားအတိုင်းသာလုပ်၊ ခင်တာမင်တာတွေဖြုတ်ကြ

"မင်္ဂလသုတ်မှာ – 'ပုတ္တဒါရဿ သင်္ဂဟော–သား,မယား တို့ကို သင်္ဂြိုဟ်ထောက်ပံ့ရမယ်' လို့သာ ဟောတာ။ 'ခင်ရမယ်' လို့မပါ။

'မာတာပိတုဥပဋ္ဌာနံ– မိဘကိုပြုစုလုပ်ကျွေးရမယ်' လို့သာ ဟောတယ်။

'ခင်ရမယ်၊ သံယောဇဉ် တွယ်ရမယ်လို့ မပါဘူး။

ဒီတော့– ဝတ္တရားအရ ပြုလုပ်ကြပါ၊ ခင်တာတွေ မင်တာတွေ မထည့်ပါနဲ့၊ ဖြုတ်ကြ။"

(မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ)

လှူပုံလှူနည်း

မသိလို့လုပ်တာ – သမုဒယသစ္စာ။ ခန္ဓာရရှိတာ– ဒုက္ခသစ္စာ။

လှူသောအခါ 'တောင်း'မလှူနဲ့၊ 'စွန့်'ပြီးလှူပါ။

လှူပုံလှူနည်း – "ဟောဒီ ဒုက္ခသစ္စာ ခန္ဓာ၊ ဝိပါကဝဋ်မှ ကျွတ်လို၍ လွတ်လို၍ လှူဒါန်းပါ၏"

လှူချင်တာလှူ ဤသို့ဆန္ဒပြုပါ။

သိပြီးလှူတာက – 'ဓမ္မ'။ ဆွမ်း, သင်္ကန်း စတာတွေက– 'ဒါန'

ဓမ္မနဲ့ ဒါန နှစ်ရပ်ပေါင်းလိုက်တော့– 'ဓမ္မဒါန'။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ–"တဲ့။

'ဓမ္မဒါန'သည် ဒါန အားလုံးထက် မြတ်၏။

အဝိဇ္ဇာနှင့်တဏှာဟာရေးခံ

ဝိပဿနာမဂ်ဟာ– ဝိဇ္ဇာပဲ၊
ဝိဇ္ဇာဖြစ်ရင်– အဝိဇ္ဇာချုပ်တယ်။
ဘုံဘဝချမ်းသာတွေ ဆုတောင်းတာဟာ – တဏှာပဲ၊
မလိုချင်တာ၊ မ တောင့်တတာက– အလောဘပါပဲ၊
အလောဘဖြစ်တော့ လောဘချုပ်တယ်။ (လောဘဟာ တဏှာပဲ)
အဝိဇ္ဇာနဲ့ တဏှာချုပ်မှ ခန္ဓာမလာမှာ။
ခန္ဓာမလာတာဟာ နိရောဓသစ္စာ (နိဗ္ဗာန်)ပဲ။

– ဝီရိယရဲ့ရန်သူဟာ – ဥဒ္ဓစ္စ၊
သမာဓိရဲ့ရန်သူဟာ – ထိနမိဒ္ဓ၊
သဒ္ဓါရဲ့ရန်သူဟာ – တဏှာ၊
ပညာရဲ့ရန်သူဟာ – မာယာ၊

ဆက်မှား, ပြတ်မှား ဒိဋ္ဌိ(၂)ပါး

ဖြစ်လာတာကိုမြင်လျှင် – ဥစ္ဆေဒဒိဋ္ဌိစင်၏
ပျက်သွားတာကိုမြင်လျှင် – သဿတဒိဋ္ဌိစင်၏၊
အပျက်ကိုသိရသဖြင့် – သဿတမဟုတ်နိုင်။
နောက်ထပ်ဖြစ်ရန် ကျေးဇူးပြုတာကိုသိရသဖြင့် – ဥစ္ဆေဒ မဖြစ်နိုင်။
စိတ်ကလေးတစ်ခု တစ်ခု ဖြစ်တိုင်း ဖြစ်တိုင်း သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ စင်ရမည်။
* မမြဲသိမြင်၊ သဿတစင်၊ မှန်မြင်တစ်ပါးမှတ်။

* ကြောင်း,ကျိုးစဉ်ဆက်၊ ဉာဏ်မြင်သက်၊ ကွာပျက်ဥစ္ဆေဒတ်။

(ဒုလ္လဘဒေသနာလင်္ကာ)

**ပုဂ္ဂိုလ်(၄)မျိုး**

၁။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်- (တစ်လုံး,တစ်ပါဒ ဟောလိုက်ရုံမျှဖြင့် တရားထူး ရသူ)

၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်- (အကျယ်တဝင့် ဟောကြားပြသမှ တရားထူး ရရှိသူ)

၃။ နေယျ ပုဂ္ဂိုလ်- (ယခုဘဝ၌ပင် အရိုးကျေကျေ၊ အရေစုတ်စုတ် နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ်လျှင် တရားထူး ရနိုင်သူ)

၄။ ပဒပရမ ဥဂ္ဃါ - (ဒုတိယဘဝရောက်မှ တရားထူးရနိုင်သူ)

လူတို့ကိုနှိပ်စက်နေသော တရား(၃)ပါး

* ချစ်ခင်တာက လောဘ။
အပြစ်တမင်ရှာတာက ဒေါသ။
အနှစ်မမြင်တာက မောဟ။
* လောဘဖြစ်တော့ ငြိတွယ်။
ဒေါသဖြစ်တော့ သတိမဆယ်။
မောဟဖြစ်တော့ အသိတွေဖယ်။

လူသားများ လောဘတရားတွေ အားကြီးလျှင် ကမ္ဘာကြီးသည် မီးဖြင့် ဖျက်ဆီးခြင်း ခံရမည်။ ဒေါသတရားကြီးမားလွန်းလျှင် ကမ္ဘာကြီးသည် ရေဖြင့် ဖျက်ဆီးခံရမည်။ လူသားများ မောဟတရား လွှမ်းမိုးခံရလျှင် ကမ္ဘာကြီးသည်

လေဖြင့် ဖျက်ဆီးခြင်းခံရမည်။

– "လောဘ မီးဟူ၊ ဒေါသမူ ရေ၊ မောဟ လေတည့်
သုံးထွေမူလ၊ ဤပါပကြောင့်၊ လောကအလုံး၊
အမှောင်ဖုံးလျက် ထုံးသို့ကျေညက်၊ ကမ္ဘာပျက်၏"

(မဃဒေဝလင်္ကာ)

* လောဘနဲ့သေ၊ ပြိတ္တာပြည်(ပြေ)၊ ရောက်လေကေန္တ။
ဒေါနဲ့သေ၊ ငရဲပြည်(ပြေ)၊ ရောက်လေကေန္တ။
မောဟနဲ့သေ၊ တိရစ္ဆာန်ပြည်(ပြေ)၊ ရောက်လေကေန္တ။

"ယောက်ျား,မိန်းမ"၊ ဤလောကနိုက်၊ လောဘတရား၊
စရိုက်များလျက်၊ ပြန့်ပွားမဆိတ်၊ ထိုကြောင်းဟိတ်ကြောင့်၊
ဒုဗ္ဘိက္ခန္တရ၊ ကပ်ကြီးကျ၍၊ ငတ်ကြမွတ်ကြ၊ မဝရေစာ၊
ခေါင်းပါးကာလျှင်၊ သေခါကုန်မြောက်၊ ပြိတ္တာရောက်၏။–
မီးတောက်တမျှ ဟုန်းဟုန်းထလျက်၊ ဒေါသပြင်းထန်၊
ထိုဟိတ်လွန်က၊ သတ္ထန္တရ၊ ကပ်ကြီးကျ၍၊ သတ်ကြ
ဖြတ်ကြ၊ အာဃာတဖြင့်၊ သေထကုန်မြောက်၊ ငရဲရောက်၏။
ထို့နောက်ဉာဏ၊ နည်းပါးကြကြောင့်၊ မောဟသမုဋ္ဌာန်၊
ထိုဟိတ်လွန်က၊ ရောဂန္တရ၊ ကပ်ကြီးကျ၍၊ များလှရောဂါ၊
ဝေဒနာဖြင့်၊ ခန္ဓာပျက်သူ၊ ပြန့်ပြောထူ၏။

(မဃဒေဝလင်္ကာ)

## အခန်း (၁၃)

# နာရေးကိစ္စ၌ သံဝေဂယူရန် ဂါထာပါဠိအနက်များ

*(ဖြစ်,ပျက်ဆုံးမှုန် မြတ်နိဗ္ဗာန်)*

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိ)

ဘောန္တော=တရားဓမ္မ ဉာဏ်အရည်ဖြင့် သံဝေဂယူပွား အို…သူတော်ကောင်းများတို့၊ သင်္ခါရာ=ဖြစ်ကြလျှင် ပျက်, ဆက်ကြလျှင် ဒုက္ခ, ရုပ်,နာမ်ဓမ္မ သင်္ခါရတို့သည်၊ အနိစ္စာဝတ= ခန္ဓာတွေမမြဲဘဲ သေပွဲဝင်နေရလေသောကြောင့် သြော်–အမြဲမရှိ ကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော=ဖြစ်ပြီးလျှင်ပျောက်'ဘင်'သို့ ရောက်၍ ဖျပ်ခနဲ ဖျပ်ခနဲ မပြတ်မစဲ အမြဲတရစပ် ဖြစ်ပျက်တတ် သော သဘောရှိကုန်၏။

ဥပ္ပဇ္ဇိတွာ=ရုပ်,နာမ်ဟူသမျှ သူ့သဘာဝအတိုင်း ဖြစ်ပေါ်လာ ကြကုန်ပြီး၍၊ နိရုဇ္ဈန္တိ=တားမရ ဆီးမရ သဘာဝအတိုင်း

ချုပ်ပျောက်၍ သွားကြရလေကုန်၏။ တေသံ=တားမရ ဆီးမနိုင် ဉာဏ်မပိုင်ဆိုးလှ၍ အစိုးမရသည့် သခ်ါရတရားတို့၏၊ ဝူပသမော=အပူဓာတ်သိမ်း၍ အေးငြိမ်းရာအမှန် သိဝ,အမတံ မြတ်နိဗ္ဗာန်သည်။ သုခေါ=အလွန်ပင်အေးမြ၍ ဘေးမခရန်မရှိ သန္တိသုခအစစ် ချမ်းသာခြင်းအစစ် ကေန်ဖြစ်ပါပေတော့သတည်း။

## အသုံးမကျပါ ဤခန္ဓာ

အနိစ္စာမေ ပဥ္စက္ခန္ဓာ၊ အနိစ္စာယ မရိယန္တိ၊
မရဏန္တံ ဂမိတ္ဘာန၊ ဣမံကာယံ ခိပိယန္တိ။

ဘန္တေ = အရှင်ဘုရား၊ မေ–အမှာက်= တပည့်တော်တို့၏၊ ပဥ္စက္ခန္ဓာ=ခန္ဓာငါးပါး, ရုပ်,နာမ်တရားတို့သည်၊ အနိစ္စာ=အမြဲမရှိကြကုန်။ အနိစ္စာယ=မမြဲခြင်းကြောင့်၊ မရိယန္တိ=သေနေ့စေ့လျှင် သေကြရကုန်လတ္တံ့။ မရဏန္တံ =သေဆုံးပျက်စီးခြင်းသို့၊ ဂမိတ္ဘာန=ရောက်သည်ရှိသော်၊ ဣမံကာယံ=ဤခန္ဓာကိုယ်ရုပ်, အကောင်ပုပ်ကို၊ ခိပ္ပိယန္တိ=သုသာန်တစ, သင်္ချိုင်းဝသို့ စွန့်ပစ်ကြကုန်လတ္တံ့။

## အကြီး အငယ် မရွေးချယ်ပါ

ဒဟရာစာပိ ဝုမှာစ၊ ယေ ဗာလာ ယေ စပဏ္ဍိတာ။
အမှာစေဝ ဒလိဒ္ဒါစ၊ သဗ္ဗေ မစ္စု ပရာယနာ။

(ဒသရထဇာတ်)

ဒဟရာ=အသက်အရွယ် နုနယ်ပျိုမျစ် ချစ်စရာအရွယ်သာဖြစ်ကြကုန်သော၊ ယေစာပိ=အကြင်သူတို့သည်လည်းကောင်း၊

ဝုမှာ=အိုမင်းမစွမ်း သေခန်းသေဝ အလွန်နီးပြီး အသက်အရွယ်ကြီးရင့်ကြကုန်သော၊ ယေစ=အကြင်လူအိုတို့သည်လည်းကောင်း၊ ဗာလာ=အသိဉာဏ်နည်းပြီး မိုက်မဲကြကုန်သော၊ ယေစ=အကြင်သူတို့သည်လည်းကောင်း၊ ပဏ္ဍိတာ=အသိဉာဏ်ကြွယ်ဝ ပညာပြည့်စုံ ဘွဲ့ထူးဂုဏ်ထူးရှိကြကုန်သော၊ ယေစ=အကြင်သူတို့သည်လည်းကောင်း၊ အမှာစေဝ=ဥစ္စာခနေ ကြွယ်ဝချမ်းသာကြကုန်သော၊ ယေစ=အကြင်သူတို့သည်လည်းကောင်း၊ ဒလိဒ္ဒါ=ဥစ္စာနွမ်းပါးစားဝတ်နေမှု ချို့တဲ့ဆင်းရဲကြကုန်သော၊ ယေစ=အကြင်သူတို့သည်လည်းကောင်း၊ သန္တိ = လောကဝန်းကျင် ဤမြေပြင်၌ထင်ရှားစွာရှိနေကြကုန်၏။

တေသဗ္ဗေ=ဆင်းရဲချမ်းသာ ကြီးငယ်ပါဝင် ပညာရှင် ပညာမဲ့မိုက်တဲ့သူ လိမ္မာတဲ့သူ ထိုလူအပေါင်းတို့သည်၊ မစ္စုပရာယနာ=နောက်ဆုံးတစ်နေ့ သေနေ့စေ့လျှင် မရဏသြောင်စောင်းသို့လဲလျောင်းရမည်သာ ဖြစ်ပါပေတော့သတည်း။

**သံဝေဂကဗျာများ-**

* အသက်ငယ်လည်း၊ သေမှာပဲ၊ မမြဲခန္ဓာ၊ ကြောက်စရာ။
* အသက်ကြီးလည်း၊ သေမှာပဲ၊ မမြဲခန္ဓာ၊ ကြောက်စရာ။
* မိုက်မဲသူလည်း၊ သေမှာပဲ၊ မမြဲခန္ဓာ၊ ကြောက်စရာ။
* လိမ္မာသူလည်း၊ သေမှာပဲ၊ မမြဲခန္ဓာ၊ ကြောက်စရာ။
* ပညာမဲ့လည်း၊ သေမှာပဲ၊ မမြဲခန္ဓာ၊ ကြောက်စရာ။
* ပညာတတ်လည်း၊ သေမှာပဲ၊ မမြဲခန္ဓာ၊ ကြောက်စရာ။
* ချမ်းသာသူလည်း၊ သေမှာပဲ၊ မမြဲခန္ဓာ၊ ကြောက်စရာ။
* ဆင်းရဲသူလည်း၊ သေမှာပဲ၊ မမြဲခန္ဓာ၊ ကြောက်စရာ။
* ကိုယ်နှင့်တန်းတူ၊ ကိုယ့်အောက်လူ၊ ကြီးသူသေကြများလှပြီ။

* အို–နာ–သေရေး၊ ဒုက္ခဘေး၊ ဘယ်သွေးဘယ်သား မကယ်ပြီ။
* ပြုဖွယ်ကိစ္စ၊ အဝဝ၊ ပြုမှ တော်ကြမည်။
* သေမင်းနှင့်သာ၊ ချိန်းဆိုကာ၊ ထားတာမရှိပြီ။
* ကိုယ်ပြုကံသာ၊ ရိပ်ပမာ၊ မှန်စွာ ကိုယ့်နောက်ပါကြမည်။
* မနေရလို့၊ သေကြသောခါ။

  ကိုယ့်နောက်ကိုများ၊ ဘာများ ပါမှာ။

  ပစ္စည်း စုစု၊ တစ်ခု မပါ။

  ကိုယ်ပြုထား၊ 'ကံ'များ ပါသွားတာ။

**ကဗျာလင်္ကာ ကဏ္ဍ**

တရားဟောပြောရာတွင် သုံးရန်၊ ဝါသနာရှင်များ ကျက်မှတ်ပြီး ရွတ်ဆိုနိုင်ရန် တရားဓမ္မ, သံဝေဂနှင့် ပတ်သက်သော ကဗျာလင်္ကာကဏ္ဍကို ထည့်သွင်းဖော်ပြအပ်ပါသည်။

**ဒါနဖွဲ့တေးထပ်**

လောင်းဝေဿန် ပမာတမျှလိုပ\
သဒ္ဓါဗလဝ ပြည့်လျှံ\
အမတာရဖို့ အတိကံငယ်\
နိဝရဏံလွတ်ကြောင်း။\
ပုညာဘိ အဓိဋ္ဌာန်မျှော်သည်\
နိဗ္ဗာန်နော် ရခွင့်ဆုတောင်း။\
ထူးမြတ်တဲ့အလှူတော်ပါ\
ဇမ္ဗူမှာတင့်သျှောင်း။\
နမူနာဆင့်လောင်းလို့\
သွင့်အကြောင်းတူတာ။

မယ်မဒ္ဒီ ပမာတမျှလိုပ
အလှူ့ဒါယိကာမ အလားဖြင့်တူတာ၊
ထက်သန်တဲ့စေတနာရယ်
မြေပထဗျာရိုက်သြောင်းလို့
တိုက်တစ်သောင်း စကြဝဠာ
နှံ့သိကြေညာ။
ရေစက်ချလို့ အမျှဝေပါမည်
ဇြပဟ္မာ့ပြည်ပါ သာဓုခေါ်ကြလေး။ ။

(ရှေးစာဆို)

* ခန္ဓာမွေး မြေကျွေးဖို့
ဥစ္စာထား သူများဖို့
အလှူပေး နောင်ရေးဖို့
ဒါန-သီလ-ဘာဝနာ သံသရာကောင်းစားဖို့
နိဗ္ဗာန်ရည်မှတ်၊ ပြုတံ့လတ်၊ အမြတ် ဝိဝဋ္ဋဖို့။

ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စာကျင်းတရှုတ်ရှုတ်

* လူတွင်စကြာ၊ နတ်မှာသိကြား
မိုးဖျားဗြဟ္မာ၊ ဖြစ်တံ့ပါလည်း
ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက
ဖောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း။

ဓမ္မနိယာမ

* မဝင်သော နေ၊ မကြွေသော ကြယ်၊ မကွယ်သော လ။

မနွမ်းသော ပန်း၊ မခန်းသော ရေ၊ မသေသောသတ္တဝါ၊ မပျက်စီးသောကမ္ဘာ၊ ပရိနိဗ္ဗာန်မဝင်စံသော ဘုရားရှင် ရယ်လို့၊ တရားအစဉ်အလာမရှိ၊ ပါဠိကတော့ ဘိစ္စနတဲ့၊ အနိစ္စတရားတွေချည်းပါပဲ။

* ဘယ်အခါမဆို သေရဲအောင် ကုသိုလ်များများလုပ်ထား ကြ။

(သံယုတ်ဆရာတော်)

* ကိုယ့်အတွက်ကြောင့် သူတစ်ပါး စိတ်မညစ်စေနဲ့။

(ငါးခုံဆရာတော်)

* အများစကားကို မယုံနဲ့၊ ဘုရားစကားကိုသာ ယုံပါ။

(မိုးကုတ်ဆရာတော်)

ဇရာဒုဗ္ဗလဖွဲ့ တေးထပ်

တည်သန္ဓေလက်ရင်းကြောင့်
ခက်ခြင်းကြီး ခက်ချေ
ပျက်ယွင်းပြီး ပျက်ကြွေသည်
ကျက်သရေမဲ့ရေး။
ဝဋ်ဓာတိ ဘဝလာလျှင်
ဇရတာဆိုက်ရောက်မည့်ဘေး။
သွားကျိုးလို့ပါးပိန်ပိန်
အားအရှိန်ပျက်သေး။
စားမမြိန်စက်မမှေးနိုင်ဘူး
အခက်ရေး တန်တန်။
ဆံပင်ဖြူ ရှုပ်ပွေစွရယ်နှင့်

ဒုက္ခေန ဒုက္ခတရံ။
တုန်ချိချိ ခါးကိုင်းဟန်
နားထိုင်းပြန် ယိုယွင်းလို့
အိုမင်းမှုကုန်းကွ ဇရာ
သုံးမကျပါ။
ရှင်သေမင်းမယူလာတောင်–
လူအရာဝင်ဘူးကွဲ့လေး။

(လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး)

# နိဂုံးဆုတောင်း

(၁) ဤစာပြုရ၊ မြတ်ပုညကြောင့်၊ ဒုက္ခများစွာ၊ ကင်းစင်ကွာ၍၊
ချမ်းသာစုံဖြိုး၊ နေ့စဉ်တိုးလျက်၊ ကောင်းကျိုးဟူက၊
အတ္တ,ပရ၊ နှစ်ဝပြည့်လျှိုင်၊ ဆောင်ရွက်နိုင်ပြီး၊ ပန်းတိုင်
နိဗ္ဗူ၊ ဆွတ်လှမ်းယူမည်၊ နတ်လူသာဓုခေါ်စေသော်။

ဘဒ္ဒန္တ ဇနိန္ဒသာရ (မုံရွာနေဇာ)

## နိဂုံးစကား

မိမိသည် စာပေလောကထဲသို့ ကဗျာဖြင့် စတင် ခြေချခဲ့ပါသည်။ ၁၉၈၇–ခု၊ မေလ၊ ရှုမဝမဂ္ဂဇင်းတွင် မိမိ၏ 'ငါ'ဟူသော ကဗျာကို ပုံနှိပ်စာလုံးဖြင့် ရေးဦးစွာ မြင်ခဲ့ရပါသည်။ ဆက်လက်၍ ရှုမဝမဂ္ဂဇင်းတွင် ကဗျာများ၊ ဆောင်းပါးများ ရေးခဲ့ပါသည်။

သို့ဖြင့် အရှိန်ရ သွက်လက်လာသော မိမိကလောင်သည် မြတ်ပန်းရဂုံရပ်စုံဓမ္မမဂ္ဂဇင်းစာစောင်၊ ရတနာမွန်မဂ္ဂဇင်း၊ မြတ်မွန်ရတနာမဂ္ဂဇင်း၊ မြစ်မခဓမ္မစာသဝဏ်မဂ္ဂဇင်း၊ ဇမ္ဗူ့ရတနာမဂ္ဂဇင်း၊ ဓမ္မရံသီမဂ္ဂဇင်း၊ ဓမ္မရတနာမဂ္ဂဇင်း၊ ဘာသာသွေးမဂ္ဂဇင်း စသည်တို့တွင် ကဗျာများ၊ ဆောင်းပါးများ၊ ဓမ္မရသဝတ္ထုများ ရေးဖြစ်ခဲ့ပါသည်။ ဆက်လက် ရေးသားဆဲလည်း ဖြစ်ပါသည်။

တစ်ဖက်မှလည်း စာပေအတွေးအခေါ်များကို အဓိကထားပြီး ဖော်ပြ ထုတ်ဝေလျက်ရှိသော အတွေးအမြင် စသော မဂ္ဂဇင်းများတွင်လည်း ဒဿနဆိုင်ရာ ဆောင်းပါးများ၊ စာပေဆောင်းပါးများ

ပြုပြင်ရေး ဆောင်းပါးများ ရေးသားပါသည်။

လုံးချင်းအနေဖြင့်ကား ရေးဦးစွာ 'အဆိပ်ရှိသောအချစ်' စာအုပ်သည် မဂ္ဂဇင်းစာစောင်များတွင် ဖော်ပြပါရှိပြီး ဓမ္မသရုပ်ဖော်ဆောင်းပါးများကို စုစည်းထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် လူဆိုတဲ့လူ၊ ဤဘဝ ဤချစ်သူ ဟိုဘဝ ဟိုချစ်သူ၊ ရွှေမြင်းမိုရ် ပြုလေပြီလား၊ သာရေးနာရေး အဟောအပြော (ပထမတွဲ)စာအုပ်များကို ဆက်တိုက် ထုတ်ဝေခဲ့ပါသည်။

မိမိရေးသားသမျှ ပြန့်ကျဲနေသော စာများကို ပုလဲကုံးသဖွယ် ဖြစ်အောင် စုစည်းကာ စာအုပ်ဖြစ်အောင် ရွက်ဆောင်ပေးကြသော မြတ်ပန်းရုံစာပေ၊ ဒေါင်းစာပေတို့ကိုလည်း ကျေးဇူးစကား ဆိုအပ်ပါသည်။

ဆက်လက်၍ သာရေးနာရေးအဟောအပြော (ဒုတိယတွဲ)ကိုလည်း စီစဉ်ရေးသားနေပါကြောင်း သတင်းကောင်းပါးရင်း နိဂုံးစကားကို နိဂုံးချုပ်လိုက်ပါသည်။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

**ဘဒ္ဒန္တ ဇနိန္ဒသာရ (မုံရွာနေစာ)**

**၁၀–၈–၉၈**

## မှီငြမ်းကိုးကားသောကျမ်းများ

(၁) မဟာဗုဒ္ဓဝင်ကျမ်းများ
(၂) ကမ္မဝါစာများ
(၃) ခုဒ္ဒကပါဌပါဠိတော်၊ နိဓိကဏ္ဍသုတ်
(၄) ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာ ဝိဘင်္ဂသုတ်
(၅) ဓမ္မပဒ၊ အဋ္ဌကထာ
(၆) အင်္ဂုတ္တိုရ်၊ ပါဠိတော်များ
(၇) သိင်္ဂါလောဝါဒသုတ်၊ လင်္ကာများ
(၈) ဗုဒ္ဓဘာသာလက်စွဲ
(၉) ဟံသာဝတီ ပရိတ်ကြီး နိဿယ
(၁၀) ဟံသာဝတီ ပရိတ်ကြီး(၁၁)သုတ်ကျင့်စဉ်
(၁၁) မိလိန္ဒပဉှာ
(၁၂) ဓမ္မဂုဏ်ရည်ကျမ်း(မိုးကောင်းတောရဆရာတော်ကြီး)
(၁၃) မဟာသတိပဋ္ဌာနသုတ်,နိဿယ
(၁၄) မိုးကုတ်ဆရာတော်ကြီး ဟောစဉ်များ
(၁၅) မဇ္ဈိမ ပဏ္ဏာသပါဠိတော်
(၁၆) သက္က ပဉှာသုတ္တန်
(၁၇) နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်
(၁၈) မဟာစည်ဆရာတော် ပဋိစ္စသမုပ္ပာဒ်တရား
(၁၉) ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (ဓမ္မာစရိယဦးဌေးလှိုင်)
(၂၀) ဘာဝနာဒီပနီ (လယ်တီဆရာတော်ကြီး)
(၂၁) ဥဒါနပါဠိ၊ အဋ္ဌကထာ
(၂၂) အဘိဓမ္မာ အခါတော်နေ့စာစောင်
(၂၃) မူလပဏ္ဏာသ အဋ္ဌကထာ
(၂၄) မဃဒေဝလင်္ကာသစ်
(၂၅) ကိုယ်ပိုင်မှတ်စုမှတ်တမ်းများ
(၂၆) သဂါထာဝဂ္ဂသံယုတ်ပါဠိတော်

❖ 'လောကဟိတတ္တာယ' လောက၏ အကျိုးစီးပွားအတွက် ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူခဲ့သည်။

❖ ဗုဒ္ဓ၏တရားတော်သည် လူမျိုးမရွေး၊ ဘာသာမရွေး လေ့လာလိုက်စား အကျိုးထူးရရှိခံစားစေနိုင်သော တရားတော်ဖြစ်သည်။


❖ မိမိအကျိုး၊ မိသားစုအကျိုးနှင့် လူမျိုးအကျိုး၊ လောကအကျိုးကို လိုလားရှက်ဆောင်နိုင်အောင် အသိဉာဏ်အလင်းရောင်ပေးစွမ်းနိုင်သော တရားတော်ဖြစ်သည်။

❖ ယနေ့ ဗုဒ္ဓမဂ္ဂစာစောင်များထဲမှ ဓမ္မစာစောင်တစ်ခုအဖြစ် ၁၀ နှစ်ကျော်သက်တမ်းရှိပြီး ဓမ္မစာဖတ်ပရိသတ်တို့၏ အကျိုးစီးပွားကို အစဉ်စွမ်းဆောင်ပေးလျက်ရှိသော–

# မြတ်ပန်းရဂုံရုပ်စုံဓမ္မစာစောင်

**လစဉ်ထွက်နေပါပြီ**

မြတ်ပန်းရဂုံစာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိပါသည်။



ဘဒ္ဒန္တဇနိန္ဒသာရ

(မုံရွာနေဇာ)

# သာရေးနာရေးအဟောအပြော

အသုံးချဓမ္မစာစုများဒုတိယအတွဲ